ဝိပဿနာဘာဝနာ

9

ရှေးတောင်မြို့ အမှောရုမကျောင်းတိုက်

ဆရာတော် ဦးတိကွိန္ဒြိယနှင့် စံကျောင်းဆရာတော်
တိုက်သစ်ဆရာတော် သုံးထပ်ဆရာတော်တို့၏ တပည့်

ဓမ္မကထိက

ဝိပဿနာ ဆရာခန့်

ရေးသားပြုစုသော

ဝိပဿနာ အမြင်ပြ

အေးအေး စာပုံနှိပ်တိုက်

အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။
1.

၁၃၂ဖြ-ခု၊ တော်သလင်းလ

ဒုတိယအကြိမ် အုပ်ရေ-၂၀၀၀

ပလ.၃၆၆
၅.
၅၃၇၇
၅ဝ-၃
ကဝ-၇ဝ

ပုံ ၁ ထုတ်ဝေသူ- အေးအေးစာပေတိုက်၊ အေးအေး ပုံနှိပ်တိုက် အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။ ဦးစံရှင်း မှတ်ပုံတင် အမှတ် (မြ-၀၃၂၄)၊ (ယာ ၀၇၄၂) က ပုံနှိပ်ထုတ်ဝေသည်။

ဖုံး ၃ ၁ ၃ ဂ ဂ

ဓမ္မကထိက

ညောင်တုန်းမြို့ ဝိပဿနာ ဆရာခန့်

ပဏ္ဍိဒါန ကုသိုလ်

အမျှ-ယူတော်မူကြရန်

ကဉ္ဇယ်လွန်သူ မိဘများဖြစ်ကြသည့် ဝိပဿနာဆရာကြီး ဦးခန့်-ဒေါ်ရုံနှင့် စစ်ကဲကြီး ဦးထွန်းရှေ(အော-တော်အမ်) မင်းကတော် ဒေါ်အမာတို့အား ရည်စူးမြဲ ရန်ကုန်မြို့ ၅၁-လမ်း အမှတ် ၁၆၂-နေ အစ်မ ဒေါ်ညွှန့်မေ မောင် ဦးအောင်သိန်း ဒေါ်မြရင် မောင်နှမ တစုတို့က

ဦးခန့်-ဒေါ်ရုံတို့၏သား(**မောင်မြင့်စိန်**)စစ်ကဲကြီး ဦးထွန်းရှေ - မင်းကတော် ဒေါ်အမာ တို့၏ သား(**မောင်တင်ဦး**) တို့အား ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှင့်၍ ဦးအောင်သိန်း - ဒေါ်မြရင် တို့၏ သား(**မောင်အေးသိန်း**)ကိုရှင်သာမဏေအဖြစ်သို့သွတ်သွင်းချီးမြှင့်ကြပါသည်။

ထိုရှင်ပြု ရဟန်းခံပွဲတွင် ကျေးဇူးရှင် ဖခင်ကြီး မဂ္ဇယ်လွန်မိက ရေးသား ပြုစုခဲ့သော ဤဝိပဿနာ အမြင်ပြ ကျမ်းစာအုပ်ကို ဓမ္မဒါနအဖြစ် ရိုက်နှိပ်ဝေငှလှူဒါန်းကြပါသည်။

ဤကုသိုလ်ကောင်းမှု အစုစုကို မိခင်ဖခင် ကျေးဇူးရှင်နှင့် ဆရာသခင် အပေါင်းတို့အားရင်း၊ ၃၁-ဘုံ ကျင်လည်ကုန်သော သတ္တဝါတို့အားရင်း အမျှပေးဝေပါ၏ အမျှရ၍ ချမ်းသာကြပါစေ။

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
	ပဌမဝိုင်း	
၁။	သံသရာလည်ပုံ	၁
၂။	ကမ္ဘာတိုင်းဘုရားမပွင့်	၅
၃။	ဘုရားမပွင့်သောကမ္ဘာ	၇
၄။	ဒုလ္လဘတရား ၅-ပါး	၁၀
၅။	အပါယ်လေးပါးတွင် အဖြစ်များပုံ	၁၂
၆။	သောတာပန်ဖြစ်ရန် အကြောင်းလေးပါး	၁၅
၇။	မြတ်စွာဘုရား၏ တိုက်တွန်းတော်မူချက်	၁၉
၈။	ဝဋ်သုံးပါးဖြင့် သံသရာတွင်လည်ပုံ	၂၀
၉။	ဝဋ်သုံးပါးဖြစ်ရခြင်းအကြောင်း	၃၂
၁၀။	သမထ ဘာဝနာအံ့ကြောင်း	၃၆
၁၁။	သံသရာမှ ထွက်ခန်းအတိုချုပ်	၄၇
၁၂။	ဝိပဿနာတရားကို အားထုတ်သင့်ကြောင်း	၄၀
၁၃။	ဘုရားပွင့်တော်မူရာ အသက်တမ်း	၄၀
၁၄။	ကျွတ်တန်းဝင်ကြရမည့် သာဝကများ	၄၁
၁၅။	ပရိနိဗ္ဗာန်ဘဝခြင်းစီနိုင်သော ပုဂ္ဂိုလ်များ	၄၂
၁၆။	ပကတိသာဝကများ အားရှိဘွယ်အချက်	၄၃
၁၇။	သာသနာငါးထောင်အတွင်း သာဝကအမျိုးမျိုး	၄၅
၁၈။	သာသနာတော်ကွယ်ကြောင်း ၁၅-ပါး	၄၆
၁၉။	အနုရာယ်ငါးပါးအကြောင်း	၄၉
၂၀။	အားကျဘွယ်နှင့် နှိုင်းယှဉ်ချက်များ	၅၁

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
	ဒုတိယပိုင်း	
၁။	နိဗ္ဗာန်အကြောင်းအတိုကောက်	၁၄
၂။	ဝိပဿနာတရားအဆင့်များ	၁၅
၃။	ပညတ်နှင့်ပရမတ်	၁၇
၄။	ပညတ်တရားအကြောင်း	၁၉
၅။	ကာဌာသအကြောင်း	၂၆
၆။	ဆရာတော်ဦးပဒုမ၏ ပညတ်အကြောင်း	၂၉
၇။	ပရမတ်တရားအကြောင်း	၈၁
၈။	သမ္မာဒိဋ္ဌိဖြစ်စဉ် မဂ္ဂင်ရှစ်ပါးပါပုံ	၈၅
၉။	မဂ္ဂင်ရှစ်ပါးတွင် သိက္ခာသုံးပါးပါပုံ	၉၁
၁၀။	ဝိသုद्धိခုနစ်ပါးအကြောင်း	၉၂
၁၁။	သီလဝိသုद्धိနှင့် စိတ္တဝိသုद्धि	၉၅
၁၂။	ဒိဋ္ဌိဝိသုद्धिအခန်းဆက် ကလာပ်အကြောင်း	၉၆
၁၃။	ကလာပ်စည်းတွင်ပါဝင်သော မာတ်ရှစ်ပါး	၉၈
၁၄။	ရူပ်ကလာပ်တစည်း၏ အချင်းပမာဏအမှုန်းအဆ	၁၀၁
	တတိယပိုင်း	
၁။	ဝိဇ္ဇမာနပညတ် (ရှိတာကိုခေါ်သောပညတ်)	၁၀၈
၂။	နာမပညတ်မှ ပရမတ်ပညတ်ကိုမြင်ပုံ	၁၁၀
၃။	အစာဝပညတ်မှ ပရမတ်ကိုရှုမြင်ပုံ	၁၁၁
၄။	တေဇောဟူသော ပူမှုသဘောဖြင့် ပြသပုံ	၁၁၃

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၅။	ဝိဇ္ဇမာနုပညာတ် (အာဆက်)	၁၁၅
၆။	မဟာဘုတ်လေးပါးတို့၏ လက္ခဏရသစသည်	၁၁၆
၇။	အမေးအဖြေ	၁၁၉
၈။	စာတ်ရှစ်ပါးကို အမြင်ပေါက်၍ အကျိုးရှိပုံ	၁၂၅
၉။	စာတ်ရှစ်ပါးဖြင့် သမထ ဘာဝနာဖြစ်ပုံ	၁၂၈
၁၀။	စာတ်ရှစ်ပါးသည် အနတ္တဖြစ်ပုံ	၁၂၉
၁၁။	စာတ်ရှစ်ပါးကလာပ်စုများတွင် ဥာဏ်အမြင် ပေါက်ပုံ	၁၃၂
၁၂။	သမ္မာဒိဋ္ဌိဝိဇ္ဇာဥာဏ်ဖြစ်သောအခါ သိက္ခာသုံးပါး ဖြစ်ပုံ	၁၃၃
၁၃။	သမ္မာဒိဋ္ဌိဖြစ်လျှင် သီလဝိသုဒ္ဓိဖြစ်ခြင်း	၁၃၇
၁၄။	သမ္မာဒိဋ္ဌိဝိဇ္ဇာဥာဏ်ဖြစ်ခိုက် ဝိရတိသီလသုံး ပါးလည်းပါပုံ	၁၃၇
၁၅။	ရုပ်အကြောင်းကိုဖော်ပြချက်	၁၄၁
၁၆။	စိတ်အကြောင်း	၁၄၉
၁၇။	စာတ်တဆဲ့နှစ်ပါးအကြောင်း	၁၅၆
၁၈။	အကြည်ဓာတ်များ	၁၅၈
၁၉။	ပဋ္ဌိသမ္ဘိဒါဥာဏ်လေးပါးဖြစ်ပေါ်ပုံ	၁၆၂
၂၀။	ပဋ္ဌာန်းဥာဏ်လည်းပါဝင်ပုံ	၁၆၃
၂၁။	စက္ခုဝိညာဏ်ဟုခေါ်သော မြင်သိဖြစ်ပုံ	၁၆၄
၂၂။	သမ္မာဒိဋ္ဌိဥာဏ်ဖြစ်ရခြင်းအကြောင်းလေးပါး	၁၇၀

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၂၃။	သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် တည်ကြိမ်ဖြစ်လျှင် ဝဋ္ဌသုံးပါးမှ ကင်းလွတ်ပုံ	၁၇၁
၂၄။	အသိဉာဏ်များသည် စိတ်ဖြစ်ကြောင်း	၁၇၄
၂၅။	စေတသိက်များ	၁၇၆

၀တ္ထုဆိုင်း

၁။	ဉာဏ် ၁၆-ပါးနှင့် ဝိသုဒ္ဓိ ၇-ပါး	၁၈၀
၂။	ရူပ မရိုဏ္ဍေဒ (ရူပ်သဘော)	၁၈၆
၃။	ရောင်ခြည်တော်နှင့်ပါရမီ	၁၈၉
၄။	ရောင်ခြည်တော်နှင့် ထုတ်ရာဌာန	၁၉၀
၅။	နိဗ္ဗာန်မျက်မှောက်ပြုပုံ	၁၉၁
၆။	ကိုလေသာကိုအဆင့်ဆင့်ပယ်ပုံ	၁၉၅
၇။	ဗောဓိပက္ခိယတရား	၂၁၁
	နိဂုံး	၂၂၄

နိဒါန်း

သဒ္ဓမ္မသဝနံ ဒုလ္လဘံ-ဟူသော ဒေသနာတော်နှင့်အညီ ဒုလ္လဘတရား ငါးပါးအနက် ရူပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာလေးပါး တရားများကို ကြားနာရန် အလွန်ဘရာ တွေ့ကြုံခဲလှပေသည်ဟု သဗ္ဗညုတရှေဥာဏ်တော်သခင် ဘုရားရှင် ဟောတော်မူသည့်အတိုင်း ထိုတရားထူး တရားမြတ်ကို ကမ္ဘာ ကုဋေ လွန်လေငြားသော်လည်း ကြားနာကြရဘို့ရာ အလွန်ကြုံခဲလှလေသည်။ ကြားနာရငြားသော်လည်း သညာဖြင့် မှတ်မိခြင်းငှါ အလွန်ပင် ခဲခက်ပြန်လေသည်။ ဤသို့သညာဖြင့် မှတ်မိသော်လည်း ပညတ် ပရမတ်, ရူပ်, နာမ်စသည်တို့ကို ကွဲကွဲပြားပြား ပိုင်းခြားထင်ထင် သိမြင်ခြင်းငှါ အလွန်ပင် ခဲခက်ပြန်လေသည်။ ဤသို့ ခွဲခြားသိမြင်ငြားသော်လည်း အမှားမရှိ တိတိကျကျ လက္ခဏာသုံးပါး တရားကို စိတ်ထားထင်ထင် ရှုဆင်ခြင်၍ အားထုတ်ခြင်းငှါလည်း အလွန်ပင် ခဲခက်ပြန်လေသည်။ ဤသို့ အားထုတ်ကြသော်လည်း အတ္တရဘ, ဓမ္မရသ, ဝိမုတ္တိရသတို့ကို ခံစားရှိကြရန်လည်း အလွန် အလွန် အခက်ဆုံးပင် ဖြစ်လေသည်။

ယင်းသို့ဘယ်လိုပင် အခက်အဆင့်ဆင့်ရှိလင့်ကစား ဗုဒ္ဓပြုဒေနာဝေမ ခဏကြီးနှင့် ကြုံကြိုက်၍ သပ္ပုရိသူပ နိဿယ ဖြစ်သောဆရာကို ဆည်းကပ်မှီခိုရသည်ရှိသော် အလွယ်နှင့်ပင် သိမြင်မှတ်ရှု

နိုင်သည်အားလျော်စွာ သဒ္ဓမ္မသဝန၊ အတိဒုလ္လဘကို ရသည်နှင့် အညီ လွန်ခဲ့သော ၃၅-နှစ် ခန့်ကစ၍ ဆည်းကပ်ခဲ့ရပေသော ရှေတောင်မြို့ ပုံ့လွန်တော်မူပြီးသော ကျေးဇူးတော်ရှင် ဆရာတော် ဦးတိက္ခိန္ဒြိယ အရှင်မြတ် ဟောပြော ပြသ ဆုံးမတော်မူ အပ်သောနိသျှည်းကို ခံယူရပေသော ကျွန်ုပ်ဟုဆိုမုတ်အပ်သည့် ရုပ်, နာမ်အစုသည် ထိုထိုဆရာသခင်တို့၏ ကျေးဇူးတော်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း မျှားစွာကပင် တပည့် ကျောင်းသူ, ကျောင်းသားတို့အား ဝိပဿနာ တရား ထူးမျှားကို အသင့်အတင့် ဥာဏ်အမြင် ပေါက်လောက်အောင် လက်တွေ့ နိသျှည်း အမြင်ပြုနည်း အမျိုးမျိုးတို့ဖြင့် သင်ကြား ပြသ လာခဲ့သော အလေ့အလာ ဝါသနာ ဘာဂီ အားလျော်စွာ ဓမ္မ မိတ်ဆွေ မျှားနှင့် အခြားသော တပည့်အပေါင်းတို့ အားလည်း ဟော ပြော ပြသလျက် ရှိပေသည်။

ထိုရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားများကို အမြင်ပေါက်လောက်အောင် ကြားနာ ရဘူးကုန်သော ထိုထို ရဟန်း, ရှင်, လူမျှားနှင့်တကွ တပည့်အပေါင်းဝို့က ပရိယတ္တိ အပေခြုလည်းမရှိ၊ ဗဟုသုတလည်းမရှိ၊ ဝိဿနာ တရားများကို လမ်းစ လမ်းနမျှလည်း မသိနိုင်ကြသေးသော လူငယ်, လူရွယ် များပင် လွယ်ကူစွာ အမြင်ပေါက်နိုင်လောက်အောင် မြန်မာ ဘာသာ သက်သက်ဖြင့် ဝိပဿနာ အမြင်ပြု တရား ရှုနည်း အတိုင်း ကျမ်းတခုကို ပြုစုပါမည့် အကြောင်း ယခုကာ ခဏ တောင်းပန် တိုက်တွန်း ကြခြင်းကြောင့်ရင်း၊ ယိုင်ပြင် တခန်း ဤကျမ်းစာကို ဘွဲ့ကြုံဖတ်ရှုရသူ ဗုဒ္ဓဘာသာဝင်လူမှာ ပညတ် ပရမတ်ကစ၍ နားလည်အောင် ဆင်ခြင် စဉ်းစား တတ်ကြ

ပြီးလျှင်။ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရား များကို နှလုံးသွင်းရှု အားထုတ် နိုင်စေခြင်းငှါ၊ သာသနာ ဇောတ်ဌာ ထိုလက်တွေ့ အမြင်ပြ တရားရှုနည်းတို့မှာ မတိမ်မြုပ် တော့ဘဲ ဆရာ အစဉ် အဆက် တပည့် အစဉ် အဆက် မပျက် လွယ်ကူ နည်းယူ ပြသ နိုင်စေခြင်းငှါ၊ ထိုတရား တို့သည် အမှန်ရှည်စွာ တည်စေခြင်းငှါ ဝိပဿနာတရားတွင် ရှုဆင် ခြင်းကာ ဝါသနာထုံပြင်း နှလုံးသွင်း ကြကုန်သော ပညာရှင် အပေါင်းတို့အား ထောက်ရာ တည်ရာ ရကြစေခြင် ငှါ၊ ရည်သန်တောင့်တ၍ တောင်းပန် တိုက်တွန်း ကြသည့် အတိုင်း ကျမ်းတခုကို ပြုစုရပါမူကား ကောင်းလေစွတ် မိမိကိုယ်ကိုပင် တဖန် တိုက်တွန်း ခြင်းကြောင့်ငှင်း၊ ဝိပဿနာရှုပုံ ရှုနည်းကို သေချာဂန ပြသနိုင်စွမ်းသော ဤမည်သော ဝိပဿနာအမြင်ပြ ကျမ်းကို ကြိုးပမ်းတီထွင် စီစဉ်ယခု ပြုစုရေးသားရပေသည်။

ဤခေတ်ဤအခါတွင်အလွန်တရာမှရခဲလှစွာသော **မနုဿတ္တ ဘာဝ ဒုလ္လဘ** ကြီးကို ကောင်းစွာ ရကြသည့် အားလျော်စွာ လူဖြစ်ကျိုးနပ်ပြီးလျှင် အတ္ထ, ဓမ္မ, ဝိမုတ္တိရသတို့ကို ခံစားစံစား လိုကြကုန်သော အမျိုးကောင်းသားသူတော်ကောင်းအပေါင်း တို့သည် ယောနိသော မနသိကာရ ရှေ့သွားပြုလျက် မပျက် မကွက် ကောင်းစွာ ကြည့်ရှုနိုင်ကြပါစေသတည်း။ ကြည့်ရှုကြ ပါကုန်လော့၊ ကောင်းစွာ ကြည့်ရှုကြရသည့်အတိုင်းပင် ထိုထို ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့၏ အဋ္ဌတ္ထ သန္တာန် ပညာဥာဏ်၌ ပညတ်, ပရမတ်, ရုပ်, နာမ်, ခန္ဓာ, စသည်တို့သည် တခုနှင့်တခု မရောမယှက် သက်သက်စင်ကြယ် လက်ဝါးပြင် တင်ထား ကျောက်ရှင် ပတ္တမြားသို့ ကဲပြားထင်ထင် သိမြင်ကြ

ကုန်သည်သာဖြစ်သဖြင့် လက္ခဏာဃာဒ သုံးပါးတို့ဖြင့် သခ်ၢတ ပရမတ်တရားတို့ကို မျက်မှောက်ထင်ထင် မြင်နိုင်ကြပြီးလျှင် သံသရာဝဋ်ဆင်းရဲမှ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ထွက်ရှောက်နိုင်ကြပါစေသတည်း။

ဆရာခန့်
ဝိပဿနာ ဓမ္မကထိက


ဘပါယ်-၄-ဘု
ရှေ့ ၁၆-ဘုံ
ကာဇသုဂတိ-၇-ဘု
နတ်ပြည်-၆-ဆင့်
ဘရှေ့ - ၄ - ဘု
ဘဿဓာတ်တော် နှစ်ဝက်ခန်းနှင့်
ကြယ်ပွင့်ခန်း
ကြယ်ပွင့်ခန်း
ဘုရားရှိခိုးခန်း
ဘုရားရှိခိုးခန်း
ဘုရားရှိခိုး

ပဌမဝိုင်း

နိမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ရတနာသုံးပါး အမိအဘ ကျေးဇူးရှင်တို့မှစ၍ ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အား ရိုသေမြတ်နိုး ရှိခိုးပူဇော်ပါ၏။ ဤကဲ့သို့ ပူဇော်ကန်တော့ ပြီးနောက် ဤဝိပဿနာ အမြင်ပြ ကျမ်းကို ရေးသားပြုစုပါသတည်း။

၁။ သံသရာလည်ပုံ

သံသရာဆိုသည်မှာ....သံ-မပြတ်၊ သရာ-ဖြစ်ပေါ်ခြင်း၊ ထို ထိုဘုံဘဝတို့၌ ကံအကြောင်းအားလျော်စွာ ခန္ဓာ, အာယတန, ဝေတ်တို့ အဆက်မပြတ် ဖြစ်ပေါ်ခြင်းကို "သံသရာ"ဟု ခေါ်၏။ (တနည်း) အဝိဇ္ဇာစသော အကြောင်းတရား, သင်္ခါရစသော အကျိုးတရားတို့၏ အစဉ်မပြတ်ဖြစ်ခြင်းကိုလည်း "သံသရာ" ဟုခေါ်၏။ အပါယ်လေးဘုံတွင် ဖြစ်ပေါ်နေရသော အခိုက် အခါ၌ "အောက်အပါယ် သံသရာ"ဟု ခေါ်၏။ လူ့ပြည် နတ်ပြည်ခြောက်ထပ်စသည်တို့၌ ဖြစ်ပေါ်နေရသော အခိုက် အခါ၌ "လူနတ် သံသရာ, အလယ်သံသရာ"ဟု ခေါ်၏။ ဗြဟ္မာ ပြည်တွင် ဖြစ်ပေါ်နေရသည့် အခိုက်အခါ၌ "အထက်သံသရာ" ဟုခေါ်၏။ ဤသို့သံသရာ သုံးကြောင်းရှိ၏။ ထိုသံသရာ သုံး ကြောင်းတည်းဟူသော ၃၁-ဘုံတွင် ကုသိုလ်ကံ, အကုသိုလ်ကံ

အားလျော်စွာ ဘုံအသီးသီးဌာ အဆက်မပြတ် ဖြစ်ပေါ်နေကြ ရခြင်းကို "သံသရာတွင် ကျင်လည်၍ မျောပါးနေကြရသည်"ဟု ဆိုအပ်၏။

၃၁-ဘုံဆိုသည်မှာ.... အပါယ်သံသရာ အောက်သံသရာဟု ခေါ်အပ်သော အပါယ်လေးဘုံကို ဒုဂ္ဂတိလေးဘုံဟု ခေါ်၏။ အလယ်သံသရာဟု ခေါ်အပ်သော ကာမသုဂတိ ၇-ဘုံကိုကား လူ့ဘုံတဘုံနှင့် နတ်ပြည်ခြောက်ထပ်ကိုခေါ်၏။ အပါယ်လေးဘုံ နှင့်ပေါင်းသော် ကာမ ၁၁-ဘုံဖြစ်၏။ ဗြဟ္မာဘုံ ၂၀-နှင့် ရောသော် ၃၁ ဘုံဖြစ်၏။ ဗြဟ္မာဘုံ ၂၀-မှာလည်း ပဌမစျာန် သုံးဘုံ, ဒုတိယစျာန်သုံးဘုံ, တတိယစျာန်သုံးဘုံ ပေါင်း ၉-ဘုံ။ စတုတ္ထစျာန် ဝေဟပ္ဖလ်ဘုံ, သုဒ္ဓါဝါသ ၅ဦးဘုံအားဖြင့် ၆-ဘုံ။ ရှင်း ၁၅-ဘုံမှာ ခန္ဓာ၅ပါးရှိသော ဗြဟ္မာတို့ဘုံဖြစ်၏။ အ သညသတ်ဘုံမှာ နာမ်တည်းဟူသော သိမှုမရှိ။ ရူပ်ခန္ဓာတပါး သာရှိသောဘုံဖြစ်၏။ ရှင်းရူပ်ခန္ဓာ တပါးသာရှိသော အသည သတ်ဘုံမှာ သိမှုနာမ်တရား မရှိသောကြောင့်ရှင်း၊ ရူပ်ခန္ဓာ မှာ ရှေ့ရူပ်ကဲ့သို့ဖြစ်၍ ဖြစ်, ပျက်နေသော ရူပ်ခန္ဓာအစုအဝေး မျှသာဖြစ်သောကြောင့်ရှင်း၊ ဘုရား၏ တရားတော်ကိုမျှ မနာ ကြားနိုင်၍ ရပ်ပြစ်ရှစ်ပါးသဲ့ကွင် အပါအဝင်ဖြစ်ရလေသည်။ ထိုကြောင့် အသညသတ်ဘုံမှာ အလွန်အဖြစ်ဆိုးသော ဘဝ၌ ဖြစ်ရကြောင်းကို သိမှတ်ကုန်၏။ လူ့ဘုံမှ သေသောလူရိုယာပုထဉ် အတိုင်း အသညသတ်ဘုံ၌ဖြစ်၍ ကမ္ဘာ ၅၀၀-အကျိုးမရှိ နေ ရ၏။

နာမကွန္ဓာလေးပါး နာမ်တရားသာရှိ၍ ရူပ်တရားမရှိသော နာမ်ဗြဟ္မာဟုခေါ်ဆိုအပ်သော အရူပဗြဟ္မာတို့ဖြစ်ရာ လေးဘုံ

ရှိ၏။ ရူပ်ခန္ဓာတပါးသာရှိသော အသညသတ်ဘုံနှင့် ပေါင်းသော် ၅-ဘုံဖြစ်၏။ ခန္ဓာငါးပါးရှိသော ပြဟ္မာဘုံ ၁၅-ဘုံနှင့် ပေါင်းသော်ကား ပြဟ္မာဘုံ(၂၀)ဖြစ်၏။

ထိုနာမ်ပြဟ္မာဘုံလေးဘုံမှာ....

၁။ အာကာသာနဉ္စာ ယတနဗြဟ္မာဘုံ
၂။ ဝိညာဏဉ္စာ ယတနဗြဟ္မာဘုံ
၃။ အာကိဉ္စညာ ယတနဗြဟ္မာဘုံ
၄။ နေဝသညာ နာသညာ ယတနဗြဟ္မာဘုံ

ဤနာမ်ခန္ဓာလေးပါးရှိသောအရူပလေးဘုံတွင် နေဝသညာနာသညာယတနဗြဟ္မာဘုံ၌ အသက်ကမ္ဘာပေါင်း "ရှစ်သောင်းလေးထောင်"ရှည်ကြာအောင်နေရ၏။

သုဒ္ဓါဝါသ ငါးဘုံမှာ....

၁။ သဒ္ဓါလွန်ကဲသူ အရိယာတို့ဘုံ အဝိဟာဘုံ
၂။ ဝီရိယလွန်ကဲသူ အရိယာတို့ဘုံ အတပ္ပါဘုံ
၃။ သတိလွန်ကဲသူ အရိယာတို့ဘုံ သုဒဿာဘုံ
၄။ သမာဓိလွန်ကဲသူ အရိယာတို့ဘုံ သုဒဿီဘုံ
၅။ ပညာလွန်ကဲသူ အရိယာတို့ဘုံ အကနိဋ္ဌာဘုံ

ဟူ၍ အရိယာအနာဂါမ်နှင့် ရဟန္တာတို့ဘုံ ၅-ဘုံရှိ၏။ ထိုဘုံသည် အရိယာ အနာဂါမ် ပုဂ္ဂိုလ်တို့ လားရာတုံ့ပြန်၍ ထိုငါးဘုံ၌ ဖြစ်ပေါ်သော ခန္ဓာငါးပါး အရိယာမျိုးတို့သည်

ထိုဘုံမှ ရဟန္တာဖြစ်ပြီးသော် ပရိနိဗ္ဗာန် စံလွန်တော်မူကြရသဖြင့် ထိုဘုံသို့ရောက်သောအရိယာတို့သည် လူ့ဘုံနတ်ဘုံ စသည့်သံသရာတွင် ထပ်မံကျင်လည်ရတို့မရှိ။ ထို့ကြောင့် ထိုဘုံကိုအနုပုထုဇဉ်မှစ၍ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့မရောက်နိုင်။ ယခုရှိရှိသမျှ သတ္တဝါဟု ခေါ်ဆိုအပ်သော ခန္ဓာအစုအဝေးတို့သည် ထိုအရိယာဘုံ ငါးဘုံသို့ မရောက်ဘူးနိုင်ကြပေ။ ၃၁-ဘုံတွင် သံသရာ၌ ကျင်လည်မျောပါးနေရသည်ဟု ဆိုသော်လည်း ဤအရိယာဘုံငါးဘုံကိုကြည့်၍ ၎င်းငါးဘုံမှအပ ၂၆-ဘုံမှာသာ ကုသိုလ်,အကုသိုလ် အလျောက် ကျင်လည်ဖြစ်ပျက်မျောပါးနေကြရသည်ဟု သိအပ်ပေသည်။ ထိုသုဒ္ဓါဝါသ ငါးဘုံ၌ အသက်တမ်းမှာ အဝိဟာဘုံ၌ ကမ္ဘာပေါင်း တထောင်၊ အတပ္ပါဘုံ၌ အသက်တမ်း ကမ္ဘာပေါင်း နှစ်ထောင်၊ သုဒဿာဘုံ၌ အသက်တမ်း ကမ္ဘာပေါင်းလေးထောင်၊ သုဒဿီဘုံ၌ အသက်တမ်း ကမ္ဘာပေါင်းရှစ်ထောင်၊ အကနိဋ္ဌဘုံ၌ အသက်တမ်း ကမ္ဘာပေါင်းတသောင်းခြောက်ထောင် အသီးသီးစံနေတော်မူကြ၏။ ၎င်းငါးဘုံ၌ ရဟန္တာချည်း ကျင်လည်နေကြသည်မဟုတ်။ အနာဂါမ် ပုဂ္ဂိုလ်များလည်း ကျင်လည်လျက်ရှိကြပေသည်။ (ဥပမာ) အဝိဟာဘုံ၌ ကျင်လည်နေသော အနာဂါမ်ပုဂ္ဂိုလ်သည် ၎င်းဘုံမှ ၎င်းတေ၍ အတပ္ပါဘုံတွင် ရဟန္တာဖြစ်နိုင်ပေ၏။ ယိုအတပ္ပါဘုံ၌ ရဟန္တာဖြစ်ခွင့် မရှိပြန်လျှင် သုဒဿာဘုံ၊ သုဒဿီဘုံစသည်တို့သို့ ပြောင်းရွှေ့ကျင်လည်ရပြီးသော် အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်စံလွန်တော် မူကြရ၏။ ထို အကနိဋ္ဌဘုံသို့ ရောက်သောအခါ ရဟန္တာ မဖြစ်ဘဲမရှိနိုင်ဟော၎ပေ။ ရဟန္တာစင်စစ်ဖြစ်၍ သံသရာမှ လွတ်မြောက်ရကုန်၏။

၂။ ကမ္ဘာတိုင်းဘုရားမပွင့်

ဘုရားအပွင့် နည်းပါးလှပုံ။ ။ကမ္ဘာတိုင်း ဘုရားပွင့်သည် မဟုတ်၊ ကမ္ဘာများစွာ၊ကြာမှ ဘုရားတဆူသာပွင့်သော ကမ္ဘာ ရှိတတ်သည်။ တခါတလေ ကမ္ဘာပေါင်း သိန်း,သန်း,ကုဋေ, အသင်္ချေ၊ကြာမှ ဘုရားပွင့်သော ကမ္ဘာရှိတတ်သည်။ ထိုကြောင့် ပွင့်ပြီးသားဘုရား အရေအတွက်ထက် ကမ္ဘာအရေအတွက်က သိန်း,သန်း,ကုဋေမက များလှပေပြီဟု မှတ်ယူအပ်၏။ ပွင့်တော် မူပြီးသော ဘုရားအရေအတွက်မှာ ယူဇနာပေါင်း ၅၀၀ ရှည် လျားသော ဂင်္ဂါမြစ်ထဲ သဲစုမက ပွင့်တော်မူခဲ့ကြပြီး ဖြစ်သ ဖြင့် ပျက်ပြီးခဲ့သော ကမ္ဘာအရေအတွက်ကလည်း ဘုရား များထက် သိန်း, သန်း, ကုဋေမက များခဲ့လှပေပြီဟု သိအပ် ပေသည်။တဏှာက်ရာဘုရားမှစ၍ ဂေါတမဘုရားအထိ နှစ်ကျိပ်ရှစ် ဆူသော ဘုရားပေါင်းတွင် တဏှာက်ရာ,မေဓက်ရာ,သရဏက်ရာ, ဒီပက်ရာဟု ဘုရားလေးဆူရှိရာ ဒီပက်ရာဘုရား လက်ထက် တော်တွင် အလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝတွင် ဂေါတမဘုရား အလောင်းတော်ဟု နိယတဗျာဒိတ်တော်ရခဲ့သည် ကစ၍ ယခု ဘဒ္ဒကမ္ဘာအထိ အလောင်းတော်သည် လေးအ သင်္ချေနှင့် ကမ္ဘာတသိန်းမျှ ပါရမီတော်ဖြည့်တော်မူရသဖြင့် ထို နှစ်ကျိပ်ရှစ်ဆူသော ဘုရားများတွင် ဘဒ္ဒကမ္ဘာ၌ ဘုရားလေးဆူ ပွင့်တော်မူပြီးသဖြင့် ပဌမဘုရားလေးဆူနှင့် ပေါင်းသော် ဘုရား ရှစ်ဆူဖြစ်၏။ ဒီပက်ရာဘုရားမှ ဘဒ္ဒကမ္ဘာအထိ စပ်ကြားတွင် ကမ္ဘာလေးသင်္ချေနှင့် တသိန်းအကြားမှာ ကျန် ဘုရား အဆူ နှစ်ဆယ် ပွင့်တော်မူကြ၏။ ၎င်း လေးသင်္ချေနှင့် ကမ္ဘာတသိန်းကို

တည်၍ ဘုရားအဆူနှစ်ဆယ်နှင့်စားသော် ရလဒ်အသင်္ချေပင်ရှိ၏။ အဘယ်ကြောင့်ဟူမူ ယုခုခေါ်သောအသင်္ချေမျိုးကား ရေတွက်မရသောအသင်္ချေမျိုးဖြစ်သောကြောင့်တည်း။ (ဥပမာ) ယူဇနာပေါင်း ၅၀၀-ရှည်သောဂင်္ဂါမြစ်တွင်းရှိသဲတို့ကို ၁၀၀-နှင့်စားသဲလဒ်အသင်္ချေ။ အသင်္ချေနှင့်စားလဲ လဒ်အသင်္ချေသာ ရသောကြောင့်တည်း။ ဤသို့လျှင် ဂဏန်းအရေအတွက် မခေါ်တတ်နိုင်လောက်အောင် များပြားလှ၏။ ထိုဂဏန်း အရေအတွက်သည် ဘုရားဆူရေ နှစ်ဆယ်တွင် တပါးနှင့်တပါး ခြားကွာသော ဖျမ်းမျှခြင်း ဘုရားမပါသော ကမ္ဘာ အရေအတွက်ဟု သိမှတ်ရာ၏။

ထို့ကြောင့် ကမ္ဘာတိုင်း ဘုရားမပွင့်ဘဲ တသင်္ချေ,တသင်္ချေအားဖြင့် ကမ္ဘာပေါင်း များစွာကြာမှ ဘုရားပွင့်သော ကမ္ဘာပေါ်လာရကြောင်းကို ထင်ရှားစွာ သိအပ်လှပေသည်။ ကမ္ဘာနိယာမ ဓမ္မတာသဘောအတိုင်း ကမ္ဘာတခါပျက်လျှင် မည်သည့်သတ္တဝါမဆို ဗြဟ္မာတခါဖြစ်စမြဲပေတည်း။ အပါယ်လေးဘုံ၌ ဖြစ်ပေါ်နေရသော သတ္တဝါများပင် ကျွတ်လွတ်၍ လူ့ပြည်မှ တဆင့် သမထတရား စျာန်တရားများကို အားထုတ်ရပြီးသော် ဗြဟ္မာပြည်တွင် ဖြစ်ပေါ်ရစမြဲ ဓမ္မတာပေတည်း။ ငရဲသူ,ငရဲသားများပင် ဗြဟ္မာဘုံသို့ ရောက်ကြရသည် ဆိုရခြားသော်လည်း အယူမှားလွန်း၍ နိယတမိစ္ဆာဒိဋ္ဌိတမျိုးဖြင့် ငရဲသို့ကျရသူတို့မှာ ထိုအယူကိုမစွန့်သေးက ကမ္ဘာပင် ပျက်သော်လည်း ဗြဟ္မာဖြစ်ခွင့်မရဘဲ မပျက်သေးသော အခြား စကြဝဠာကမ္ဘာက ငရဲသို့ ပြောင်းရွှေ့ခံကြရပေသည်။ ၎င်းနိယတမိစ္ဆာဒိဋ္ဌိသည် သုံးမျိုးရှိ၏။ ၎င်းတို့သည်ကား။

အရူပဘုံ ဆိုသည်မှာ ရူပ်မရှိ၊ နာမ်ခန္ဓာ လေးပါးသာရှိသော ဗြဟ္မာဘုံကိုဆိုသည်။

ထို ကာမ, ရူပ, အရူပ ဟူသော ဘုံသုံးပါးဟု ဆိုအပ်သော သံသရာခရီးကို ဘယ်လို ကျင်လည်မျောပါး နေကြရပါသနည်း ဆိုသော် ဒါနကို အရင်းခံ၍ သီလ, သမာဓိ ဟူသော သမထ ဘာဝနာနှင့် ကျင်လည် မျောပါး နေကြရ ပေသည်။ ဒါနနှင့် သီလသည် မည်မျှပင် အားကောင်း စေကာမူ ကမ္မဿကတ သမ္မာဒိဋ္ဌိ ဉာဏ်သာဖြစ်၍ လူ,နတ် အဖြစ်ဋ္ဌာသာ အကျိုးပေး ခွင့်ရှိသည်။ သဏ္ဌာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို မဖယ်သတ်နိုင်။ သမထ ဘာဝနာတည်းဟူသော စျာန်တရားကို အားထုတ်၍ ရူပါဝစရ ကုသိုလ်ကြောင့် ရူပဗြဟ္မာဖြစ်ရ၏။ အရူပါဝစရကုသိုလ်ကြောင့် အရူပဗြဟ္မာဖြစ်ရ၏။သို့သော် သဏ္ဌာယဒိဋ္ဌိ အတ္တဒိဋ္ဌိကိုမပယ်နိုင်။ စျာန်သမ္မာဒိဋ္ဌိသာ ဖြစ်ရသည်။ သံသရာကမထုတ်နိုင်ပေ၊ ထိုဘုံသုံးပါးတွင် ဖြစ်ပေါ်ရသော ဘဝများကလဲ့လျှင် ဘေးကြီး ၄-ပါးဖြင့် အပါယ်သံသရာတွင်သာ အကျမ်းကြရပေသည်။

ဘဝသံသရာတွင် ကြူးလွန်ခဲ့ကြသော အကုသိုလ် ကံကျွေး အနန္တဟု ဆိုအပ်သော ဒုစရိတဘေးကြောင့် အပါယ်ငရဲသို့ ကျကြရ၏။ အနန္တဗာလ ပုထုဇဉ် အဖြစ်ကြောင့်လည်း ဝိနိပါတ ဘေးမကင်း၍ တပေါင်း တန်ခူး လေရူးသုတ်၍ တကိုင်းတည်း ဖြစ်သော သစ်ရွက်ချောက် များသည် လေထဲသို့ လွင့်ပါ သွားရာ တနေရာတွင် တစုတည်း မကျနိုင်ကြဘဲ တချို့က ကုန်းပေါ်သို့ရောင်း၊ တချို့က ရေထဲသို့ရောင်း ကျကြ၏။ မိုးဦး ကျအခါ အထက် အညာ တောကြို တောင်ကြားမှ ချောင်း ရေထဲတွင် မျောပါလာသော ထင်းထုံး သစ်ဆွေး သစ်ကိုင်း

ချောက်တို့သည် မြစ်ကြီးထဲသို့ ပါလာရာ တချို့ကထောင်လျက် မျောလာ၏။ တချို့ကဘုံးလုံး, တချို့ကကန့်လန့် စသည်ဖြင့် မျောချင်သလိုမျော၍ တချို့က သောင်ပေါ်တွင် တင်ကြ၏။ တချို့ကို လူတွေ့၍ဆယ်ယူကြ၏။ တချို့ကလူမတွေ့သဖြင့်ကမ္ဘာ့ တွင်လှိုင်းရိုက်၍ တင်နေကြ၏။ တချို့က ပင်လယ်သမုဒ္ဒရာထဲသို့ တိုင်အောင် မျောပါကြ၏။ ဤအတူပင် မကောင်းသူတို့ လားရာအပါယ်လေးဘုံသို့ ကစင့်ကရဲ ဖရိုဖရဲကျကြရ၏။

ထို့ပြင် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိစွဲ၍ အပါယ်ဘုံကို ဦးတိုက်ကြရသည့်အတိုင်း အပါယ်လေးဘုံမှာ ကျကြရပေသည်။ ၎င်းပြင် နာနာသတ္တဝါရည္လျောကန့ ဘေးကြောင့်လည်း လူ့ပြည်လောက လူ့သံသရာတွင် ကြုံခဲလှသော လူအဖြစ်ကို ရစေကာမူ ဘာသာမမှန်, ဘုရားမမှန်, တရားမမှန်, သံဃာမမှန်ကို ကိုးကွယ်ဆည်းကပ်ကြရ၍ လူဖြစ်ရှုံးပြီးလျှင် အဆုံးကြီးဆုံး၍ အပါယ်သို့ ကျကြရပေသည်။ အဘယ်ကြောင့်ဆိုသော် လူပင်ဖြစ်ကြရသော်လည်း မိစ္ဆာဒိဋ္ဌိ လူမျိုးဖြစ်၍ အချို့က ပုရိသလိင်ကို ကိုးကွယ် ကြ၏။ တချို့က လကို၊ တချို့ဘာသာမှာ မီးကို၊ တချို့ မြစ်ကို, ချောင်းကို, ၊ တချို့ ဘာသာကတော့, တောင်ကို၊ တချို့ဘာသာက မိမိတို့မွေးမြူထားသော ခြံထဲကနွားသိုးကြီးကို၊ တချို့ဘာသာက သစ်ပင်ကိုစသည်ဖြင့် အမျိုးမျိုး ကိုးကွယ်နေကြရပုံကို ထောက်ရှုသော် မည်မျှလောက် လူဖြစ်ရှုံးသည်ကို သိအပ်လှပေသည်။ ဗုဒ္ဓဘာသာဟု အခေါ်ခံပြီး နေကြရစေကာမူ သာသနာတော်တွင်း တရားအစစ် ဝိပဿနာတရားများကို မနာမကြားရပါက ထိုဘေးလေးပါးက မလွတ်သေးဘဲ ဘုရားအစစ်,တရားအစစ်, သံဃာအစစ်ကို တွေ့ရ

ပြားသော်လည်း မတွေ့ကြရသေးသော သူကဲ့သို့ပင် ဖြစ်နေလေသည်။

ထို့ကြောင့် ရှင်တော်ဘုရားက ဟောတော် မူခဲ့သည်မှာ တခုသောဘဝမှ စုတေလျှင် သုဂတိဘုံဟုဆိုအပ်သော လူ,နတ်,ဗြဟ္မာဘုံတို့၌ ဖြစ်ပေါ်ကြရသော သတ္တဝါစုက ငါ၏လက်သည်းပေါ်တွင်တင်သော မြူမှုန့်မျှသာရှိ၍ အပါယ်လေးပါးသို့သွားကြရသော သတ္တဝါအစုက ဤမဟာပထဝီမြေကြီးနှင့်အမျှဟု နှိုင်းယှဉ်၍ ဟောတော်မူခဲ့ပေသည်။ လူသေလျှင် လူအမြဲဖြစ်နိုင်သည်မဟုတ်။ ခွေးသေလျှင်လည်း ခွေးအမြဲ ဖြစ်နိုင်သည်မဟုတ်။ နတ်သေလျှင်လည်း နတ်ပြန်၍ အမြဲဖြစ်နိုင်သည်မဟုတ်ပေ။ မိမိကုသိုလ်, အကုသိုလ်ကံအားလျော်စွာ ကံပစ်ချက်ဘုံဘဝတွင် ခန္ဓာအစုအဝေးဆက်လက်၍ ဖြစ်ကြရစမြဲပေတည်း။ ထိုကဲ့သို့ အကြောင်းကံအားလျော်စွာ ဘုံဘဝများတွင် ဖြစ်ပေါ်ကြရသည်ကို မည်သူသေ၍ အပါယ်ကျသည်။ မည်သူသေ၍ နတ်ဖြစ်သည်။မည်သူသေ၍ လူလာဖြစ်သည်စသည်ဖြင့် ဝေါဟာရ ပြောရိုးအတိုင်းသာ ပြောကြရသည်။ တကယ့် လူကောင် နတ်ကောင်, ငရဲကောင် ဖြစ်ကြရသည်မဟုတ်။ ခန္ဓာအစုအဝေး ရုပ်နာမ်တွေသာ ဖြစ်ပေါ်၍ ပျက်စီးနေကြရသည်သာ ဖြစ်၏။ ရုပ်နာမ် ခန္ဓာမှတပါး လူ,နတ်,ဗြဟ္မာဟု မရှိနိုင်ပေ။

၄။ ဒုလ္လဘတရား ၅-ပါး

ဖြစ်ခဲကြုံခဲရခဲသည်ကို ဒုလ္လဘဟုခေါ်သည်။

၁။ လူဒေဝဖြစ်ကို ရခဲကြုံခဲလှ၏။ နတ်,ဗြဟ္မာဒေဝဖြစ်က လူ့ထက်သာသော်လည်း ဒုလ္လဘဟုမဆိုနိုင်။ ဒေဝဘယ့်ကြောင့်

ဆိုသော် နတ်က ကာမဂုဏ်ကို သက်သက်ခံစားရုံမျှဘဲရှိ၏။ လူကဲ့သို့ ကုသိုလ်ထူးမျှားကို မဆည်းပူးနိုင်။ လူက သာမဏေဖြစ်နိုင်၏။ ရဟန်းဖြစ်နိုင်၏။ ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ စသည်တို့ ဖြစ်နိုင်၏။ ထိုသို့ဖြစ်ရန် ကုသိုလ်ထူးကို ဆည်းပူးနိုင်၏။ နတ်, ဗြဟ္မာတို့က မဆည်းပူးနိုင်ကြပေ။

(၂) ဘုရားပွင့်သောအခါ သာသနာနှင့် ကြုံခဲ့လျှ၏။

(၃) သဒ္ဓါတရားနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဖြစ်ဘို့ခဲယဉ်းလျှ၏။

(၄) ရဟန်း, သာမဏေ အဖြစ်ကို ရခဲ့လျှ၏။

(၅) ရူပ်တရား, နာမ်တရား, ခန္ဓာ,အာယတန,ဓာတ်,သစ္စာ လေးပါး တရားတည်းဟူသော သူတော်ကောင်းတို့ တရားကို နာကြားရဘို့မှာ အလွန်အလွန် ခဲယဉ်းလှသည် ကြုံခဲ့လှသည်ဟု ဘုရားက ဒုလ္လဘံ သဒ္ဓမ္မသဝနံ ဟု ဟောတော်မူခဲ့ ပေသည်။ ၎င်းဒုလ္လဘာ ဖြစ်သော ဝိပဿနာတရားထူးမျှားကို ကြားနာရ အားထုတ်ကြရဘို့မှာ ကမ္ဘာအသင်္ချေ ကြာစေကာမူ ကြုံရခဲ တွေ့ရခဲ လျှ၏။

ထို့ကြောင့် ယခုရှိကြသော သတ္တဝါအားလုံးမှာ ရှေးက ဘုရားနှင့် ဘုရား၏သာသနာနှင့် ကြုံတွေ့ပါသော်လည်း ဤတရားထူးမျှားကို မကြားရ မနာရ,မကြားဖြစ်မနာဖြစ် မလိုက်စားဖြစ်ကြ၍ အလဲ့ကြီးလဲ့ချော် လာခဲ့ကြသော ဘဝတွေမှာ အလွန်မျှားပြားခဲ့ကြပေမည်။ ယခုအခါလည်း လူလည်းဖြစ်ရ, သာသနာတော်နှင့်လည်းကြုံရ, ဗုဒ္ဓဘာသာလည်း ဖြစ်ရသော ဘဝသမ္ပတ္တိကို ရကြီးရကြပါလျက် မိမိက အပြုင်းဖက်၍ ဤတရား

ထူးမျှားကို မရှာဖွေ မဆည်းပူးဘဲ ရှေးက လွဲချော်ခဲ့သော ဘဝတွေမှာကဲ့သို့ ထပ်မံရှောင်လွှဲခဲ့ရပြန်ပါလျှင် လူဖြစ်ရှုံး၍ သာသနာနှင့် ကြုံရကျိုးမနပ် ဖြစ်ကြရမည် ကို အထူး သတိမူအပ်လှပေသည်။

၅။ အပါယ် ၄ ပါးတွင် အဖြစ်များပုံ

"ပမတ္တာသစနာမ စတ္တာရော အပါယာ သကဂေဟာသဒိသာ" နှင့်အညီ မေ့လျော့သော သတ္တဝါတိုင်း အပါယ်လေးပါးတွင် အဖြစ်များခဲ့ရပုံ၊ တဘုံမှစုတေ၍ သုဂတိဘုံ၌ လူ, နတ်, ဗြဟ္မာ ဖြစ်ရမှာက လက်သည်းပေါ်တွင်တင်သော မြူမှုန့်မျှ,အပါယ်လေးပါးတွင် လားရမှာက ဤပထဝီမြေကြီးနှင့်အမျှဟု ဟောတော်မူခဲ့သည့်အတိုင်း မေ့လျော့သော သတ္တဝါကား အပါယ်လေးဘုံမှာ အဖြစ်များကြရပေသည်။ အပါယ်လေးဘုံသို့ ကျမိသော သတ္တဝါတယောက်သည် မည်မျှကြာမှ သုဂတိဘုံသို့ ပြန်လည်နိုင်မည်ကို ဘုရားက ဥပမာပြ၍ ဟောတော်မူခဲ့သည်မှာ....

လိပ်ကန်းဥပမာ....ဤမြေ အားလုံးသည်လည်း ရေပြင်ဖြစ်ခဲ့အုံ့။ ကမ္ဘာတည်သမျှ အသက်ရှည်သော လိပ်ကန်းတကောင်သည် အနှစ်တရာမှ တကြိမ် မဟာသမုဒ္ဒရာတွင် ပေါ်တတ်သည်ဆိုအုံ့၊ ထမ်းပိုးကျဉ်ပေါက် တပေါက်သာရှိသော ထမ်းပိုးတုံးတခုကိုလည်း မဟာသမုဒ္ဒရာတွင် ပစ်ချအုံ့၊ ဟိုမှ, သည်မှ လေတိုက်ရာ လှိုင်းတံပိုးယူရာသို့ မဆွေးမမြေ့ဘဲ မျှောပါနေပြီးသော် သမုဒ္ဒရာ အလယ်သို့ ရောက်လာအုံ့။ ထိုလိပ်ကန်းသည် အနှစ်တရာမှ တကြိမ် ပေါ်လာသောအခါ ၎င်း၏လည်ပင်းနှင့် ဟိုဟို သည်သည် မျှောပါနေသော ထမ်းပိုး၏ အပေါက်တွင်

နွားကသက်ဆိုသို့ ၎င်း၏ဦးခေါင်း လည်ပင်းနှင့်စွတ်မိရန် လွယ်ပါ မည်လောဟု ဘုရားက မေးတော်မူရာ စွတ်မိဘို့ အလွန်အလွန်ခဲယဉ်းလှကြောင်းကို လျှောက်ထားကြသောအခါ ဘုရားကသတ္တပါတန်းတယောက် အပါယ်သို့ကျသွားရာမှ သုဂတိဘုံသို့ပြန်လည်ရောက်ဘို့မှာ ထိုလိမ်ကန်း ထမ်းပိုးတွင် စွတ်မိဘို့ထက် ဆထက်လွန်ကျူးစွာ ခဲယဉ်းလှကြောင်းနှင့် ဟောတော် မူခဲ့သည်ကို နှိုင်းစာသော် အပါယ်သို့ တကြိမ်ကျသွားသော သတ္တဝါ တဦး တယောက်သည် သုဂတိဘုံသို့ ပြန်မရောက်နိုင်သလောက် အမှန်ရှည်ကြာစွာ အပါယ်လေးဘုံတွင် ဆက်လက် မျောပါး နေရမည်ဟု သိရာ၏။

စာပိုဒ်အမှတ် ၃-တွင် ဖော်ပြခဲ့သော ဘေးလေးပါးဖြင့် သတ္တဝါတိုင်း အပါယ်ကို ဦးတိုက်နေကြပုံကို ထောက်ရှုသော် မေ့လျော့သော သတ္တဝါတိုင်း အပါယ်သို့ ကျဘို့က များလှ၏။ သုဂတိဘုံတွင် ဖြစ်ပေါ်ရဘို့က နည်းလှ၏။ ဥပမာအားဖြင့်လူတဦး တယောက်သည် ထိုဘေးလေးပါးဖြင့် ကျရမည့် အပါယ်ဘေးက လွတ်ချင်လှ၍ မိမိမှာ ကုသိုလ်ကံအားလျော်စွာ ရှာဖွေစုဆောင်းမိသော ရတနာ, ရွှေ, ငွေ, စိန်, ကျောက်, ပတ္တမြားစသည် များကို အထက်ပြဟ္မာဘုံအထိ စုပုံ၍ပေးနိုင်သော်လည်း ထိုဘေးလေးပါးမှ လွတ်ရာကိုကား မရနိုင်ပေ။ ထိုကဲ့သို့ ရတနာ, စိန်ရွှေ, အမြောက်အမြား ပေးပြီး လဲလှယ်၍ ထိုဘေးလေးပါးမှ လွတ်မြောက်ရန် မရနိုင်သော်လည်း ဘုရား သာသနာတော်နှင့် ကြုံသည့်အခါ ထိုဘေးလေးပါးမှ စိတ်ချ,လက်ချ လွတ်နိုင်သော ဝိပဿနာတရားများကိုကား ငွေကုန်, ကြေးကျ မဖြစ်ရဘဲ နာကြားလိုက်စား အားထုတ်၍ရနိုင်ဘို့ အခွင့်အခါ ဖြစ်ပေသည်။ မဂ်ဥာဏ်, ဖိုလ်ဥာဏ် နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းလမ်း

မှန်ကိုဟောပြောပြသနိုင်သော သပ္ပုရိသသံသေဝဟုဆိုအပ်သော ဥပနိဿ ဆရာကောင်းကိုရှာဖွေ၍ လိုက်စား အားထုတ်ကြပါ။ ထိုဘေးလေးပါးတွင် အပါယ်သို့ ကျရမည့်ဘေးကို စိတ်၌, လက်၌ တားမြစ်နိုင်ပေသည်။ သာမည ဒါနမှ, သီလမှလောက်နှင့် ထိုဘေးလေးပါးမှ စိတ်၌, လက်၌ လွတ်ပြီဟုမဆိုနိုင်ပေ။ အကယ်၍ ယခုဘဝမှာ လွတ်ပြန်ပါလျှင်လည်း နောက်ဘဝတွင် စိတ်မချရသေး။

ထိုကြောင့် သာသနာတော်နှင့် ကြုံကြိုက်ရသောအခိုက်တွင် ကြုံရကျိုးနပ်အောင် လူဖြစ်ရကျိုးနပ်အောင် ထိုတရားများကို နာကြား အားထုတ် အပ်လှပေသည်။ ရတနာဝယ်ရ ရတနာမြတ်ကို မရ ရအောင် မိမိကသာ ရှာဖွေရာသည်။ ရတနာကမိမိ ထံသို့ အလိုအလျောက် မရောက်လာနိုင် သည်ကိုလည်း သတိမူ အပ်လှပေသည်။ ဒါန, သီလနှင့် စိတ်မချရဟု ဆိုရာတွင် ဒါနကိုမပြုရဟုဆိုလိုသည်မဟုတ်။ဒါနသည် သာသနာတွင်းရောက်ရန် အရင်းခံဖြစ်သည့်အတိုင်း ဒါနကို ဘယ်အခါမှလက်မလွှတ်သင့်။ ရှေးလွန်ခဲ့သောဘဝများက ပြုလုပ်ခဲ့သောဒါန၏အကျိုးကြောင့် ယခုဘဝကောင်းကို ရကြရပေသည်။ ဒါနကုသိုလ် အရင်းခံခဲ့ကြ၍ ယခုအခါ သာသနာနှင့်ကြုံတွေ့ရခြင်း။ နိဗ္ဗာန်ရောက်ကြောင်း တရားများနှင့် ကြုံတွေ့ရခြင်း ဖြစ်ကြရပေသည်။ သာသနာတော်နှင့် ကြုံတွေ့ကြရပါသော်လည်း မိမိက အားမထုတ်လျှင် တရားမရှာလျှင် ရှေးကလဲ့ချော်ခဲ့ကြဘူးသည့်အတိုင်း ယခုဘဝမှာလည်း လဲ့ချော်ကြရမည်ကို သတိမူအပ် လှပေ၏။ ထိုကြုံခဲ့လှသော တရားထူးကို ရအောင် အားမထုတ် နိုင်သူတို့ အဘို့မှာ ဒါနနှင့် သီလကိုဘဲ အားကိုးရာ ရှိကြချေမည်။ သို့မဟုတ်ပါလျှင် အပါယ်မှာချည်း အမြဲကျနေကြဘို့သာ ရှိချေမည်။

သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို မပယ်နိုင်သော အနုပုထုဇဉ်ဟူသမျှမှာ အပါယ်သို့ကျဘို့ ဘေးလေးပါးမှ မလွတ်နိုင်ဘဲ အပါယ်မှာသာ အကျများရ၍ အပါယ်ဘုံတည်းဟူသော အောက် သံသရာတွင် အများအားဖြင့် ကျင်လည် နေကြရပေသည်။ လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ပဋ္ဌိစ္စ အမှုပွါဒ ဒီပနီ ကျမ်း နံပါတ် ၁၇-တွင် ဖော်ပြ ထားသည်မှာ သက္ကာယဒိဋ္ဌိ ရှိကြသော သတ္တဝါတို့မှကား ယနေ့ နတ်မင်းကြီး, သိကြားမင်းကြီး၊ နက်ဖြန်ခါ ခေါ်, ဝက်, ခြ, ပရက်, သန်း, ကြမ်းပိုး။ ယနေ့ သီလဝန္တကြီး၊ နက်ဖြန်ခါ ဓားပြ သူခိုး, မုဆိုး, တံငါ။ ယနေ့ ဗျာန်, အဘိညာဉ်ရ သမာဓိရှင်ကြီး၊ နက်ဖြန်ခါ ပဲသဘင် အလယ်မှာ လူပျက်ကြီး။ ယနေ့ ကျမ်းဂန်တတ် ပညာရှိကြီး၊ နက်ဖြန်ခါ အရှုံးအသွင် ဥမ္မတ္တက လူအ-လူနှမ်းကြီး ဖြစ်နိုင်သော သဘော ရှိကြကုန်၏ဟု ဖော်ပြထား၏။ ဤအချက် မျှားကို ထောက်ဆသော် အပါယ် သံသရာတွင် အကျ မျှားကြရပုံ, အပါယ်လေးပါးတွင် အနေမျှားကြရပုံမျှားမှာ ထင်ရှားသိသာ လှပေပြီ။

၆။ သောတာပန်ဖြစ်ရန် အကြောင်းလေးပါး

ဘုရားက သောတာပန်ဖြစ်ရန် အကြောင်းလေးပါး ညွှန်ပြ တော်မူခဲ့၏။ ၎င်းအကြောင်းလေးပါးမှာ....

၁။ သပ္ပုရိသ သံသေဝ....ရုပ်တရား, နာမ်တရား, သစ္စာ လေးပါး တရားများကို ဉာဏ်မြင်ပေါက်အောင် ဟောပြော ပြသတတ်သောဆရာကို ပဌမ ဆည်းကပ်ရမည်။

၂။ သဒ္ဓမ္မသဝန....မိမိက ၎င်းဆရာဟောပြသည်ကို နာကြားမှတ်ယူရမည်။

၃။ ယောနိသော မနသိကာရ....အသင့် အတင့် နှလုံးထားတတ်ခြင်း။

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ....ဟောပြော ပြသသည့် အတိုင်းသဘာဝခမ္မကို မြင်အောင် ထပ်မံနှလုံး သွင်းခြင်းဖြင့် အားထုတ်ခြင်း။

ဤအကြောင်းလေးပါးနှင့်ပြည့်စုံလျှင် တမက်, တဖိုလ်ကိုရ၍ သောတာပန်ဖြစ်နိုင်သည်ဟု မြတ်စွာဘုရားက ညွှန်ပြဟောပြော တော်မူခဲ့ပေသည်။ ထိုအကြောင်းလေးပါးမှာ ယခုအခါ သာသနာတော်တွင်းတွင် မခက်လှပေ။။ ရူပ, နာမ, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားများကို ဉာဏ်မြင်ပေါက်အောင် ဟောပြတတ်သော ဆရာတွေ အရေပ်ရေပ်တွင် ပေါ်ပေါက် ပေါများနေသောခေတ်အခါဖြစ်၍ ၎င်းသပ္ပုရိသ သံသေဝ ဟူသောဆရာကို ရှာရန် ထင်သလောက် မခက်လှပေ။ ဒုတိယ အကြောင်းမှာ မိမိကဗဒင်းဆရာ၏တရားကို နာယူခြင်းဘဲ။ တတိယအကြောင်းဖြစ်သော စိတ်ကောင်း နှလုံးကောင်း ထားတတ်ခြင်းဆိုသည်မှာ နဂိုမူလက စိတ်ကောင်း နှလုံးကောင်းထား၍ နာကြားသည့်အပြင် ဗဒင်းဆရာ ပြသမျှ တရားသဘာဝကို ဉာဏ်အမြင် ရှင်းအောင် နှလုံးသွင်း၍ လိုက်နိုင်ပါမှ ၎င်းတတိယအချက် ယောနိသော ယှဉ်ရာသို့ ရောက်ပေမည်။

ဥပမာ။ ။နှင်းဆီပန်းကို ကြည့်ရာ၌ ဆရာက မြင်တာဟာ နှင်းဆီပန်းမဟုတ်၊ နှင်းဆီပန်းဟု ဆိုအပ်သော ရုပ်အစု အဝေး၏ အဆင်းကိုသာ မြင်နိုင်ပေသည်။ မွေ့တာကလည်း

အနုံ့ကသာ မြေးနိုင်သည်။ ကိုင်မိတာကလည်း ပွင့်ချပ်ပွင့်ဖတ်ဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေး၏ မာသောသဘော ပျော့သောသဘော စသော ဖောဌဗွတရားကိုသာ ကိုင်မိသည် စသည်ဖြင့် ဆရာ ဟောပြသမျှ ဥာဏ်ထဲမှာ ပေါ်အောင် မြင်အောင် လိုက်နိုင်ပါလျှင် ယောနိသော ယှဉ်ရာသို့ ရောက်၍ ဒိဋ္ဌိစသော ကိလေသာမှ လွတ်ရ၏။ ဒိဋ္ဌိကိလေသာဆိုသည်မှာ နှင်းဆီပန်းမှ စ၍ လူ့တိရစ္ဆာန်စသည်တို့ကိုပင် ဝတ္ထုရုပ်ကောင်အနေအားဖြင့် တကယ်ရှိသော အကောင်ထင်မှတ်ခြင်းကို သက္ကာယဒိဋ္ဌိအယူဟု ခေါ်သည်။ ထိုကြောင့် တရားနာယူရာတွင် ယောနိသောမနသိကာရ အစဉ်ဖြစ်ဘို့ အရေးကြီးလှ၏။ အဘယ်ကြောင့်ဆိုသော် ယောနိသော မနသိကာရ တချက်ယှဉ်လျှင် အကျိုး ၉-ပါး ပြီးစီးရ၏။ ပြီးစီးပုံမှာ အသင့်အတင့် နှလုံးသွင်းခြင်း အတွက် အကျိုး ၉-ပါးရ၏။

ရင်း ၉-ပါးမှာ....

၁။ ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်းတတ်ခြင်းကြောင့် ဝမ်းမြောက်၏။
၂။ ဝမ်းမြောက်သောသူမှာ ပီတိဖြစ်ရ၏။
၃။ ပီတိဖြစ်ရသူမှာ ကိုယ်ငြိမ်းအေး၏။
၄။ ကိုယ်ငြိမ်းအေးရသူမှာ စိတ်ချမ်းသာရ၏။
၅။ စိတ်ချမ်းသာရသူမှာ စိတ်တည်၏။
၆။ စိတ်တည်သူမှာ မှန်တာကိုသိမြင်၏။
၇။ မှန်တာကိုသိသူမှာ ဝဋ္ဌဆင်းရဲမှ ငြီးငွေ့၏။
၈။ ဝဋ္ဌဆင်းရဲမှ ငြီးငွေ့သူမှာ တပ်နှစ်သက်ခြင်းကင်း၏။
၉။ တပ်နှစ်သက်ခြင်းကင်းသူမှာ **ကိ**လေသာမှလွတ်၏။

ဤကဲ့သို့ စိတ်ကောင်း ထားတိုင်း အကျိုး ၉-ပါး ရ၏။ အထက်က ဖော်ပြရာတွင် နှင်းဆီပန်းကိုကြည့်ရာ မြင်တာဟာ အဆင်းဘဲ။ မွှေးတာဟာအနံ့ဘဲ။ ကိုင်မိတာ, ပျော့တာ,မာတာဟာ အမာ,အပျော့ ပထဝီစသော ဖောင်ဒူဗွတ္တဘဲစသည်ဖြင့် ဥာဏ်အမြင် လိုက်နိုင်လျှင် နှင်းဆီပန်းမှစ၍ လူ,နတ်,တိရစ္ဆာန် စသည်တို့ကိုပင် တကယ်ရှိသည်ဟု ဝတ္ထု ရုပ်ကောင် အနေနှင့် ယူဆခဲ့သော မိစ္ဆာဒိဋ္ဌိစသော **ကိ**လေသာမှ လွတ်ရ၏ဟု ဆိုခဲ့သည်။ စင်စစ် စိတ်,စေတသိက်တို့မှာ အလွန်မြန်လှ၍ ဒိဋ္ဌိ**ကိ**လေသာမှမလွတ်မီ အထက်က ပြခဲ့သော အကျိုး ၉ ပါးပါ တပါတည်း ပါဝင်ပြီးမှ **ကိ**လေသာကို နောက်ဆုံး ပယ်ရ၏။ ဤအကြောင်းများကို တရားသားပြသော အခန်းတွင် အကျယ် ဖော်ပြပါမည်။

ဓမ္မာနုဓမ္မပဋိပတ္တိဟူသော အမှတ် ၄-အကြောင်းမှာ နာယူမှတ်သားပြီး တရား သဘာဝများကို ဥာဏ်မြင်ပေါက်အောင် တွေးတော နှလုံးသွင်းခြင်းကို တရားအားထုတ်သည်ဟု ခေါ်ဆိုအပ်၏။ ဤကဲ့သို့ တရားအားထုတ်မှုမှာ ထင်သလောက် မခက်နိုင်ပေ။ သမထဘာဝနာလို့ နေရာရွေးချယ်ရသည်မဟုတ်။ မိမိမှာ ဆိတ်ငြိမ်သည့်အခါ ထိုင်နေရင်း, ထနေရင်း, လမ်းလျှောက်ရင်း, လျှောင်းရင်း ဤဂုရိယာပုထ် လေးပါးတွင် တပါးပါးဖြင့် အကြောင်းညီညွတ်သလို တရားသဘောများကို ခန္ဓာမှာသွင်း၍ တွေးတော နှလုံးသွင်းနေခြင်းသည် ဝိပဿနာ တရားကို အားထုတ်သည်မည်ပေသည်။ ဤမျှလောက် ဖော်ပြလျှင် ထိုအကြောင်းလေးပါး ပြည့်စုံမှုမှာ ထင်သလောက် မခက်ကြောင်း ထင်ရှားလေပြီ။

၇။ မြတ်စွာဘုရား၏ တိုက်တွန်းတော်မူချက်

ဝိပဿနာတရားဆိုသည်မှာ ... ဝိ- အထူး၊ ပဿနာ-ရှုခြင်း နှလုံးသွင်းခြင်း။ အထူးဆင်ခြင်း နှလုံးသွင်းခြင်းကို ဝိပဿနာဟု ခေါ်၏။ သံသရာလောက အသီးသီးတွင် ခန္ဓာတွေဖြစ်ပေါ် ပျက်စီးနေကြ၊ မျိုးကို ဥာဏ်မြင်ပေါက်အောင် နှလုံးသွင်းသည်, တွေးတောသည်ကို ဝိပဿနာ ဘာဝနာ ပွါးသည်ဟု ဆိုရ၏။ ထိုတရားသဘာဝများကို မှန်တာကိုနှလုံးသွင်းမိ၍ ကိလေသာမှ လွတ်ငြိမ်းရုံတွင်မက သမ္မာဒိဋ္ဌိပါဖြစ်၍ မဂ္ဂင်ရှစ်ပါးပါ တပါတည်း အကျုံးဝင်၍ ပြီးစီးပုံများကို တရားသားပြသော အခန်းသို့ ရောက်သောအခါတွင် အကျယ်အားဖြင့် ပါလာပေမည်။

၃၁-ဘုံ သံသရာဝဋ္ဋ ဘေးဒုက္ခမှ တလုံးစုံသောသတ္တဝါများကို လျင်မြန်စွာ ကျွတ်လွတ်စေလိုတော် မူသဖြင့် မြတ်စွာဘုရားက ၆၂-ပါးသော ဒိဋ္ဌိတို့၏ မူလဖြစ်သော သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ စွန့်ခွါနိုင်ဘို့ကို ရင်ဝမှာဖူးသော လှုံ့ဥပမာ၊ ဦးခေါင်း ဥသျောင်တွင် လောင်သောမီး ဥပမာပြု၍ တိုက်တွန်း တော်မူခဲ့ပေသည်။ ရင်ဝမှာ စူးသောလှုံ့ကို လျင်စွာ နုတ်အပ်သကဲ့သို့ရင်း, ဦးခေါင်းမှာ လောင်သောမီးကို လျင်စွာသတ်ငြိမ်းဘို့ အရေးကြီးလှသကဲ့သို့ရင်း, သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိအယူမှ ကင်းပျောက်အောင် ဆောလျင်စွာ အားထုတ်အပ်လှကြောင်းကို ဥပမာကပ်၍ တိုက်တွန်းတော်မူခဲ့သည့်အတိုင်း အချိန်မဆိုင်းဘဲ နေ့ရှေ့, ရက်ရှေ့ အချိန်ဖင့်နဲ့ခြင်းမရှိစေဘဲ လက်ငင်းဆောလျင်

စ္ဓာ အားထုတ်ကြိုးစား ထိုက်ကြောင်းကို ဗုဒ္ဓဘာသာ ဝင်တိုင်း သတိမူအပ်လှပေသည်။

၈။ ဝဋ္ဋသုံးပါးဖြင့် သံသရာတွင်လည်ပုံ

အောက်သံသရာဟု ခေါ်သော အပါယ်လေးဘုံ, အလယ်သံသရာဟုခေါ်သော လူ့ပြည်နှင့် နတ်ပြည်၊ အထက်သံသရာဟု ခေါ်သော ရူပဗြဟ္မာနှင့်အရူပဗြဟ္မာဘုံ၊ ဤသံသရာသုံးကြောင်းတွင် သတ္တဝါတို့မှာ အဆက်မပြတ် ကျင်လည်မျောပါးနေကြရသည်။ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော ဩဃလေးဖြာ သံသရာကွင်း ဆောက်တည်ရာ မရခဲ့ကြဘဲ သက်သာရာမရခဲ့ကြဘဲ လားရာဂတိလည်းမမြဲကြရဘဲ ကုသိုလ်ကံ, အကုသိုလ်ကံ ပစ်ချရာအတိုင်း မရပ်မနား မျောပါးနေကြရခြင်းမှာ ဝဋ္ဋသုံးပါးကြောင့် ဖြစ်ပေသည်။

ဝဋ္ဋသုံးပါးဟူသည်မှာ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋဟူ၍ သုံးပါးတည်း၊ ကိလေသဝဋ္ဋဆိုသည်မှာ အဝိဇ္ဇာ,တဏှာ,ဥပါဒါန် ဤသုံးချက်ကို ခေါ်သည်။ အဝိဇ္ဇာ အဓိပ္ပါယ်က မှန်တာကို မသိခြင်းကိုခေါ်သည်။ မှန်တာကိုမသိတော့ အယူလွဲခြင်းဖြစ်သည်။ တဏှာဆိုတာ တပ်မက်ခြင်းကိုခေါ်သည်။ ဥပါဒါန်ကိုတော့ စွဲလမ်းခြင်းကိုဆိုသည်။

ထို့ကြောင့် ကိလေသဝဋ္ဋကို မြန်မာဘာသာ သက်သက်သိုလျှင် မသိ၍တပ်မက်၊ တပ်မက်၍ စွဲလမ်းချက်ဖြစ်၏ဟု ဆိုရပေမည်။ အဝိဇ္ဇာဟူသော ပရမတ်သဘောကို မသိမှုကြောင့် မှန်တာကိုမသိဘဲ မောဟပိတ်ပင် ဥာဏ်အမြင် ကင်းသဖြင့်

မဟုတ်သည်ကို အဟုတ်ဟု, ထင်ရှားမရှိသည်ကို အရှိဟု, ထင်ရှားရှိသည်ကိုလည်း ရှိမှန်းမသိ စသည်ဖြင့် အမှန်ကိုမသိခြင်း အဝိဇ္ဇာ၊ မသိခြင်းကြောင့် တဏှာကတပ်မက်သဖြင့် ဥပါဒါန်က စွဲလမ်းခြင်းဖြစ်၍ **ကိ**လေသဝဋ် ဖြစ်ရသည်။ ထိုကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရ၏။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရ၏။ ပဋိစ္စသမုပ္ပါဒ်ဟူသော အကြောင်းအကျိုး တရားတော်အတိုင်း အဝိဇ္ဇာ ပစ္စယာသင်္ခါရာ အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရ ဖြစ်ရ၏။ ဘယ်ကဲ့သို့ သင်္ခါရဖြစ်သနည်းဆိုသော် အဝိဇ္ဇာ,တဏှာ,ဥပါဒါန် တည်းဟူသော **ကိ**လေသဝဋ်ကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အနေဉ္ဇာဘိသင်္ခါရဟူသော ကမ္မဝဋ်ဖြစ်ရ၏။

ထိုကမ္မဝဋ်ကြောင့် ပုညာဘိသင်္ခါရအတွက် လူနတ်ရူပဗြဟ္မာဘုံ၌ဖြစ်ရ၏။ အပုညာ အဘိသင်္ခါရအတွက် အပါယ်လေးဘုံတွင် ဖြစ်ရ၏။ အာနေဉ္ဇာဘိ သင်္ခါရအတွက် ရူပ်မရှိသောနာမ်ပြဟ္မာဘုံဟုခေါ်သော အရူပဘုံတွင် ဖြစ်ရခြင်းတည်းဟူသော ဝိပါကဝဋ်ဖြစ်၍ ထိုထိုဘုံအသီးသီးဆိုင်ရာတွင် ဘဝအမျိုးမျိုး ဖြစ်ပျက်ရ၏။ ဤဝဋ္ဌသုံးပါးကို အကျဉ်းအားဖြင့် ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပေ၏။

၁။ ကိလေသဝဋ်

(က) အဝိဇ္ဇာ ...ပညတ် ပရမတ်ကိုမသိခြင်း

(ခ) တဏှာ....နာမ်ရုပ်ကို တပ်မက်ခြင်း

(ဂ) ဥပါဒါန်....နာမ်ရုပ်ကိုစွဲလမ်းခြင်း

၂။ ကမ္မဝင်္ဂ

(က) ပုညာဘိသင်္ခါရ....ကာမကုသိုလ်

(ခ) အပုညာဘိသင်္ခါရ....အကုသိုလ်

(ဂ) အာနေဉ္ဇာဘိသင်္ခါရ .. ရူပ အရူပကုသိုလ်

၃။ ဝိပါကဝင်္ဂ

(က) လူနတ်နှင့် ခန္ဓာငါးပါးရှိသောဗြဟ္မာ၊ ကာမဝိပါက် ရူပဝိပါက်

(ခ) အပါယ်လေးဘုံ အကုသလဝိပါက်

(ဂ) ရုပ်မရှိ နာမ်ခန္ဓာသာ ရှိသော အရူပဗြဟ္မာ အရူပ ဝိပါက်

(က) အထက်ပါ အကျဉ်းအားဖြင့် ဖော်ပြသော အဝိဇ္ဇာ အကြောင်းတရားကြောင့် ဖြစ်သမျှ သင်္ခါရသုံးမျိုးကို အနည်းငယ် အကျယ်ဖော်ပြရသော် အောက်ပါအတိုင်းပေတည်း။

အပုညာဘိ သင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်ရ၏။ အဘယ်ကဲ့သို့ ဖြစ်သနည်းဆိုသော် စိတ်, စေတသိက်, ရုပ်တို့၏ သဘောလက္ခဏာတို့ကိုရင်း၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ သဘောလက္ခဏာတို့ကိုရင်း၊ ဒုက္ခသစ္စာတို့၏ သဘောလက္ခဏာတို့ကိုရင်း ဟုတ်မှန်သောအတိုင်း မသိမှု၌ ငါဟူ၍ရင်း၊ ငါ၏သားမယား စသည်ဟူ၍ရင်း တဏှာဒိဋ္ဌိဖြင့် ထင်မှတ်လျက် မိမိချမ်းသာမှု, သား မယား စသည်တို့၏ ချမ်းသာမှုကို တဏှာဖြင့် တောင့်တလျက် အပါယ်လေးပါး တည်းဟူသော ငရဲစသည်တို့၌ ဖြစ်လတံ့သော ဒုက္ခစသည်တို့ကို မသိမမြင် တွေ့ဝေသည်ဖြစ်၍ ဒုက္ခ

ဖြစ်ကြောင်းဖြစ်သော သတ်မှု, ခိုးမှု, မိစ္ဆာစာရ ဒုစရိုက်အမှုမျိုး တို့ကို လွန်ကျူးကျော်နင်း ကိုယ်ဖြင့်ပြုလုပ်မြင်း တည်းဟူသော ကာယကံသောင်းကျန်းမှုဟု ဆိုအပ်သော အပုညာဘိသင်္ခါရဖြစ်ရ၏။ (ဤကား ကာယသင်္ခါရတည်း)

ဤသို့ ရင်းပြင် သူတပါး၏ စည်းစိမ်ကို မိမိရလိုမှုဖြင့် ရှေ့ရှုကြံစည်မှု, သူတပါးကို ပျက်စီးအောင် ကြံစည်မှု, သေအောင်ကြံစည်မှု, မိစ္ဆာအမြင်ဟု ဆိုအပ်သော မှားသောအယူကို စွဲယူမှု တည်းဟူသော မနောကံသောင်းကျန်းမှုဟုဆိုအပ်သော အပုညာဘိသင်္ခါရသည် ဖြစ်ရ၏။ (ဤကား (မနော) စိတ္တသင်္ခါရတည်း)။

ထိုသို့ဖြစ်လေသမျှသော အကုသိုလ်ကံ စေတနာဟု ဆိုအပ်သော အပုညာဘိသင်္ခါရတရားတို့သည် စင်စစ် ခန္ဓာ, အာယတန, ဓာတ်တို့၏ သဘောလက္ခဏာ စသည်တို့ကို မသိတတ်သော အဝိဇ္ဇာသဘောကြောင့်သာ ကောင်းဖြစ်ပေ၏။ အကယ်၍ ငါ, သူ, သတ္တဝါလည်းမဟုတ်၊ သား, မယား, သားသို့း စသည်လည်း မဟုတ်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာစသော သဘောတရားတို့သာလျှင် ကောင်းအမှန်ဟုတ်ပေ၏ဟု ဟုတ်တိုင်းမှန်စွာ ဝိဇ္ဇာဉာဏ်ဖြင့်သာ ထိုးထွင်း၍ သိနေခဲ့ဘုံ။ ထိုသို့ သိနေသောအခါ ကာလတိုင်းခ္ခပင် ထိုအပုညာဘိသင်္ခါရတည်းဟူသော အကုသိုလ်ကံ စေတနာတို့သည် စင်စစ်ဖြစ်မှု မရှိပေရာ၊ ထိုဝိဇ္ဇာဉာဏ် ပြဋ္ဌာန်းသောကုသိုလ် တရားတို့ သည်သာလျှင် စင်စစ်ဖြစ်နေ လေရာ၏။ ထိုဝိဇ္ဇာဉာဏ် ပြဋ္ဌာန်းသော ကုသိုလ်တရားတို့ ဖြစ်မှု မရှိမှု၍ အပုညာဘိသင်္ခါရတည်းဟူသော အကုသိုလ်ကံစေတနာ တို့ဖြစ်ပေါ်လာရခြင်းသည် ထိုဘိုအပ်ပြီးသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို မုချမသိခြင်းကြောင့် ငါ, ငါ၏သား,

မယားသားသမီးစသည်ဖြင့် ထင်မှတ်လျက် တဏှာဖြင့်တွယ်တာပြီးလျှင် သတ်မှုခိုးမှုစသော အကုသိုလ် ဒုစရိုက်ဟူသော အပုညာဘိသင်္ခါရတို့ကို ပြုလုပ်ကြလေသည်။ ထိုသို့ပြုလုပ်ကြခြင်းကြောင့် အလုံးစုံသော အပုညာဘိသင်္ခါရ အကုသိုလ်ထိုက်စေတနာတို့သည် စင်စစ်အဝိဇ္ဇာကြောင့်သာ ဖြစ်ကြပေ၏ဟု မှတ်ယူရာသည်။

ထိုကြောင့် အဝိဇ္ဇာသည် **ကိုလေသဝဋ်**ဖြစ်၍ အပုညာဘိသင်္ခါရဖြစ်သောကြောင့် ကမ္မဝဋ်ဖြစ်ရ၏။ အပါယ်ငရဲစသည်တို့၌ ဥပပတ္တိဘဝဖြစ်ရခြင်းက ဝိပါကဝဋ်ဖြစ်ရ၏။ ယိုအပုညာဘိသင်္ခါရသည် ဥပမာအားဖြင့်ဆိုလော် နို့စို့အရွယ် ခလေးသူငယ်သည် မစင်ကိုကိုင်၍ ကစားခြင်းကို ဖြစ်စေသကဲ့သို့တည်း။ တနည်း-သေရလျှင် ချမ်းသာမည်ဟု အထင်မှားသူသည် သေလို၍ အဆိပ်ကိုစားမျိုသကဲ့သို့တည်း။

(၁) ပုညာဘိသင်္ခါရကား ကာမာဝစရကုသိုလ် တရားပေတည်း။ ဆိုအပ်ပြီးသော အပုညာဘိသင်္ခါရ တရားသည်သာလျှင် အဝိဇ္ဇာကြောင့် ဖြစ်သည်မဟုတ်သေး၊ ပုညာဘိသင်္ခါရ တရားမျိုးလည်း အဝိဇ္ဇာကြောင့် ဖြစ်သည်သာ လျှင်တည်း။ ဖြစ်ပုံမှာကား ငါ့သူ သတ္တဝါမဟုတ်သော ပြစ်ပျက်နေသော ရူပ်, နာမ်, ခန္ဓာတို့၏ သဘောလက္ခဏာ ဒုက္ခချက် စသည်တို့ကို ဟုတ်မှန်သောအတိုင်း မသိမှု၍ လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ် ဟုဆိုအပ်သော သူဌေး, မင်း, နတ်စသည်ထင်လျက် သူဌေးအဖြစ်, မင်းအဖြစ်, နတ်အဖြစ်စသည်ကို တဏှာဖြင့် တောင့်တပြီးလျှင် စင်စစ်ဒုက္ခကိုပင် သုခဟု၍ အဝိဇ္ဇာဖြင့်ထင်လျက် သူဌေး, နတ်စသည်တို့၏ ခန္ဓာ ဒုက္ခ ဖြစ်ပေါ်ကြောင်း ဖြစ်သော အလ္လ

ပေးခြင်း, သီလ ဆောက်တည်ခြင်း ကာမာဝစရ ကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရကို မျှားစွာအားထုတ်၍ ဆည်းပူး ကြပေ၏။

ထိုသို့ ဆည်းပူးခြင်းသည် စင်စစ် ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယ သစ္စာကို မသိ မမြင်တတ်သော အဝိဇ္ဇာကြောင့် ဖြစ်ပေ၏။ ထိုသို့ဖြစ်သောကြောင့် ၎င်းပုညာဘိသင်္ခါရဟု ဆိုအပ်သော ကာမာဝစရ ကုသိုလ်ကံ စေတနာသည်လည်း အဝိဇ္ဇာသဘောကြောင့်သာလျှင် ဥပနိဿယ သတ္တိဖြင့် ကေန်ဖြစ်ပေသည်ဟု မှတ်ရာ၏။ အဝိဇ္ဇာစသည့် ကိလေသဝဋ္ဋကြောင့် ပုညာဘိသင်္ခါရ တည်းဟူသော ကာမာဝစရ ကုသိုလ်ကို အားထုတ်ခြင်းပြုက ကမ္မဝဋ္ဋဖြစ်၏။ ၎င်း၏အကျိုးဟုဆိုအပ်သော လူမင်းနတ်မင်းဖြစ်ရခြင်း ဝိပါက်ကမ္မဇရုပ်သည် ဝိပါကဝဋ္ဋ ဖြစ်ရ၏။ ဤဖော်ပြချက်သည် ဝဋ္ဋသုံးပါးဖြင့် လူ့ဘုံနှင့် နတ်ပြည် ၆-ထပ်တွင် သံသရာလည်ပုံပေတည်း။

(၇) ထိုကာမာဝစရ ကုသိုလ်ကံစေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရသည်သာလျှင် အဝိဇ္ဇာကြောင့်ဖြစ်သည် မဟုတ်သေး။ ရူပါဝစရ ကုသိုလ်ကံ စေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရသည်လည်း အဝိဇ္ဇာကြောင့်ပင် ဥပနိဿယသတ္တိဖြင့် ဖြစ်ပေ၏။ ဖြစ်ပုံမှာကား-ဗြဟ္မာ သတ္တဝါမဟုတ်သော ဗြဟ္မာဟု ခေါ်ဆိုအပ်သော ရူပ်, နာမ်, ခန္ဓာတို့၏ သဘော လက္ခဏာစသည်တို့ကိုရင်း၊ ဖြစ်ပျက်ခြင်းဖြင့် နှိပ်စက်ခံရသော ဒုက္ခစသည်ကိုရင်း၊ ဟုတ်တိုင်းမှန်စွာ မသိမှု၍ ပြင်းစွာတွေဝေလျက် ဗြဟ္မာဟုခေါ်အပ်သော ရူပ်, နာမ်, ခန္ဓာတို့၏ ဖြစ်ပေါ်မှု ဒုက္ခအမှန်ကိုပင်သုခဟု၍ အဝိဇ္ဇာဖြင့်ထင်မှတ်၍ ဗြဟ္မာဖြစ်လိုသော တဏှာသာလျှင် အကြောင်းခံပြီးလျှင် ဗြဟ္မာပြည်၌ ဖြစ်ကြောင်း

ဖြစ်သော ဘာဝနာဖြင့်ပြီးသော ရူပါဝစရ ကုသိုလ် စေတနာ မနောကံကို မျှားစွာအားထုတ်၍ ဆည်ပူးပေ၏။

ထိုသို့အားထုတ်၍ ဆည်းပူးတိုင်း ရူပါဝစရ ပုညာဘိသင်္ခါရ ဘာဝနာမယ မနောကံ စေတနာသည် မျှားစွာဖြစ်၏။ ထိုသို့ ဖြစ်သော ရူပါဝစရ ကုသိုလ်ကံ ပုညာဘိသင်္ခါရ စေတနာသည် ဗြဟ္မာဖြစ်လိုသောတဏှာ, ဗြဟ္မာမဟုတ်သည်ကို ဗြဟ္မာဟုသိစေ တတ်သောအဝိဇ္ဇာ, ဗြဟ္မာဟုခေါ်ဆိုအပ်သော ခန္ဓာ၏ဖြစ်ပေါ် ရခြင်း ဒုက္ခကို သုခဟု သိမှတ်စေတတ်သော အဝိဇ္ဇာသဘောတို့ ကြောင့်သာ ဖြစ်ရပေ၏။ ထိုသို့ ဖြစ်ရခြင်းကြောင့် ရူပါဝစရ ပုညာဘိသင်္ခါရသည်လည်း စင်စစ် အဝိဇ္ဇာသဘောကြောင့်သာ ဥပနိဿယ သတ္တိဖြင့်ဖြစ်ပေ၏။ ဤကဲ့သို့ အဝိဇ္ဇာစသော **ကိ**လေ သဝဋ်ဖြစ်ရ၍ ရူပါဝစရ ပုညာဘိ သင်္ခါရ ဖြစ်သောကြောင့် ရုပ် နာမ် ခန္ဓာရှိသော ရုပ် နာမ် ဗြဟ္မာဖြစ်ရခြင်းဟူသော ဝိပါ ကဝဋ် ဖြစ်ရပေ၏။ ဤသည်ကား ဝဋ် ၃-ပါးဖြင့် ရုပ် နာမ် ဗြဟ္မာဘုံ၌ သံသရာဖြစ်ရခြင်းပေတည်း။

(ဃ) ထိုရူပါဝစရ ပုညာဘိ သင်္ခါရသည်သာလျှင် အဝိဇ္ဇာ သဘောကြောင့် ဖြစ်ရသည်မဟုတ်သေး၊ အာနေဉ္ဇာဘိ သင်္ခါရ ဟုခေါ်ဆိုအပ်သော အရူပါဝစရ ဘာဝနာမယ ကုသိုလ် မနော ကံစေတနာသည်လည်း အဝိဇ္ဇာသဘောကြောင့်သာ ဥပနိဿယ သတ္တိဖြင့် ဖြစ်ပေ၏။ ဖြစ်ပုံကား-အရူပဗြဟ္မာ, နာမ်ဗြဟ္မာဟု ခေါ်ဆိုအပ်သော သတ္တဝါ မဟုတ်ပါဘဲလျက် ရုပ်မရှိသော နာမ်ခန္ဓာ သက်သက် နာမကွန္ဓာ သက်သက် ဖြစ်ပျက်နေသော ဝဋ်ဆင်းရဲကိုပင် စင်စစ် ဖြစ်ပျက်နေသော ဝဋ်ဆင်းရဲ သဘော သာလျှင် ဖြစ်၏ဟုမသိမှု၍ ပြင်းစွာတွေဝေပြီးလျှင် ရုပ်မရှိသော နာမကွန္ဓာ တရားတို့၏ ဖြစ်ခြင်းဒုက္ခကိုပင် သုခဟုထင်မှတ်လျက်

တဏှာဖြင့် တောင့်တပြီးလျှင် ဒုက္ခဖြစ်ကြောင်းဖြစ်သော အရှုပါဝစရ ဘာဝနာမယ ကုသိုလ်ကံ စေတနာ တည်းဟူသော အာနေဉ္ဇာဘိသင်္ခါရကို မျှားစွာအားထုတ်၍ ဆည်းပူးပေ၏။ ထိုသို့အားထုတ်၍ ဆည်းပူးသူတိုင်း အရှုပါဝစရ ဘာဝနာမယ ကုသိုလ်ကံ စေတနာတို့သည် မျှားစွာဖြစ်ကုန်၏။

ထိုသို့ဖြစ်ကုန်သမျှသော အရှုပါဝစရ ကုသိုလ်ကံစေတနာဟု ဆိုအပ်သော အာနေဉ္ဇာဘိ သင်္ခါရတို့သည် အရှုပါဝစရ (နာမ်ဗြဟ္မာ) ဗြဟ္မာအဖြစ်ကို တောင့်တသောတဏှာ။ အရှုပ ဗြဟ္မာ မဟုတ်သည်ကို အရှုပဗြဟ္မာဟု သိစေတတ်သောအဝိဇ္ဇာ။ အရှုပ ဘုံ၌ဖြစ်သော နာမ်ခန္ဓာဒုက္ခကိုပင် သုခဟူ၍ သိစေတတ်သော အဝိဇ္ဇာ ဒုက္ခဖြစ်ကြောင်း ဖြစ်သော အရှုပါဝစရ ကုသိုလ်ကံ ကိုပင် သုခဖြစ်ကြောင်းဟု သိစေတတ်သောအဝိဇ္ဇာ။ ဤသို့ဆိုအပ်ပြီးသော အဝိဇ္ဇာသဘောတို့ကြောင့်သာ ကေန်ဖြစ်ရကုန်၏။ ထိုသို့ ဖြစ်ရကုန်သောကြောင့် အရှုပါဝစရ အာနေဉ္ဇာဘိသင်္ခါရ တရားတို့သည်လည်း စင်စစ်အဝိဇ္ဇာသဘောကြောင့်သာ ဥပနိဿယ သတ္တိဖြင့် ကေန်ဖြစ်ရကုန်၏။ ဤသို့ အဝိဇ္ဇာစသော ဟ်လေသ ဝဋ်ဖြစ်ရ၍ အရှုပါဝစရ ကုသိုလ်ကံတည်းဟူသော အာနေဉ္ဇာဘိ သင်္ခါရ တရားဟူသော ကမ္မဝဋ် ဖြစ်ရသောကြောင့် အရှုပဗြဟ္မာ (နာမ်ဗြဟ္မာ) ဟူသော နာမ်ခန္ဓာဖြစ်ရခြင်း ဝိပါကဝဋ် ဖြစ်ရကုန်၏။ (ဤသည်ကား ဝဋ်သုံးပါးဖြင့် နာမ်ခန္ဓာ ဗြဟ္မာဘုံတွင် သံသရာဖြစ်ပုံတည်း)။

(c) အကယ်၍ ကာမ, ရူပ, အရှုပဘုံ၌ ဖြစ်ပေါ်နေကြသော ရူပ် နာမ် ခန္ဓာ တရားတို့ကို စင်စစ် သတ္တဝါလည်း မဟုတ်၊ သတ္တဝါ၏ ပိုင်ဆိုင်သော ဥစ္စာလည်း မဟုတ်၊ ငါ, သူတပါး,

ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ မဟုတ်ဘဲ သက်သက် ရုပ် နာမ် ခန္ဓာ ဒုက္ခအစုမျှသာဖြစ်သည်ဟု ဟုတ်တိုင်း မှန်စွာ ဝိဇ္ဇာဉာဏ်ဖြင့်သာ သိနေခဲ့သည်ဖြစ်အုံ့။ ထိုကာမ, ရူပ, အရူပ ဘုံတို့၌ ခန္ဓာ ဒုက္ခဖြစ်အောင် ၎င်းကာမ ကုသိုလ်, ရူပ ကုသိုလ်, အရူပကုသိုလ် တည်းဟူသော ပုညာဘိသင်္ခါရ တရားတို့ကို မပြုမလုပ်လေပြီ။ အမှန်စင်စစ်မှာ ကာမဘုံ, ရူပဘုံ, အရူပ ဘုံတို့၌ ဖြစ်ပေါ်အောင် ၎င်းကာမကုသိုလ်, ရူပကုသိုလ်, အရူပ ကုသိုလ် စေတနာတို့ကို အားထုတ်ပြုလုပ်ကြသည်မှာ ဒုက္ခစသည် တို့ကို မသိမမြင်တတ်သော အဝိဇ္ဇာကြောင့်သာ ကေန်အားထုတ် ပြုလုပ်ကြသည်ဟု မှတ်ယူရာ၏။

ထိုသို့ မှတ်ကြလျှင် ဤလောက၌ အချို့သော သူတို့သည် လူနတ်ဖြစ်စေရန် ကာမကုသိုလ် ပုညာဘိသင်္ခါရကို အားထုတ် ဆည်းပူးကြ၏။ အချို့သောသူတို့သည် ဗြဟ္မာဖြစ်စေရန် ရူပါ ဝစရကုသိုလ် ပုညာဘိသင်္ခါရကို အားထုတ်ကြလေသည်။ အချို့ သောသူတို့သည် အရူပဗြဟ္မာ (နာမ်ဗြဟ္မာ) ဖြစ်စေရန် အရူပါ ဝစရကုသိုလ် အာနေဉ္ဇာဘိ သင်္ခါရတို့ကို အလိုရှိတိုင်း ဆိုင်ရာ ဆိုင်ရာ ပြုလုပ်ကြပေ၏။ ထိုသို့ပြုလုပ်လေသမျှသည် စင်စစ် ဒုက္ခ စသည်တို့ကို မသိတတ်သော အဝိဇ္ဇာကြောင့်ပင် ကေန်ပြုလုပ် ကြလေသည်ဟု မှတ်ယူရာ၏။

(၈) ထိုအဝိဇ္ဇာကြောင့် ဝဋ်သုံးပါးဖြစ်ရပြီးလျှင် အဆက် မပြတ် အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့တွင် ကျင် လည်မျောပါး နေကြသည်ကို ဝိသုဒ္ဓိမဂ် အဌကထာ အတိုင်း အချုပ်အားဖြင့် ဖော်ပြရသော် အောက်ပါအတိုင်းပေတည်း။

နိရောဓသစ္စာ၌ရင်း၊ မဂ္ဂသစ္စာ၌ရင်း၊ ဉာဏ်၏ဆန့်ကျင်ဘက် ဖြစ်သော မောဟဖြင့် ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ မဟုတ်သည်

သော ဝိပရိဏာမ ဒုက္ခအဖြစ်ကိုရင်း။ သာယာအပ်သော သဘောမရှိသည်၏ အဖြစ်ကိုရင်း။ မမြင်သည်ဖြစ်၍လည်း မမြင်ခြင်းကြောင့်လည်း ထိုဝိပရိဏာမ ဒုက္ခသဘောရှိသော သုဂတိအကျိုး၏ အကြောင်းဖြစ်သော ပုညာဘိသင်္ခါရကို ဖြစ်စေ၏။ ဥပမာကား - နှုကောင်စသော ပုံးဖလတ္တသည် မီးလျှံထသို့ ရှေးရှုထိုးဆင်းခြင်းကို ဖြစ်စေသကဲ့သို့ရင်း။ ပျားရည်ပေါက်၌ တပ်မက်သောသူသည် ပျားရည်လိမ်းကျံအပ်သော သင်တုံးခွားသွားကို လျက်သကဲ့သို့ရင်းပေတည်း။

ထိုမှတပါး အရူပါဝစရဝိပါက်တို့၌လည်း သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခအဖြစ်ကို လျောက်ပတ်စွာ မသိသည်ဖြစ်သောကြောင့် သဿတဒိဋ္ဌိ အစရှိသော ဖောက်ပြန်သော ဝိပ္ပလ္လာသ တရားတို့ဖြင့် စိတ္တသင်္ခါရဖြစ်သော အာနေဉ္ဇာဘိ သင်္ခါရကိုဖြစ်စေ၏။ ဥပမာကား-ခရီးမှားသောသူသည် (၀၊) လမ်းခရီးအမှန်ကို မသိသောသူသည် ဘီလူးမြို့သို့ ရှေးရှုသော လမ်းခရီးသို့ လိုက်မှားသကဲ့သို့တည်း။

ထို့ကြောင့် အဝိဇ္ဇာ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် သာလျှင် သင်္ခါရရှိသည်၏ အဖြစ်သည် ဖြစ်ရ၏။ အဝိဇ္ဇာ မရှိမူကား သင်္ခါရ၏ အဖြစ်သည် မဖြစ်။ ထို့ကြောင့် အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဤသင်္ခါရတို့သည် ဖြစ်ကုန်၏။ ဤအချက်တွင် ဘုရားဟောဒေသနာ မြန်မာပြန်မှာ အို-ရဟန်းတို့ ပညာမရှိသော အဝိဇ္ဇာနှင့် ပြည့်စုံသောသူသည် ပုညာဘိသင်္ခါရကိုလည်း ပြု၏။ အပုညာဘိသင်္ခါရကိုလည်းပြု၏။ အာနေဉ္ဇာဘိသင်္ခါရကိုလည်းပြု၏။ အို ရဟန်းတို့ ရဟန်းတို့သည် (ရဟန်းဟူခေါ်သည်မှာ ရှင်ရောလူပါကို ဆိုတော်မူသည်) အဝိဇ္ဇာကို ပယ်အပ်ပြီးသည်၊ အသိဉာဏ် ပညာဝိဇ္ဇာဖြစ်ပေါ်သည် ဖြစ်ငြားအုံ။

ထိုအဝိဇ္ဇာကင်းရှိ ဝိဇ္ဇာလင်းသော ရဟန်းသည် အဝိဇ္ဇာကင်းခြင်းကြောင့် ဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့် ပုညာဘိသင်္ခါရ စသည်တို့ကို မပြုသည်သာတည်း။

(ဆ) အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ သံသရာလောကတွင် ကျင်လည် မျောပါး နေကြရာ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ တည်းဟူသော ဘုံသုံးပါးတွင် ချမ်းသာသည် ထင်မှတ်လျက် ၎င်းဘုံများ၌ ဖြစ်ပေါ်ကြရန် အားထုတ်ကြ၍ ၎င်းဘုံသုံးပါးတွင် ဖြစ်ပေါ်ကြရသော ပုထုဇဉ်ပုဂ္ဂိုလ် ဟူသမျှသည် ၎င်းဘုံများ၌ များစွာနှစ်သက် ပျော်ပိုက်ကြ လှသော်လည်း ၎င်းချမ်းသာ သည်ဟု ထင်မှတ် နေကြသော လူ, နတ်, ဗြဟ္မာ ကာမ, ရူပ, အရူပဟူသော ဘုံသုံးပါး၌ အသက်တမ်းရှည်သမျှ ဖြစ်ပေါ်ရသည်ကို မဆိုထားဘိဦး၊ ၎င်းဘုံတို့တွင် တအောင့် တခဏ တသမယကလေးမျှ ဖြစ်ပေါ်ရသည်ကိုပင် အမိုက်မှောက် အမှားမှား ဒုစရိုက်တရားနှင့်လားခဲ့သော ဘဝတို့ကသာ များကြသဖြင့် တယောက်ယောက်မှာ အပါယ်ကျရန် အပရာပရိယပေါင်း အသခ်ေ့အနန္တပါရှိလျက် နေကြ၏။

ထို့ကြောင့် အနည်းငယ်သော အဘိဇ္ဈာ, ဗျာပါဒမှု အစရှိသည်နှင့် အပါယ်သို့ကျလေရာ ထိုကံကုန်သော်လည်း မလွတ်ရာ အပရာပရိယကံဟောင်းတွေ ဆက်လက်နေသည့်အတွက် ကမ္ဘာပျက်မှပင် လွတ်ကြလတံ့သော သတ္တဝါပေါင်း အသခ်ေ့အနန္တရှိသည်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လာသည်။ သုဂတိဘုံသို့ရောက်မှုမည်သည် သေခါနီးအခါ၌ ကုသိုလ်စိတ်ကိုဝင်စားရှိမှသာ ရောက်နိုင်သည်ဟု ဟောတော်မူသည်။ အပါယ်ဘုံသားတို့အား ကုသိုလ်စိတ်ဝင်စားနိုင်ရန် အခွင့်ဘယ်မျှလောက်နည်းပါးသည်ကို ဆင်ခြင်ပါကုန်။

ထို့ကြောင့် အပါယ်ဘုံသို့ တခါကျရောက်၍ သွားခဲ့လျှင် သုဂတိဘုံသို့ ပြန်လာရန် အခွင့်သည် အလွန်ကြီး ခဲယဉ်း လှပေသတည်း။ ဤမျှဖြင့် ဝဋ္ဌသုံးပါးကြောင့် ဘဝသံသရာတွင် ကျင်လည်မျောပါးဖြစ်ပျက်၍ နေရပုံကို သိမှတ်ကြရာသည်။

၉။ ဝဋ္ဌသုံးပါးဖြစ်ရခြင်းအကြောင်း

အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတည်းဟူသော သံသရာတွင် သတ္တဝါဟူသမျှ နှစ်မှန်းမျောပါး ဖြစ်ပေါ်၍နေကြသည်မှာ ဝဋ္ဌသုံးပါးကြောင့်ဟု အထက်က အကျယ်အားဖြင့် စေ့စုံစွာဖော်ပြခဲ့ပေပြီ။ ဝဋ္ဌသုံးပါးဖြစ်ရခြင်းအကြောင်းကို သိရန် အရေးကြီးလှ၏။ ထိုဝဋ္ဌသုံးပါးသည် အဘယ်ကြောင့်ဖြစ်ရသနည်းဆိုသော် အနုသယကြောင့် ဖြစ်ရပေ၏။ ၎င်းအနုသယသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော ပုထုဇဉ်ဟူသမျှမှာ ဖြစ်လေရာဘဝတိုင်းခွဲ ကိန်းဝှတ်အဖြစ်နှင့် အစဉ်ပါလျက်ရှိပေ၏။ ထိုအနုသယမကင်းသမျှ ဝဋ္ဌသုံးပါးကမလွတ်နိုင်ပေ။ ၎င်းအနုသယတည်းဟူသော ကိန်းဝှတ်မှာ အကျယ်အားဖြင့် ကိလေသာတထောင့်, ငါးရာရှိ၏။ ၎င်းအနုသယ ကိလေသာသည် ကိလေသာဖြစ်ခြင်း အရင်းခံပေတည်း။ ထိုအနုသယကို အကျဉ်းအားဖြင့်ဆိုသော် ၇-ပါးရှိ၏။ ၎င်း ၇-ပါးမှာ-

၁။ ကာမရာဂါနုသယ
၂။ ဘဝရာဂါ နုသယ
၃။ ပဋိဃာ နုသယ
၄။ မာနာ နုသယ
၅။ ဒိဋ္ဌာ နုသယ

၆။ ဝိစိကိစ္ဆာ နုသယ
၇။ အဝိဇ္ဇာ နုသယ
အားဖြင့် ၇-ပါးပေတည်း။

ထို ၇-ပါးကို တခုတည်းပေါင်း၍ အနုသယ ကိလေသာဟု ခေါ်၏။ ၎င်း ၇-ပါးတို့၏ အခိုပ္ပါယ်အကျဉ်းမှာ....

၁။ ကာမရာဂါနုသယ။ ။ကာမဂုဏ် တရားတို့၌ တပ်စွဲမ်းတတ်သော ကိန်းဝှက်၊ အဆင်းကြိုက်ကိန်းဝှက်၊ အသံကြိုက်ကိန်းဝှက်၊ အနံ့ကြိုက် ကိန်းဝှက်၊ အရသာကြိုက် ကိန်းဝှက်၊ အတွေ့အထိကြိုက် ကိန်းဝှက် စသော ငါးပါးတို့၌ တတ်စွဲမ်းတတ်သော ကိန်းဝှက်ကို ဆိုလိုသည်။

၂။ ဘဝရာဂါနုသယ။ ။ရူပဗြဟ္မာ အရူပဗြဟ္မာဘုံတို့၌ဖြစ်ပေါ်ရန်နှင့် တပ်စွဲမ်းတတ်သော ကိန်းဝှက်ကို ဆိုလိုသည်။

၃။ ပဋိဃာနုသယ။ ။ပြစ်မှား တတ်သော ဒေါသဖြစ်သော ကိန်းဝှက်ကို ဆိုလိုသည်။

၄။ မာနာနုသယ။ ။ငါသာတတ်သည်၊ လိမ္မာသည်၊အမျိုးမြတ်သည်၊ ချမ်းသာသည်၊ အချွေအရံများသည် စသည်ဖြင့် မာနဖြစ်သော ကိန်းဝှက်ကို ဆိုလိုသည်။

၅။ ဒိဋ္ဌာနုသယ။ ။ဉာဏ်မမှီ၍ အယူမှားခြင်း ဒိဋ္ဌိဖြစ်သော ကိန်းဝှက်ကို ဆိုလိုသည်။

၆။ ဝိစိကိစ္ဆာနုသယ။ ။သို့လောသို့လော တွေးတော ယုံမှားတတ်သော ကိန်းဝှက်ကိုဆိုလိုသည်။

၇။ အဝိဇ္ဇာနုသယ။ ။မောဟ ပိတ်ပင် ဉာဏ်အမြင်ကင်း၍ မှန်တာကို မသိမမြင်နိုင်အောင် ဖုံးပိတ်ကွယ်ကာတတ်သောကိန်းဝှက်ကိုဆိုလိုသည်။

ထို ၂-ပါးကို အနုသယကိလေသာဟု ခေါ်၏။ ၎င်းအနုသယ ၂-မျိုးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့်သာ ပယ်သတ်နိုင်၍ ပုထုဇဉ်မှန်သမျှမှာ ဖြစ်လေရာဘုံဘဝ သံသရာတွင် ထိုအနုသယက အစဉ်ကိန်းလျက်ပါရ၏။ သို့ဖြစ်၍ အနုသယကိန်းဓာတ်ကြောင့် ပရိယုဋ္ဌာနကိလေသာဖြစ်ရ၏။ ထိုပရိယုဋ္ဌာန ကိကေသာသည် ၎င်းအနုသယကိလေသာ အရင်းခံရှိ၍ စိတ်မှာထိုးကျင် ထကြွခြင်းဖြစ်ရသည်ကို ပရိယုဋ္ဌာန ကိလေသာဟုခေါ်၏။ ၎င်းပရိယုဋ္ဌာန ကိလေသာတည်းဟူသော စိတ်မှာ ထကြွ ထိုးကျင်မှုကြောင့် နှုတ်ဖြင့် ကျူးလွန်ခြင်း, ကိုယ်ဖြင့် ကျူးလွန်ခြင်းတည်းဟူသော ဝီတိက္ကမ ကိလေသာ ဖြစ်ရပေ၏။ ၎င်းအနုသယစသော ကိလေသာသုံးချက်ကို ဘာနှင့်နိုင်သည် ဘာနှင့်သတ်နိုင်သည်ဆိုသော် သိလလုံခြုံနေသောအခါ ကာယကံမှ ဝစီကံမှ လုံနေ၍ ဝီတိက္ကမ ကိလေသာ ဖြစ်ပေါ်ခွင့်မရှိနိုင်ပေ။ ထို့အတူ သမာဓိလုံခြုံ၍ စိတ်တည်ကြည်နေသည့်အခါ သမထဖြစ်နေသည့်အခိုက် ဖြစ်သဖြင့် စိတ်မှာ ထိုးကျင် ထကြွမှု တည်းဟူသော ပရိယုဋ္ဌာန ကိလေသာပေါ်ခွင့်ဖြစ်ခွင့် မရှိနိုင်ပေ။

ထို့ကြောင့် ကိုယ်နှုတ်နှင့် လွန်ကျူးခြင်း တည်းဟူသော ဝီတိက္ကမ ကိလေသာကို သိလကနိုင်၏။ စိတ်မှာထိုးကျင်ထကြွခြင်းတည်းဟူသော ပရိယုဋ္ဌာနကိလေသာကို သမာဓိကနိုင်၏။ ထိုကိလေသာ ၂-ချက်ကို သိလနှင့်သမာဓိကသတ်နိုင်လျှင်အရင်းခံဖြစ်သော အနုသယကိလေသာကို ဘာနှင့် သတ်နိုင်မည်နည်း ပညာဖြင့်သာသတ်နိုင်၏။ ပညာဆိုသည်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပညာကိုဆိုလိုသည်။ ဘဝသံသရာတွင် မျောပါ ဖြစ်ပေါ်နေရသမျှကာလပတ်လုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဘယ်တော့မှ မရခဲ့

၍ ၎င်းအနုသယကို မပယ်သတ်နိုင်သဖြင့် သံသရာတွင်ယခုတိုင် မျောပါးဖြစ်ပေါ်နေကြရ၏။

ကိလေသာသုံးချက်တွင် ကိုယ်နှင့်နှုတ်နှင့် လွန်ကျူးသော ဝီတိက္ကမ ကိလေသာကို "လွန်ကျူး" ဟုအတိုကောက် မှတ်၍ စိတ်မှာ ထိုးကျင်ထက်သော ပရိယုဋ္ဌာန် ကိလေသာကို စိတ်မှာဆူပွက်ရသဖြင့် "ဆူပွက်" ဟု အတိုကောက်မှတ်ပြီးသော် အနုသယ ကိလေသာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မသတ်နိုင်သမျှ ဘယ်တော့မျှမျိုးမပြတ်နိုင်သောကြောင့် ၎င်းကို "မျိုးမပျက်" ဟု အတိုကောက်မှတ်၍ လက်ဘန့်ဆိုသော်....

လွန်ကျူး၊ ဆူပွက်၊ မျိုးမပျက်သုံးချက် ကိလေသာ။
သလ, သမာ၊ခ, ပညာ၊ သတ်ရန်သုံးသက္ခာ။
အနာနှင့်ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ။

ဟု ရှေးကပညာရှိ ရာဆတော်ကြီးများ လက်ဘဲ့တော်မူခဲ့ပေသည်။

ဝီတိက္ကမ.ကိလေသာကို (လွန်ကျူး) သီလဖြင့်သတ်ရမည်။
ပရိယုဋ္ဌာန ကိလေသာကို (ဆူပွက်) သမာဓိဖြင့် သတ်ရမည်။
အနုသယ ကိလေသာကို (မျိုးမပျက်) ပညာဖြင့်သတ်ရမည်။

ထိုကိလေသာ သုံးမျိုးကို သီလ, သမာဓိ, ပညာနှင့်ဆိုင်ရာ ဆိုင်ရာ သတ်နိုင်သည်ဟု ဆိုလိုသည်။ သိက္ခာသုံးပါးနှင့်သတ်နိုင်သည်ဟူလို။ သိက္ခာသုံးပါးတွင် အကျုံးဝင်သော မဂ္ဂင်ရှစ်ပါးနှင့် သတ်နိုင်သည်ဟု ဆိုလိုသည်။ ဤအချက်များကို တရားသားပြရာ အခန်းတွင် မဂ္ဂင်ရှစ်ပါး ဖြစ်ပုံအခန်းကို ပြသော အခါ အကျယ်ဖော်ပြမည်။

၁၀။ သမထဘာဝနာတရားအကြောင်း

စာပိုဒ်အမှတ် ၃-တွင် ဖော်ပြခဲ့သည့်အတိုင်း သာသနာပ အဘုဒ္ဓကာလတွင် သမထဘာဝနာကို အတန်းအမြင့်ဆုံးထား၍ အားထုတ်ကြရပေသည်။ ဒါနနှင့်သီလကို အားထုတ်၍ လူ့ဘုံ နတ်ဘုံမှာ ဖြစ်ကြရ၏။ ब्रह्मဘုံမှာ ဖြစ်ကြရန် သမထ ဘာဝနာကို အားထုတ်ကြရ၏။ ထိုသမထ ဘာဝနာကို အားထုတ်ကြိုးစားနိုင်သဖြင့် စျာန်အဘိညာဉ် ရနိုင်စေကာမူ အနုသယ ကိလေသာကို မသတ်နိုင်ပေ။ သမာဓိတည်ပြီး စျာန်အဘိညာဉ် ရသည့် အခိုက်အခါသာ ကိလေသာ အနုသယသည် ငြိမ်ဝပ်နေ၏။ ထိုစျာန်အဘိညာဉ်ရသော ရသေ့ရဟန်းတို့သည် ကာမဂုဏ်နှင့်တွေ့သောအခါ စျာန်လျှောခြင်းဖြင့် သမထလုပ်ငန်းမှာ ပျက်ပြားရ၏။ အဘယ့်ကြောင့်ဆိုသော် အရင်းခံ အနုသယကို မပယ်သတ်နိုင်သောကြောင့်တည်း။

သာသနာပတွင် ကောင်းကင်သို့ ပျံနိုင်သော ရသေ့တို့ပင် ကာမဂုဏ် အာရုံတခုခုနှင့်တွေ့လျှင် စျာန်လျှော၍ ခဲယဉ်းစွာ အားထုတ်ခဲ့ရသော သမထတရားမှာ ပျက်ပြားရသောအဖြစ်သို့ ရောက်ရ၏။ သာသနာပမှာ ကဲ့သို့ပင် သာသနာ တော်တွင်းမှာလည်း သမထ ဘာဝနာ တရား သက်သက်ကို အားထုတ်ကြိုးစား ကြရသော ရဟန်း ရှင် လူတို့မှာ စျာန်အဘိညာဉ်ရ၍ ကောင်းကင်တွင် ပျံသန်းသွားလာနေနိုင်ကြစေကာမူ ကာမဂုဏ်နှင့်တွေ့ရလျှင် စျာန်လျှောကျတတ်ပေ၏။ ဤကဲ့သို့စျာန်လျှော ရခြင်းသည်လည်း အနုသယ ကိလေသာကို မပယ်နိုင်ကြသော့ ကြောင့်ပေတည်း။

သာသနာတော်တွင်း၌ ဘုရား၏အဆုံးအမအတိုင်းအားထုတ်အပ်သော ဝိပဿနာ ဘာဝနာတရားမှာကား-သမထ ဘာဝနာတရားကို အားထုတ် ရသကဲ့သို့ နေရာရွေးချယ်ရခြင်း စသော အကြောင်းများစွာ ညီညွတ်ရန်မလိုပေ။ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဣရိယာပုထ်လေးပါးတွင် တပါးပါးဖြင့် အချိန်ရသည့်အခါ နှလုံးသွင်းခြင်း တွေးတော ဆင်ခြင်ခြင်းဖြင့် အားထုတ်ရပေသည်။ ထို့ကြောင့် ဝိပဿနာ ဘာဝနာ တရားက သမထ ဘာဝနာ တရားထက် အားထုတ်ရန် များစွာလွယ်ကူလှသည်ကို သတိမူအပ်ကြပေသည်။

ထို့ပြင် သာသနာတော်နှင့် ကြုံကြိုက်ပါလျက် ရှေးက အားထုတ်ဘူး၍ သခင်္ဂ သခ်ၤာ မရေမတွက်နိုင်သော ဗြဟ္မာ အဖြစ်များကို ရဘူးကြပါလျက် ထိုဗြဟ္မာ အဖြစ်လောက်ကို အဟာန်းအမြင့်ဆုံးထား၍ သမထတရားဟု ဆိုအပ်သော ပုတ်ားစပ်ခြင်း သမာဓိတည်အောင် ပြုလုပ်ခြင်း စသော သမထဘာဝနာတရားနှင့်သာ တင်းတိမ်ပြီး ဝိပဿနာတရားများကို နည်းကောင်းလမ်းမှန်ဖြင့် မနာကြား အားမထုတ်မိပါက သာသနာတော်နှင့် ကြုံရကျိုးမနပ်ရုံသာမဟုတ်၊ လူဖြစ်ရှုံး၍ အဆုံးကြီး ဆုံးဟူရမည်ကို လေးလေးနက်နက် စဉ်းစား၍ သတိကားအပ်ကြ ကုန်ပေသည်။ ဤကား- ဝဋ်သုံးပါးကြောင့် သံသရာ တကျောတွင် မျောပါးနေကြရပုံ အကြောင်းပေတည်း။

၁၁။ သံသရာမှ ထွက်ခန်းအတိုချုပ်

ရူပ်တရား, နာမ်တရား, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ လေးပါး တရားစသော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် တရား

တော်များကို ရရာ,ရကြောင်း နည်းကောင်းလမ်းမှန် ဖြစ်သော ဝိပဿနာ တရားတော်များကို နာကြားခွင့် ရကြသူ သာဝက ဖြစ်ကြသော ရဟန်း, ရှင်, လူတို့မှာ စိတ်, စေတသိက်, ရုပ်တရား စသည့် သင်္ခတ တရားများကို ဉာဏ်မြင်ပေါက်၍ လက္ခဏာသုံး ပါးဖြင့် သိမြင်ပြီးသော် တပါးတည်းသော အာရုံ ဖြစ်သည့် ပရမတ္ထ တရားဖြစ်သော အသင်္ခတမောတ် နိဗ္ဗာန်သစ္စာကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ပဌမမြင်သော ပုဂ္ဂိုလ်ကို သောတာပန် ပုဂ္ဂိုလ်ဟုခေါ်၏။

ထိုသောတာပန် ပုဂ္ဂိုလ်သည် ဒိဋ္ဌိ အနုသယနှင့် ဝိစိကိစ္ဆာ-အနုသယ ၂-ခုကိုသာ ပယ်နိုင်၏။ ကာမရာဂစသော အနုသယ ၇ါးပါးကိုကား- မပယ်သတ် နိုင်သဖြင့် ဘဝ ကူးသော အခါ ကာမသုဂတိဘုံမှာ ဆက်လက်ဖြစ်ပေါ်၍ အထက်မဂ်, အထက် ဖိုလ်သာလျှင် လည်းလျောင်းရာ ဖြစ်သည့်အတိုင်း ဆက်လက် အားထုတ်သွားနိုင်ကြပေသည်။

သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဤဝိပဿနာတရား ကို ဆက်လက် အားထုတ်၍ အသင်္ခတမောတ် တည်းဟူသော နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ဒုတိယအကြိမ် ထိုးထွင်းမြင်သောအခါ သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်ရ၍ ကြမ်းတမ်းသော ကာမ ရာဂ အနု သယနှင့် ပဋ္ဌိဃ အနုသယကိုသာ ပယ်သတ်နိုင်သဖြင့် အနုသယ ၇ါးပါးပင် ကျန်ရှိပြန်သေး၏။ ထို့နောက် ၎င်းသကဒါဂါမ် ပုဂ္ဂိုလ်သည် ဝိပဿနာတရားကို ဆက်လက်အားထုတ်၍ နိဗ္ဗာန် သစ္စာ နိဗ္ဗာန်ကို ထိုးထွင်းမြင်သောအခါ အနာဂါမ်ပုဂ္ဂိုလ် ဖြစ် ရ၏။ ထိုအနာဂါမ်ပုဂ္ဂိုလ်မှာ နှုးညံ့သော ကာမ ရာဂ အနုသယ နှင့် ပဋ္ဌိဃ အနုသယ နှစ်ပါးကို လုံးလုံးပယ်သတ်၏။ ဘဝရာဂ,

မာန, အဝိဇ္ဇာအနုသယ ၃-ပါး ကြွင်းကျန်နေသေးသဖြင့် အနာဂါမ်ပုဂ္ဂိုလ်မျှား ဘဝကူးသောအခါ ဘဝရာဂ အနုသယကြောင့် သုဒ္ဓါဝါသဘုံတွင် ဣန္ဒြေအားလျော်စွာ ရဟန္တာ အဖြစ်နှင့် ကမ္ဘာပေါင်းမြောက်မြားစွာ ဖြစ်နေရ၏။ အကယ်၍ ထိုအနာဂါမ်ပုဂ္ဂိုလ်သည် လူ့ပြည်တွင်ပင် တရားကိုဆက်လက်အားထုတ်နိုင်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လျှင် ရဟန္တာဖြစ်၍ ကြွင်းကျန်သော ဘဝရာဂ အနုသယ၊ မာနအနုသယ၊ အဝိဇ္ဇာ အနုသယတို့ကို ပယ်နိုင်သောကြောင့် အနုသယအားလုံး ပယ်သတ်ပြီးဖြစ်ရ၏။ ထိုအနုသယအားလုံး မရှိသဖြင့် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝ တရား ၄-ပါးတို့လည်း ကုန်ရလေ၏။

ထိုရဟန္တာပုဂ္ဂိုလ်သည် လူ့ပြည်လောကတွင် ဇီဝိတသင်္ခါရ ရှိသေးသမျှ စံနေတော်မူစဉ် အနုသယမရှိသောကြောင့် ပရိယုဋ္ဌာန် ကိလေသာနှင့် ဝီတိက္ကမ ကိလေသာတို့ ဖြစ်ခွင့်မရှိသဖြင့် စေတသိက် ဒုက္ခကင်း၍ မည်သူက ကဲ့ရဲ့စေကာမူ ဒေါသမရှိ။ မည်သူက ချီးမွမ်းစေကာမူ ဝမ်းမသာတော့ပေ။ ထိုရဟန္တာသည် လူ့ပြည်တွင်ဘဲ ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ အနုသယ ကုန်ပြီးဖြစ်သဖြင့် ဘုံသုံးပါးတွင် ဖြစ်ပေါ်ရန်အကြောင်းခံလည်း ကုန်ပြီးလျှင် ဝဋ္ဋသုံးပါးမှလည်း ကင်းလွတ်ရ၍ ခန္ဓာဇာတ်သိမ်းပြီး အငြိမ်းကြီး ငြိမ်းဇောတော်မူရသည်ကိုပင် နိဗ္ဗာန်တွင် စံတော်မူသည်။ နိဗ္ဗာန် ရှေ့ပြည်မြတ်သို့ ဝင်စံတော်မူပြီးစသဖြင့် တင်စားပြောဆိုကြရ၏။ စင်စစ်မှာ ဝဋ္ဋသုံးပါးမှ လွတ်ပြီးသော် ခန္ဓာအဖြစ် ငြိမ်းရခြင်းပင်ဖြစ်ပေသည်။ အထက်ပါ အချက်တို့သည် ဝဋ္ဋသုံးပါးမှလွတ်၍ သံသရာမှ ထွက်ခန်း အတိုချုပ် ဖော်ပြချက်တို့ပေတည်း။

၁၂။ ဝိပဿနာတရားကို အားထုတ်သင့်ကြောင်း

ဝိပဿနာ တရားကို လိုက်စားအားထုတ်၍ မဂ်လေးတန်ဖြင့် နိဗ္ဗာန်ကို အဘယ်ကြောင့် မျက်မှောက်ပြုနိုင်ကြသနည်း။ အဘယ်ကြောင့် ထိုဝိပဿနာတရားကို လေ့လာလိုက်စား အားထုတ်နိုင်ကြပါသနည်းဟူမူ အပါယ်သံသရာ ဘေးဒုက္ခကို မဆိုထားဘိ ဘုံသုံးပါးခွဲ ဖြစ်ပေါ်ရခြင်းကိုပင် ဒုက္ခဟုသိမြင်သဖြင့် သင်္ခါရဒုက္ခကို စက်ဆုပ်ငြီးငွေ့နိုင်အောင် ဝိပဿနာ တရားကို ပွါးများအားထုတ်နိုင်ကြသူတို့သာလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရခွင့် ရှိကြရလေသည်။ ထိုသို့မဟုတ်ပါဘဲ လောဘ, ဒေါသ, မောဟ ဖုံးလွှမ်းလျှက် ဝိပဿနာ တရားကို ရှောင်ရှားသူ အားလုံးတို့မှာ ဘဝသံသရာတွင် ဆက်လက်နစ်မွန်းမျောပါးနေကြရမည်ချည်းဖြစ်ပေသည်။

၁၃။ ဘုရားပွင့်တော်မူရာ အသက်တမ်း

ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်တော်ကြပုံမှာ တကယ်လျှင် ဘုရားတဆူကျ ဘုရားလေးဆူ ပွင့်တော်မူပြီးခဲ့ပေပြီ။ ကကုသံမြတ်စွာဘုရားသည် အသက်တမ်း လေးသောင်းအထိ စံနေတော်မူရ၏။ ကောဏာဂုံဘုရားသည် သက်တော်သုံးသောင်း စံနေတော်မူရ၏။ ကဿပဘုရားသည် သက်တော် နှစ်သောင်း စံနေတော်မူရ၏။ ဂေါတမမြတ်စွာဘုရားမှာ အသက်တော်တသောင်းနေရာ၌ မြောက်လင့်ဘွယ်ရှိသော်လည်း အကြောင်း မညီညွတ်သဖြင့် အသက်တော် တသောင်းကျော် အတမ်းတွင် ပွင့်ခွင့်မရဘဲ အသက်ရှာတမ်းကျမှ ပွင့်ခွင့်ရတော်မူလေသည်။

 ်ုတ်တန်းဝင်ကြရမည့်သာဝကများ ၅၅

ဘုရားတို့ဓမ္မတာမှာ အသက်တသိန်းတမ်း အထက်မှာလည်း ပွင့်ရိုးဓမ္မတာ မရှိပေ။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် အသက် တသိန်းက ကျော်လွန်နေကြရ၍ မ'မဲ့သောအနိစ္စသ ဘော သင်္ခါရသဘောများကို မမြင်နိုင်ကြသဖြင့် ဘုရားပွင့်ရန် အကျိုးမရှိ၍ ဘုရားမပွင့်နိုင်။ အသက်ရှုတန်းအောက်မှာလည်း ဘုရားတို့ ပွင့်ရိုးထုံးစံဓမ္မတာ မဟုတ်ပေ။ အဘယ့်ကြောင့်ဆို သော် သတ္တဝါတို့မှာ လောဘ, ဒေါသ, မောဟ ပိုမိုများပြား လာကြသော ခေတ်အခါဖြစ်၍ သင်္ခါရဓမ္မတာကို ရုတ်တရက် သိမြင်ကြဘို့ ခဲယဉ်းသဖြင့် အသက်တရာတမ်းအောက်တွင် ဘုရား တို့ ပွင့်ရိုးဓမ္မတာမဟုတ်ပေ။ အသက်တရာတမ်း၌ ပွင့်တော်မူရ သော ဂေါတမရှင်တော်ဘုရား လက်ထက်တော်အခါမှာပင် တိတ္ထိအမျိုးမျိုး, ဝါဒအမျိုးမျိုး, အတိုက်အခံ အမျိုးမျိုးဖြင့် အနှောက်အယှက်များကို တွေ့ကြုံနေရသဖြင့် သာသနာတော် မသန့်မရှင်း ဖြစ်ရပေသေးသည်။

၁၄။ ကျုတ်တန်းဝင်ကြရမည့် သာဝကများ

ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌ ကျုတ်တန်း ဝင်ကြရမည့် သာဝကများမှာ အရေအတွက်အားဖြင့် နှစ်ဆဲ့ ခြောက်သောင်း, ကုဋေခြောက်ဆယ်, ဗိုလ်ခြေတသိန်းမျှ ကျုတ်တန်း ဝင်ရ၍ မဂ်ဖိုလ်ကိုရကြရမည်။ ရှင်တော်ဘုရားမှာ သက်တမ်း တိုတွင် ပွင့်တော်မူရရုံတွင် မဟုတ်သေး။ တိတ္ထိအမျိုးမျိုး, ဝါဒ အမျိုးမျိုးတို့ စပ်ကြားတွင် ၄၅ ဝါမျှသာ တရားဟောခွင့်ရ တော်မူရှာ၍ အားလုံးသာဝကများ စေ့အောင် ကျုတ်တန်းပါ တော်မမူနိုင်ကြပေ။

၁၅။ ဘဝမြင်းပရိနိဗ္ဗာန် စံနိုင်သောပုဂ္ဂိုလ်များ

သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟူ၍ ဗောဓိ သုံးပါးအနက် သာဝကဗောဓိမှာ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကအားဖြင့် သုံးမျိုးရှိပြန်၍ ပုဂ္ဂိုလ်ငါးမျိုးဖြစ်ရ၏။ ယခုအခါ သာသနာတော်တွင်းဖြစ်၍ ဘုရားလည်းထပ်၍ အပိုမပွင့်နိုင်သဖြင့် ယခုရှိကြသူတို့တွင် ဘုရားနှင့် မဆိုင်၊ ပစ္စေကဗုဒ္ဓါဘုရားငယ်တို့မှာ သာသနာပအခါတွင်သာ ပွင့်ရှိးဓမ္မတာဖြစ်သဖြင့် ယခုကျွတ်တန်းဝင်မည့်သူတို့နှင့်မဆိုင်၊ ၎င်းပုဂ္ဂိုလ် ၂ မျိုးမှာ ဆရာမကူဘဲ သယမ္ဘူဉာဏ်ဖြင့် အလိုအလျောက် ပါရမီပြည့်သည့်အခါ ပွင့်တော်မူကြမည့်ဘုရားများ ဖြစ်ကြ၏။

အဂ္ဂသာဝကနှင့် မဟာသာဝကများမှာလည်း သူ့ဘုရားနှင့် သူ ဖြစ်ပေါ်ပြီးလျှင် ပရိနိဗ္ဗာန်စံလွန်တော်မူကြလေကုန်ပြီ။ ယခုအခါ၌ ၎င်းအဂ္ဂသာဝက, မဟာသာဝကဆုံကို တောင်းသော ပုဂ္ဂိုလ်များ အမြောက်အများရှိကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့မှာ သူတို့နှင့် တွေ့ရမည့်ဘုရား ပွင့်တော်မူသောအခါ ထိုဘုရားက ဟောမှ ကျွတ်တန်း ပါဝင်နိုင်ကြမည်ဖြစ်၍ ဤသာသနာတော်နှင့် မသက်ဆိုင်ပေ။ ကျွတ်တန်းဆက်လက်၍ ဝင်ရန် ကျန်ရှိသော ပုဂ္ဂိုလ်တို့မှာ ပကတိသာဝက ရဟန္တာလောင်းချည်း ဖြစ်ရပေမည်။

မြတ်စွာဘုရားသည် ၄၅-ဝါမျှသာ တရားဟောတော်မူရသဖြင့် သာဝက အားလုံး မပါနိုင်ကြပေ။ ဘုရား ကိုယ်တော်မြတ်သက်တော်ထင်ရှား ရှိတော်မူစဉ် ပါဝင်ရသော သာဝကအပေါင်းနှင့် ပဌမသင်္ဂါယနာတင်, ဒုတိယသင်္ဂါယနာတင်, တတိယသင်္ဂါယနာတင် သာဝက အပေါင်းတို့သည် မဇ္ဈိမဒေသတွင်

ဖြစ်၏။ စတုတ္ထသင်္ဂါယနာတင် သာဝကတို့မှာ သီဟိုဠ်တွင် သာသနာတော်ထွန်းကားစေဖြစ်၍ ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်တော်မူကြရ၏။ မြန်မာပြည်မှာ မင်းဝုံးမင်း လက်ထက်တော်တွင် ပဉ္စမသင်္ဂါယနာတင် သာဝကတို့မှာ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ တင်တော်မူကြ၏။

ထို့ကြောင့် မင်းတုံးဘုရင် ကေရာဇ်မင်းတရားကြီးသည် သာသနာ့ဒါယကာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းမြတ်ဟု ရာဇဝင်တွင် တင်ရှားကျော်စောသော ဘုရင်မင်းမြတ် ဖြစ်ရပေသည်။ ယခုအခါသာသနာတော်သည် မဇ္ဈိမဒေသတွင် ကွယ်သလောက် ရှိပြီးသော် ယိုးဒယား, မြန်မာပြည်တို့မှာ အများအားဖြင့် သာသနာတော် မည်မည်ရရ ထွန်းကားလျက်ရှိရာ မြန်မာပြည်သည်ကား ယခုအခါ သာသနာတော် ကိပ်တန်းသို့ ကျရောက်သော တိုင်းပြည်ဟု ဆိုရပေမည်။

၁၆။ ပကတိသာဝကများ အားရှိဘွယ်အချက်

ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်အခါကစ၍ ပဉ္စမသင်္ဂါယနာတင်အထိ တဖြည်းဖြည်းကျတ်တန်းပါဝင်ကြပြီးသော သာဝကများမှာ ကုဋေကုဋာ မြောက်မြားစွာ ဖြစ်ခဲ့ပါသော်လည်း ဆက်လက်၍ ကျတ်တန်း ပါဝင်ကြရမည့် သာဝကလောင်းများလည်း သာသနာတော် ကုန်သည်အထိ အတော်များများကျန်ရှိကြသေးမည်ဟု မှန်းဆမြော်လင့်ဘွယ်ရှိပေသည်။ အသက်တရာတမ်းအောက်တွင် ဘုရားပွင့်ရှိးမမှတာ မဟုတ်ဟု အထက်ကဖော်ပြခဲ့ပြီ။ သို့ပါ၊ သော်လည်း ယခုအခါအသက်တမ်း ဂဏန်းအောက် အသက်ရှစ်ဆယ်လောက် အတန်းတွင်ဖြစ်လျက်

အဘယ်ကြောင့် ဘုရား၏သာသနာ တည်ရှိပါသေး၊ သနည်းဆို သော် သာသနာတော် နှစ်ပေါင်း ၅၀၀၀-ရှိ၏ဟု အဌကထာ ဆရာတို့ အလိုတော်အတိုင်း ဖော်ပြထားသတည်း။ မြတ်စွာ ဘုရား၏အလိုတော်မှာ ပရိယတ္တိသာသနာတော် ထွန်းကားသ မျှ ပဋိပတ်သာသနာတော်လည်း ပေါ်ပေါက်နိုင်သေးသည်ဟု ယူဆဘွယ်ရှိပေသဖြင့် သာသနာတော် ရုတ်တရက်မကွယ်နိုင် သေးပေ။ အသက်တမ်းတရာအောက်ဖြစ်၍ လောဘ, ဒေါသ, မောဟ ပိုမိုများပြားသော ခေတ်အခါဖြစ်သော်လည်း အ ထက်ကဖော်ပြခဲ့သည့်အတိုင်း မြောက်မြားစွာသော သာဝက များ ကြွင်းကျန်နေကြသေးသဖြင့် ထိုသာသနာတော်ကို ထား ခဲ့ရပေသည်။

ထိုကြွင်းကျန်ရစ်သော သာဝက အပေါင်းတွင် ယခု ဤတ ရားစာလို ဖတ်ရှုရသော ပုဂ္ဂိုလ်သည် ထိုသာဝက အလောင်း များတွင် မပါဝင်နိုင်ဟူ၊ ဟု မည်သူဆိုနိုင်ပါမည်နည်း။ ဝိပဿ နာသာဝနာတရားကို လိုလိုချင်ချင်နှင့် လိုက်စားကာ အားထုတ် ကြသော သူတို့သည်လည်း ၎င်းသာဝကအလောင်းတွေ့ မဟုတ် ဘူး၊ ဟု ငြင်းဆိုနိုင်ပါမည်နည်း။ ၎င်းတရားများ နာကြား အား ထုတ်ခြင်း မပြုလုပ်သေးသူများထဲမှာလည်း သာဝကအလောင်း များမရှိ၊ ဟု မည်သူငြင်းဆိုနိုင်မည်နည်း။ ဤကဲ့သို့မြော်လင့်ဘွယ် အချက်များကို စဉ်းစားကြသော် အားရှိဘွယ်ရာ အခါကြီးပေ တည်း။

အကယ်၍ ယခုဘဝတွင် ဤဝိပဿနာ တရားတော်ကို နာ ကြား အားထုတ်ရန် ပ'ရိမိ မပါသေးသောသူပင် ဖြစ်စေကာမူ ယာဂုဘဝတွင် ဤဝိပဿနာတရားကို နာကြား အားထုတ်ရ၍ ကောက်တန်း ဝင်ရောက်သောတာပန်လောက် ဖြစ်ရလျှင် ဒုတိယဘဝ၌

မင်, ဖိုလ်ကို မုချရနိုင်ကြပေတော့မည်။ အပါယ်သို့ကျရောက်ရန် ဘေးလေးပါးကိုလည်း တားဆီး နိုင်ပေမည်။ ဤအချက်ကို ထောက်သော် မည်မျှလောက် အားရှိဘွယ် ကောင်းသည်ကို ထင်ရှားစွာ သိမြင်ကြပါလိမ့်မည်။ ထို့ကြောင့် မိမိကိုယ်ကို သာဝကလောင်းဘဲဟု ထင်သူတို့မှာ အကျိုးများစွာရှိကြောင်း ထင်ရှားလှပေသည်။

၁၇။ သာသနာ၁၊ ထောင်အတွင်း သာဝကဓမ္မအမျိုးမျိုး

သာသနာ၁၊ ထောင်မှာ ၁၊ပိုင်းမျှခွဲထား၏။ ၎င်းတို့မှာ -

၁။	ပဋ္ဌိသမ္ဘိဒါပတ္တဓမ္မ	- ရဟန္တာ	-	အနှစ် ၁၀၀၀
၂။	ဆဠဘိညဓမ္မ	- ၎င်း	-	၁၀၀၀
၃။	တေဝိဇ္ဇဓမ္မ	- ၎င်း	-	၁၀၀၀
၄။	သုက္ခဝိပဿကဓမ္မ	- ၎င်း	-	၁၀၀၀
၅။	အနာဂါမ်ဓမ္မ	-	-	၁၀၀၀

စုစုပေါင်း ၅၀၀၀-ဖြစ်သည်။

သာသနာတော် ၁၊ထောင်အတွင်း နောက်ပိုင်း တထောင်မှာပင် အနာဂါမ်ဓမ္မာတ်ဖြစ်၍ သကဒါဂါမ်, သောတာပန်တို့လည်း အနှစ်၁၊ထောင်အထိ လွယ်ကူစွာ ဖြစ်နိုင်ကြသေးကြောင်းထင်ရှားပေသည်။

ယခုအခါ ၁၃၀၀-ခုနှစ် သာသနာတော်သက္ကရာဇ် အနှစ် ၂၄၉၄-မျှရှိသေး၍ သာသနာတော်တဝက်ကျိုးရန် ၂၅၀၀-ပြည့်ရန် ၄ နှစ်မျှ လိုသေးသည်။ အနှစ် ၃၀၀၀-အထိ တေဝိဇ္ဇ ရဟန္တာမတ်ဖြစ်သဖြင့် ဝိပဿနာတရားများကို နည်းကောင်း

လမ်းမှန်ဖြင့် ကျင့်ကြံအားထုတ်နိုင်သူတို့မှာ တမင်, တဖိုတ်ကို ချောင်ချောင်ကြီး ရဘို့လမ်းရှိကြောင်း ထင်ရှားလှပေသည်။ အထက်ပါ သာသနာတော် အနှစ်ငါးထောင်သည် အဌကထာ ဆရာကို အလိုတော်ပေတည်း။ သုဘဒ္ဒသုတ်၏ အလိုအတိုင်း ဆိုလျှင် ထိုငါးထောင်စေ့သည်တိုင်အောင် ပရိယတ္တိသာသနာ တော်ကို ယခုအခါအားပေးနိုင်ကြသကဲ့သို့ သားစဉ်မြေးဆက် ဆက်လက်အားပေးနိုင်ကြ၍ ပဋိပတ်ကိုလည်း အားထုတ်ကြ မည်ဆိုလျှင် သာသနာတော် အနှစ်ငါးထောင်မက အားပေး နိုင်သမျှ အားထုတ်နိုင်သမျှ ကာလပတ်လုံး ကျော်လွန်တည် တံ့နိုင်ဘွယ်ရှိပေသည်။

၁၀။ သာသနာတော်ကွယ်ကြောင်း ၁၅-ပါး

အဂ္ဂိုတ္တိရိ ပါဠိတော်လာ သာသနာတော် ကွယ်ကြောင်း ၁၅-ပါးကို အတိုကောက်ဖော်ပြရမည်ဆိုသော် ဗုဒ္ဓဘာသာဝင် အပေါင်းတို့ လွယ်လွယ်ကူကူသိနိုင်စေရန် သတိပြုနိုင်ကြစေရန် မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီးက အတိုကောက်အကျဉ်း ချုပ်၍ လက်ဝဲဖြင့်စီကုံးထားတော်မူသည်မှာ အောက်ပါအတိုင်း ပေတည်း။ သာသနာတော်နှင့် သက်ဆိုင်လှသဖြင့် ဖော်ပြလိုက် ရပေသည်။

(က) ပဌမငါးချက်

၁။ အဂ္ဂိုတ္တိရိလာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်း ကား၊ ရဟန်းများတို့၊ တရားမနာ၊

၂။ စာပေမသင်၊

၃။ နှုတ်တွင်မဆောင်၊

၄။ သိအောင်မပြု။
၅။ ဓမ္မာနုဓမ္မပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

(၃) ဒုတိယငါးချက်

၆။ ထဝါထိုံ့ပြင်၊ စာသင်သင်ပယ်လျှော၊
၇။ ကျယ်မဟောကြ၊
၈။ ကျယ်မချနှင့်၊
၉။ ကျယ်စွမဒံ (အကျယ်ခွဲ၍မဒံ)
၁၀။ မကြံ့မစည်၊ ဤငါးမည်တည်း။

(၄) တတိယငါးချက်

၁၁။ ဝါတနည်းမှာ၊ အကွာရာပုဒ်ပျက်, လေ့ကျက်သင်ကြ၊
၁၂။ ဒုဗ္ဗစ္စမူ၊ (အဆုံးအမကို မနာယူခြင်း မနာခံခြင်း ဝေါင်းမာခြင်း)
၁၃။ စာချသူရှား၊
၁၄။ လာဘ်မျှားအောင်ဖန်၊
၁၅။ ခိုက်ရန်ကွဲပြား၊ ဤ ၁၅-သည်၊ မြတ်ဘုရားသာသနာကွယ်ကြောင်းပါတည်း။

ဤသာသနာကွယ်ကြောင်း ၁၅-ပါးကို အခွင့်အားလျော်စွာ ဖော်ပြရပေသည်။ ဗုဒ္ဓဘာသာဝင် ရဟန်း, ရှင်, လူတို့ သတိပြုကြဘွယ်ပေတည်း။

အထက်ပါ ၁၅-ချက်မှ ဘယ်နှစ်ချက်လွတ်၍ ဘယ်နှစ်ချက်မဲသည်ကို သတိပြုကြဘွယ်ပေတည်း၊ ၎င်း ၁၅-ချက်၏ ခက်ဆစ်အဓိပ္ပါယ် ရှင်းလင်းချက်မှာ.... ပဌမငါးချက်မှာ သာသနာတော်ကို အားပေး ချီးမြှောက်လျက် ရှိကြသော မြို့ပြ နိုင်ငံ

မျှားတွင် အမှတ်(၂)စာပေသင်အံ့ပို့ချခြင်း (၃)နှုတ်တွင်ဆောင်နိုင်ကြခြင်း (၄)အနက် အဓိပ္ပါယ်အမှန်ကို သိရှိနားလည်အောင်ကြိုးစားနိုင်ကြခြင်းကြောင့် ပြည့်စုံကြပေမည်။ ထို့ပြင် အမှတ် (၁)တရားနာခြင်း အမှတ် (၅)တရားကို အားထုတ် ခြင်းမျှားကိုလည်း ပကတိ သာဝကဆုကိုတောင်းသော ပုဂ္ဂိုလ်တိုင်းမမေ့မလျော့ကြဘဲ အားထုတ်တော် မူသင့်ကြပေသည်။

ဒုတိယငါးချက်။ ။အမှတ် (၆) အတွက် စာသင်ပယ်လျှောအဓိပ္ပါယ်မှာ ယခုအခါ အစိုးရပထမပြန် အမျိုးသားပထမပြန် စာမေးပွဲ အသီးသီးတို့အတွက် စာသင်ကြားခြင်းကိုသာ အရေးထားကြမည်ဆိုသော် ပိဋကတ်တော် အားလုံးကို သင်အံ လေ့ကျက်ခြင်း မပြုမီကြပါက စာသင်ပယ်လျှောဟူသော အဓိပ္ပါယ်နှင့် ငြိရပေမည်၊ စာမေးပွဲမျှားကို တန်းကုန်အောင် အသီးသီးအောင်ခြင်းမျှလောက်နှင့် တင်းမတိမ်ဘဲ မကျေနပ်ကြသေးဘဲ ပိဋကတ်တော် အားလုံးကို ပေါက်ရောက်အောင် အကြောင်းညီညွတ်သမျှ အားထုတ်ကြိုးစားကြဘို့ ပေတည်း။

စာမေးပွဲဆိုင်ရာ အတန်းအသီးသီးရှိ စာပေလောက်ကိုသာ သင်အံပို့ချနေတော်မူကြပါက အမှတ် (၇-၈-၉-၁၀) ပိဋကတ်တော်အကျယ်ကို မဟောကြခြင်း၊ အကျယ်ကို မပို့မချကြခြင်း၊ အကျယ် အနက်အဓိပ္ပါယ်ကို မအံကြခြင်း၊ မသိသည်ကို သိရအောင် နားမလည်သေးလျှင် နားလည်၍ အမှန်ကို သိကြရအောင် မကြုံစည်ဘဲနေခြင်းဟူသော အင်္ဂါများနှင့် ငြိနိုင်သဖြင့် မငြိစေရအောင် အထူးသတိပြုကြဘွယ်ပေတည်း။

တတိယငါးချက်။ ။အမှတ် (၁၁) အလိုမှာ ပါဠိတော်များကိုဖျက်၍ ကျဉ်းအောင် မပြုသင့်ကြပေ။ (၁၂)အလိုမှာ-မထေရ်

ကြီးကမထေရ်ငယ်တို့ကို ကိုယ့်အကျိုးစီးပွား သာသနာတော်၏ အကျိုးစီးပွားအတွက် ဆုံးမ သတိပေးတော် မူကြလျှင် အဆုံးအမခံရသော ပုဂ္ဂိုလ်တို့က ယောနိသော မလွတ်စေဘဲ ကိုယ့်အပြစ်ကိုယ်ရှုမြင် သည်းခံပြီးသော် အဆုံးအမတော်ကို နာယူရာ၏။ မနာယူပါလျှင် ဒုဗ္ဗစ္စမူနှင့် ညီပေမည်။

အမှတ် (၁၃) စာချသူရှား ဆိုသည်မှာ စာချ ပုဂ္ဂိုလ်များ နည်းပါး လာမည်ဟု ဆိုလိုသည်။ အမှတ် (၁၄) အလိုမှာ-ဝိနည်းကျင့်ဝတ်တို့ကို အရေးမထားဘဲ မိမိလာဘ် ပေါများဘို့ ကြည်ညိုသူပေါများဘို့ သက်သက်ကိုသာ ဖန်တီးခြင်းကို ဆိုလိုသည်။ အမှတ်(၁၅)အလိုမှာ-ခိုက်ရန်ကွဲပြားမှုဖြစ်၍ ရှောင်နိုင်သမျှ ရှောင်ကြဉ်တော်မူကြရပေမည်။

၁၉။ အန္တရာယ်ငါးပါးအကြောင်း

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရရန် ဝိပဿနာ ဘာဝနာ တရားကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်တို့မှာ အောက်ပါ အန္တရာယ်ငါးပါးမှ လွတ်ကင်းပါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရနိုင်ကြပေမည်။

ရင်းငါးပါးမှာ ...

၁။ ကမ္မန္တရာယ်
၂။ ဝိပါကန္တရာယ်
၃။ ကိလေသန္တရာယ်
၄။ အရိယုပဝါဒန္တရာယ်
၅။ အာဏာဝိတိက္ကမန္တရာယ်

ဤငါးပါးတို့ပေတည်။

၁-ကမ္မန္တရာယ်ဆိုသည်မှာ....

၁။ ဗုဒ္ဓလောဟိတုပ္ပါဒက.... ဘုရားကိုသွေးစိမ်းထွက်အောင် ပြုလုပ်ခြင်း

၂။ သံဃဘေဒက....သံဃာကို အသင်းခွဲခြင်း

၃။ အရဟန္တဃာတက....ရဟန္တာကိုသတ်ခြင်း

၄။ ဘိက္ခုနီဒူသက....ဘိက္ခုနီမကို မေထုန်မှီဝဲခြင်း

၅။ မာတာပိတုဃာတက....အမိအဘကို သတ်ခြင်း

ဤအနန္တရိယကံ ၅-ပါးကို ကမ္မန္တရာယ်ဟု ခေါ်သည်။

၂-ဒုံဟိတ်ပဋိသန္ဓေနေခြင်းကို ဝိပါကန္တရာယ်ဟု ခေါ်သည်။

၃-နိယတမိစ္ဆာဒိဋ္ဌိသုံးပါးကို ကိလေသန္တရာယ်ဟုခေါ်သည်။

၄-အရိယာပုဂ္ဂုလ်တို့ကို စွပ်စွဲပြောဆိုမိခြင်း အရိယုပဝါဒက ကံကို အရိယုပဝါဒန္တရာယ်ဟု ခေါ်သည်။

၅-မြတ်စွာဘုရား ဆုံးမတော်မူသော ဝိနည်း ကျင့်ဝတ် သိက္ခာပုဒ်တို့ကို တပါးပါး၌ ပြစ်မှား ကြူးလွန် မိခြင်းကို အာဏာဝိတိက္ကမန္တရာယ်ဟု ခေါ်သည်။

ယခုဘဝ၌ မဂ်,ဖိုလ်ကို ရအောင် အားထုတ်မည့် ယောဂီပုဂ္ဂုလ်တို့သည် ဤအန္တရာယ်၎င်းပါးတို့၌ တပါးပါးမှ မငြိစေရာဟု ဆိုလိုသည်။ မဂ်,ဖိုလ်ရအောင် တရားကို အားထုတ်သော ရဟန်း,ရှင်,လူမျှားတွင် လူနတ်ဦးခိုက် ပူဇော်ထိုက်သော ရဟန်းနှင့် သာဝကတို့မှာ မဂ်,ဖိုလ်ကို ရလွယ်ကြပေ၏။

အဘယ်ကြောင့် ဆိုသော် နဂိုက သီလတော်မှာ အတန်းကြီးလှ၍ ရလွယ်ကြပေသည်။ ရလွယ်သည် ဆိုသည်မှာလည်း အမှတ် ၅-အန္တရာယ် မငြိကပ်စေရန် သီလလုံ၍ သီလဝိသုဒ္ဓိ ဖြစ်ရပေမည်။ လူမှာ နဂိုက သီလမလုံသဖြင့် ဒုဿီလ ဖြစ်စေကာမူ

တရားနာယူ အားထုတ်ခိုက်တွင် သီလပါ အကျုံးဝင်သော ကြောင့် မဂ်,ဖိုလ်ကို ရနိုင်ကြလေသည်။ ဤအချက်ကိုရှေ့ဆိုင်ရာ အခန်းတွင် အကျယ်ဖော်ပြပါအုံ့။

၂၀။ အစားကျဘွယ်နှင့်နှိုင်းယှဉ်ချက်များ

ရှေးအခါ ဘုရား ကိုယ်တော်တိုင် ရှိတော်မူစဉ် အခါက သာဝတ္ထိပြည်မှာ လူပေါင်းခုနစ်ကုဋေရှိရာ ငါးကုဋေမှာ အရိယာချင်းဘဲ။ ထိုနောက် ဆက်လက်ပြီး အရိယာတွေ တဖြည်းဖြည်း ဖြစ်ပေါ်လာသဖြင့် ငါးကုဋေကျော်မျှ အရိယာတွေဖြစ်ကြရသည်။ ရာဇဂြိုဟ်ပြည်ကြီးမှာလည်း ထို့အတူဘဲ အရိယာတွေက ပိုမိုများပြားကြပေသည်။ ထိုအခါ ရဟန်း, ရှင်, လူဘွဲ့လူက အဆများစွာ ပိုမိုများပြား ရပေမည်။ ခေါင်းရွက် စေ့သည်မှစ၍ သူဆင်းရဲတုံးထမ်း ပုခုံးထမ်းအလုပ်သမားတွေလည်း အမြောက်အမြား ပါဝင်ကြပေမည်။ ထိုလူတို့သည် သီလလုံခြုံစွာနှင့် ကောင်းရောင်း ကောင်းဝယ်ဖြင့် အသက်မွေး နေထိုင်ကြပေမည်။ ဝိသာခါ, အနာထပိဏ်စသော ထိုမြောက်မြားစွာသော အရိယာတို့သည် ဘုရား၏ တရားတော်ကို တကြိမ်တခါ ကြားနာရရုံမျှဖြင့် တထိုင်တည်းမှာပင် သောတာပန်, သကဒါဂါမ် စသည်တို့ ဖြစ်လွယ်ကြသည်မှာ ဥဋ္ဌါဠိတည်,ပုဂ္ဂိုလ်နှင့် ဝိပဋ္ဌိတည်, ပုဂ္ဂိုလ်မျိုး အမြောက်အမြားရှိကြ၍ တထွာပြလျှင် တလံမြင့်၍ တထိုင်တည်းနှင့် ဒေသနာတော်အဆုံးတွင် အရိယာ အသီးသီး ဖြစ်ကြပေသည်။

ထိုကုဋေပေါင်းများစွာသော အရိယာပုဂ္ဂိုလ်တို့မှာ ပါရမီထူးကြ၍ ဘုရားကိုယ်တော်မြတ်ကို မှီပြီးသော် ကျွတ်တန်းဝင်ခွင့်

ရတော်မူကြပေသည်။ ယခုခေတ်အခါ သာသနာတော် တဝက်ကျိုးခါနီးမှာ ထိုအထက်ပါ ပုဂ္ဂိုလ်စားများ အလွန်အလွန်ပါးရှားမြဲ နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ်တို့သာ အများအားဖြင့် ပေါများသောခေတ်ဖြစ်သည်လည်းတကြောင်း၊ ပရိယတ္တိဓမ္မကို ဘုရားကိုယ်တော်စား ပြုလုပ်အားထားရသောအခါ ဖြစ်သည်လည်းတမျိုး၊ ရုပ်တရား, နာမ်တရား, ခန္ဓာ, အာယတန, ဓာတ်, သစ္စာလေးပါး တရားများကို ဉာဏ်အမြင် ပေါက်အောင် ပြတတ်သော ဥပနိဿဆရာတည်းဟူသော သပ္ပုရိသ သံသေဝကို ရှာဖွေ၍ တရားကိုနာကြား အားထုတ်ကြရသည့် အခါဖြစ်သဖြင့်တဖုံ ဤကဲ့သို့ အခက်တွေ့ကြုံသဖြင့် ဤတရားမှာ ခေတ်မစားဘဲ လိုက်စား အားထုတ်သူ နည်းပါး ရသောအခါဖြစ်ပေသည်။

အကြောင်းညီညွတ်၍ မဂ်, ဖိုလ်ရရာရကြောင်း နည်းကောင်းလမ်းမှန်ဖြင့် ဟောပြောပြသတတ်သူ ဆရာကောင်းကို တွေ့ရပြန်လျှင်လည်း တထိုင်တည်းနှင့် ရှေးကကျတ်တန်း ဝင်နိုင်ကြသကဲ့သို့ လွယ်ကူစွာ မဖြစ်နိုင်ကြပေ။ ထို့ကြောင့် ၂ ရက် ၂-လ ၂-နှစ်စသည် အားထုတ်ကြဘို့ လိုပေမည်။ ထိုထက် ဉာဏ်နုံပါလျှင်လည်း ယခုဘဝတွင် စူဠသောတာပန်လောက်ဖြစ်အောင် နာကြားပြီးလျှင် ဒုတိယဘဝတွင် မဂ်, ဖိုလ်ရရန် အားထုတ်ကြရမည့် အခါဖြစ်ကြောင်း သတိမူအပ်ကြလှပေသည်။

ယခုအခါ ဆရာတို့ကိုယ်တိုင် ၎င်းဝိပဿနာ တရားများကို ပဋိပတ်နည်းဖြင့် လက်တွေ့ဟောပြော ပြသနေရသည်မှာလည်း တရားနာသူတိုင်းကို တထိုင်တည်းနှင့် မဂ်, ဖိုလ် ရနိုင်ကြမည့်,

ရက်အနည်းငယ်နှင့် မဂ်,ဖိုလ်ကို ရနိုင်ကြမည်ဟု အာမခံ၍ပြသ နေသည်မဟုတ်ပေ။ ယခုဘဝမှာဘဲ ပါရမီပြည့်ပါလျှင် ယခုဘဝ မှာ ဆက်လက်အားထုတ်ဘို့ နည်းကောင်းလမ်းမှန်ကို ပြသ၍ ပါရမီမပြည့်သေးသူ ဥာဏ်အလွန်နဲ့ သူတို့အဘို့မှာ အောက်တန်း စားဌာနသောတာပန်အဖြစ်အထိ အနည်းဆုံးရောက်အောင် အား ထား၍ ဟောပြောပြသနေရပေသည်။ ဤမျှဖြင့် သံသရာလည် ခန်းနှင့် သံသရာထွက်ခန်း အတိုချုပ်ဖော်ပြချက် ပြီးဆုံးပါပြီ။

ရှေ့အပိုဒ်များတွင် ဝိပဿနာတရားရှုပုံကို ဥာဏ်မြင်ပေါက် အောင် တစတစလေ့ကားထစ်မှာ အောက်ဆုံး အထစ်ကစ၍ တက်သကဲ့သို့ နားလည်အောင် ဖော်ပြပါမည်။ သဘောပေါက် အောင် နားလည်အောင် ပြနည်းမှာ ပါဠိဘာသာစကားကို ရှောင်နိုင်သမျှရှောင်၍ မြန်မာစကားပြင်ရိုးရိုးနှင့် တချို့နေရာ တွင် စကားပြောသကဲ့သို့ အသုံးအနှုန်းများ ထည့်ပြီးသော် အမေး,အဖြေ,ပါ ထည့်သင့်ရာ အကွက်တွင်ထည့်၍ ပြသပါမည်။ နားမလည်လျှင် လည်အောင် ဖော်ပြရမည်ဖြစ်သဖြင့် စကားအ သုံးနှုန်းများမှာ တချို့နေရာ၌ ပေါ်လွင်အောင် ဖော်ပြရမည် ဖြစ်၍မခန့်ညားနိုင်ပေ။

ဒုတိယပိုင်း

၁။ နိဗ္ဗာန်အကြောင်း အတိုကောက်

နိဗ္ဗာန်ဟု ခေါ်ရသည်မှာ.... ပါဠိဘာသာ နိဗ္ဗာနမှဆင်းသက်၍ မြန်မာဘာသာလည်းမဟုတ်၊ ပါဠိစကားအတိုင်းလည်းမဟုတ်၊ ပါဠိစကားပျက် ဖြစ်ပေသည်။ နိဗ္ဗာန၏ အဓိပ္ပါယ်မှာ ဒုက္ခခပ်သိမ်း ငြိမ်းကြောင်း ငြိမ်းခြောင်းကိုဆိုသည်။ နိဗ္ဗာန်ဟုမဆိုဘဲ ငြိမ်းခြောင်း ငြိမ်းကြောင်းစသည်ဖြင့် နားလည်သောစကားနှင့်ဆိုပါလျှင် လူတိုင်းပင် နားလည်နှစ်သက်ကြပေမည်။ ဘာသာခြားများကပင် နှစ်သက် သဘောကျနိုင်ကြပေမည်။ ယခုမှာ နိဗ္ဗာန်ဟု ခေါ်ဆိုထားကြ၍ အဓိပ္ပါယ်ကိုနားမလည်လွယ်သဖြင့် ဘာသာခြားများက မကြိုက်မနှစ်သက်နိုင်သလောက် ဖြစ်နေရပေသည်။

ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှိခိုးတွင် ပဏာမ ကန်တော့ခန်းဌ "မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရားကို ရပါလို၏ဘုရား" ဟု အဆုံးသတ်မှာ ဆုတောင်းကြရသည်။ ဆုတောင်းကြသော်လည်း နိဗ္ဗာန်ကို အကယ်ရောက်ဘို့ လူတိုင်းအလိုရှိကြမည်မဟုတ်ပေ။ နိဗ္ဗာန်ကို ရလိုသလား, လူမင်းစည်းစိမ်, နတ်မင်း, စည်းစိမ်ကို ရလိုသလားဟုမေးကြည့်ပါလျှင် များသောအားဖြင့် လူမင်း, နတ်မင်းဖြစ်လိုသူက များကြပေလိမ့်မည်။ ဤကဲ့သို့ လူတိုင်း မနှစ်သက်နိုင်ကြသည်မှာ 'ဘာကြောင့်နည်း' နိဗ္ဗာန်၏

အဓိပ္ပါယ် သဘောကို ကောင်းကောင်း နားမလည် သဖြင့် တကြောင်း၊ စိတ်, စေတသိက်, ရူပ်တို့၏ သဘော လက္ခဏာစ သည့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို မသိမမြင်နိုင်သေး၍ ပုဉ္ဇာဘိ သင်္ခါရ ဟူသော ကာမာဝစရ ကုသိုလ်၏ အကျိုးဟု ဆိုအပ်သော လူ, သူဌေး, မင်း, နတ်အဖြစ် စသည်တို့ကိုသာ နှစ်သက် သဘောကျ နေကြသောကြောင့် တကြောင်း ဖြစ်ရ ပေသည်။

၂။ ဝိပဿနာတရားအဆင့်များ

တဘဝ တည်းနှင့် ပရိနိဗ္ဗာန် စံဝင်နိုင်သော ငါးမျိုးမှာ ဘုရားဆု, ပစ္စေကဗုဒ္ဓါဆု, အဂ္ဂသာဝကဆု, မဟာသာဝကဆု-ရင်းဆုကြီးလေးမျိုးကို တောင်းသော ပုဂ္ဂိုလ်လေးမျိုးမှ တပါး ပကတိ သာဝကဆုကို တောင်းသော ပုဂ္ဂိုလ်တို့သည် ဤဘဝ မှာပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်နိုင်ကြပေသည်။ ထိုရဟန္တာ အဖြစ်က မဂ်လေးတန်ကို နောက်ဆုတ်ပြန်၍ ချပြရသော် ရဟန္တာဖြစ်လိုသော ပုဂ္ဂိုလ်မှာ အနာဂါမ်ကမှတဆင့် တက်နိုင် မည်၊ အနာဂါမ်ဖြစ်ရန်မှာလည်း သကဒါဂါမ် ပဌမ ဖြစ်ထား ရပေမည်။ သကဒါဂါမ် ဖြစ်ရန်မှာလည်း သောတာပန်က တဆင့် တက်ရပေသည်။ သောတာပန်မှာလည်း စူဠသောတာ ပန်ခေါ် ကလျာဏ ပုထုဇဉ်နှင့်ကတဆင့် တက်ရပေသည်။ ၎င်းက လျာဏ ပုထုဇဉ်အောက်မှာ အန္ဓဗာလ ပုထုဇဉ်များ ဖြစ်ကြ၏။ နိဗ္ဗာန်၏အကျိုးကို သိရှိနားလည်ရန်နှင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြရန်မှာ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ယာဉ်သုံး

ပါးနှင့် အသုဘ အဖြစ်အထိ သိရှိအောင် ဉာဏ်မြင်ပေါက်ဘို့ လိုသည်။

ထိုလက္ခဏာယာဉ် သုံးပါးနှင့် အသုဘကို ထင်မြင်နိုင်သူမှ ၃၁-ဘုံသံသရာလောကတွင် ခန္ဓာဖြစ်ရခြင်း သင်္ခါရဒုက္ခဘေးကို ကောင်းကောင်းမြင်နိုင်၍ ၎င်း ၃၁ ဘုံတွင် ခန္ဓာဆက်လက်ဖြစ်ပေါ်ရန် အလိုမရှိတော့ဘဲ ပျင်းမုန်းငြီးငွေ့ ဆန့်ကျင်ခြင်းသို့ ရောက်ရပေသည်။ ထိုသို့ ပျင်းမုန်းငြီးငွေ့မှ သံသရာမှာ ခန္ဓာအဖြစ် လွတ်ကင်းရန် နိဗ္ဗာန်ကို ရှာတတ်သည်။ ထိုလက္ခဏာယာဉ်သုံးပါးနှင့် အသုဘကို တကယ်အထင်အမြင်ပေါက်အောင် နားလည်ဘို့မှာလည်း ရှေးက ရုပ်သဘော, နာမ်သဘောတို့ကို ဉာဏ်မြင်ပေါက်အောင် ရှုတတ်ရပေသည်။ ၎င်းရုပ်သဘော, နာမ်သဘောတို့ကို ဉာဏ်မြင်ပေါက်အောင် ရှုတတ်ရန်မှာလည်း ရှေးက ဓာတ်ရှစ်ပါး သဘော လက္ခဏာတို့ကို ပိုင်ပိုင် နိုင်နိုင် သိထားရပေသည်။

ထိုဓာတ်ရှစ်ပါးတွင် သဘောပေါက်နိုင်ရန်မှာလည်း ရှေးက ပညတ်နှင့် ပရမတ် သဘောတို့ကို ကောင်းစွာ နားလည်နှင့် စေရမည်။ သို့မှသာလျှင် တဆင့်တဆင့် ဝိပဿနာ တရား အစဉ်လုပ်ငန်းကို ပေါက်ရောက်အောင် နှလုံးသွင်း အားထုတ်နိုင်ပေသည်။

ထို့ကြောင့် ဝိပဿနာတရားကို ရှုပုံတရားပြရာတွင် ပညတ်, ပရမတ်က စ၍ပြမှ ရှေ့ကို တဖြည်းဖြည်းဉာဏ်မှာ ငုံနိုင်ပေမည်။ သို့အတွက် ဒေါက်ကစ၍ ပညတ်, ပရမတ်ကို ပြပါမည်။

၃။ ပညတ်နှင့်ပရမတ်

မြတ်စွာဘုရား အလောင်းတော်သည် ဒီပင်္ကရာဘုရားလက်ထက် ဗျာဒိတ်တော် ရပြီးသည့် အခါကစ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းမျှ ပါရမီတော်ဖြည့်ပြီး၍ ရှင်တော်ဘုရား ဂေါတမဟု ဖြစ်တော်မူသောအခါ ဥယျဓမ္မ ဥယျမတ် တရားများကို ဆရာမကူဘဲ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို သိတော်မူပေသည်။ရင်းဥယျဓမ္မဆိုသည်မှာ အဘယ်နည်း။ဥယျ၏အဓိပ္ပါယ်ကား သိသင့် သိထိုက်သောဟု အဓိပ္ပါယ်ရ၏။ ဓမ္မကား-တရားဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် ဥယျဓမ္မခေါ် ဥယျမတ်တရားသည် သိသင့် သိထိုက် သိရမည့် တရားများကို ဆိုလိုသည်။ ဥယျမတ်တရားမှာ ၅-ပါးပေတည်း။

ရင်းငါးပါးကား....

၁။ သင်္ခါရ

၂။ ဝိကာရ

၃။ လက္ခဏ

၄။ နိဗ္ဗာန်

၅။ ပညတ်ဟူ၍ ငါးပါးပေတည်း။

၁။ သင်္ခါရဆိုသည်မှာ။ ။အကြောင်းတရားတို့ ပေါင်းဆုံပြုပြင်၍ ဖြစ်ပေါ်လာသော ရုပ်, နာမ်,ဓမ္မတရားများကို ခေါ်၏။ (စေတသိက်,နိုဗ္ဗန္ဓရုပ် စသည်တို့ကို ဆိုလိုသည်)

၂။ ဝိကာရဆိုသည်မှာ။ ။ရင်းပေါ်လာသော တရားတို့သည် မိမိသဘောကို မိမိစွန့်သွားခြင်းကိုခေါ်သည်။

၃။ လက္ခဏာ ဆိုသည်မှာ။ ။ရင်းတရားတို့မှာ မိမိသဘောနှင့် မိမိထွန်းပြသည်ကို သဘာဝလက္ခဏာခေါ်သည်။ ရင်းတရားတို့သည် အကောင်သတ္တဝါ အသက်လိပ်ပြာ မဟုတ်ချင်းတူပုံ, အဆင်းရဲခံရချင်းတူပုံ, မမြဲချင်းတူပုံ စသည်တို့မှာ သာမညလက္ခဏာဟု ခေါ်သည်။ ရင်းသဒ်ါရ, ဝိကာရ, လက္ခဏာ သုံးပါးကဖြစ်ပေါ်သောတရား သဒ်တတရားဖြစ်၏။

၄။ နိဗ္ဗာန်တရားမှာ။ ။သဒ်တနှင့် မရောသော အသဒ်တဓာတ်ဖြစ်၍ အမြဲတည်ရှိသော ပရမတ္ထတရား တပါးပေတည်း။

ထို့ကြောင့် သဒ်တနယ်တွင် ထင်ရှားဖြစ်ပေါ်သော တရားသုံးပါးကလည်း ရှိသောတရားဖြစ်၏။ နိဗ္ဗာန်ကလည်း အသဒ်တတရားဖြစ်၍ ထင်ရှားရှိသော တရားပင် ဖြစ်၏။ ထို့ကြောင့် ရှိသောတရားချင်းပေါင်းသော် ဖြစ်ပေါ်သည့်အခိုက်တွင် သဒ်ါရလည်း ရှိတာ, ဝိကာရကလည်း ရှိတာ, လက္ခဏာကလည်း ရှိတာ, မဖြစ်မပေါ်ဘဲ နိဗ္ဗာန်ကလည်း ရှိတာဖြစ်၍ ထိုရှိသောတရားရှိတာ လေးပါးကို အချုပ်အားဖြင့် ရှိတာဟု မှတ်ထားပါ။

၅။ ပညတ်တရားမှာ။ ။ခေါ်မှု-အမည်မှည့်မှုမှ အမှုန်, အမှား, အလုံးအခဲ, အပြား, အတို, အရှည်, အကြီးအငယ် စသည်ဖြင့် စိတ်ထဲမှာသာ ထင်မှတ်ရသည်ဖြစ်၍ ထင်ရှားရှိသောတရားမဟုတ်။ မရှိသောတရား ဖြစ်ပေသောကြောင့် ပညတ်ကို (မရှိတာ)ဟု အတိုချုပ်မှတ်ပါ။

ထို့ကြောင့် ဥယျာဉ်မတရား ငါးပါးကို အတိုချုပ်ဖော်ပြရသော် ရှိတာနှင့် မရှိတာ။ ဤတရားနှစ်ပါးရ၏။ "ရှိတာ" ဆို

သည်မှာ မြန်မာလိုဖြစ်၏။ ဘုရား၏စကားနှင့် ပါဠိလိုဆိုသော် "ပရမတ်" ဟုခေါ်၏။ ထိုကြောင့် ဥယျောမ်တရား ငါးပါးကို အာကိုချုပ်ခေါ်သော် "မရှိတာနှင့်ရှိတာ" နှစ်ပါးဘဲရ၏။ ပါဠိလိုခေါ်ဆိုပြန်သော် "ပညတ်နှင့်ပရမတ်" နှစ်ပါးဘဲ ရ၏။ ၎င်းပညတ်နှင့် ပရမတ်တရားနှစ်ပါးကို ပေါ်စေလို၍ ဥယျောမ္မက စ၍ဖော်ပြရပေသည်။

၄။ ပညတ်တရားအကြောင်း

"မရှိတာ" ဟုဆိုသော ပညတ်ဆိုသည်မှာ အဘယ်နည်း။

ပညတ်ဆိုသည်မှာ သမုတ်ခြင်း အမည်မှည့်ခြင်း စသည့် ဝေါဟာရ ခေါ်ရိုးများကို ခေါ်သည်။

ထို့ကြောင့် သမုတိသစ္စာခေါ်၏။ သမုတိ က ခေါ်ခြင်း- သမုတ်ခြင်း- အမည်မှည့်ခြင်းကို ဆိုသည်။ သစ္စာက အမှန်ဟု ဆိုသည်။ အဓိပ္ပါယ် အားလုံး ပေါင်းသော် (သမုတိသစ္စာ) ခေါ်ခြင်း သမုတ်ခြင်း အမည်မှည့်ခြင်း အမှန်ဟု ဆိုလိုသည်။ ရှိသောတရားဟု မဆိုလို။ ရှိသောတရား မဟုတ်၊ အရှိတရား မဟုတ်၊ ခေါ်မှုသက်သက်မျှဖြစ်၏။

အမှုန်, အမှုံးစသော အတ္တပညတ် သည်လည်း ထင်ရှားမရှိ၍ ရှိသောတရားဟုမဆိုလို။ ရှိသောတရားမဟုတ်။ အရှိတရား မဟုတ်။ စိတ်ထဲတွင် ထင်ရရုံသာ ရှိသော သိစေအပ်သော တရားမျှသာဖြစ်၏။

ထို့ကြောင့် အားလုံး ဝေနေယျ သတ္တဝါတို့ သံသရာကြောတွင် အတောမသတ် မျောပါး နေကြရသည်မှာ....ဤ

ခေါ်မှု ထင်မြင်မှု, တည်းဟူသော မရှိသောတရား "ပညတ်" တရားကို အဟုတ်တကယ်ရှိသည်ဟု အဝိဇ္ဇာက အထင်မှားစေ၍ တဏှာက တပ်မက်ပြီး ဥပါဒါန်ကစ္စဲလမ်းခြင်းကို ဖြစ်ရပြီးသော် **ကိ**လေသဝဋ်မှစ၍ ဝဋ်သုံးပါး ဖြစ်ပေါ်နေကြရ၏။ ၎င်းပညတ်သည် အဘယ်ကြောင့် မရှိသောတရားဖြစ်ပါသနည်း ဆိုသော် ပရမတ်ကဲ့သို့ သဘာဝလက္ခဏာ ထင်ရှားရှိသော တရားမျိုး မဟုတ်၊ ခေါ်မှု, စိတ်ထင်မှုသက်သက်မျှသာ ဖြစ်သောကြောင့် တည်း။

ထို့ကြောင့် သမ္မုတိသစ္စာနယ်တွင် ပညတ်ရှိသည်ဟူ၍မဆို အပ်ပေ။ သမ္မုတိသစ္စာအလိုအားဖြင့် ခေါ်မှု-သမုတ်မှု-အမည်မှည့်မှု - စိတ်ထဲထင်မှုမျှသာ ဖြစ်ပေသည် ဟူ၍သာ ဆိုအပ်လုပေသည်။ သမ္မုတိသစ္စာ ပညတ်နယ်မှာ ပညတ်ရှိသည်ဟုအမှတ်တမဲ့ဆိုမိပါက တရားမသိသေးသူ လူငယ်လူရွယ်တို့၏ဥာဏ်မှာ ရှုတ်ထွေးသွားပြီးသော် ရှိတလည့်, မရှိတလည့် အနေမျိုးအဖြစ်မျိုးဟုယူဆ၍ ပညတ်နယ်တွင် ပညတ်ရှိ၏ဟု မှောက်မှောက်မှားမှား ယူဆကြမည်ကို စောင့်ရှောက်သောအားဖြင့် ခေါ်မှုဆိုသည့် ပညတ်မှာ ရှိသောတရားမဟုတ် ပရမတ်တရားသည်သာလျှင် ရှိသောတရားဟု ရှင်းလင်းစွာ ပြောဆို သုံးစွဲရာ၏။ ခေါ်မှုစိတ်ထင်မှုဟူသော မရှိသောတရား ပညတ်နှင့်ရှိမှုဟူသော ပရမတ်အရှိ တရားများကို နှိုင်းယှဉ်ပြောဆိုရာတွင် အမှားမှား အယွင်းယွင်း မယူဆမိလေအောင် မပြောမဆိုမိကြလေအောင် ပညာရှင်တို့ အထူးသတိပြုကြစေလိုပါသည်။

ရှိသောတရား ပရမတ်ကား အဘယ်ကြောင့်ရှိပါသနည်းဟု ဆိုသော် ထင်ရှားရှိ၍ ရှိသောတရားဖြစ်၏။ ဘယ်လိုထင်ရှားရှိ

ပါသနည်းဆိုသော် သဘာဝလက္ခဏာအားဖြင့် ပြစရာထင်ရှားရှိ၍ အရှိတရားထင်ရှားရှိသောတရားဟု ခေါ်၏။ ပညတ်မှာ လက္ခဏာအားဖြင့် ပြစရာဘာမျှမရှိ၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်နှင့်လည်း မသက်ဆိုင်သောကြောင့် ကာလဝိမုတ်တရားဖြစ်သဖြင့် မရှိသောတရားဖြစ်ပေ၏။

ပရမတ်ဆိုသည်မှာ.... ရှိသောတရားဖြစ်ကြောင်း ထင်ရှားပေပြီ။ ထိုရှိသောတရားသည် ဘယ်သောအခါရှိသနည်း ဟူမူ ပေါ်သောအခါမှရှိပေ၏။ ထိုပေါ်သောအခါမှရှိသော ပရမတ်တရားသည် ဘယ်တော့ပေါ်ကြပါသနည်းဆိုသော် တိုက်ဆိုင်သည့်အခါ အကြောင်းဆုံသည့်အခါတို့မှာ ထင်ရှားပေါ်သည်ဟုသိအပ်၏။ ထို့ကြောင့်ပညတ်ကား မရှိသောတရား ပရမတ်ကား ရှိသောတရားဟု သိရာ၏။ ပညတ်မဟုတ်လျှင် ပရမတ်ဟုတ်ရမည်။ တနည်း မြန်မာဘာသာအားဖြင့် မရှိတာမဟုတ်လျှင် ရှိတာဟုတ်ရမည်ဟု ဆိုလိုသည်။

ရှေ့အခန်းများတွင် ပညတ်ကို အမြင်ပေါက်အောင် ပြရာအမေး,အဖြေများ၌ ပညတ်မဟုတ်လျှင် ပရမတ်ဖြစ်ကြောင်းကို သိရန် ဤတရားစာကို ဖတ်ရှုသူသည် ဤအချက်ကို အထူးသတိပြုထားရာ၏။ ပညတ်အမျိုးမျိုးရှိပါသော်လည်း အပေါင်းအစုဟု ထင်ရသော သမူဟပညတ်, အပေါင်းအစုဟု မထင်ရှားသော အသမူဟပညတ် ဤနှစ်ပါးကို ရှင်းလင်းစွာ ဖော်ပြရသော် ပညတ်ဆိုသည်မှာ သမ္မုတိသစ္စာအားဖြင့် ခေါ်ခြင်း သမုတ်ခြင်း အမည်မှည့်ခြင်း စိတ်ထင်ခြင်း မှန်ပေသည်ဟု သိနိုင်ပေမည်။ ခေါ်သောတရားဖြစ်ပေ၏။ ထင်သော တရားဖြစ်ပေ၏။

ရှိသောတရားမဟုတ်၊ ခေါ်ကားခေါ်၏။ ခေါ်တာမှန်၏။ ထင်ကားထင်ရ၏။ ထင်တာကိုသိအပ်၏။ ရှိကားမရှိ။

ရှိသောတရား မဟုတ်ကြောင်းကို ထိုးထွင်းသိမြင်နိုင်ကြစေရန် အောက်ပါ လက်တွေ့နိသျှည်း အမြင်ပြနည်းဖြင့် ဖော်ပြပါဒုံ။

(က) ဥပမာ

မေး ၁၃၁၅ ခုနှစ်ဟု ခေါ်သောသက္ကရာဇ်ကို ကျွန်ုပ်သည် ဒါဘဲဟု လက်ဆုပ်လက်ကိုင် ပြနိုင်ပါ၏လား။ တွေးတောစဉ်းစားရှုပြေပါ။

ဖြေ သက္ကရာဇ် ၁၃၁၅–ခုနှစ်ဟု ခေါ်ပါသည်။ လက်ဆုပ်လက်ကိုင်ပြနိုင်စရာ ရှာ၍မတွေ့ပါ။

မေး ကိုင်၍ပြနိုင်စရာ မတွေ့ရခြင်းမှာ ရှိလျက်နှင့်မတွေ့တာလား။ အကယ်မရှိ၍ မတွေ့တာလား စဉ်းစား၍ဖြေပါ။

ဖြေ မတွေ့ရခြင်းမှာ မရှိ၍ မတွေ့ရခြင်းဖြစ်ပါသည်။

မေး မရှိ၍မတွေ့ရပါသော်လည်း ၁၃၁၅–ခုနှစ်ဟု ခေါ်ခြင်းမှာ မမှန်ပေဘူးလား။

ဖြေ ၁၃၁၅–ခုနှစ်ဟု ခေါ်ခြင်းသည် မှန်လှပါသည်။

မေး ၁၃၁၅–ခုနှစ်ဟုခေါ်တာ မှန်၏။ ရှိသောတရားပါလား။

ဖြေ ခေါ်တာမှန်၏။ ရှိသောတရားမဟုတ်ပါ။

ဤကဲ့သို့သိမြင်လျှင် မှန်တာကို သိသည်မည်သဖြင့် သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ရ၏။ ခေါ်တာမှန်သည်ဆိုသည်မှာ သမ္မုတိသစ္စာဖြစ်၏။

သမုတ်တာ အမည်မှည့်တာ ခေါ်တာ သစ္စာမှန်၏။ ဩမ္မုတိ သစ္စာ ခေါ်တာသမုတ်တာ အမည်မှည့်တာမှန်၏ဟု ဆိုလိုသည်။ ရှိသည်ဟုမဆိုလို။ ထို့ကြောင့် ခေါ်တာမှန်၏။ ရှိသောတရား မဟုတ်ဟု ဥာဏ်မှာ ထိုးထွင်းသိမြင်လာရ၏။ ဤအချက်တွင် မေးလိုက်ခြင်းက ပရိယတ်သဘော။ စင်စစ်တွေးတောခြင်းက ပဋ္ဌိပတ်သဘော။ မရှိဟုထိုးထွင်း သိမြင်ခြင်းက ပဋ္ဌိဝေဓသဘော ဟု ယူဆပါ။

ပဋ္ဌိဝေဓသည် လောကီပဋ္ဌိဝေဓ၊ လောကုတ္တရာ ပဋ္ဌိဝေဓဟူ၍ နှစ်မျိုးရှိ၏။ ပိဋကတ် ၃-ပုံဝယ် ဂမ္ဘီရ ၄-ပါးအဖွင့်၌ လာ၏။ ကျယ်အုံ့စိုး၍ မရေးထည့်လိုက်ပါ။

မေး ယနေ့ တနင်းလာနေ့ဖြစ်သည်၊ ၎င်းတနင်းလာနေ့ကို ကိုင်တွယ်၍ပြနိုင်ပါသလား။ယခုအချိန်မှာ နံနက် ဂ-နာရီအချိန်ရှိပြီ။၎င်း ဂ-နာရီအချိန်ကို ကိုင်တွယ်၍ပြနိုင်ပါသလား။ ယခုမှန်းတည့်ပြီ။ ယခုသန်းခေါင်ယမ် အချိန်သို့ရောက်ပြီ၊ ယခုလင်းအားကြီးအချိန်ဘဲ၊ အရုဏ်တက်အချိန်ဘဲ စသည်ဖြင့် နေ့-လ-ရက်-အချိန် စသည်တို့ကို အသီးသီးကိုင်တွယ်၍ ပြနိုင်ပါသလား။ စဉ်းစားတွေးတောရ၍ဖြေပါ။

ဖြေ နေ့-လ-ရက်-အချိန် စသည်တို့ကို ခေါ်ရုံသာခေါ်ရပါသည်။ ကိုင်တွယ်၍ မရနိုင်ပါ။ ခေါ်သောတရားသာ ဖြစ်ပါသည်။ ရှိသောတရားမျှားမဟုတ်ပါ။

ခေါ်တာကို ခေါ်မှန်းသိရပေသည်။ ရှိတာကို ရှိမှန်းသိရပေသည်။ ခေါ်တာကို ရှိသောတရား အရှိတရားဟု မမှတ်အပ်၊

မရှိသောတရားကို မရှိဟုသိခြင်း။ ရှိသောတရားကိုလည်း ရှိသည်ဟုဘဲသိခြင်း၊ ဤကဲ့သို့သိပါလျှင် မှန်တာကို အသိရောက်၍ သမ္မာဒိဋ္ဌိဉာဏ်ဘဲဖြစ်ရ၏။ မှန်တာကိုသိသောအခါ မရှိသောတရားကို အရှိဟုမယူတော့ဘူး။ ရှိသောတရားကိုလည်း မရှိဟုထင်မြင်ယူဆခြင်း မဖြစ်နိုင်တော့ဘူးဟု အမြဲသတိပြုကြပါလေ။

အဝိဇ္ဇမာနပညတ် မရှိတာကိုခေါ်သောပညတ်

ပညတ်တမျိုးမျိုး ရှိသော်လည်း ၎င်းပညတ်ကို သဘောပေါက်အောင် နားလည်ရန် အဝိဇ္ဇမာန ပညတ်ဟု ခေါ်သော မရှိတာကိုခေါ်သော ပညတ်နှင့် ဝိဇ္ဇမာနပညတ်ဟုခေါ်သော ရှိတာကို ခေါ်သော ပညတ်။ ၎င်းပညတ် ၂-မျိုးကို အရင်းထား၍ နားလည်အောင် ဖော်ပြလိုပါသည်။ အမည်ခေါ်ခြင်း သမုတ်ခြင်းနှင့်စပ်သော ပညတ်တွေရှိသမျှမှာ မျှားလွှန်းလှ၍ အားလုံးကို ဖော်ပြရန် မလိုပေ။ သဘောပေါက်ရုံမျှ ဖော်ပြပါမည်။

၎င်းပညတ် သဘော အဓိပ္ပါယ်ကို အမြင်ပေါက်အောင် ပြရာ၌ ဥပမာ အမျိုးမျိုးဖြင့် ပြရပေသည်။ ဤကဲ့သို့ ပြသဖြင့် ပညတ်အကြောင်းကို သိရှိနားလည်ရုံတွင် မကသေးဘဲ ခန္ဓာမှာ ရှိသော တရားများကို ပြသရာတွင် ၎င်းဥပမာတို့က အထောက်အပံ့ဖြစ်၍ နားလည်လွယ်ပေမည်။

(ခ) ဥပမာ

မေး မိုးဟုခေါ်သော၊ ကောင်းကင်ဟု ခေါ်သော၊ ၎င်းမိုးကောင်းကင်ကို လက်ဆုပ်လက်ကိုင် ဟောသည်ဟာမိုး

ကောင်းကင်ပါဘဲဟု အထည်ဖြစ်ဖြင့် ကိုင်တွယ်ပြနိုင်ပါ မည်လား။

ဖြေ မိုးကောင်းကင်သည် ဤဟာဘဲဟု အထည်ဖြစ်ဖြင့် ကိုင်တွယ်ပြစရာမတွေ့ပါ။

မေး ထိုကဲ့သို့ မိုးကောင်းကင်ဟု ကိုင်တွယ်ပြစရာ ရှာမတွေ့ပါ ဟုဖြေသည်မှာ ရှိလျက်နှင့် ရှာမတွေ့တာလား- မရှိ၍ မတွေ့တာလား။

ဖြေ မရှိ၍ ရှာမတွေ့တာပါ၊ ရှိပါလျှင် ရှာ၍တွေ့ရပါမည်။

မေး ဤကဲ့သို့ မရှိပါသော်လည်း မိုးကောင်းကင်ဟု ခေါ်သည်မှာ မမှန်ပေဘူးလား။

ဖြေ မိုးဟု ကောင်းကင်ဟု ခေါ်ကြသည်မှာ မှန်ပါပေသည်။

မေး ဤလိုသိပါလျှင် မိုးကောင်းကင်ဟုဆိုသည်မှာ ခေါ်တာ မှန်၏။ ရှိသောတရားပါလား မရှိသောတရားပါလား။

ဖြေ ခေါ်တာမှန်ပေ၏၊ မရှိသောတရားဆာ ဖြစ်ပါသည်။

မေး ဤကဲ့သို့ခေါ်တာ မှန်ပါ၏၊ ရှိသော တရား မဟုတ်ပေဘူးဟု သိသောအခါ ရှေးက ရှိသော တရားဘဲဟု အထင်မှားခဲ့သည်မှာ ယခုအမှန်ကို သိရပေပြီ မဟုတ်ပါလား။

ဖြေ ခေါ်သောတရားဘဲ ရှိသောတရားမဟုတ်ဟု ယခုမှအမှန်ကို သိမြင်ရပါပြီ။

ဤကဲ့သို့ အမြင်ပေါက်အောင် သိလာလျှင် မှန်တာကိုသိ၍ မှန်တာကို အသိရောက်၍ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ရပေသည်။ ဤလို သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ရသည်မှာ အမေးက ပရိယတ်သဘော။ အဖြေ

မှန်ကိုရရန် စဉ်းစား တွေးတောရခြင်းက ပဋ္ဌိပတ်သဘော။ ခေါ် တာမှန်၏။ မရှိသောတရားဘဲဟု အသိဉာဏ်မှာ ထိုးထွင်းသိမြင်ခြင်းက ပဋ္ဌိဝေဒသဘော ဖြစ်ရပေသည်။ ဤကဲ့သို့ သမ္မာဒိဋ္ဌိဉာဏ် တကြိမ်ပေါ်လျှင် အရိယာမဂ္ဂ-အဋ္ဌင်္ဂိကမဂ္ဂခေါ်-မဂ္ဂင် ရှစ်ပါးပါ တပါတည်းအကျုံးဝင်၍ ပါကြောင်းကို ရှေ့အခန်း တွင်အကျယ်ဖော်ပြပါမည်။

(ဂ) ဥပမာ

မေး သောင်ဥပမာ၌ မြစ်လယ်ခေါင်တွင် သောင်ပေါ်သော အခါ သဲခုံကိုသောင်ဟု ခေါ်သည်မဟုတ်ပါလား။

ဖြေ သဲခုံကို သောင်ဟု ခေါ်ပါသည်။

မေး ၎င်းသောင်တည်းဟူသော သဲခုံမှာ သဲလုံးကလေးများကို တခုစီ,တခုစီ စိတ်ကူးဉာဏ်ဖြင့် ဖယ်ရှားပစ်ပါ။ ထိုသို့ ဖယ်ရှားပစ်၍ သဲများကုန်သောအခါ သောင်ရှိပါသေးသလား။

ဖြေ ထိုသဲခုံမှ သဲများအားလုံးကို ယူပစ်ပြီးသောအခါ သောင်မရှိတော့ပါ။

မေး သောင်တည်းဟူသော သဲခုံမှသဲများကို ပထမယူပစ်စဉ်က သဲကိုသာယူသည်။ သောင်ကိုယူသည် မဟုတ်ပါဘဲလျက် သဲများကုန်သောအခါ အဘယ်ကြောင့် သောင်မရှိပါသနည်း၊ စဉ်းစား၍ဖြေပါ။

ဖြေ နဂိုမူလကပင် သောင်ဟူ၍ မရှိပါ။ သဲတွေစုပေါင်း၍ အစုအပုံ သဲခုံဖြစ်နေရပါသည်၊ ထိုသဲခုံကိုပင် သောင်ဟု ခေါ်ပါသည်။

မေး ဤလိုသိပါလျှင် သောင်ဆိုသည်မှာ ခေါ်ခြင်း သမုတ်ခြင်းသာမှန်၏။ မရှိသောတရားဘဲဟု ထိုးထွင်းသိမြင်နားလည်ပြီမဟုတ်ပါလား။

ဖြေ သောင်ဆိုသည်မှာ ခေါ်သာခေါ်ရ၏- မရှိသောတရားဘဲဟု သိရပါပြီ။

ဤကဲ့သို့ သိလာပါလျှင် သောင်ဟုခေါ်မှု အဝိဇ္ဇမာနပညတ်ဟူသောမရှိတာကိုခေါ်သော ပညတ်၏သဘောအနက်အဓိပ္ပါယ်ကို ကောင်းစွာ နားလည်ပြီဟု ဆိုရပေမည်။ ဤသို့ သိခြင်းသည်လည်း သမ္မာဒိဋ္ဌိဉာဏ်ဟူသော မှန်တာကို သိခြင်းအမှန်ကို အသိရောက်ခြင်း ဖြစ်ရပေသည်။ မဂ္ဂင်ရှစ်ပါးခွဲလည်း အကျုံးဝင်၍ ပါရ၏။

(သ) ဥပမာ

သင်ပြုံးသင်ဒျာဝများမှာ အကြီးစားကို ဇောင်းသင်ပြုံးဟု ခေါ်၏။ အလတ်စားကို အိပ်ဖန်ဟုခေါ်၏။ အငယ်ကို နေရာထိုင်ဟုခေါ်၏။

မေး ထိုဇောင်းသင်ပြုံးမှ ယက်ထားသော သင်ပင် မျှားကို တပင်စီစီတ်ဖြင့် ယူပစ်ပါ။ ဤကဲ့သို့ တပင်စီယူပစ်ရာ ဇောင်းသင်ပြုံး ပါလာပါသလား။

ဖြေ ဤကဲ့သို့ သင်ပင်မျှား တပင်စီ တချောင်းစီ နုတ်ယူရာ သင်ပင် သင်ချောင်းသာ ပါလာပါသည်၊ ဇောင်းသင်ပြုံး မပါလာပါ။

မေး ဤကဲ့သို့ နုတ်ယူရာ ၎င်းသင်ပြုံးမှာ လျှားလျှားကြီးပုံပါလာပါသလား။ လေးထောင့်ပုံပါလာပါသလား။

ဖြေ ဤကဲ့သို့နုတ်ယူရာ သင်ပင်ချောင်းမှတပါး လေးထောင့်ကြီး လျားလျားကြီး စသည်တို့ ဘာမျှမပါလာပါ။

မေး သင်ပင် သင်ချောင်းများကို အားလုံး နုတ်ယူပြီးသော အခါ ဇောင်းသင်ဖြူး ရှိပါသေးသလား။

ဖြေ အားလုံးသင်ပင်များကို နုတ်ယူပစ်ပြီးသော် ဇောင်းသင်ဖြူးမရှိတော့ပါ။

မေး ဤကဲ့သို့ ဇောင်းသင်ဖြူးမရှိခြင်းသည် အဘယ်ကြောင့် မရှိသည်ကို အမှန်သို့ရောက်အောင် စဉ်းစားဖြေပါ။

ဖြေ ၎င်းသင်ပင်စု သင်ချောင်းစုကို ဇောင်းသင်ဖြူးဟုခေါ် ရခြင်းမျှသာဖြစ်၏။ သင်ဖြူးဟု တကယ်မရှိပါ၊ နဂိုက သင်ဖြူးဟုမရှိ၍ သင်ပင်များအားလုံးကို နုတ်ပစ်သော် သင်ဖြူးဟုခေါ်ဆိုစရာ မကျန်မရှိတော့ပါ။

မေး ၎င်းနုတ်ယူထားသော သင်ပင်ချောင်းအားလုံးကို ပြန်ပြီး ယက်လုပ်ပြီးပြန်သော် ၎င်းကိုဘာခေါ်ပါမည်နည်း။

ဖြေ ၎င်းကို ဇောင်းသင်ဖြူးဟုပင် ခေါ်ရပါသည်။

မေး ဤကဲ့သို့သိလာလျှင် ဇောင်းသင်ဖြူးအိပ်ဖန် နေရာထိုင်ဖျာစသည်ဖြင့် ခေါ်တာလား ရှိတာလား။

ဖြေ ဇောင်းသင်ဖြူးအိပ်ဖန် နေရာထိုင်ဖျာ စသည်ဖြင့် ခေါ်ရရုံသာ ဖြစ်ပါသည်။ တကယ်ရှိကြတာမဟုတ်ပါ။

မေး ဤမျှအထိ အသိဉာဏ်မှာ ရှင်းလင်းရှိလာပါလျှင် သင်ဖြူးဖျာစသည် ခေါ်ဝှီရှိသည်ဟု ပြောဆိုသုံးစွဲမိပါက

ဖြေ သင်ဖြူးဖျာစသည် ခေါ်ဘို့ရှိသည်ဟု ဆိုမည့်အခါ ခေါ်ဘို့ခေါ်ဆိုဖြစ်လာသည်ဟုဆိုမှ အဓိပ္ပါယ်အမှန်ကိုရောက်ပါမည်။ခေါ်ဘို့ရှိသည်ဟု ပြောဆိုမိပါက ဥာဏ်မပေါက်သေးသော လူငယ် လူရွယ်တို့၏ အသိဥာဏ်မှာ ရှုတ်ထွေးမသွားစေခြင်းအကျိုးငှါ ဖြစ်ခြင်းနှင့် ရှိခြင်း ခေါ်မှုနှင့်ရှိမှု စသည်တို့တွင် လုံးထွေး၍ မယူဆမိ ကြရလေအောင် သတိပြုအပ်လှပေသည်။

ဤကဲ့သို့သိလာခြင်းသည် သမ္မာဒိဋ္ဌိဥာဏ်ဖြစ်ရ၍ အကြီးကို ဇောင်းသင်ဖြူး၊ အလတ်ကို အိပ်ဖန်၊ အငယ်ဆုံးကို နေရာထိုင်စသည်ဖြင့် အရွယ်ကိုလိုက်၍ ခေါ်သာခေါ်ရပေသည်။ ထင်ရှားရှိကြသော တရားများမဟုတ်ကြောင်း ဥာဏ်မှာအမြင်ပေါက်ပေါက်လာရ၏။ ဤဟာလည်း အဝိဇ္ဇမာနပညတ်ကို သိပုံတမျိုးဖြစ်ပေသည်။ သမ္မာဒိဋ္ဌိဥာဏ်ဖြစ်ရ၍ မဂ္ဂင်ရှစ်ပါးလည်း တပါတည်း အကျုံးဝင်ရပေသည်။

(c) ဥပမာ

လူများနေထိုင်ကြရသော အိမ်ဆိုသည်မှာ ထုတ်, လျောက်, အခင်း, အကာစသည်တို့ စုပေါင်းထားသည်ကို အဆောက်အဦးဟုခေါ်၏။ အိမ်ဟုခေါ်၏။

မေး ထိုထုတ်,လျောက်,ဒိုင်း, မျှားအခင်း,အကာ စသည်တို့မှ ဘယ်ဟာကို အိမ်ဟုခေါ်ရမည်နည်း။

ဖြေ ထိုထုတ်,လျောက်,ဒိုင်း,မျှား,အခင်း,အကာစသည်တို့မှာ မိမိရာမည်နှင့် မိမိရှိကြပြီးဖြစ်၍ ဘယ်ဟာကိုမျှ အိမ်ဟုမခေါ်နိုင်ပါ။

မေး ဤကဲ့သို့ဖြစ်လျှင် အိမ်ဆိုတာ ရှာ၍တွေ့ပါရဲ့လား အိမ်ရှိပါရဲ့လား။

ဖြေ အိမ်ဆိုတာ ရှာမတွေ့ပါ၊ အိမ်မရှိပါ၊ ရှင်းတို့ အစု အပေါင်းကို အိမ်ဟုခေါ်ရခြင်းဖြစ်သည်ကိုသာ သိရပါသည်။

မေး လူများနေထိုင်ကြသော အိမ်တလုံးကို ဘုန်းကြီးများကို လှူလိုက်၍ ဘုန်းတော်ကြီးများ တက်ရောက်သီတင်းသုံးနေထိုင်တော် မူကြသောအခါ ၎င်းအိမ်ကို ဘာခေါ်မည်လဲ။

ဖြေ ဘုန်းတော်ကြီးများကိုလှူ၍ ၎င်းတို့သီတင်းသုံး နေထိုင်တော်မူကြသဖြင့် ကျောင်းဟုခေါ်ရပါမည်။

မေး ၎င်းကျောင်းကို ဘုန်းကြီးများက စွန့်ခဲ့ပြန်သဖြင့် ၎င်းအဆောက်အဦးခွဲ လူတကာတည်းခိုနေထိုင်ကြပြန်သော် ၎င်းကိုဘာခေါ်ရမည်နည်း။

ဖြေ ဤကဲ့သို့ ခိုကိုးရာမဲ့ကြသောလူများ တည်းခိုနေထိုင်ရသဖြင့် ဇရပ်ဟုခေါ်ရပါသည်။

မေး ဤကဲ့သို့ဖြစ်လျှင် အိမ်,ကျောင်း,ဇရပ်ဟု တကယ်ရှိတာလား၊ သို့မဟုတ် အသုံးချရပုံကိုလိုက်၍ ခေါ်ရတာလား။

ဖြေ အိမ်,ကျောင်း,ဇရပ်ဟု အသုံးချရပုံကိုလိုက်၍ ခေါ်ရရုံဘဲဖြစ်ပါသည်။ အကယ်ရှိကြသည်မဟုတ်ကြောင်း သိရှိနားလည်ကြပါသည်။

ဤကဲ့သို့ သိမြင်ခြင်းသည်လည်း အဝိဇ္ဇာမာန ပညတ်ကိုသိရပုံတမျိုးဖြစ်သည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်၍ မှန်တာကိုသိရခြင်း မှန်တာကိုရောက်ရခြင်းပေတည်း။

(၀) ဥပမာ

မေး ချည်လုံချည်ဆိုသော အထည်အဝတ်မှ ချည်ပင်တခုစီ တခုစီ ထုတ်ယူပစ်သောအခါ လုံချည်ပါပါလာသလား။

ဖြေ လုံချည်ဟူသော အထည်မှချည်ပင်များကို တခုစီထုတ်ယူ လိုက်သောအခါ လုံချည်ပါမလာပါ။

မေး ချည်ပင်အားလုံးကို နုတ်ယူ၍ ကုန်သောအခါ လုံချည် ရှိပါသေးသလား။

ဖြေ ချည်ပင်အားလုံးကို နုတ်ယူပြီးသောအခါ လုံချည်မကျန် မရှိတော့ပါ။

မေး ဤကဲ့သို့မရှိခြင်းသည် အဘယ်ကြောင့်ပါနည်း၊ စဉ်းစား၍ဖြေပါ။

ဖြေ လုံချည်ဆိုသည်မှာ ခေါ်ရုံသာ ခေါ်ရပါသည်၊ ရှိသော တရားမဟုတ်ပါ၊ ၎င်းချည်ပင်များကို ယက်ထားသော အစုအပေါင်းကို ခါးမှာဝတ်၍ လုံချည်ဟု ခေါ်ဆိုရပါသည်၊ ၎င်းလုံချည်ကိုဖျက်၍ အင်္ကျီ ခေါင်းပေါင်းပြုလုပ်လျှင်လည်း ထို့အတူပင်။

(ဆ) ဥပမာ

ပညတ်၏သဘောကို ဉာဏ်အမြင်ပေါက်အောင် နားလည်သည်, နားမလည်သည်ကို အောက်ပါ အမေး အဖြေ မျိုးဖြင့် ဉာဏ်စမ်းပြုလုပ် မေးအပ်၏။

မေး ၎င်းလုံချည်ဟူသော အထည်အဝတ်မှာ ချည်ပင်များကို ပေါင်းစပ်၍ ယက်ထားသော အစုအပေါင်းကို ခါးမှ

ဝတ်ဆင်၍ လုံချည်ဟု ခေါ်ဆိုရကြောင်းကို သိကြရပြီ၊ ၎င်းကို ကတ်ကျေးနှင့်ညှပ်၍ ကိုက်သောအခါ ပြတ်သွား၏။ ဘာပြတ်သနည်းဟုမေးသော်....

ဖြေ လုံချည်ပြတ်သွားသည်ဟုဖြေလျှင်မှား၏၊ အထည်အဝတ် ပြတ်သွားသည်ဟုဖြေလျှင်လည်းမှား၏၊ အဘယ်ကြောင့် ဆိုသော် လုံချည် အထည်အဝတ် စသည်တို့မှာ ခေါ်ရုံသာ ခေါ်ကြရ၏၊ တကယ်ရှိကြသည် မဟုတ်၍ မရှိသောတရားက မဖြစ်နိုင်၊ လုံချည်ပြတ်သည်ဟုမဆိုနိုင်။

၎င်းအစု အဝေးမှာ ချည်ပင်တွေ့စုနေသော အစုအဝေးမျှသာဖြတ်၍ ချည်ပင်တွေ့ပြတ်သည်ဟုဖြေမှ မှန်နိုင်ပေသည်။ ဝေါဟာရ ပြောရုံဆိုရုံအတိုင်း လုံချည်ပြတ်သည် အင်္ဂါစုတ်သည် စသည်ဖြင့် တင်စား ပြောမှုဆိုမှုကို မဆိုလို၊ အမှန်အတိုင်းကိုသာ ဖြေဆိုရာ၏။

ပရမတ်သဘောနှင့် ရှုကြည့်ဆင်ခြင်ပြန်သော် ချည်ပင်တွေ့စုနေ၍ ချည်ပင်ပြတ်သည်ဟုပင် အကြမ်းအားဖြင့် အဖြေမှန်သည်ဟုပင် ဆိုရပြီးသော်လည်း အမှန်တကယ်မဟုတ်သေးပေ၊ ချည်ပင်ဆိုသည်မှာလည်း ခေါ်မှုပညတ်ဘဲဖြစ်၏။

စင်စစ်မှာ ကလာပ်တွေ့စုပေါင်းနေသည်ကို ချည်ပင်ဟုခေါ်ရ၏၊ ထို့ကြောင့် ကလပ်တွေ့ ကဲ့သွားသည်, ကွာသွားသည်ဟုသာ ယူဆရာ၏၊ ကလာပ်ပေါင်းကို ပြသောအခန်းတွင် ပိုမိုနားလည်အောင် ဖော်ပြပါအုံ့။

မေး မြင်သည်, မြင်သည်ဟုဆိုကြရာ၌ ပရမတ်ကို မြင်သလော သို့မဟုတ် ပညတ်ကိုမြင်သလော။

ဖြေ ပညတ်ကိုမြင်သည်။

ဤသို့ ဖြေလျှင်လည်း မှားမည်။ အဘယ်ကြောင့် ဆိုသော် ပညတ်ဆိုသည်မှာ ခေါ်မှု သမုတ်မှု အမည်မှည့်မှုသာဖြစ်၍ မရှိသောတရားဖြစ်သဖြင့် မရှိသည်ကို မမြင်အပ်သောကြောင့် ၎င်းအဖြေမျိုးမှာ မှားလတ္တံ့။ လူကိုမြင်သည်, ယောကျ်ား, မိန်းမ, ခွေး, ကြောင်, ကြက်, ငှက်, ဝတ္ထု, အထည်ဒြပ်အားဖြင့် တုံး, တိုင်, သစ်ပင်, တော, တောင်စသည်တို့ကို မြင်သည်ဆိုရာလည်း မှားလတ္တံ့။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တကယ်ရှိကြသည်မဟုတ်။ ခေါ်မှုဘဲဖြစ်၏။

စင်စစ်မှာ မြင်မြင်သမျှ အဆင်းတည်းဟူဘောပရမတ်ကိုသာ သူသူ, ငါငါ လူတကာ သတ္တဝါတိုင်းက မြင်ကြ၏။ တိုအဆင်းတည်းဟူသော ပရမတ္ထကို ပရမတ်ဟု မသိမမြင်နိုင်သေးသည့်အခါ လူ, တိရစ္ဆာန်, ဝတ္ထုဒြပ် စသည်ဖြင့် အဝိဇ္ဇာမောဟကြောင့် ပညတ်ကို မြင်သည်ဟု ယူဆတတ်၏။ တရား သဘာဝ ပညတ်၏အကြောင်းကို သိရှိနားလည် လာသောအခါ လောကဝေါဟာရအားဖြင့် မည်သူ,မည်ဝါကို မြင်သည်။ ခွေး,ကြောင်, ဝတ္ထုဒြပ်ကို ဘယ်ဟာ, ဘယ်အဆင်းကို မြင်ပါသည်ဟု သုံးနှုန်းခေါ်ဝေါ် ပြောဆိုသော်လည်း တင်စားပြောဆိုခြင်းမျှ ဖြစ်သည်။

စင်စစ် မြင်ခြင်းမှာ အဆင်း တည်းဟူသော ပရမတ်တွေ စက်စပ်နေသည်ကိုသာ မြင်သည်ဟု တွေးတော စဉ်းစားတိုင်း အမှန်ကို သိရာ၏။ ခေါ်ရခြင်းမျှ ဖြစ်ပါသည်။ တကယ်ရှိသည်ဟုတ်ပါ။

မေး ၎င်းလုံချည် ဟူသော ချည်ပင်များ အစုအပေါင်းကို ကိုယ်မှာဝတ်ဆင်သောအခါ ဘာခေါ်မည်လဲ။

ဖြေ ၎င်းလုံချည် အထည် ဟူသော ချည်ပင်များ အစုအပေါင်းကို ကိုယ်မှာ ဝတ်ဆင်သောအခါ အင်္ကျီဟု ဆိုရပါသည်။

မေး ထိုအထည်တည်းဟူသော ချည်ပင်များ အစုအပေါင်းကို ဦးခေါင်းတွင် ရစ်ပတ်သောအခါ ဘာခေါ်ပါမည်လဲ။

ဖြေ ၎င်းအထည်ကို ခေါင်းမှာ ပေါင်းသောအခါ ရစ်ပတ်သောအခါ ခေါင်းပေါင်းဟု ခေါ်ပါသည်။

မေး ဤကဲ့သို့ဖြစ်လျှင် လုံချည်, အင်္ကျီ, ခေါင်းပေါင်းစသည်တို့မှာ တကယ် ရှိကြတာလား။ အသုံး ချပုံကို လိုက်၍ ခေါ်ရတာလား။

ဖြေ လုံချည်-အင်္ကျီ-ခေါင်းပေါင်း စသည်တို့မှာ ခေါ်ရုံသာ ခေါ်ကြ ရပါသည်။ တကယ်ရှိကြသော တရားများ မဟုတ်ပါ။ အသုံးကျဟန်ကိုလိုက်၍ ခေါ်ကြရရုံမျှ ဖြစ်ပါသည်။

ဤကဲ့သို့ သိမြင်ရခြင်းသည်လည်း အဝိဇ္ဇမာန ပညတ်ကို သိရပုံတမျိုး ဖြစ်ပြီးသော် သမ္မာဒိဋ္ဌိဉာဏ်ဘဲ ဖြစ်ရ၍ အမှန်ကို သိရခြင်း အမှန်ကို အသိရောက်ရခြင်း ပေတည်း

ပညတ်၏သဘော အဓိပ္ပါယ်များကို ဤမျှလောက် ဥပမာ အမျိုးမျိုးဖြင့် ပြသရပါ၍ ခေါ်မှုသက်သက်ပေတဲ့။ တကယ်ရှိကြတာ မဟုတ်ကြပေဟု ဉာဏ်မြင်ပေါက်ရသဖြင့် ဤသြကာသ လောကဟူသော ကမ္ဘာပေါ်တွင် တကယ်အဟုတ် ရှိကြသည်ဟု

ဘယ်တော့ ဘယ်အခါဆုံးမည်ဟု မည်သူမျှမပြောနိုင်။ ထိုအတောမသတ် ရှည်လျားလှသော ဌာနတွင် ဖြစ်ပေါ်ကြရသမျှ မည်သည့် အစုအဝေးမဆို ဖြစ်ပေါ်ပြီး ပျက်ကြရမှာချည်းဘဲ။ ကမ္ဘာတွေတောင် မရေမတွက်နိုင်အောင် ဤလိုပျက်ခဲ့ရသည်တို့ကို ဥာဏ်အမြင်ပေါက်အောင် တွေးတောယူဆရာ၏။

၅။ ကောဋ္ဌာသအကြောင်း (အဝိဇ္ဇမာနပညတ် အဆက်)

ကိုယ်ဟုသမုတ်အပ်သော ခန္ဓာအစုအဝေးခု သုတ္တန်နည်းအတိုင်း ပါဝင်သော အစုအပေါင်းမှ

၁။ ဆံပင်
၂။ မွေးညှင်း
၃။ ခြေးသည်း, လက်သည်း
၄။ သွား
၅။ အရေ
၆။ အသား
၇။ အကြော
၈။ အရိုး
၉။ ရိုးတွင်းခြင်ဆီ
၁၀။ အညှိ
၁၁။ နှလုံး
၁၂။ အသည်း
၁၃။ အမြှေး
၁၄။ အဖုကြီး
၁၅။ အဆုတ်
၁၆။ အူမ
၁၇။ အူသိမ်
၁၈။ အစာသစ်
၁၉။ အစာဟောင်း
၂၀။ ဦးကျောက်

အားဖြင့် ခက်မာသော အမျိုး (၂၀) ရှိ၏။

အရည်ဟုခေါ်သော အမျိုး (၁၂) ပါးမှာကား

၂၁။ သည်းခြေ
၂၂။ သလိပ်
၂၃။ ပြည်

၂၄။ သွေး
၂၅။ ချွေး
၂၆။ အဆီခဲ
၂၇။ မျက်ရည်
၂၈။ ဆီကြည်
၂၉။ တံတွေး
၃၀။ နှပ်
၃၁။ အစေး
၃၂။ ကျင်ယိ

အားဖြင့် ခက်မာသောအခြင်းအရာ ၂၀-နှင့် အရည်ဟုခေါ်ဆိုအပ်သောအခြင်းအရာ ၁၂-ပေါင်း ၃၂-ပါးတို့ ပေါင်းစပ်နေသော အစုအဝေးတည်း။

မေး ထိုသုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသ အစုအဝေးတွင် ခက်မာသော အခြင်းအရာ ၂၀-မှ အဘယ်အခြင်းအရာကို ငါဟူ၍ရင်း, သူဟူ၍ရင်း, လူ,ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်သတ္တဝါဟူ၍ရင်း ခေါ်စရာတွေ့ရှိပါသလား။

ဖြေ ငါ,သူတပါး, ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်သတ္တဝါဟု ထိုအစုအဝေးမျှားတွင် ရှာမရပါ။ မိမိအမည်နှင့် မိမိရှိကြပြီးသားချည်းပါ။

မေး ထိုအခြင်းအရာ ၂၀-မှ ငါ, သူ,ယောကျ်ား,မိန်းမစသည် ရှာ၍မရလျှင် အရည်ဟုခေါ်ဆိုအပ်သော အခြင်းအရာ ၁၂-ပါးမှာ ရှာရပါသလား။

ဖြေ အရည်ဟု ခေါ်ဆိုအပ်သော အခြင်းအရာ ၁၂-ပါးမှာလည်း ငါ,သူ,လူစသည်တို့ကို ရှာ၍မရပါ။

မေး ဤကဲ့သို့ဖြစ်ပါလျှင် ကိုယ်ဟူသမျှတ်အပ်သော ၎င်း ၃၂ ပါးသော ကောဋ္ဌာသ အစုအဝေးကို ငါ, သူ, လူ,

ယောကျား, မိန်းမ စသည်ဖြင့် ခေါ်ရုံသာ ခေါ်နိုင်၏။ တကယ်ရှိသောတရားပါလား။

ဖြေ ၎င်း ၃၂-ပါးသော အပေါင်းအစုကို ငါ, သူ, လူ, ယောကျား, မိန်းမဟူ၍ ခေါ်ရုံသာ ခေါ်နိုင်ပါသည်။ တကယ်ရှိသောတရား မဟုတ်ပါ။

ဤကဲ့သို့ ခေါ်သာခေါ်ရသည် ရှိသောတရား မဟုတ်ဟု အမှန်သိခြင်းကို သမ္မာဒိဋ္ဌိဉာဏ် ဝိဇ္ဇာဉာဏ်ဟု ခေါ်သည်။ ကိုယ်ဟု သမုတ်အပ်သော ခန္ဓာကိုယ်ခေါ်သော အဝိဇ္ဇမာန ပညတ်ကို သိပုံတမျိုးပေတည်း။ မရှိတာကိုခေါ်သော ပညတ် တမျိုးပေတည်း။ လောကဌ် ဝေါဟာရအားဖြင့် ခေါ်ခြင်း သမုတ်ခြင်း အမည်မှည့်ခြင်းစသော ပညတ်အမျိုးမျိုး မရှေ တွက်နိုင်အောင် များပြားလှကုန်သော ပညတ်များကို ဖော်ပြ ရန်မလိုတော့ပေ။

အထက်ပါ က-ခ-ဂ-ဃ-င-စ-မ့ စ၍ ကေဋ္ဌာသ အစု အဝေးနှင့် ဖော်ပြသော ပညတ်အဓိပ္ပါယ်တို့ကို သိရှိနားလည်ရ သဖြင့် လောကတွင်ရှိသမျှ ပညတ်အမျိုးမျိုးကို နားလည်အပ် ကြပေပြီ။

ထို့ကြောင့် ပညတ်တရားကို အကာသဘောကဲ့သို့ အပြင်က ရှိနေသည်ဟူသော မှားသောအယူကို မယူမိအောင် ရှောင်အပ် ပေသည်။ ပညတ်ကပရမတ်ကို ဖုံးသည်ဟုလည်းမယူအပ်။ နဂိုက ဘာမျှမရှိသောပညတ်တရားကရှိသော ပရမတ်တရားကို ဖုံးထား သည်ဟူ၍လည်း မယူအပ်၊ ဤကဲ့သို့ ယူကြပါလျှင် မရှိသော

တရားက ရှိသောတရားကို ဖုံးထားသည်ဟု ယူရာရောက်သော ကြောင့် အလွန်လွဲချော်သော မိစ္ဆာအယူဖြစ်ပေမည်။ စင်စစ် ဖုံးအုပ်ကွယ်ကာသည်မှာ ရှိသောတရားချင်းသာ ဖုံးကွယ်နိုင်၍ မိမိတို့ခန္ဓာ၌ဖြစ်သော အဝိဇ္ဇာတရားကသာလျှင် ဟုတ်မှန်တိုင်း ကို မသိစေရန် ဖုံးကွယ်ထားသည်ဟု မှတ်ယူရပေသည်။

၆။ ဆရာတော် ဦးပဒုမ၏ ပညတ်အကြောင်း

ပညတ်နှင့် ပရမတ်ကို ဖော်ပြရာ၌ လယ်တီဆရာတော်ဘုရား ကြီး၏ တပည့်ကြီး စစ်ကိုင်းတောင်မှာ သီတင်းသုံးတော်မူသော နိုင်ငံကျော် ဓမ္မကထိကဖြစ်တော်မူသော ဆရာတော်ဦးပဒုမ ရေးသားတော်မူသော ပညတ်အကြောင်းစာမှာ အောက်ပါ အတိုင်းပေတည်း။

အကွေ့ယျ သည်နော သတ္တာ၊
အကွေ့ယျသို့ ပတိဋ္ဌိတာ။
အကွေ့ယျ မပရိညာယ၊
ယောဂ မာယန္တိ မစ္စုနော၊

အကွေ့ယျသည်နော၊ ကမ္ဘာဦးသား လူအမျိုးတို့ ၊တင်စား ကော်ရော် ခေါ်ဝေါ်ရုံမျှ ပြောဆိုကြသော၊အတ္တ,ဇီဝ၊ ငါငါ, သူသူ, လူလူ, နတ်နတ် သမုတ်အပ်သည့် ပညတ်ဝေဝုစ် စကား ရှုတ်ကို အဟုတ်လိုပင် အထင်ကြီးမား အသည်းဖျားခ၌ မှတ် မှားခြင်းရှိနေကြကုန်သော။ အကွေ့ယျသို့ ၊ ခေါ်သံငင်သံတက္ခ ဟန်ဖြင့် အသံကြ||ကြ|| ကြားပါမူလည်း ခေါ်သူဘယ်မျှ ရှာမရသည့် တောဝတောင်ယံ ပဲ့တင်သံသို့ လူ,ထံ, နတ်ရှာ

ပြဟ္မာအကုန် အလုံးစုံကို ခေါ်ရုံကာမျှ ခေါ်ဆိုကြသော မိန်းမယောကျား သမျှတိသစ္စာစကား၌။ ပတိဋ္ဌိတာ၊ တဏှာစွန်းငြိ ဒိဋ္ဌိအစဲ့ မြဲကြီးမြဲ၍ ငင်ဆွဲမလွှတ် မပြုတ်မပြေ မြင့်တာရှည် အောင် တည်နေမှောက်မှားကြကုန်သော။ သတ္တာ၊ လူရော, နတ်ပါ ပြဟ္မာအကုန် အလုံးစုံသော သတ္တဝါတို့သည်။ အကွေ့ယျှံ၊ ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောကျား,မိန်းမ ခေါ်သမျှကို။ အပရိညာယ၊ မုချဆတ်ဆတ် ပရမတ်ဖြင့် ငါးရပ်ခန္ဓာ နှစ်ဖြာ ရှုပ်,နာမ် အမှန်ရှိ၏။ ပုဂ္ဂိုလ်သတ္တဝါ ဆိုသည်မှာကား သံလွှာ ခြမ်းမျှ စမ်းမရဘဲ လောကပညတ် ထိမ်းအမှတ်ဟု တတ်အပ် ပိုင်ပိုင် မသိနိုင်ကြ ကုန်သည်ဖြစ်၍။ မစ္စုနော၊ သုံးဆဲ့တဘုံ အလုံးစုံကို အာကုန်ကျက်စား အစိမ်းဝါးသည့် ဆိုးဝါးရှန့်ရင်း ရှင်သေမင်း၏။ ယောဂီ၊ ဝဲ,ယာ,ရှေ., နောက်,ထက်, အောက်, ဇီလာ ဆယ်မျက်နှာတွင် တက်ရာကမ်းဆိပ် ဥာဏ်လမ်းပိတ်၍ ကြိုးထိပ်သွင်းနှောင် ကျဉ်းချုပ်လှောင်သည့် သုံးထောင်ထက်ဝက် ကိလေစက်ဟု ကွန်ရက်မြှုံးတွင်း ထောင်အကျဉ်းသို့။ အာယန္တိ၊ အယုတ်တမာ ဆိုးညစ်စွာသော တံငါသည်မျှား လိမ်းသုတ်ထားသည့် ဆန်းပြားရှုတ်ပွေ့ ကစီရေ(ကြိုက် လျှာလိုလိုက် သည့် ငါးမိုက်ပမာ ရသာချိုမြ မက်ဖွယ်ပြသော ငါးဝအာရုံ ကာမဂုဏ် အမိုက်ဆဲ့သဖြင့် အမြဲမကွာ တကတဲ့သာ လိုက်ရလေ တော့သတည်း

အထက်ပါ ပါဠိအနက်မှာ ပညတ်အကြောင်း အဓိပ္ပါယ် ပေါ်လွင်သဖြင့် အထောက်အပံ့ အကိုးအကားအဖြစ်ဖြင့်ဖော်ပြ ရပေသတည်း။

၇။ ပရမတ်တရားအစကြောင်း

ပညတ်နှင့် ပရမတ်တရားတို့ကို နှိုင်းယှဉ်ပြလို၍ ပရမတ်တရားကို အတိုချုပ် အားဖြင့် ဖော်ပြရသော် အောက်ပါအတိုင်းပေတည်း။

စကြဝဠာအနန္တ၌ ထင်ရှားရှိနေသော တရားဟူသမျှသည် ပရမတ်တရားသာလျှင် ရှိကြပေကုန်၏။ ထိုပရမတ် တရားတို့တွင်

(၁) စိတ်သည် အာရုံကို သိတတ်သောကြောင့် "ဝိညာ့ဏကွန္ဓာ"မည်၏။

(၂) စေတသိက် ၅၂-ပါးတို့တွင် ခံစားတတ်သော ဝေဒနာ စေတသိက် ပရမတ်တရားသည် "ဝေဒနက္ခန္ဓာ"မည်၏။

(၃) မှတ်တတ်သော သညာစေတသိက် ပရမတ်တရားသည် "သညက္ခန္ဓာ"မည်၏။

(၄) ကျန်သော စေတသိက် (၅၀) တို့သည် "သင်္ခါရက္ခန္ဓာ" မည်၏။

(၅) ရုပ်ဟူသမျှသည် "ရူပက္ခန္ဓာ" မည်၏။

ထိုပရမတ်တရားဖြစ်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော ခန္ဓာငါးပါး တရားတို့ ဖြစ်ပေါ် နေသောအခါ ယောဂျိုး, မိန်းမ, လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်သတ္တဝါ စသည်ဖြစ်သည်ဟူ၍ လောကဒ္ဒ အဝိဇ္ဇာတရားဖြင့် အထင်မှားပြီးလျှင် တကယ်ယောဂျိုး, မိန်းမ,ပုဂ္ဂိုလ်သတ္တဝါ၊ လူ,နတ်,ဗြဟ္မာဟူ၍ အယူရှိကြကုန်၏။ ထိုအယူသည် ထင်ရှားရှိသော တရားတို့ကို အမြင်မှား၍ ယူသဖြင့် "သက္ကာယဒိဋ္ဌိ" မည်၏။

ဘုရားပွင့်သောအခါကျမှ ပညာရှင်တို့သည် ဥာဏ်အလင်းကို ရကြကုန်၍ ထင်ရှားမရှိသော ပညတ်တရားကို ထင်ရှားမရှိသော တရားဟူ၍လည်းကောင်း၊ ထင်ရှားရှိသော ပရမတ် စိတ်, စေတသိက်, ရုပ်ဟူသော သခ်ၤါရ သခ်ၤတ တရားတို့ကိုလည်း ဤတရားကား လူ, နတ်, ဗြဟ္မာ, သတ္တဝါစသည်မဟုတ်၊ ထင်ရှားရှိနေသော ပရမတ်တရားဟူ၍လည်းကောင်း သိပြီးလျှင် ဟုတ်မှန်သောအတိုင်း နှလုံးသွင်းနိုင်ကြကုန်၏။ဤသတ္တလောကဌ် စိတ်, စေတသိက်, ရုပ်တည်းဟူသော ခန္ဓာငါးပါး ပရမတ်တရားများ ဖြစ်ပေါ်, ပျက်စီးနေသည်ကို အစဉ်ပြု၍ ယောဂျားဘဲ, မိန်းမဘဲ, ဟု ခေါ်ဝေါ်သမုတ်အပ်ကြောင်းဖြစ်သော ယောဂျား, မိန်းမဟူသော အမည်သည် "နာမပညတ်" ဖြစ်၏။ထိုနာမပညတ်သည် လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ခြင်းမှန်၏။

ထို့ကြောင့် ယောဂျား, မိန်းမဟူသော အမည်သည် "သမ္မုတိသစ္စာ" မည်၏။

ထိုအမည်ကို ယောဂျားဟူ၍ မိန်းမဟူ၍ အမည်နာမမျှသာ တည်းဟု ဟုတ်တိုင်းမှန်စွာ သိသောအခါ နာမပညတ်ကို ဝိဇ္ဇာဥာဏ်ဖြင့်သိသည်မည်၏။ ထိုယောဂျား,မိန်းမအမည်ဘဲဟု ခေါ်သာ ခေါ်ရတာဘဲဟု သိပြီး၍ ပရမတ္ထခန္ဓာ တရားတို့ကို ယောဂျား,မိန်းမဟူသော အမည်ကိုလွန်ပြီးလျှင် ယောဂျား, မိန်းမ တကယ်ဘဲဟုသိလျှင် ထိုအသိမျိုးသည် "အဝိဇ္ဇာအသိ" မည်၏။ အမည်ကိုလွန်၍ နှလုံးသွင်းမှုလည်းမည်၏။ အမည်ကို လွန်၍ စိတ်ကိုပြေးသွားစေမှုလည်းမည်၏။ မသင့်မတင့်နှလုံးသွင်း မှုလည်းဖြစ်၏။ ထိုနှလုံးသွင်းမှုမျိုးကို ဘုရားရှင်သည် တားမြစ် တော်မူအပ်၏။ ဤသို့တားမြစ်သည်၏ အဖြစ်ကိုလည်း။

ဇနပဒနိရုတ္တိ နာဘိနိဝေသေယျ၊ သမည် နာဘိဓာဝယေ" ဟူ၍ တားမြစ်တော်မူလေသည်။

ဇနပဒနိရုတ္တိ၊ ထိုထိုဇနပုဒ်၌ အနက်ကို ထုတ်ဆိုကြောင်း ဖြစ်သော ယောဂျားနှင့် မိန်းမစသောအမည်ကို။ အဘိ၊ အလွန်၊ နနိဝေသေ ယျ၊ နှလုံးမသွင်းရာ။ သမည်၊ ယောဂျားနှင့် မိန်းမစသော လောကဝေါဟာရအမည်ကို။ အဘိ-လွန်၍။ နဓာဝယေ၊ ပြေးမသွားစေရာ။

ဤသို့ ဘုရားတားမြစ်သည်ကိုထောက်၍ လောကဝေါဟာရခေါ်ကြသော အမည်ကိုလွန်၍ မှားသောအယူအာခံသို့ ပြေး၍ မသွားစေရာ။ ဘုရားတားမြစ်တော်မူသည့်အတိုင်း လိုက်နာအပ်သည်ဟု မှတ်အပ်၏။

ဝိဇ္ဇာသိမ္ပာကား ယောဂျားနှင့် မိန်းမဟူသည် အမည်နာမမျှသာတည်း။ စင်စစ် ယောဂျား,မိန်းမဟု တကယ်မရှိဟု သိအပ်ပေ၏။ ထိုသို့ သိသောအခါ ထင်ရှားမရှိသော အတ္တပညတ်ကို ဝိဇ္ဇာဉာဏ်ဖြင့် သိသည်မည်၏။ ယောဂျား,မိန်းမ ရှိသည်ဟု မသိရ။ ခေါ်ရုံသာ ခေါ်ရန် ဖြစ်သည်၊ ဤသို့ မရှိဟုသိလျှင် ဘယ်တရား ရှိသည်ဟု သိရမည် နည်းဟူမူ စိတ်, စေတသိက်, ရူပ်တည်းဟူသော ပရမတ္ထတရားများသာလျှင် ထင်ရှားရှိပေ၏ဟု ဟုတ်တိုင်းမှန်စွာ သိရာ၏။ ထိုသို့ သိကြလျှင် ထင်ရှားရှိသော ပရမတ္ထတရားကို ဟုတ်တိုင်းမှန်စွာ ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ သိသည်မည်၏။

ထို့ကြောင့် ဤနည်းကိုမှီ၍ အလုံးစုံသော ယောဂျား, မိန်းမ, လူ, နာ့ဂ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါဟု ခေါ်ရာဘုံ၌

အမည် နာမပညတ်ကို အမည် နာမ ပညတ်ဘဲ၊ မရှိတာကို ခေါ်သော ပညတ်ဘဲဟု သိအပ်ပေ၏။

ထင်ရှားမရှိသော ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ သတ္တဝါဟူသော သတ္တပညတ်ကို သဘာဝ လက္ခဏာအားဖြင့် မရှိဟူ၍ သိအပ်လေ၏။ ထင်ရှားရှိနေသော စိတ်,စေတသိက်, ရူပ်တည်းဟူသော ပရမတ်တရားတို့ကို သဘာဝ လက္ခဏာအားဖြင့် ထင်ရှားရှိ၏ဟူ၍ သိအပ်ပေ၏။ ထိုသို့သိကြလျှင် ရှိသောတရားကို ရှိ၏ဟူ၍ရင်း၊ မရှိသောတရားကို မရှိဟူ၍ရင်း၊ မရှိသောတရားကို ရှိသောတရား အရှိတရားဟူ၍ရင်း၊ ရှိသောတရားကိုလည်း မရှိဟူ၍ရင်း၊ ကမောက်,ကမ, နှလုံးသွင်းခြင်း မပြုတော့ပေ။ ဤသို့သိကြလျှင် ပညတ်နှင့်ပရမတ် တရားနှစ်ပါးကို ဟုတ်တိုင်း မှန်စွာ သိသည်မည်၏။

ထိုကဲ့သို့ ပညတ်ကို မရှိသောတရားဟု ဉာဏ်အမြင်ပေါက်၍ သိလာလျှင် ဤကမ္ဘာ လောကကြီးရှိ ရှိရှိသမျှသော တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ရတနာ, စိန်, ရွှေ, ပတ္တမြားဟု ခေါ်ဆိုအပ် ကုန်သော ရူပ်အစုအဝေး ဟူသမျှသည် အမည်သည်သာပေတည်း။ ဘာတခုမျှ ဝတ္ထုအနေဖြင့်ရင်း၊ တခုတည်း အနေဖြင့်ရင်း မရှိပေ။ သတ္တလောကဟု သမုတ်အပ်သော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ရူပ်အစုအဝေး စသည်တို့မှာလည်း တခုတည်း အနေဖြင့် မရှိပေ။ အကောင်အထည်, အရှည်, အတို, အလုံး, အဝိုင်း, အတုံး, အခဲ, အပြား, အမှုံ, အရည်, အဖတ်, စသည်ဟူ၍လည်း မရှိကြောင်း။ ခေါ်ရုံသာ ခေါ်ကြရ၏။ တကယ် သဘာဝ လက္ခဏာအားဖြင့် ရှိကြသော တရားမဟုတ်ကြောင်းကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် အမြင်ပေါက်လာတော့၏။

အကောင်, အထည်, အရှည်, အတို, အလုံး, အပြား, အတုံး, အခဲ, အမှုံ, အရည်, အဖတ် မရှိကြောင်းကို ရှေ့အခန်းများတွင် ဓာတ် (၇) ပါး အကြောင်းကို ပြရာ၌ အကျယ်ပါလာအုံ။

၇။ သမ္မာဒိဋ္ဌိဖြစ်စဉ် မဂ္ဂင်္ဂုဏ်ပါးပါပုံ

ထိုသို့ ပညတ်နှင့် ပရမတ်ကို ဟုတ်တိုင်းမှန်စွာ နှလုံးသွင်းမြင်သိမြင်တိုင်းဖြစ်သော ဝိဇ္ဇာဉာဏ်သည် "သမ္မာဒိဋ္ဌိ" မည်၏။ ပညိန္ဒြေစေတသိက် တရားသည် အာရုံကို ရှာကြောင်းသိမှုစိတ်ဌာယှဉ်၍ဖြစ်၏။ ထိုစိတ်ဌာယှဉ်ကာ ပညိန္ဒြေစေတသိက်ကို သမ္မာဒိဋ္ဌိ မဂ္ဂဟု ဆိုအပ်သည်။

အဘယ်ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂဟု "ခေါ်ဆိုအပ်ပါ သနည်း ဟူမူ ဟုတ်မှန်တိုင်းကို ထိုးထွင်း သိမြင် တတ်သော သမ္မာဒိဋ္ဌိ တရားကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာဖိုးအပ်သောကြောင့်လည်း "မဂ္ဂ" ဟုခေါ်၏။ ၎င်းသမ္မာဒိဋ္ဌိတရားသည် ဟုတ်မှန်သော သဘော တရားကိုသာလျှင် ရှာမှီး တတ်သောကြောင့်လည်း "မဂ္ဂ" ဟု ခေါ်ဆိုရ၏။ ၎င်းသမ္မာဒိဋ္ဌိတရားသည် မိစ္ဆာဒိဋ္ဌိနှင့်တကွ **ကိ**လေသာကို ဖျက်ဆီး၍ အာရုံသို့ရောက်တတ်သောကြောင့်လည်း "မဂ္ဂ" ဟု ခေါ်ဆိုအပ်၏။

မမှန်သောအယူ မိစ္ဆာဒိဋ္ဌိ **ကိ**လေသာကို ပယ်သတ်ဖျက်ဆီးခြင်းက "မ" အဓိပ္ပါယ်ရ၍ မှန်တာကို အသိရောက်၍ သမ္မာဒိဋ္ဌိဖြစ်ရခြင်းက "ဂ" အဓိပ္ပါယ်ရ၏။ ဤကဲ့သို့မှန်တာကို အသိရောက်သောအခါ မမှန်တာကို ယူခြင်းစသော ဒိဋ္ဌိ**ကိ**လေသာနှင့် စိတ်သည်မရောပေါ်ပြူစင်သန့်ရှင်းနေရသဖြင့်အရိယာဟုအဓိပ္ပါယ်မှတ်

ထို့ကြောင့် သမ္မာဒိဋ္ဌိဖြစ်တိုင်း,ဖြစ်တိုင်း အရိယာမဂ္ဂလည်း ဖြစ်ရ၏။ အရိယာနှင့်မဂ္ဂရောသော် အရိယာမဂ္ဂဖြစ်ရ၏။ ထိုမဂ္ဂကိုမြန်မာဘာသာအားဖြင့် မဂ္ဂင်ဟုအသိမျှားကြ၏။ ထိုသမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်တိုင်း,ဖြစ်တိုင်း ကျန်သော မဂ္ဂင်ခုနှစ်ပါးလည်း တပါတည်းအကျုံးဝင်၍ ပါရ၏။

ပါရပုံကား....ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သော ဝိပဿနာနှင့် ယှဉ်သောစိတ်၌ ယှဉ်၍ ဟုတ်မှန်သော အာရုံသို့ရောက်အောင် တင်တတ်သော ဝိတက်စေတသိက်လည်း ပါ၍ရှိ၏။ ထိုပါရှိသောဝိတက်စေတသိက်ကို "သမ္မာသင်္ကပ္ပ"ဟု ခေါ်ဆိုအပ်ပေသည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ ထိုသမ္မာသင်္ကပ္ပမဂ္ဂင်ကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်း မဂ္ဂင်ဟုခေါ်ရ၏။ မိစ္ဆာသင်္ကပ္ပနှင့်ယှဉ်သော ကိလေသာကိုဖျက်ဆီး၍ ဟုတ်မှန်သောအာရုံကို အာရုံပြု၍ ရောက်တတ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ဆိုအပ်သည်။ ၎င်းသမ္မာသင်္ကပ္ပကိုပင် မိမိနှင့် သမ္မယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို မိစ္ဆာသင်္ကပ္ပကိုဖြစ်စေတတ်သော ကိလေသာတို့မှ ဖြုတ်စင်စေတတ်သောကြောင့် "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်ပေသည်။ မဂ္ဂ၏အဓိပ္ပါယ်မှာ နောက်ကပြုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။ ထပ်၍မပြတော့ပြီ။ ထိုသမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်ခိုက် ကာမဝိတက်မဝင်နိုင်သဖြင့် အဘိဇ္ဈာဖြစ်မှုမရှိဘဲ ကင်းရ၏။ ဗျာပါဒဝိတက်လည်းမကပ်နိုင်၍ ဗျာပါဒကင်းရပြန်၏။ ဗျာပါဒကင်းသဖြင့် ဝိဟိံသ ဝိတက်ကင်းရ၏။ ထိုကဲ့သို့ အဘိဇ္ဈာ, ဗျာပါဒကင်းသော မနောစိတ်သည် လုံခြုံနေရသဖြင့် နှုတ်ကိုလည်း သိမ်းဆည်းရာသို့ကျပေ၏။

ထို့ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သော ဝိပဿနာနှင့်ယှဉ်သော စိတ်၌ ယှဉ်၍ နှုတ်ကိုသိမ်းဆည်းစောင့်ရှောက်တတ်သော သမ္မာဝါစာ စေတသိက် သည်လည်း ပါရှိရ၏။ ထိုပါရှိသော သမ္မာဝါစာ စေတသိက်ကို "သမ္မာဝါစာမဂ္ဂ"ဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်း ဟူမူကား-ထိုသမ္မာဝါစာ တရားကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ဆိုအပ်၏။ မိစ္ဆာဝါစာကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံသို့ ရောက်တတ်သော ကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ဆိုအပ်ပေ၏။ ၎င်းသမ္မာဝါစာမဂ္ဂကိုပင် မိမိနှင့် သမ္မယုတ်ဖြစ်သော စေတသိက် တရားတို့ကို မိစ္ဆာဝါစာ စသော ကိလေသာတို့မှ ဖြုတ်ခြင်းစေတတ်သောကြောင့် "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုပြင် သမ္မာဝါစာ လုံသော စိတ်သည် ကိုယ်ကိုလည်း ကောင်းစွာသိမ်းဆည်းထားရာကျပေ၍ သမ္မာကမ္မန္တ မဂ္ဂင်လည်း ပါရပေသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သော ဝိပဿနာ နှင့် ယှဉ်သောစိတ်၌ ကိုယ်ကို ကောင်းစွာ စောင့်ရှောက်ထား တတ်သော သမ္မာကမ္မန္တ စေတသိက် သည်လည်း ပါရှိပေ၏။ ထိုပါရှိနေသော သမ္မာကမ္မန္တစေတသိက်ကို 'သမ္မာကမ္မန္တမဂ္ဂ" ဟု ခေါ်ဆိုအပ်၏။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ ထိုသမ္မာကမ္မန္တတရားကို ဘုရားအစရှိသော သူတော်ကောင်းတို့ သည် ရှာမှီးအပ်သောကြောင့် "မဂ္ဂ"ဟု ခေါ်ဆို အပ်ပေ၏။ ထို့ပြင် မိစ္ဆာကမ္မန္တ ဖြစ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံကို အာရုံပြု၍ ရောက်တတ် သောကြောင့် လည်း "မဂ္ဂ"ဟု ခေါ်ဆိုအပ်ပေသည်။ ၎င်းသမ္မာကမ္မန္တ မဂ္ဂင်

ကိုပင် မိမိနှင့် သမ္ဘယုတ်ဖြစ်ကုန်သော စေတသိက် တရားတို့ကို မိစ္ဆာကမ္မဋ္ဌာန်းကို ဖြစ်စေတတ်သော ကိလေသာတရားတို့မှ ဖြူစင်စေတတ်သောကြောင့် "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

နှုတ်ကိုစောင့်ရှောက်သော သမ္မာဝါစာနှင့် ကိုယ်ကိုကောင်းစွာစောင့်ရှောက်ထားတတ်သော သမ္မာကမ္မန္တဖြစ်သော် အသက်မွေးမှုနှင့်စပ်၍ စင်ကြယ်သဖြင့် သမ္မာအာဇီဝ မဂ္ဂင်လည်း ဖြစ်ရ၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်သော ဝိပဿနာနှင့် ယှဉ်သောစိတ်၌ အသက်မွေးမှုနှင့်စပ်သော ကာယကံသုံးပါးနှင့် ဝစီကံလေးပါး ပေါင်းဒုစရိုက် ၇-ပါး မဖြစ်ရအောင် စောင့်စည်းတတ်သော သမ္မာအာဇီဝ စေတသိက်လည်း ပါရှိ၏။ ထိုပါရှိသော သမ္မာအာဇီဝ စေတသိက်ကို "သမ္မာအာဇီဝမဂ္ဂ"ဟု ခေါ်ဆိုအပ်၏။ အဘယ်ကြောင့် ခေါ်ဆိုအပ် သနည်းဟူမူ ထို သမ္မာအာဇီဝ မဂ္ဂကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်အပ်၏။ မိစ္ဆာအာဇီဝကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံကို အာရုံပြု၍ ရောက်တတ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ဆိုရပေသည်။ ထိုသမ္မာအာဇီဝမဂ္ဂကိုပင် မိမိနှင့် သမ္ဘယုတ်ဖြစ်ကုန်သော စိတ်,စေတသိက် တရားတို့ကို မိစ္ဆာအာဇီဝကို ဖြစ်စေတတ်ကုန်သော ကိလေသာတို့မှ ဖြူစင်စေတတ်သောကြောင့် "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်ပေသည်၊

ထိုသမ္မာဒိဋ္ဌိ ဖြစ်ရခြင်းမှာ ဝိရိယလည်း ကူသဖြင့် သမ္မာဝါယာမလည်း ပါရ၏။ ထိုသမ္မာဒိဋ္ဌိ ဖြစ်သော ဝိပဿနာနှင့် ယှဉ်သောစိတ်၌ယှဉ်၍ အားထုတ်တတ်သော ဝိရိယစေတသိက်လည်း ပါရှိ၏။ ထိုပါရှိသော စေတသိက်ကို သမ္ဘာဝါယာမ,

မဂ္ဂင်'ဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ ထိုသမ္မာဝါယာမ တရားကို ဘုရား အစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်း "မဂ္ဂ" ဟု ခေါ်ဆိုအပ်ပေသည်။ ၎င်းသမ္မာဝါယာမ တရားသည် ဟုတ်မှန်သောတရားကို ရှာမှီးတတ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ရသည်။ မိစ္ဆာဝါယာမကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံကို အာရုံပြု၍ ရောက်တတ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်အပ်လေသည်။ ထိုသမ္မာဝါယာမ မဂ္ဂကိုပင် မိမိနှင့် သမ္မယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို မိစ္ဆာဝါယာမကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေတတ်သောကြောင့် "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုသမ္မာဒိဋ္ဌိဖြစ်ရခြင်းမှာ အောက်မေ့တတ်သောသတိလည်း ပါဝင်၏။ ၎င်းသမ္မာဒိဋ္ဌိမဂ္ဂဖြစ်သော ဝိပဿနာနှင့် ယှဉ်သော စိတ်၌ ယှဉ်၍ ဟုတ်မှန်သော အာရုံကို အောက်မေ့တတ်သော သတိစေတသိက်သည်လည်း ပါရှိ၏။ ထိုပါရှိသော သတိစေတသိက်ကို "သမာဓိမဂ္ဂ"ဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ ထိုသမ္မာသတိ တရားကို ဘုရားအစရှိသော သူတော်ကောင်းတို့ ရှာမှီးအပ်သော ကြောင့်လည်း "မဂ္ဂ"ဟု ခေါ်ရလေသည်။ ၎င်းသမ္မာသတိတရားသည် ဟုတ်မှန်သောတရားကို ရှာမှီးတတ်သောကြောင့်လည်း "မဂ္ဂ"မိစ္ဆာသတိကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံကို အာရုံပြု၍ ရောက်တတ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်အပ်လေသည်။ ထိုသမ္မာသတိမဂ္ဂကိုပင် မိမိနှင့် သမ္မယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို ကိလေသာတို့မှ

ဖြစ်စင်စေတတ်သောကြောင့်လည်း "အရိယာမဂ္ဂ"ဟုခေါ်ဆိုအပ်လေသည်။

ထိုသမ္မာဒိဋ္ဌိဖြစ်ရခြင်းမှာ စိတ်ကိုမပြန့်မလွင့် တည်စေသော သမ္မာ သမာဓိလည်း အတူပါရ၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂ ဖြစ်သော ဝိပဿနာနှင့် ယှဉ်သော စိတ်ဌာယှဉ်၍ ဟုတ်မှန်သော အာရုံ၌ သမ္မယုတ်တရားတို့ကို မပြန့်မလွင့်တည်စေတတ်သော ဧကဂ္ဂတာ စေတသိက်စသည်လည်း ပါရှိ၏။ ထိုသို့ပါရှိသော ဧကဂ္ဂတာ စေတသိက်ကို "သမ္မာသမာဓိမဂ္ဂ"ဟု ခေါ်ဆိုအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား....ထိုသမ္မာ သမာဓိတရားကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်း "မဂ္ဂ"ဟု ခေါ်အပ်၏။

ဤ သမ္မာသမာဓိတရားသည် ဟုတ်မှန်သောတရားကို ရှာမှီးတတ်သောကြောင့်လည်း "မဂ္ဂ" မိစ္ဆာသမာဓိကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၍ ဟုတ်မှန်သော အာရုံကို အာရုံပြု၍ ရောက်တတ်သောကြောင့်လည်း "မဂ္ဂ" ဟုခေါ်ဆိုအပ်လေသည်။ ဤသမ္မာသမာဓိကိုပင် မိမိနှင့် သမ္မယုတ်ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့ကို ကိလေသာတို့မှ ဖြစ်စင်စေတတ်သောကြောင့်လည်း "အရိယာမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ ထိုမဂ္ဂကို "မဂ္ဂင်"ဟု အခေါ်မျှားပေ၏။ ဤမဂ္ဂင်သည် စိတ်မှာယှဉ်၍ ဖြစ်ရသော စေတသိက် တရား အပေါင်းတွင် ကိလေသာ သတ်နိုင်, ပယ်နိုင်သဖြင့် ဗိုလ်မှူးနှင့် တူပေ၏။ ရှစ်ပါးရှိသဖြင့် အဋ္ဌင်္ဂိကမဂ္ဂ မဂ္ဂင်ရှစ်ပါးဟု ခေါ်ဆိုရလေသည်။

စင်စစ်မှာ တရားအားထုတ်ကြရာတွင် သမထကို အခြေခံ၍ ကျင့်သောလမ်းကို "သမထယာနိကလမ်း" ဝိပဿနာကို အခြေခံပြု၍ အားထုတ်သောလမ်းကို "ဝိပဿနာယာနိကလမ်းဟု ခေါ်သည်။ ထို ၂-သွယ်မှာ ဝိပဿနာကလည်း သမာဓိပါရ၍ ခဏိကသမာဓိဟု ခေါ်၏။ သမထမပါဘဲ ဝိပဿနာ မဖြစ်ဟု ဆိုလိုပေသည်။

၉။ မဂ္ဂင်ရှစ်ပါးတွင် သိက္ခာသုံးပါပုံ

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးကို "အဓိ ပညာ သိက္ခာ" ဟု ခေါ်ဆိုအပ်ပေသည်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကို "အဓိသီလသိက္ခာ" ဟု ခေါ်ဆိုအပ်ပေသည်။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-ဤမဂ္ဂင်သုံးပါးကို အဓိစိတ္တသိက္ခာဟု ခေါ်ဆိုအပ်လေသည်။ ထိုကြောင့် မဂ္ဂင်ရှစ်ပါးဖြစ်ရာတွင် သီလ,သမာဓိ, ပညာ, သိက္ခာသုံးပါးပါ တပါတည်း ပါလေသည်။ အနုသယ, ပရိယုဋ္ဌာနနှင့် ဝိတိက္ကမဟူသော **ကိ**လေသာသုံးပါးကို သီလ,သမာဓိ, ပညာ, တည်းဟူသော သိက္ခာသုံးပါးနှင့် ပယ်သတ်နိုင်လေသည်။

မဂ္ဂင်ရှစ်ပါးဝေဖန်ပုံ

မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးဖြင့် ဝေဖန် ရေတွက်၍ အထက်က ဖော်ပြခဲ့ပြီ။ ထိုသိက္ခာ သုံးပါးတွင် သီလသိက္ခာကို "သီလက္ခန္ဓ" ဖြင့်ရင်း၊ သမာဓိသိက္ခာကို "သမာဓိက္ခန္ဓ" ဖြင့်ရင်း၊ ပညာသိက္ခာကို "ပညက္ခန္ဓ" ဖြင့်ရင်း ရေတွက် အပ်ပေသည်။ ထို့ပြင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင်တရား နှစ်ပါးကို

ဝိဇ္ဇာတရားဖြင့်ရင်း၊ သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ ရင်းပြင် သမ္မာဝါယာမ, သမ္မာသတိနှင့် သမ္မာသမာဓိမဂ္ဂင် ဤ တရား ၆-ပါးကို "စရဏ" တရားဖြင့်ရင်း ရေတွက်အပ်ပါသည်။ ထိုပြင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင်တရားနှစ်ပါးကို "ဝိပဿနာ ဃာယာဉ်" ဖြင့်ရင်း၊ ကျန်သော ခြောက်ပါးသော မဂ္ဂင်တရားတို့ ကို "သမထယာဉ်" ဖြင့်ရင်း ရေတွက်အပ်ပါသည်။

၁၀။ ဝိသုဒ္ဓိခုနစ်ပါးအကြောင်း

ဤဝိပဿနာရှုနည်း တရားစာကို ဝိသုဒ္ဓိအစဉ်အတိုင်း ဖော်ပြ ရသော် အောက်ပါအတိုင်းပေတည်း။

၁။ သီလဝိသုဒ္ဓိ .... သီလအထူးစင်ကြယ်ခြင်း။

၂။ စိတ္တဝိသုဒ္ဓိ .... သမာဓိ တည်ခြင်းဌာ အထူးစင် ကြယ်ခြင်း။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ .... ရုပ်, နာမ်တို့၏ သဘောကို သိမြင် ရာဌာ အထူးစင်ကြယ်စွာသိမြင်ခြင်း။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ... ယုံမှားခြင်းကို လွန်မြောက် ၍ အကြောင်းအကျိုးသိမ်းဆည်း၍ အထူးစင်ကြယ် စွာသိမြင်ခြင်း။

၅။ မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ....မဂ်, ဖိုလ်ရရန် လမ်း ကြောင်း ဟုတ်မှန်သည်ကိုလည်းကောင်း, မဟုတ် မမှန်သည်ကိုလည်းကောင်း သိမြင်ခြင်းဌာ အထူးစင် ကြယ်ခြင်း။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ.... အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ်သုံးပါးနှင့် အသုဘ ကို အထူးသိမြင်၍ အကျင့်၏စင်ကြယ်ခြင်း။

၇။ ဉာဏဒဿနဝိသုဒ္ဓိ.... နိဗ္ဗာန်ကိုအထူးသိမြင်၍ ဉာဏ်၏စင်ကြယ်ခြင်း။

အထက်ပါ ဝိသုဒ္ဓိခုနစ်ပါးတွင် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်ပါးမှာ သာသနာပ အခါတွင်လည်း ရှိ၏။ ဒါန, သီလ, သမထဘာဝနာကို အရင်းထား၍ သတ္တဝါတို့သည် လူ, ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတည်းဟူသော ဘုံသုံးပါးတွင် ဖြစ်ပေါ်ကြရန် တဏှာ ဖြင့် တောင့်တပြီးသော် ဒါန, သီလနှင့် သမာဓိတရားများကို အားထုတ်ကြရလေသည်။ ထို့ကြောင့် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်ပါးသည် ဘုရားမပွင့်သော အဗုဒ္ဓကာလ သာသနာပတွင် လည်း ရှိစမြဲပေတည်း။ ဘုရားပွင့်တော်မူသောအခါ သာသနာ တော်တွင်းမှာလည်း ဤဝိသုဒ္ဓိနှစ်ပါး ရှိသည်ပြင် နောက်ဝိသုဒ္ဓိ ၅-ပါးတို့မှာ (ဒိဋ္ဌိဝိသုဒ္ဓိကစ၍ ဉာဏဒဿန ဝိသုဒ္ဓိအထိ) ဘုရား ရှင်ဟောတော်မူမှ သိရသော ဝိသုဒ္ဓိများပေတည်း။ ဝိပဿနာ တရားတွင် သုံးပိုင်းပါရှိ၏။

ရင်းသုံးပိုင်းမှာ....

(၁) ဉာတပရိညာ
(၂) တီရဏပရိညာ
(၃) ပဟာနပရိညာ

အသေးခြွင်း ပရိညာ သုံးပိုင်း ခွဲထားရာ သီလဝိသုဒ္ဓိက စ၍ ကခ်ေါ်ဝိတရဏ ဝိသုဒ္ဓိအဆုံး သုဒ္ဓိလေးပါးကို "ဉာတပရိညာခန်း"

ဟု ခေါ်၏။ ရုပ်,နာမ်ကို အထူးစင်ကြယ်စွာ သိမြင်၍ အကြောင်းတရား, အကျိုးတရားကို သိမ်းဆည်းပြီး အထူးသိမြင်ခြင်းကို ဆိုလိုသည်။ ထိုအခန်းတွင် ဉာဏ်အားဖြင့်....

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်
(၂) ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ဉာဏ်ရ၏။

အမှတ် ၅-နှင့် ၆-ဝိသုဒ္ဓိနှစ်ပါးကို "တီရဏပရိညာခန်း" ဟု ခေါ်ရ၏။ ဉာဏ်အားဖြင့်....

(၃) သမ္မသနဉာဏ်
(၄) ဥဒယဗ္ဗယဉာဏ်
(၅) ဘင်္ဂဉာဏ်
(၆) ဘယဉာဏ်
(၇) အာဒီနဝဉာဏ်
(၈) နိဗ္ဗိဒါဉာဏ်
(၉) မုဉ္စိတုကမ္မတာဉာဏ်
(၁၀) ပဋိသင်္ခါဉာဏ်
(၁၁) သင်္ခါရုပေက္ခာဉာဏ်
(၁၂) အနုလောမဉာဏ်

ဟူ၍ ဤအခန်းတွင် ဉာဏ် ၁၀-ပါးပါဝင်၏။

ဉာဏဒဿန ဝိသုဒ္ဓိ ခန်းကို "ပဟာန ပရိညာခန်း" ဟု ခေါ်၏။

(၁၃) ဂေါတြဘူဉာဏ်
(၁၄) မဂ်ဉာဏ်
(၁၅) ဖိုလ်ဉာဏ်

(၁၆) ပစ္စဝေက္ခဏာဥာဏ်

ရင်း ဥာဏ်လေးပါး ပါဝင်၏။ အားလုံးပေါင်း ဥာဏ် ၁၆ ပါးပေတည်း။

ပဟာန ပရိညာသည် ဥာဏဒဿန ဝိသုဒ္ဓိအခန်းကို ခေါ်ရသော်လည်း ဘင်္ဂဥာဏ်ကစ၏။ စင်စစ်မှာ ဥာတပရိညာခန်းမှာပင် ပါခဲ့၏။ ဝိပဿနာတရားမှာ ဝိသုဒ္ဓိအစဉ်အပေါင်း ပါဝင်ရ၍ ရှေ့အခန်းများတွင် တရားသား ပြရာ၌လည်း ဝိသုဒ္ဓိအစဉ်ကို ပေါင်း၍ ပြရမည်ဖြစ်သဖြင့် ဤဝိသုဒ္ဓိ ၇-ပါးကို အထက်ပါအတိုင်း အကျဉ်းအမြက်မျှသာ ဤအခန်းတွင် ဖော်ပြရပေသည်။ ရှေ့တရားသား ပြခန်းများတွင် ဝိသုဒ္ဓိ ဆိုင်ရာ,ဆိုင်ရာ အကျယ်ပါလာပါလိမ့်မည်။

၁၁။ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ

ဝိပဿနာတရားကို အားထုတ်ရာ သီလမှာ အရင်းခံဖြစ်၏။ သမာဓိမရှိဘဲ စိတ်မတည်ဘဲနှင့်လည်း အမှန်ကိုမသိမြင်နိုင်သဖြင့် စိတ္တဝိသုဒ္ဓိနှင့်လည်း ပြည့်စုံရပေသည်။ ယခုဤတရားစာကို တရားသားပြရာတွင် စတင်ရေးသား ဖော်ပြခဲ့သည်မှာ ပညာ်နှင့် ပရမတ်ကစ၍ ပညတ်အကြောင်းကို အထူးသိမြင် နားလည်နိုင်စေရန် အကျယ်ဖော်ပြ၍ ပရမတ်ကို အကြမ်းအားဖြင့် ပြသခဲ့ရပေသည်။ ရှေ့အခန်းများတွင် ပရမတ်သဘာဝကို အကျယ်ဖော်ပြပါမည်။ ဤအခန်းများသည် "ဒိဋ္ဌိဝိသုဒ္ဓိအခန်း" ပေတည်း။ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိဆိုင်ရာ သီလခန်းများ, သမာဓိခန်းများကို ကျမ်းကျယ်မည်စုံးသဖြင့် အကျယ်မဖော်ပြတော့ဘဲ အမြက်မျှသာ ဖော်ပြခဲ့ပေသည်။

ဝိပဿနာတရားကို လေ့လာလိုက်စား အားထုတ်ကြသော ရဟန်း, ရှင်, လူဟူသမျှမှာ မိမိတို့ဆိုင်ရာ မူလဘူတ ဆောက်တည်နေကျ သီလရှိကြပြီးသား ဖြစ်ကြ၍ အကျယ်ရေးရန် မလိုတော့ပေ။ မူလက သီလမရှိသော ဒုဿီလပုဂ္ဂိုလ်များပင် တရားကိုနာယူနေစဉ်အခိုက် သီလလုံ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခဲ့ကြရကြောင်းကို သက်ဆိုင်ရာ ရှေ့အခန်းများတွင် ဖော်ပြပေအုံ့။ လူများအဘို့မှာ အနည်းဆုံး ငါးပါးသီလ သို့မဟုတ် အာဇီဝဋ္ဌမက သီလကို လုံခြုံအောင် စောင့်ထိန်းရပါသည်။ ဝိပဿနာတရားကို အားထုတ်လိုသူတို့အဘို့မှာ အာဇီဝဋ္ဌမက သီလနှင့် သာ၍ သင့်လျော်ပေသည်။

၁၂။ ဒိဋ္ဌိသုဒ္ဓိ အခန်းဆက် ကလာပ်အကြောင်း

ပဋ္ဌိသန္ဓေ စတင်တည်ရာတွင် ကလာပ်သုံးစည်း ရုပ်သုံးဆယ်က စတည်ရသဖြင့် ဝတ္ထုဒသက ကာယဒသက ဘာဝဒသက အားဖြင့် စ၍တည်ရလေသည်။ ကလာပ်ဆိုသည်မှာ မြန်မာစကားလည်းမဟုတ်၊ ပါဠိစကားလည်းမဟုတ်၊ ကလာပဆိုသော ပါဠိက ဆင်းသက်၍ "ကလာပ်" ဟု ခေါ်ကြသည်။ ကလာပ၏ အဓိပ္ပါယ်မှာ အစုအပေါင်းကို ခေါ်၏။ ဘာအစုအပေါင်း ဘာအစုအဝေးနည်းဟုဆိုသော် ဓာတ်တို့၏ အစုအပေါင်းမျှသာ ဖြစ်၏။ ထိုကလာပ်များက ပေါင်းစပ်စုဝေး၍ ပဋ္ဌိသန္ဓေတည်နေရာ အမိ၏သွေးဖြင့် ဝမ်းတွင်းက "ပဋ္ဌိသန္ဓေ"ဟု ခေါ်သော ရုပ်ကလာပ်စုမှာ နာရီတိုင်း, နေ့တိုင်းပင် တနေ့တခြား တိုးပွါးများပြားသော ရုပ်ကလာပ်စုဝေး ဖြစ်လာရပြီးသော် ၉-လက ကျော် ၁၀-လရောသီသို့ ရောက်သောအခါ ဓမ္မတာသဘောအ

တိုင်း ၎င်းရုပ်ကလာပ်အစုသည် ဖွားမြင်ရပေသည်။ ထိုရုပ်ကလာပ်စု ဖွားမြင်သည်ကိုပင် လောကဝေါဟာရအားဖြင့် ခလေးမွေးသည်ဟု ခေါ်ဆိုကြရ၏။

ထိုသို့ ခေါ်အပ်သော ခလေးသည် တကယ်ရှိသည်မဟုတ်၊ ကလာပ်စုသာရှိ၏။ စင်စစ်မှာ ခလေးမွေးသည်မဟုတ်၊ ကလာပ်စု ဖွားမြင်ခြင်းမျှသာတည်း။ ထို့ပြင် ထိုမွေးဖွားသော ခလေးဟုဆိုအပ်သော ရုပ်အစုအဝေးကို ဘာဝရုပ်အားဖြင့် ယောကျ်ားကလေးဘဲဟု ခေါ်ဆိုရပြန်သော် သားကလေးဖွားသည် သားကလေးရသည်ဟုပင် ဝေါဟာရအားဖြင့် ခေါ်ဝေါ်ပြောဆိုကြရပြန်၏။ နောက် များမကြာမီ ၎င်းသားယောကျ်ားဟု ခေါ်ဆိုသမုတ်အပ်သော ရုပ်ကလာပ် အစုအဝေးကို နာမည်မှည့်သော အခါ မောင်မောင်ဟု မှည့်ခေါ်ပြန်ရာ ၎င်းနာမပညတ် "မောင်မောင်"လည်း တကယ်ရှိ၏ဟု အထင်မှားပြန်၏။ ခလေးလည်း တကယ်ရှိ၏။ ယောကျ်ားကလေးလည်း တကယ်ရှိ၏ဟု အဝိဇ္ဇာတည်းဟူသော အမှန်ကိုမသိမှုကြောင့် အဟုတ်ရှိ,တကယ်ရှိ၏ဟု ကမောက်ကမအသိမျိုး ဖြစ်ကြရပြန်၏။

သေချာစွာ စဉ်းစားပါသော် နဂိုမူလကပင် ကလာပ်စုမှ ကြီးထွားတိုးပွါးလာသော ရုပ်ကလာပ် အစုအဝေးမျှဖြစ်ပေသဖြင့် ခလေးလည်း တကယ်မရှိ၊ ယောကျ်ားကလေးလည်း တကယ်မရှိ၊ မောင်မောင်ဟူသော နာမပညတ်လည်း တကယ်မရှိ၊ ခေါ်မှသက်သက်မျှသာတည်း။ တကယ်ထင်ရှားရှိသော တရားမဟုတ်ဟု ဉာဏ်မှာထိုးထွင်းသိမြင်အောင် စဉ်းစားရာ၏။ ထိုကဲ့သို့ စဉ်းစားတွေးတောရှု အမှန်ကို အသိရောက်သဖြင့် ခေါ်ရုံသာ ခေါ်ကြရ၏၊ တကယ်စင်စစ် ရှိကြသော တရားမဟုတ်ဟု သိလာသော် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် သိပြီဟုဆို၏။

ရုပ်ကလာပ်အစုအဝေးမျှသာ ရှိသည်ဟု ဟုတ်မှန်သောအတိုင်း သိသောအခါ ခန္ဓာကိုယ်ဟု သမုတ်အပ်သော ရုပ်ကလာပ်အစုအဝေး၌ သုံးဆဲ့နှစ်ပါးသော ကောင္ဘာသသာ ရှိသည်ဟု အထက်က သုတ္တန်နည်းအားဖြင့် ဖော်ပြခဲ့ရာ ထိုကောင္ဘာသတို့သည်လည်း တကယ်ရှိကြသော တရားများမဟုတ်ကြပေ။ အမှန်စင်စစ်မှာ ဆံပင်, မွေးညှင်း, ခြေသည်းတက်သည်းမှစ၍ ကျင်ငယ်ရေအထိ သုံးဆဲ့နှစ်ပါးသော ရုပ်ကလာပ် အစုအဝေးတို့သည်လည်း ကလာပ်စုမျှသာတည်းဟု ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်လေတော့၏။ ဆံပင်ဆိုတာလည်း ခေါ်ရတာဘဲ။ စင်စစ်မှာ ရုပ်ကလာပ်စုသာဖြစ်၏။ မွေးညှင်းမှစ၍ ဦးဏှောက်အထိလည်း ရုပ်ကလာပ်စုသာဖြစ်၏။ အရည်ဟူသော ၁၂-ပါးသော အခြင်းအရာတို့လည်း ထို့အတူဘဲ အားလုံး ရုပ်ကလာပ်စုတွေဘဲ ပေါင်းစုဖက်စပ်နေကြသည်ကို အမျိုးမျိုးခေါ်ဝေါ် သမုတ်ထားခြင်းမျှသာ ဖြစ်၏ဟု ဉာဏ်အမြင် ပေါက်လာသောအခါ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်ရပေ၏။

၁၃။ ကလာပ်စည်းတွင်ပါဝင်သောဓာတ်ရှစ်ပါး

ပထဝီ,အာပေါ,တေဇော,ဝါယော ဟူသော အခြေခံခေါတ်ကြီးလေးပါးကို "မဟာဘူတ်လေးပါးဟု ခေါ်၏။

ဓာတ်ကြီးလေးပါး ပေါ်လာလျှင် ဝဏ္ဏ,ဂန္ဓ,ရသ, သြဇာတည်းဟူသော ဥပါဒါရုပ်လေးပါးလည်း ပူးကွဲမှီတွယ်၍ ဖြစ်ပေါ်လာရ၏။ ၎င်းဓာတ်ရှစ်ပါးသည် မြင်မြင်သမျှမှာ ရှိနေ၏။ မြင်ကြရသမျှ ဝတ္ထုဟူသော အစုအဝေးတိုင်းမှာ ပါရှိ၏။

ပထဝီခေါ်သော မာသောသဘောသတ္တိ တခုရှိလျှင် ကျန်ဓာတ် "၇" ပါးလည်း ပူးတွဲပါလာ၏။

အာပေါဟူသော ကပ်တာ ဖွဲ့တာ တခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါးလည်းရှိ၏။ တေဇောဟူသော ပူတာတခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါးလည်း ပါရှိ၏။

ဝါယောဟူသော တွန်းတာတခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါး ပါရှိ၏။

ဝဏ္ဏဟူသော မြင်စရာ အဆင်းတခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါးလည်း ပါရှိ၏။

ဂန္ဓဟူသော အနံ့တခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါး ပါရှိ၏။

ရသဟူသော လျက်စရာ အရသာတခုရှိလျှင်လည်း ကျန်ဓာတ် "၇" ပါးလည်းပါရှိ၏။

သြဇာဟူသော ရုပ်ကို တိုးပွါးစေတတ်သော သဘောတခုရှိလျှင်လည်း ကျန် ဓာတ် ၇-ပါးလည်းပါရှိ၏။

ဤကဲ့သို့ ဓာတ်ရှစ်ပါးသည် တစုတဝေးတည်း တလုံးတပေါင်းတည်း ရှိကြောင်းကို သိမြင်အောင် စဉ်းစားကြည့်ရှုရာ၏။ ၎င်းဓာတ်ရှစ်ပါးတို့ကို ခွဲခွါ၍မရနိုင်သောကြောင့် (ကလာပ်တစည်းတွင် ပါဝင်သော ဓာတ်ရှစ်ပါးကို ခွဲခွါ၍မရကောင်းသမြင့် အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ဆိုအပ်၏လသည်။

ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိ၏။

အာပေါဓာတ်သည် အတူဖြစ်သော ရုပ်ဓာတ်တို့ကို ဖွဲ့တွယ်ကပ်ထားခြင်း လက္ခဏာရှိ၏။

တေဇောခေါတ်သည် ပူနွေးခြင်း လက္ခဏာရှိ၏။

ဝါယောခေါတ်သည် တွန်းကန်ခြင်းလက္ခဏာရှိ၏။

ဝဏ္ဏဟူသော အဆင်းခေါတ်သည် မျက်စိအကြည်၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။

အနံ့ဟူသော ဂန္ဓခေါတ်သည် နှာအကြည်၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။

ရသဟူသောအရသာခေါတ်သည် လျှာအကြည်၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။

ရုပ်တို့ကို တိုးပွါးစေတတ်သော သဘောသြဇာခေါတ်သည် အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းလက္ခဏာရှိ၏။

ဂဏန်းသဘောလက္ခဏာတို့ကို မြင်အောင်ရှုရာ၏။ ဂဏန်းသဘောလက္ခဏာ အသီးအသီးတို့သည် မိမိတို့သဘောလက္ခဏာကိုသာ ကြည့်ရှုသူတို့၏ ဉာဏ်ဝတွင် ထွန်းပြကြ၏။ သဘောလက္ခဏာ မပြောင်းလဲနိုင်ပေ။

(ဥပမာ) မာတာသည် (မာသောသဘောသည်) ပူတဲ့သဘော (ပူတာ) မဖြစ်နိုင်။ အဆင်းသည်လည်း အနံ့မဖြစ်နိုင်စသည်ဖြင့် မိမိသဘောကို မိမိဆောင်၍ ကြည့်ရှုသူတို့ကို မျက်နှာမလိုက်ဘဲ ထပ်တူတွန်းပြသည်ဟူလို။ ဝိပဿနာတရားတွင် ခေါတ်ရှစ်ပါးတို့၏ လက္ခဏာသဘောတို့ကို ပိုင်ပိုင်နိုင်နိုင်သိမြင်ရန် အရေးကြီးလှသဖြင့် ၎င်းခေါတ်ရှစ်ပါး သဘောသတ္တိတို့ကို အမျိုးမျိုးပြသသည်ကို လေးနက်စွာစဉ်းစား၍ ဉာဏ်အမြင်ပေါက်အောင် သိရှိနားလည်ကြဘို့ လိုလှပေ၏။

၁၄။ ရုပ်ကလာပ်တစည်း၏ အချင်းပမာဏ

အမှန်းအဆ

ဓာတ်ရှစ်ပါး အစုအဝေးဖြစ်သော ရုပ်ကလာပ်တစု၏ အချင်းပမာဏကို အမှန်းအဆအားဖြင့် အကြမ်းပျင်း ဖော်ပြရသော် လှည်း,ရထားများ မောင်းနှင်ရာတွင် ထကြွသော မြွေမှုံများကို တစုတရုံးတည်း ထကြွသောအခါ မြင်နိုင်ကြ၏။ ၎င်းမြွေမှုံတခုကိုကား သာမည်မျက်စိဖြင့် မမြင်နိုင်ပေ။ မျက်စိအမြင် အာ:ကောင်းလှသော ခလေးသူငယ်များမှာ ၎င်းမြွေမှုံတခုကို အနက်ရောင် အခံပေါ်တွင်တင်၍ ကြည့်ပါက မြင်နိုင်ကောင်း မြင်နိုင်ပေလိမ့်မည်။ ၎င်းမြူကို "ရထရေ နုမြူ"ဟု ခေါ်ရ၏။

၎င်းရထရေနုမြူမှုန့်တခုကို သုံးဆဲ့ခြောက်စိပ် စိပ်၍ တစိပ်စာကို "တဇ္ဇာရီမြူ"ဟု ခေါ်၏။၎င်းတဇ္ဇာရီမြူတို့သည် ဤမြေပြင်ပေါ်မှစ၍ ကောင်းကင်တပြင်လုံး အနှံ့အပြား နေရာမလပ် တည်ရှိကြသော မြူမှုန့်တို့ပေတည်း။ မှောင်ခန်းထဲတွင် နေရောင်ခြည်ထိုးသောအခါ ၎င်းနေရောင်ထဲတွင် လွင့်ပါးသွားလာနေကြသော မြူတို့ကိုမြင်ရ၏။ ၎င်းမြူမှုံ တို့သည် မှောင်ထဲမှာ သွားလာလွင့်တက်နေကြသော မြူမှုံ တို့ပေတည်း။

၎င်းတဇ္ဇာရီမြူမှုံ တို့ကို သုံးဆဲ့ခြောက်စိပ် စိပ်၍ တစိပ်စာကို "အနုမြူ"ဟုခေါ်၏။

၎င်းအနုမြူကို တဖန် သုံးဆဲ့ခြောက်စိပ် စိပ်၍ တစိပ်စာကို သာ "ပရမာနုမြူ"ဟုခေါ်သည်။

၎င်းပရမာနုမြူကို အဆပေါင်း တသိန်းမျှစိပ်၍ တစိပ်စာကိုသာ ရုပ်ကလာပ်တစည်းအနေအားဖြင့် အချင်းပမာဏကိုမှန်း

ဆ၍ ရနိုင်၏။ သို့သော် ၎င်းမြို့မှုန့်မျှားမှစ၍ အလာပ်အထိအမှု ဟုမယူဆအပ်ပေ။

မြို့မှုန့်ဟုသမျှကို ကလာပ်စုမျှားဟူ၍ရှင်း၊ ကလာပ်ကို သဘောလက္ခဏာ အစုအဝေးမျှသာ ဟူ၍ရှင်း ဥာဏ်အမြင်ပေါ်အောင် ကြည့်ရှုရာ၏။ ဤကဲ့သို့သိလာရလျှင် သာမန်မျက်စိဖြင့် မမြင်နိုင်အောင် သေးငယ်လှသော ရထရေနုမြို့မှာ မျက်စိအင်အားမကောင်းသဖြင့် မမြင်နိုင်ကြသော်လည်း ကလာပ်စည်းပေါင်း ကုဋေမျှားစွာ ပါဝင်လျက်ရှိ၏။ ဓာတ်ရှစ်ပါးအစု ကလာပ်ပေါင်း ကုဋေမျှားစွာ ပါဝင်သော ရထရေနုမြို့မှာ အဆင်းဓာတ်ပေါင်း ကုဋေမျှားစွာ ဆက်စပ်ပါဝင်လျက် ရှိ၏။ သို့သော် မျက်စိအမြင် အားမကောင်း၍ မမြင်နိုင်ကြပေ။ နှမ်းစေ့ဟုခေါ်သော အစုအဝေးမှာ ထိုရထရေနုမြို့ပေါင်း သိန်း, သန်း, ကုဋေ, အသခ်ေ့ ပေါင်းစုသော ရုပ်အစုအဝေးကို "နှမ်းစေ့" ဟု ခေါ်ရ၏။ နှမ်းစေ့လုံးလောက် အချင်းပမာဏကို မျက်စိအားဖြင့် မြင်ကြရပေပြီ။

ညိုညိုမဲမဲအရောင်ကို မြင်ရသည်မှာ နှမ်းစေ့ကိုမြင်သလား အဆင်းကိုမြင်သလားဟု ဆိုသော် အဆင်းကိုသာ မြင်ရပေ၏။ ၎င်းအဆင်း အညိုအမဲကို မြင်ရသည်ကိုပင် နှမ်းစေ့ကိုမြင်သည်ဟု ဝေါဟာရအားဖြင့် ခေါ်ဆိုကြ၏။ စင်စစ်မှာ နှမ်းစေ့ကို မမြင်နိုင်၊ အဘယ်ကြောင့်ဆိုသော် နှမ်းစေ့ဟု ခေါ်ရခြင်းသည် နာမပညတ်မျှသာဖြစ်၍ မရှိသောတရားကို မမြင်နိုင်ပေ။ ထင်ရှားရှိသောတရားကိုသာ မြင်နိုင်၏။ ထို့ကြောင့် အဆင်းပရမတ်ကိုသာ ကြည့်ရှုသူတိုင်း မြင်နိုင်၏၊ ၎င်းနှမ်းစေ့ဟူသော အစုအဝေးမှ အဆင်းကိုသာ မြင်ကြရသည်ကို နှမ်းစေ့ကို တ

ကယ်မြင်နိုင်သည်ဟု အထင်မှားသူတို့မှာ အဝိဇ္ဇာကြောင့် ဖြစ်ရပေ၏။ ပညတ်ကို တကယ်မမြင်နိုင် ပရမတ်ကိုသာ မြင်နိုင်ကြ၏။

ဌင်းနှမ်းစေ့ဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေးကို ကိုင်၍ကြည့်သောအခါ အမာပါသော သဘောအစုကို ကိုင်မိ၏။ ဌင်းမာသောသဘောအားလုံးမှာ ပထဝီဟူသော အမာသဘောတွေ့ဆက်စပ်နေကြသည်ကို ကိုင်မိသဖြင့် မာသည်ဟုဆိုရ၏။ ထိုပြင် နှမ်းကြည့်သောအခါ အနံ့အစုကိုသာ နှမ်းမိ၏။ ထို့အတူ စားကြည့်သောအခါ အရသာကိုသာ စားမိကြရ၏။ နှမ်းစေ့ကို မြင်သည်, ကိုင်သည်, နှမ်းသည်, စားသည်ဟု ဝေါဟာရပြောဆိုရိုးအတိုင်း တင်စားပြောဆိုခြင်းမျှသာ ဖြစ်ရ၏။ ဤအချက်များသည် သိမ်မွေ့နက်နဲ ခက်ခဲလှပေ၏။ ဉာဏ်အမြင်ပေါက်နိုင်အောင် လေးလေးနက်နက် အထပ်ထပ် စဉ်းစားအပ်ကြလှပေသည်။

ထိုအတူ နှမ်းစေ့ဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေးပေါင်း သိန်း,သန်း,ကုဋေ-စုမ် စပ်မ်သော် အုန်းသီးလောက်။ အုန်းသီးဟု ဆိုကြပါစို့။ အုန်းသီးဟူသော ရုပ်အစုပြစ်လာ၏။ ဌင်းကို ကြည့်သောအခါ မြင်ရသမျှမှာ အဆင်းချည်းဖြစ်၏။ နှမ်းသမျှမှာ အနံ့ချည်းဖြစ်၏။ ကိုင်၍ထိသမျှမှာ ဖောဋ္ဌဗ္ဗချည်းဖြစ်၏။ စားမိသောအခါ ပေါ်လာသော အချို, အဆံမှ စသည်တို့မှ အရသာစုသာဖြစ်၏။ အုန်းသီးကို မြင်သည်, ကိုင်မိသည် နှမ်းမိသည် စားမိသည် စသည်တို့မှာ ဘင်စားပြောဆိုခြင်းမျှသာ ဖြစ်၏။ ဌင်းအုန်းသီးဟူသော ရုပ်အစုမှာလည်း ဓာတ်ရှစ်ပါး အစုအဝေးကလာပ်များ အစုအဝေး၌ သာတည်း။

ရင်းအုန်းသီး အစုအဝေးပေါင်း သိန်း, သန်း, ကုဋေ, စုမိပြန်သော် တောင်ပူစာဟု ခေါ်ရသော အစုအဝေးဖြစ်လာ၏။ ရင်းကိုကြည့်ပြန်သော် မြင်ရသမျှမှာ အဆင်းစုဘဲ၊ ကိုင်မိသမျှမှာ ဖောင်ဒူစုဘဲ၊ ပထဝီစုဘဲ။ ရင်းတောင်ပူစာဟူသော ရုပ်အစုမှာ လည်း ဓာတ်ရှစ်ပါး အစုအဝေးမျှသာဖြစ်၏။ ရင်းတောင်ပူစာ ဟူသော ရုပ်အစုပေါင်း သိန်း, သန်း, ကုဋေမက စုမိပြန်သော် ပုပ္ပါးတောင်လောက် ရုပ်ကလာပ်အစုအဝေးကြီး ဖြစ်လာ၏။ ရင်းတို့သည်လည်း ဓာတ်ရှစ်ပါး အစုအဝေးပင်တည်း။ ရင်းပုပ္ပါး တောင်ဟူသော ရုပ်အစုပေါင်း သိန်း, သန်း, ကုဋေမက စုမိ ပြန်သော် ဟိမဝန္တာတောင်ဟူသော ရုပ်အစုမျှားဖြစ်လာ၏။ ရင်းလည်း ဓာတ်ရှစ်ပါး အစုမျှသာတည်း။

ထိုပြင် ဟိမဝန္တာတောင်ဟူသော ရုပ်အစုပေါင်း မြောက် မြားစွာစုမိပြန်သော် မြင့်မိုရ်တောင်ကြီးဟူသော ရုပ်အစုမျှား ဖြစ်လာ၏။ ရင်းလည်း ဓာတ်ရှစ်ပါး အစုမျှားပေတည်း။ ရင်း မြင့်မိုရ်တောင်ဟူသော ရုပ်အစုပေါင်း သိန်း, သန်း, ကုဋေ, အသင်္ချေစုမိပြန်သော် စကြဝဠာ ကမ္ဘာဟု ခေါ်ဆိုအပ်သော သြကာသလောကကြီး ဖြစ်လာ၏။

ရင်းကမ္ဘာပေါ်တွင် မြင်မြင်သမျှမှာ အဆင်းစုချည်းမျှသာ တည်း။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာကို မြင်ကြသည်ဟု ခေါ်ဆိုကြရသော်လည်း စင်စစ်မှာ အဆင်းတွေ့ဆက်စပ်နေကြ သည်ကိုသာ မြင်နိုင်ကြပေသည်။ ရင်းကမ္ဘာလောကကြီးလည်း ဓာတ်ရှစ်ပါးအစု ကလာပ်စုတွေ့ချည်းသာဘည်း။ ရင်းကမ္ဘာ ပေါ်ရှိ မြင်မြင်သမျှမှာ ဓာတ်ရှစ်ပါး အစုအဝေးချည်းသာ ဖြစ် သည်ကို တွေးတိုင်း, စဉ်းစားတိုင်း ဉာဏ်အမြင်ပေါက်အောင် သမ္မာဒိဋ္ဌိဉာဏ်ပေါက်အောင် ကြည့်ရှုရာ၏။

အထူးမှတ်ချက်။ ။အာရုဏ္ဍဝိပဿက ပုဂ္ဂိုလ်ဟု ဆိုအပ်သောတရားကိုမြင်အောင် အားထုတ်ဆဲပုဂ္ဂိုလ်နှင့် သောတာပန်သကဒါဂါမ် ပုဂ္ဂိုလ်မျှားမှာ မြင်မြင်သမျှ အဆင်းချည်းဘဲ စသည်ဖြင့် အမြဲတမ်း စင်ကြယ်စွာ သိသဖြင့် မြင်နေကြရမည်ဟု မဆိုလိုပေ။ အနာဂါမ်,ရဟန္တာမဟုတ်သေးသော ပုဂ္ဂိုလ်တို့မှာ ဝိပဿနာသတရား အားလုံးကိုမပယ်သတ်နိုင်သေး၍ အယူမှားကို သာပယ်သတ်နိုင်ကြမည်ဖြစ်သဖြင့် တွေးသည့်အခါတိုင်း, စဉ်းစားသည့်အခါတိုင်း အမှန်ကိုသိမြင်နိုင်သည်ဟုသာ ဆိုလိုသည်။ ကျန်အကြောင်းများကို သက်ဆိုင်ရာရှေ့အခန်း ဝိပဿနာအခန်းများတွင် အကျယ်ဖော်ပြပါအုံ့။

ထို့ကြောင့် အထက်ကဖော်ပြထားသကဲ့သို့ တွေးတိုင်းအမှန်ကို သိမြင်နိုင်အောင် ရှုကြည့်ကြရပေမည်။ ကမ္ဘာပေါ်တွင် မြင်မြင်သမျှ အဝိညာဏကဟု ခေါ်အပ်သော ရုပ်အစုတို့လည်း ဓာတ်ရှစ်ပါးအစု၊ သဝိညာဏကဟု ခေါ်ဆိုအပ်သော ရုပ်အစု အဝေးများလည်း ဓာတ်ရှစ်ပါး အစုမျှသာတည်း။ အဝိညာဏကု၏ အဓိပ္ပါယ်ကိုစိတ်မရှိသော ဝတ္ထုဟူ၍ရင်း သဝိညာဏကု၏ အဓိပ္ပါယ်ကို စိတ်ရှိသော သတ္တဝါဟူ၍ရင်း ဝေါဟာရအားဖြင့် တင်စားခေါ်ဝေါ်ကြသော်လည်း စင်စစ်မှာ အဝိညာဏကဆိုသည်မှာ အ-က,မရှိအဓိပ္ပါယ်ရ၏။ဝိညာဏ်က,သိမှု။သိမှုမရှိသော ရုပ်အစုအဝေး ဓာတ်ရှစ်ပါးအစုဟု ဆိုလိုသည်။ သဝိညာဏကဆိုသည်မှာ သ,က-ထင်ရှားဟုအဓိပ္ပါယ်ရ၏။ဝိညာဏ်ကသိမှုရှိသော ရုပ်ကလာပ် အစုအဝေးဟု ခေါ်ဆိုရ၏။

စင်စစ်မှာ သိမှုလည်းမရှိ သတ္တဝါလည်းမရှိသဖြင့် သိမှု,သတ္တဝါစသည်ဖြင့် သိမှုရှိသတ္တဝါဟု ပရမတ္ထ အနေအားဖြင့်

မခေါ်အပ်ပေ။ ဝေါဟာရ ပြောရိုး ခေါ်ရိုးအတိုင်းသာ ခေါ်အပ်ပြောအပ်ပေ၏။ ထို့ကြောင့် သိမှုရှိသော သတ္တဝါဟု ခေါ်ဆိုသမုတ်အပ်သော ရုပ်အစုအဝေးဟူသမျှမှာ ဓာတ်ရှစ်ပါးခွဲ ဆိုင်ရာ,ဆိုင်ရာ ရုပ်မျှားပါ၀င်ကြ၏။ သိမှုမရှိသော ဝတ္ထုဟု ခေါ်သမျှ ရုပ်အစုအဝေးမျှာ မှာလည်း ဓာတ်ရှစ်ပါး အစုအဝေးချည်းပေတည်းဟု ဉာဏ်အမြင်ပေါက်အောင် နှလုံးသွင်းရ ကြည့်ရှုရာ၏။

ထိုကဲ့သို့ ဉာဏ်အမြင်ပေါက်လျှင် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်၍ မဂ္ဂင်ရှစ်ပါးခွဲ အကျုံးဝင်၍ သံဂျာသုံးပါးလည်း အကျုံးဝင်၍ ပါသည်ကို အထက်ကဖော်ပြခဲ့သည့်အတိုင်း သိရာ၏။ ၎င်းသြကာသလောကခေါ် ကမ္ဘာလောကကြီးမှာလည်း ဓာတ်ရှစ်ပါးအစုချည်းသာတည်း။ သတ္တလောကဟု ခေါ်ဆိုအပ်သော အပါယ်လေးဘုံ, လူ,ဘုံ, နတ်ဘုံ ဗြဟ္မာဘုံရှိ သတ္တဝါဟု ခေါ်ဆိုအပ်သမျှ နာမ်, ရုပ်,အစုအဝေး အားလုံးကိုလည်း နာမ်,ရုပ်,အစုအဝေးချည်းပေဘဲဟု အမြင်ပေါက်အောင် ကြည့်ရှု ဆင်ခြင်ရာ၏။

ထိုကဲ့သို့ အမြင်ပေါက်ပြီးနောက် ၎င်းကမ္ဘာလောကကြီးဟု ခေါ်သော ရုပ်အစုအဝေးကြီးမှ မြင့်မိုရ်တောင်လောက် ငယ်၍ရှုပါ။ နောက်ဟိမဝန္တာတောင်မှ ပုပ္ပါးတောင်အထိ ငယ်၍ကြည့်ပါ။ ၎င်းကမ္ဘ တောင်ပူစာ, အုန်းသီး, ရွေးကြီးစေ့, နှမ်းစေ့, ရထရေနုမြူ, တဇ္ဇာရီမြူ, အနုမြူ, ပရမာနုမြူ ၎င်းကနောက်ဆုံး ကလာပ်တစည်း အထိ တဖြေးဖြေး ငယ်၍, ငယ်၍ ကြည့်ရှုပါသော် အားလုံး ဓာတ်ရှစ်ပါးအစု၊ ကလာပ်အစုတွေသာ ဆက်စပ်နေကြသည်ကို အမည်အမျိုးမျိုးဖြင့် အသုံးကျဟန်ကို

လိုက်၍ ခေါ်ဆိုပညတ်ထားကြတာတွေချည်းဘဲဟု ဥာဏ်အမြင်ပေါက်ရပြန်၏။

ထိုကဲ့သို့ နှိုင်းယှဉ်ဖော်ပြသော ကလာပ်တစည်း၏ အချင်းပမာဏကို ရှာ၍မရနိုင်ကောင်းပေ။ ပုံသဏ္ဌာန်အားဖြင့် ခေါ်ဆိုစရာ ၎င်းကလာပ်တစုမှာ အရှည်အားဖြင့်ရင်း, အတိုအားဖြင့်ရင်း, အလုံးအားဖြင့်ရင်း, အပြားအားဖြင့်ရင်း, အတုံး, အခဲအားဖြင့်ရင်း, အမှုန့်အားဖြင့်ရင်း, အရည်အားဖြင့်ရင်း, အဖတ်အားဖြင့်ရင်း, ခေါ်ဆိုစရာမတွေ့ပေ။ သဘောသတ္တိရှစ်မျိုး အစုအဝေးမျှသာတည်းဟု ဥာဏ်မြင်ပေါက်၍ ဝိဇ္ဇာဥာဏ် အလင်းရောက်ရပေသည်။ ဤသည်ကား အဝိဇ္ဇမာန ဟူသော မရှိတာကို ခေါ်သော ပညတ် အကြောင်းကို ဖော်ပြချက်ပေတည်း။

၁။ ဝိဇ္ဇမာနုပညတ်

(ရှိတာကိုခေါ်သော ပညတ်)

ခေတ်ရှစ်ပါး၏ပရမက်ဖြစ်ကြောင်း ဖော်ပြချက်။ ။အမာ ဟူသော သဘောလက္ခဏာကို ရှုကြည့်ရာတွင် မာသောသဘော လက္ခဏာ သတ္တိပေါ်၌ အဆင်း ကလည်း တည်ရ၏။ အနံ့ ကလည်း တည်ရ၏၊ အရသာကလည်း တည်ရ၏။ ရုပ်ကို တိုးပွါး စေသော သဘောလက္ခဏာ သြဇာကလည်း တည်ရ၏။ ပူတာ ကလည်း တည်ရ၏။စသည်ဖြင့် အားလုံးသော သဘောလက္ခဏာ တို့ကို ထမ်းဆောင် ထားရသဖြင့် မာတာ (အမာပထဝီ) မှာ အားလုံးသော ရုပ်သဘောတို့၏ တည်ရာ ဖြစ်ကြောင်းကို ထိုး ထွင်းသိမြင်အောင် ကြည့်ရှုရာ၏။

ခန္ဓာကိုယ် အစိတ်အပိုင်းတွင် လက်ချောင်း ကလေးမျှားမှ လက်မဟူသော ရုပ်အစုအဝေးကို စဉ်းစားကြည့်ရှုသော် ပုပု တုတ်တုတ် တိုတိုဟု ဆိုအပ်သော ရုပ်ကလာပ်အစုအဝေးမျှသာ ဖြစ်၍ လက်မဟု ခေါ်ဆိုအပ်၏။ ၎င်းလက်မဟူသော ရုပ်အစု အဝေးကို ကိုင်တွယ်စမ်းသပ်၍ ကြည့်ရှုသောအခါ မာတာတွေ့ ဆက်စပ်နေသည်ကို ကိုင်မိသော်လည်း ဤမာတာတွေ့,ပျော့တာ တွေ့ကို လက်မဟု လက်မုံ့သဏ္ဌာန်ရှိသည်ဟု ထင်သော အနေ အားဖြင့် အဝိဇ္ဇာက အထင်မှားစေတတ်၏။

စင်စစ်မှာ ၎င်းလက်မဟူသော ရုပ်အစုအဝေး၏ ပုံသဏ္ဌာန်ရှိ,မရှိကို ရှာရန်မှာ ၎င်းလက်မ ဟူသော ရုပ်အစု အဝေးမှ ကလာပ်စည်းပေါင်းတွင် တစည်းသော ကလာပ်မှ သဘော လက္ခဏာတခုကို အရှည်, အတို, အပြား, အဝိုင်း, အတုံး, အခဲ, အမှုန့်, အရည်, အဖတ်ရှိလေသလား၊ မရှိလေသလားဟု ရှာဖွေသော် ပုံဏ္ဌာန်ဟု ခေါ်ဆိုစရာ အရှည်, အတို, အလုံး အပြား, အဝိုင်း, အတုံး, အခဲ, အမှုန့်, အရည်, အဖတ်ဟူ၍ ဘာမျှ ရှာမရသဖြင့် ပုံသဏ္ဌာန် မရှိကြောင်းကို ဉာဏ်အမြင် ပေါက်ရာ၏။

ဤကဲ့သို့သိမြင်လျှင် သဏ္ဌာန်ပညတ်သည် ပရမတ်မဟုတ်ကြောင်း၊ သဏ္ဌာနပညတ်သည် ပရမတ်အားဖြင့် မရှိကြောင်းကို သိမြင်၍ ပရမတ်သဘောကိုသိမြင်သည်မည်၏။ အဘယ်ကြောင့်ဆိုသော် ဥယျာဉ်မမှကို အကျဉ်းချုပ်၍ ပြခဲ့စဉ်က မရှိတာမဟုတ်လျှင် ရှိတာဟုတ်ရမည်။ ပညတ်မဟုတ်လျှင် ပရမတ်ဟုတ်ရမည်ဟု သိမြင်ရန် ဖော်ပြခဲ့ပြီးလေပြီ။

ဤလိုမြင်ခြင်းသည် ဝိဇ္ဇာဉာဏ် ပညာသိဖြစ်ပေ၏။ ၎င်းမှာသော ပထဝီလက္ခဏာတခုမှ ပုံသဏ္ဌာန်ကို မပြနိုင်လျှင် ပထဝီဟုခေါ်သော အမာ, အပျော့ သဘောတွေ အသင်္ခေါ် အနန္တဆက်စပ်နေသော လက်မဟူသော ရုပ်အစုအဝေးတွင် ဘယ်ပထဝီက ပုံသဏ္ဌာန်ပြနိုင်အုံးနည်း။ ပုံသဏ္ဌာန် နဂိုမူလကပင် မပါမရှိကြောင်းကို အမြင်ပေါက်အောင် ကြည့်ကြပါလေ။ ရုပ်တရားအခန်းတွင် သဏ္ဌာန်မရှိကြောင်းကို ဉာဏ်အမြင်ပေါက်အောင် ကြည့်ရှုရန် အခက်ဆုံးပေတည်း။ ထိုလက်မဟူသော အစုအဝေးမှာ ပုံသဏ္ဌာန်ရှာမတွေ့လျှင် တကိုယ်လုံးဟု ခေါ်ဆိုအပ်သော

မိမိဟု ဆိုအပ်သော ရုပ်ကလာပ်အစည်းများမှာလည်း သဏ္ဌာန်မရှိ။ သူတပါးဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေးတွေမှာလည်း သဏ္ဌာန်မရှိ။ အပါယ်လေးဘုံသားများ, လူ့ပြည်, နတ်ပြည်ရှိ သတ္တဝါဟူသော သတ္တလောကရှိ ရုပ်အစုအဝေးတွေမှာလည်း သဏ္ဌာန်မရှိ။ ဩကာသလောကဟုခေါ်သော ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ရုပ်အစုအဝေးတွေမှာလည်း သဏ္ဌာန်မရှိကြောင်းကို ထိုးထွင်းသိမြင်အောင် ကြည့်ကြပါလေ။

သဏ္ဌာန်ပျောက်အောင် ကြည့်ရှုရမည်ဟုမဆိုလို။ အဘယ်ကြောင့်ဆိုသော်-သဏ္ဌာန်သည် မူလ ပင်ကိုယ်ရင်း နဂိုကရှိသော တရားမဟုတ်သဖြင့် ပျောက်သည်ဟုမဆိုအပ်။မရှိတာကမပျောက်နိုင်။ သဏ္ဌာန်မရှိကြောင်းကို သိဘို့သာအရေးကြီးလှ၏။ သဏ္ဌာန်ရှိသည်ဟုထင်ခြင်းသည် အဝိဇ္ဇာကြောင့်သာဖြစ်၏။ အဝိဇ္ဇာဉာဏ်ဖြစ်သောအခါ သဏ္ဌာန်မရှိကြောင်းကို ထင်လင်းစွာ သိလာတော့၏။

၂။ နာမပညတ်မှ ပရမတ်ကိုမြင်ပုံ

လိုဓာတ်ရှစ်ပါး အစုအဝေး ကလာပ်တစည်းမှ ပထဝီခေါ်သော မာသောသဘောလက္ခဏာတွင် သဏ္ဌာန်မရှိကြောင်းကို သဏ္ဌာနပညတ်သည် ပရမတ်မဟုတ်၍ မာသော သဘောသာ ပရမတ်ဟုတ်ကြောင်းကို မြင်အောင်ရှုပုံကို ဖော်ပြခဲ့ပြီ။ ၎င်းပထဝီမှာ ပင်ကိုယ်နာမည် ခေါ်စရာ မောင်မောင်, မိမိဟု ခေါ်ဆိုစရာ ပါသည်, မပါသည်ကိုရှာသော် ပင်ကိုယ်နာမည် မရှိသဖြင့် ၎င်းမာသောသဘောကို "ပထဝီ"ဟုပင် ဘုရားရှင်က အမည်မှည့်ခေါ် ထားရသဖြင့် နာမပညတ်မဟုတ်၊ ပရမတ် ဖြစ်

ကြောင်းကို သိရပြန်၏။ နာမပညတ်သည် ပရမတ် မဟုတ်ဘဲ စိုသော သဘောသာ ပရမတ် ဖြစ်ကြောင်းကို သိရှိရ၏။ ပညတ် မဟုတ်၍ ခက်မာခြင်းသာ ပရမတ် ဟုတ်ကြောင်းကို သိရ၏။

ဤခက်မာခြင်း သဘောတခုမှာ နာမပညတ် မဟုတ်လျှင် လက်မဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေးများတွင် ရှိသမျှ မရေမတွက်နိုင်သော ပထဝီများမှာလည်း ဘယ်ပထဝီမှာမှ နာမပညတ်ရှိ၏ဟု ဝန်မခံနိုင်။ တကိုယ်လုံးဟု ဆိုအပ်သော ပထဝီစုမှာလည်း ထိုအတူဘဲ။ မိမိကိုယ်ဟူသော ပထဝီစုမှ နာမပညတ် မရှိလျှင် သူတပါးဟု ခေါ်ဆိုအပ်သော ခန္ဓာအစုအဝေးတွေမှာလည်း နာမပညတ်ကို ရှာမရနိုင်ပေ၊ သတ္တလောကဟု ခေါ်ဆိုအပ်သော အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ စသော ခန္ဓာအစုအဝေးများမှာလည်း နာမပညတ်၏ ပရမတ်အားဖြင့် မရှိကြောင်းကို ထင်လင်းစွာ ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း သိမြင်နိုင်တော့၏။

၃။ အဘာဝပညတ်မှ ပရမတ်ကိုရှုမြင်ပုံ

ထိုလက်မဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေး ကလာပ်စုများ ကလာပ်တစည်းတွင် ပါဝင်သော ပထဝီသဘောတခုမှာ နာမပညတ် မဟုတ်၍ပရမတ်ဟု သိမြင်ရပြီ။ နာမပညတ်မဟုတ်၍ ပရမတ်သာ ဟုတ်ကြောင်းကို ဖော်ပြခဲ့ပြီ။ ဤပထဝီသဘောလက္ခဏာကို မရှိဟူသော အဘာဝပညတ်ပေလောဟု စဉ်းစားရှာဖွေပြန်သော် ထိုရုပ်ကလာပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးကြောင့် ဖြစ်

ပေါ်လာပြီးလျှင် ပထဝီသဘော သတ္တိပေါ်တွင် အားလုံးသော သဘောလက္ခဏာတို့ မှီတွယ် ဖြစ်ပေါ်ကြရလေသဖြင့် ၎င်းသဘောတို့ကို မရှိဘူးဟူ၍ မငြင်းနိုင်။ ထင်ရှားပေါ်လာသော တရားစုဖြစ်၍ မရှိဟူသော အဘာဝလည်း မဟုတ်။ အဘာဝ ပညတ်မဟုတ်သဖြင့် ပရမတ်ဟု ထိုးထွင်းသိမြင်ရ ပြန်၏။

ဤကဲ့သို့သိမြင်လျှင် အဘာဝပညတ်မှ ပရမတ်ကို သိမြင်သည် မည်၏။ ဤကဲ့သို့ ပညတ်သုံးပါး မဟုတ်၍ ပရမတ်သာ ဟုတ်ကြောင်းကို ထိုးထွင်းသိမြင်ရခြင်းဟူသော ဝိဇ္ဇာဉာဏ် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်သဖြင့် ပညာသိ ဖြစ်ရပေ၏။ ထိုကဲ့သို့ သိမြင်လာသော် ၎င်းလက်မဟု ခေါ်ဆိုအပ်သော ရူပ်အစုအဝေး ကလာပ်စုများမှာ ပုံသဏ္ဌာန် မရှိကြောင်း, ပင်ကို နဂို နာမည် မပါ မရှိကြောင်းနှင့် မရှိဟူသော အဘာဝလည်း မဟုတ်၍ ပရမတ် အမျိုးမျိုးကို ပညာသိဖြင့် သိရသည်မည်၏။ ထိုလက်မဟူသော အစုအဝေးမှ ကလာပ်စည်းတခုကို စိတ်ကူးဉာဏ်ဖြင့် ယူပစ်၍ ကလာပ်များကုန်သော် လက်မဟု ခေါ်စရာရှိလေသလား, မရှိလေသလားဟု စဉ်းစားကြည့်ရုပါ။ လက်မဟုခေါ်စရာ မရှိကြောင်းကို သိမြင်လာရ၏။

ဤနည်းတူ ကလာပ်စုများလည်း လက်မ မပါမရှိ။ လက်မကို ယူသည် မဟုတ်ဘဲ ကလာပ်များကိုသာ နုတ်ယူပါသော်လည်း အဘယ်ကြောင့် လက်မ မကျန်ဘဲ ရှိသနည်းဟူမူ နဂိုကပင် လက်မဟု ခေါ်သာ ခေါ်ရ၏။ လက်မ တကယ် မရှိဟု ထိုးထွင်းသိမြင်ရပေမည်။ ဤကဲ့သို့ သိမြင်လျှင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိမြင်သည်မည်၏။ ထိုလက်မဟု ခေါ်ဆိုအပ်သော ရူပ်ကလာပ်အစုအဝေးများကို သိမြင်လာလျှင် ကျန်သော အင်္ဂါ

အပိုင်းဟူသော ရုပ်ကလာပ် အစုအဝေးများကိုလည်း ထပ်တူသိမြင်နိုင်လေတော့၏။

မိမိခန္ဓာ အစုအဝေးတွင် သိမြင်နိုင်လျှင် သူတပါးခန္ဓာဟူသော ရုပ်အစုအဝေး, သတ္တလောကဟု ခေါ်ဆိုအပ်သော ခန္ဓာအစုအဝေးများတွင် ရှိသမျှ ပထဝီသဘောလက္ခဏာ အားလုံးတွင်ပညတ်တပါး မဟုတ်၍ ပရမတ်ဖြစ်ကြောင်းကို ထိုးထွင်းသိမြင်နိုင်လေတော့၏။ ထိုပထဝီလက္ခဏာ သဘောကို သိနိုင်သကဲ့သို့ ကပ်ဖဲ့အာပေါ လက္ခဏာသဘောတွင်ရင်း၊ ပူမှုတေဇော သဘောတွင်ရင်း၊ တွန်းကန်မှု ဝါယောသဘောတွင်ရင်း၊ ထိုစာတ်ကြီး လေးပါးကို မှီတွယ်၍ အတူဖြစ်ပေါ် လာကြသော ဝဏ္ဏဟူသော အဆင်းသဘောတွင်ရင်း၊ ဂန္ဓဟူသော အနံ့သဘောတွင်ရင်း၊ ချို, ချဉ်စသော အရသာ သဘောတွင်ရင်း၊ သြဇာဟူသော ရုပ်ကို တိုးပွါးစေတတ်သော သဘောလက္ခဏာစသည်တို့တွင်ရင်း၊ ပထဝီသဘောလက္ခဏာမှာ ကြည့်ရှုသကဲ့သို့ ပညတ်သုံးပါး မဟုတ်၍ ပရမတ်သဘောလက္ခဏာစသည်တို့သာ ဟုတ်ကြောင်းကို တခုစီဖော်ပြရသော် ကျမ်းကျယ်မည်စိုးသဖြင့် ပထဝီသဘောတခုတည်းကိုသာ ဖော်ပြလိုက်ရပေသည်။

ဤအတိုင်း သဘောတခုစီကို ပညတ်သုံးပါးမှ ပရမတ်တို့ကို ကြည့်ရှုဆင်ခြင် နိုင်ကြပါမည်။ ရင်းကျန်သော သဘောလက္ခဏာများကို တခုစီ, တခုစီစုံအောင် အထက်ပါအတိုင်း ဆက်လက်ကြည့်ရှု နှလုံးသွင်းကြပါ။

၄။ တေဇောဟူသော ပုံပုံသဘောဖြင့် ပြသပုံ

သိလွယ်, မြင်လွယ်သော နည်းတနည်းဖြင့် ပြသ ရမည်ဆိုသော် ပူမှုတေဇောဖြင့်ရှုပုံမှာ အထက်က ပြခဲ့သည့်အတိုင်း

ရထရေနုမြူဟု ခေါ်သော ရုပ်အစုမှာ ကလာပ်စည်းပေါင်း ကုဋေများစွာပါဝင်ကြောင်းကို သိမြင်ရသော် ထိုမြင်နိုင်သော ရထရေနုမြူထက် အဆများစွာ ကြီးသော "အပ်" ဖျားမှာ ကလာပ်ပေါင်း ကုဋေများစွာ ပိုမိုရှိရမည် မှန်ပေ၏။ ထိုအပ် ဖျားဖြင့် "လက်ခုံ"ဟု ဆိုအပ်သော ရုပ်အစုအဝေးများပေါ်သို့ ထောက်ကြည့်လျှင် ၎င်းအပ်ဖျား တထောက်အောက်တွင် ကုဋေ ကုဋာမက များပြားသော အလာပ်အစုအဝေးများကို ထောက် မိရာ၏။

ထိုကဲ့သို့ "လက်သိုး" ဖျားဟူသော ရုပ်အစုဖြင့် ထောက်ပါသော် ၎င်းလက်သိုးဖျား အောက်တွင် အသင်္ချေမက များပြားသော ကလာပ်အစုအဝေးများကို ထောက်မိ၏။ ထိုလက် ဖျားအောက်တွင် ပူသည် နွေးသည်ဟု သိရ၏။ ၎င်းပူမှုသည် အသင်္ချေမကသော ရုပ်ကလာပ်စည်းများတွင် ပါဝင်လျက်ရှိ ကြသော ပူမှုတွေ့ ဆက်စပ် နေသည်ကို ထောက်မိ, ကိုင်မိ၍ ပူသည်ဟု သိရ၏။ နောက် တနေရာသို့ ရွှေ့၍ ကောက်ပြန်သော် ပူတာကိုပင် ထောက်မိ, ကိုင်မိပြန်၏။ ထိုကဲ့သို့ လက်ခုံဟု ခေါ် အပ်သော ရုပ်အစုအဝေးတွင် နေရာစေ့အောင် ထောက်၍ ကြည့်ပါသော် ပူတာတွေ့ တေဇောတွေ့ ဆက်စပ်နေသည်ကို တွေ့ရ၏။ သိရ၏။

ထိုကဲ့သို့ ပူသည်ကို လက်ခုံ ပူသည်ဟု ဝေါဟာရ အားဖြင့် ခေါ်၏။ စင်စစ်မှာ လက်ခုံက ပူသည်မဟုတ်။ ပူတာတွေ့ စပ်နေ တာက ပူသဖြင့် ပူသည်ဟု သိရ၏။ အဘယ်ကြောင့် လက်ခုံက မပူပါသနည်းဟု ဆိုသော် လက်ခုံဆိုသည်မှာ ခေါ်ရုံသာ ခေါ် ရ၏။ ရှိသောတရား မဟုတ်၍ လက်ခုံက ပူသည် မဟုတ်။ ပူတဲ့

သဘော တေဇောများကသာ ပူနိုင်၏။ ထို့အတူ လက်ခုံက မပူနိုင်လျှင် လက်မ ပူသည်,လက်လယ်ပူသည်, လက်မောင်းပူသည်, နဖူး ပူသည်, ပါး ပူသည်, ကိုယ် ပူသည်, သားကလေး ပူသည်, သို့မဟုတ် ကလေး ပူသည် စသည်ဖြင့် မရှိ။ ပူသော သဘောသဘာဝများကသာ ပူကြောင်းကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်တော့၏။

ပူမှုတေဇောကို သိမြင်လျှင် ၎င်းပူမှုတခုတွင် တည်ရာတခု (ပူတာတခုမှာ တည်ရာတခု) စသည်ဖြင့် ခေါတ်ရှစ်ပါး အစုအဝေးမျှ ဖြစ်ကြောင်းကိုလည်း သိမြင်ရာ၏။ ထိုကဲ့သို့ မိမိခန္ဓာအစုအဝေးများမှာ သိမြင်နိုင်သကဲ့သို့ သူစာပါးဟူသော ခန္ဓာဟူသမျှ သတ္တလောကတွင် ရှိသမျှ ခန္ဓာအစုအဝေးများမှာလည်း ဤကဲ့သို့ အပူတွေ့ ဆက်စပ်နေပုံတွေကို သိမြင်အောင် ကြည့်ရှုရာ၏။ ပူမှုတေဇောအတိုင်း အေးမှုတေဇောကိုလည်း ရှုရာ၏။

၅။ ဝိဇ္ဇမာနပညတ် (အဆက်)

ကလာပ်တစည်းထွင် ပါဝင်သော သဘော လက္ခဏာတို့ကို ပထဝီ, အာပေါ, တေဇော, ဝါယော စသည်ဖြင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်က အမည်အသီးသီး မှည့်ခေါ်ထားတော်မူ၏။ သစ္စာနာပဟွင် ပွင့်တော်မူကြသော ပစ္စေကဗုဒ္ဓါ ဘုရားများမှာ သယမ္ဘူ,ဉာဏ်တော်ဖြင့် တရားသဘာဝကို ထိုးထွင်းသိတော်မူကြပြီးသော် ဘုရားငယ်အဖြစ်နှင့် ပွင့်တော်မူကြကုန်သော်လည်း သမ္မာသမ္ဗုဒ္ဓ ဘုရားကဲ့သို့ ၎င်းသဘော လက္ခဏာတို့ကို အမည်အသီးသီးဖြင့် မမှည့်မခေါ်နိုင်သဖြင့် ၎င်းပစ္စေကဗုဒ္ဓါ ဘုရားတို့မှာ မဂ်, ဖိုလ်ကိုရအောင် မဟောနိုင်ကြပေ။ ဒါနကထာ,

သီလကထာ ၄လောက်ကိုသာ ဆုံးမသြဝါဒ ပေးတော်မူနိုင်ပေ၏။ ရင်းဘုရားမှာ ဆုတောင်းလျှင် ဘယ်ဆုမဆိုရ၍ ဆုတောင်းပြည့် ဘုရားပါပေတဲ့။

ပထဝီက မာသည်ဟု ဆိုသော်လည်း ပထဝီဟု ခေါ်ဆိုသော ပညတ်က မမာနိုင်။ မာသည်ဟုခေါ်ဆိုအပ်သော သဘောသတ္တိ ကသာ မာနိုင်၏။ ထို့အတူ တေဇောကပူသည် မဟုတ်။ ပူသော သဘောသတ္တိကသာ ပူသည်ဟု သိရာ၏။ ထို့ကြောင့် ပထဝီ, အာပေါ, တေဇော, ဝါယော စသည်တို့မှာ သဘောလက္ခဏာ သတ္တိအသီးသီးတို့ကို ခေါ်ဆိုသော နာမပညတ်မျှသာ ဖြစ်၍ ထင်ရှားရှိသော သဘော တရားများကို ခေါ်သော ပညတ် (ဝိဇ္ဇမာနပညတ်) ဖြစ်ပေ၏။ ဤကား ဝိဇ္ဇမာနပညတ်ဟူသော (ရှိတာကိုခေါ်သောပညတ်) အကြောင်းကို ဖော်ပြချက် အတို ချုပ်ပေတည်း။

၆။ မဟာဘုတ်လေးပါးတို့၏ လက္ခဏာရသစသည်

တေဇောဟူသော ပူတာရှိလျှင် ၎င်း၏တည်ရာရှိရ၏။ ပူတာ တခုလျှင် တည်ရာတခုရှိ၏။ နောက် ပူတာတခုရှိလျှင် နောက် တည်ရာတခုရှိ၏။ မိမိခန္ဓာတခုလုံးမှာ အနှံ့အပြား ပူတာရှိတိုင်း တည်ရာရှိ၏။ ၎င်းတည်ရာကို လက်ဖြင့် စမ်းသပ်၍ ကြည့်ပါ၊ ထိုသို့စမ်းသပ်၍ ကြည့်ရှုလျှင် မာတာတွေကို ထင်ထင်ရှားရှား တွေ့ရလိမ့်မည်။ ဤကဲ့သို့ မာတာတွေ (မာသောသဘောတွေ) ဆက်စပ်နေသော မာမှုကြမ်းတမ်းမှုသည် "ပထဝီဓာတ်များ" ဖြစ်ကြ၏။ ၎င်းပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ အဘူဖြစ်သော ရုပ်တို့၏ တည်ရာကိစ္စ, အဘူဖြစ်သော

ရုပ်တို့ကိုထမ်းဆောင်ခြင်း ပစ္စုပဋ္ဌာန်ဖြစ်၏။ အာပေါ၊ တေဇော ဝါယောတို့သည် ၎င်း၏ဖြစ်ပေါ်ရန် နီးစွာသောအကြောင်း ပဒဋ္ဌာန်ဖြစ်ကုန်၏။ ပူတာတခုမှာတည်ရာတခု။ နောက်ပူတာတခုမှာ နောက်တည်ရာတခု။ ဤသို့စသည်ဖြင့် ပူတာတွေ, တည်ရာတွေ အနှံ့အပြား ဆက်စပ်နေ၏။

လက္ခဏာရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန် အကြောင်း

မြန်မာစကားရိုးရိုးဖြင့် လွယ်ကူစွာ ဖော်ပြရသော် လက္ခဏာကို(ဘာလဲ)ဟုမှတ်ထားပါ။ ရသ(ကိစ္စ)ကို (ဘာလုပ်တတ်သလဲ) ဟု မှတ်ပါ။ ပစ္စုပဋ္ဌာန်ကို(ဘယ်နေရာသိရမှာလဲ)ဟု မှတ်ပါ။ ထို့နောက် ပဒဋ္ဌာန်ကို (ဘာကြောင့်လဲ)ဟု မှတ်ပြီး။ ပထဝီဆိုတာဘာလဲ။ ပာမှ, ပြောမှဘဲဟု အတိုကောက် ဖြေပေမည်။ရသ (ကိစ္စ)ဘာလဲ။ အတူဖြစ်သောရုပ်တို့၏ တည်ရာကိစ္စ။ ဘယ်နေရာသိရမှာလဲဟူသော ပစ္စုပဋ္ဌာန်က ၎င်းအတူဖြစ်သော ရုပ်တို့ကို ထမ်းဆောင်ထားသည်ဟူ၍ ရှုကြည့်သူ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဋ ရှေ့ရှုထင်စေခြင်းတည်းဟူသော ပစ္စုပဋ္ဌာန် ဘာကြောင့်လဲဟုဆိုသော် ၎င်းအာပေါ, တေဇော, ဝါယော, တို့ကြောင့်ဟု ဖြေဆိုရပါမည်။ ဤသို့အားဖြင့် လွယ်ကူစွာသိမြင်နိုင်ကြပေသည်။

အဘယ်ကြောင့် ဤသို့ ဆက်စပ်၍ နေသည်ဟု စဉ်းစား၍ကြည့်ပါ။ ထိုသို့စဉ်းစား၍ကြည့်သောအခါ ကျွန်တော် တွန်းမှု, ကန်မှုရှိနေသည်ကို ဉာဏ်ဖြင့် သိမြင်ရပေ၏။ ထိုတွန်းမှု, ကန်မှုသည် "ဝါယောခေါတ်" မည်၏။ ၎င်းဝါယောခေါတ်သည် တွန်းခြင်း, ကန်ခြင်း, ထောက်ပံ့ခြင်းလက္ခဏာရှိ၏။ အတူဖြစ်သော ရုပ်တို့ကို လှုပ်ရှားစေခြင်းစသော "ကိစ္စ" အဖြစ်သောရုပ်ဝိုက်ကို တပါး

သော ရုပ်ကလာပ်တို့ရှိရာသို့ ရွှေဆောင်ခြင်း "ပဠုပဌာန" အာ ပေါ-ပထဝီ-တေဇောတို့သည် ၎င်း၏ဖြစ်ပေါ်ရန် နီးသောအ ကြောင်း "ပဒဋ္ဌာန်" ဖြစ်ကုန်၏။

ပူတာတခုရှိလျှင် တည်ရာတခု, တွန်းတာတခု။ နောက် ပူတာ တခုမှာ နောက်တည်ရာတခု နောက်တွန်းတာတခု အားဖြင့် ပူတာတခုရှိလျှင် သဘောသုံးခုရှိသည်ကို သိရာ၏။ ထိုသုံးခုကို ဉာဏ်ဖြင့်ခွဲ၍ကြည့်ပါ။ ပူတာကိုခွဲ၍ယူပါ။ တည်ရာနှင့်တွန်း တာကိုထားခဲ့၍ ရပါမည်လောဟု စဉ်းစား၍ကြည့်ပါ။ ထိုသို့စဉ်း စား၍ကြည့်လျှင် ခွဲခွဲ၍မရနိုင်အောင် ၎င်းဓာတ်သုံးပါးတို့ကို ပျံ့နှံ့လျက် ဖွဲ့တွယ်ကပ်ထားလျက် ရှိနေသည်ကို ဉာဏ်ဖြင့်သိရ လေ၏။

ထိုဖွဲ့တွယ်ကပ်ထားမှုသည် "အာပေါဓာတ်" မည်၏။ ၎င်း အာပေါဓာတ်သည် ဖွဲ့တွယ်ကပ်ထားခြင်း လက္ခဏာရှိ၏၊ သဟ ဇာတ်ရုပ်တို့ကို တပေါင်းတည်း ဖြစ်ပွားစေခြင်း "ကိစ္စ" သဟ ဇာတ်ရုပ်တို့ကို စည်းလုံးပေါင်းဆုံစေခြင်း "ပစ္စုပဋ္ဌာန်" ဝါယော ပထဝီ, တေဇောတို့သည် ၎င်း၏ဖြစ်ပေါ်ရန် နီးစွာသော အ ကြောင်း "ပဒဋ္ဌာန်" ဖြစ်ကုန်၏။ ထို့ကြောင့် ပထဝီ, တေဇော အာပေါ, ဝါယော ဓာတ်လေးပါးတို့၏။ စပ်ကြားတွင် ဖြစ်စေ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ စသည့် ရုပ်ကလာပ် တစည်းဟူသော ဓာတ်ရှစ်ပါး စပ်ကြားတွင်ဖြစ်စေ အာကာသ ပရိစ္ဆေဒဟူသော လွတ်လပ်ပိုင်းခြားထားခြင်း ရှိ၏ဟုသိရာ၏။

ရုပ်ကလာပ်တစည်းနှင့် တစည်းစပ်ကြားတွင် အာကာသခြား၍ ရှိကြောင်းကို သိရာ၏။ ဤအချက်သည် သိမ်မွေ့ခက်ခဲသဖြင့် အမြင်ပေါက်အောင် စဉ်းစားကြည့်ရှုကြပါ။ ပူတာတခု, တည် ရာတခု, တွန်းတာတခု, ကပ်တာတခု လေးမျိုးရှိ၏။

ပူတာကတမျိုး, တည်ရာကတမျိုး, တွန်းတာကတမျိုး ကပ်တာကတမျိုးအားဖြင့် လေးမျိုးရှိ၏။ မိမိခန္ဓာမှာလေးမျိုး သူတပါးခန္ဓာမှာ လေးမျိုး။ တမျိုးကပူတယ်၊တမျိုးကမာတယ်၊ တမျိုးကတွန်းတယ်၊ တမျိုးကကပ်တယ် စသည်ဖြင့် ၎င်းဓာတ် လေးပါးသည် တပေါင်းတစည်းတွင်(ကလာပ်တစည်းတွင် ဆိုလို သည်) အခြေခံဓာတ်လေးပါးဖြစ်၏။ ၎င်းဓာတ်လေးပါးသည် ငါဟုတ်ခဲ့ပါလျှင် ပူတာက ငါတခု မာတာက ငါတခု တွန်းတာ ကငါတခု ကပ်တာကလည်း ငါတခု စသည်ဖြင့် ငါလေးခုဖြစ်၍ နေရာ၏။ ခန္ဓာကိုယ်အစုအဝေးမှာ ရုပ်ကလာပ်တွေ အသင်္ချေ မက ဆက်စပ်နေသဖြင့် ငါတွေကလည်း အသင်္ချေမက အနန္တ မျှားပြားစွာ ဖြစ်နေလေရာ၏။ စင်စစ်မှာ ငါမဟုတ်၊ ထိုဓာတ် လေးပါး,-ဓာတ်ရှစ်ပါးအစုတွေမှာ တခုမျှ ငါဟူ၍ရှာမရ၊ သတ္တ ဝါဟူ၍လည်းရှာမရ။ ဤအကြောင်းမျှားကို ရှေ့အနုတ္တပြဒန်း တွင် ရှင်းလင်းစွာ ဖော်ပြပါဒုံ။

၇။ အမေးအဖြေ

ဓာတ်ရှစ်မျိုး သဘောလက္ခဏာတို့ကို ဉာဏ်စမ်းသောအနေ အားဖြင့်အမေ,းအဖြေပြုလုပ်ခန်းတွင် ဓာတ်ရှစ်ပါးသဘောလက္ခ ဏာစသည်တို့ကို စင်စင်ကြယ်ကြယ် ဉာဏ်အမြင်မပေါက်ပါက ရုပ်ခန်းတွင် အလုံးစုံ နားလည်ဘို့ ခဲယဉ်းလှသဖြင့် ဓာတ်ရှစ်ပါး သဘောမျှားကို ဉာဏ်အမြင်ပေါက်နိုင်အောင် အမျိုးမျိုး အဖုံ ဖုံ စေ့စုံစွာ ဖော်ပြရပေသည်။ ဤအမေး,အဖြေပြုလုပ် မေး ခန်း,ဖြေခန်းဖော်ပြခန်းမှာလည်း တွေးတောစဉ်းစားပါက ရေ ရေလည်လည် သဘောပေါက်နိုင်ရန် ရှိပေ၏။ ဥပမာ ကိုတ်မှုန့်

ချိုချို ပူပူနွေးနွေးတခုကို ကိုင်ရှိပြရာတွင် ဘာကို မြင်သလဲဟု မေးသော်....

ဖြေ မြင်တာဟာ အဆင်းကိုသာ မြင်၏ဟု ဖြေဆိုရာ၏။

မေး ပြတာက ကိတ်မုန့်ကိုပြပါလျက် ကိတ်မုန့်ကို မမြင်ဘဲ အဘယ်ကြောင့် အဆင်းကိုသာမြင်သလဲ။

ဖြေ ကိတ်မုန့်ကို ပြသည်ဆိုသော်လည်း ကိတ်မုန့်ဟုခေါ်အပ်သော ရုပ်အစုအဝေးမျှားကိုပြသည် မြင်စရာလည်း အဆင်းသာရှိသည်။ အဘယ်ကြောင့်ဆိုသော် ကိတ်မုန့်ဆိုသည်မှာ နာမ ပညတ်ဖြစ်၍ ရှိသောတရားမဟုတ်၊ ထို့ကြောင့်စင်စစ်မှာ ကိတ်မုန့်ကိုမမြင်ဟု ဖြေဆိုရာ၏။

မေး ကိတ်မုန့်ဟု ခေါ်ဆိုအပ်သော အစုအဝေးမှာ အဆင်းကလာပ်တို့ပါရှိ၍ အဆင်းကိုသာ မြင်ရသည်မှာ ဘာကြောင့်ပါနည်း။

ဖြေ ၎င်းကိတ်မုန့်ဟု ခေါ်ဆိုအပ်သော အစုအဝေးမှာ ဓာတ်ရှစ်ပါး ကလာပ်စုတွေ့ အသင်္ချေမက စုဝေးဆက်စပ်နေသဖြင့် အဆင်းပရမတ်ကလည်း အသင်္ချေမက ဆက်စပ်နေသောကြောင့် မျက်စိအကြည်မှာ အာရုံကထိခိုက်၍ အဆင်းကိုမြင်သည်ဟု ဆိုရ၏။ ဤကဲ့သို့ အဆင်းကိုသာ မြင်သည်ကို ကိတ်မုန့်ကိုမြင်သည်ဟူ၍ဝေါဟာရအားဖြင့် တင်စား ပြောဆိုခြင်းမျှဖြစ်ပေ၏။

မေး ၎င်းကိတ်မုန့်ကို ကိုင်တွယ်၍ကြည့်ပါ။ ဘာကိုတွေ့ပါသနည်း။

ဖြေ ရင်းကို ကိုင်တွယ်၍ကြည့်ရာ ပျော့တော့တော့, မာတာ တာကိုသာ တွေ့ရပါသည်။

မေး မြင်သည်ဆိုသော အဆင်းက ပျော့သလား၊ မာသလား အဆင်းကို ကိုင်မိပါသလား။

ဖြေ အဆင်းကမပျော့ မမာတတ်ပါ။ မျက်စိအာရုံဖြစ်၍သာ ထိခိုက်နိုင်ပါသည်။ အဆင်းကိုမကိုင်မိနိုင်ပါ။

မေး ရင်းကိုင်မိသော ပျော့တော့တော့, မာတာတာ ဆိုသည် မှာ ဘုရားရှင်၏စကားတော်ဖြင့် ဘာကိုခေါ်ပါသနည်း။

ဖြေ ဖောဋ္ဌပ္ပ ပထဝီလို့ ခေါ်ပါသည်။

မေး ပထဝီက ဘယ်လိုရှိနေ၍ ကိုင်တွယ်မိရပါသနည်း။

ဖြေ ရုပ်ကလာပ်ပေါင်း အသင်္ချေအနန္တ ပေါင်းစုဆက်စပ် နေသဖြင့် ပဏဝီဟုခေါ်သော အမာ, အပျော့ သဘော သတ္တိတို့ကလည်း အသင်္ချေမကဆက်စပ်နေသောကြောင့် ရင်းပထဝီမျိုးကို ကိုင်မိရပေသည်။

မေး ရင်းကိတ်မုန့်ကိုတဖန်ကိုင်ကြည့်ရာပူသလား နွေးသလား။

ဖြေ ပူပူနွေးနွေးကိုသာ ကိုင်မိပါသည်။

မေး ရင်းပူခြင်းသည် အဆင်းကပူပါသလား။

ဖြေ အဆင်းက မပူတတ်ပါ။ မျက်စိကိုသာထိခိုက်နိုင်ပါသည်။

မေး ပထဝီက ပူပါသလား။

ဖြေ ပထဝီကမပူတတ်ပါ။အမာ, အပျော့သဘောလက္ခဏာကို သာ ထွန်းပြပါသည်။

မေး ဘာသဘောက ပူနွေးပါသနည်း။

ဖြေ တေဇောသဘောက ပူနွေးပါသည်။

မေး ၎င်းပူမှုတေဇောက ဘယ်လိုပါရှိနေပါသနည်း။

ဖြေ ၎င်းကိုတ်မှုန့်ခေါ်ဆိုအပ်သော ရုပ်အစုတွင် ရုပ်ကလာပ်စည်းပေါင်း အသင်္ချေမက စုဝေးဆက်စပ် ပါဝင်နေ၍ ကလာပ်တခုမှာ ပူတာ တခုစီပါသဖြင့် ပူတာ တွေ့ကလည်း အနန္တဆက်စပ် ပါရှိတောကြောင့် ပူသော တေဇောကို ကိုင်တွယ်မိပါသည်။

မေး ၎င်းကိုတ်မှုန့်ကို နမ်းကြည့်ပါက ဘယ်လိုနေသလဲ။

ဖြေ ၎င်းကိုတ်မှုန့်ကို နမ်းကြည့်သော် မွှေးပါသည်။

မေး ၎င်းမွှေးသည်မှာ အဆင်းက မွှေးပါသလား၊ ပထဝီဟူသော မာတာ,ပျော့တာက မွှေးပါသလား၊ သို့မဟုတ် ပူမှုတေဇောက မွှေးပါသလား။

ဖြေ မွှေးသည်ဟုဆိုသည်မှာ အဆင်းကလည်း မမွှေးတတ်, မာတာ,ပျော့တာ ပထဝီကလည်း မမွှေးတတ်။ တေဇော ဟူသော ပူတာကလည်း မမွှေးတတ်ပါ။ အဘယ်ကြောင့် ဆိုသော် ထိုမာတ်သဘောတို့သည် မိမိသဘောကိုသာ မိမိဆောင်၍ "မာတ်" ဟု ခေါ်ရ၏။ ကိုယ့်သဘော သတ္တိကိုသာ ကြည့်ရှုသူတို့၏ ဉာဏ်ဝမှာ ထပ်ဖူထွန်းပြ၏။ သဘော မပြောင်းလဲတတ်၊ သဘောသတ္တိ မဖောက်ပြန်တတ်၊ ပရမတ္ထသဘောတို့မှာ ထိုကဲ့သို့ချည်းတည်း။

မေး ၎င်းတို့က မမွှေးနိုင်လျှင် ဘာကမွှေးပါသနည်း။

ဖြေ အနံ့သဘောကသာမွှေးပါသည်။

မေး အနံ့သဘောက ဘယ်လိုပါရှိနေပါသနည်း။

ဖြေ ရင်းကလာပ်စု ကိတ်မုန့်ဟုခေါ်သော ရုပ်အစုအဝေးဌ် ကလာပ်စည်းပေါင်း အသခ်ေါ်မက ပါဝင်၍ အနုံ့ကလည်း ထို့အတူ အသခ်ေါ်မက ပါဝင်ဆက်စပ်နေသောကြောင့် မြေးသည်ဟု သိရပါသည်။

ရင်းအနုံ့ဂန္ဓက မြေးသည်ကိုပင် ကိတ်မုန့်က မြေးသည်ဟု တင်စား၍ ဝေါဟာရ ပြောရိုးဖြင့် ပြောဆိုကြခြင်းပေတည်း။

မေး ထိုကိတ်မုန့်ကို စားကြည့်ပါ၊ ဘယ်လိုရှိပါသနည်း။

ဖြေ ကိတ်မုန့်ကို စားကြည့်တော့ ချိုပါသည်။

မေး ချိုသည်ဆိုသည်မှာ အဆင်း, အနုံ, စသည်တို့က ချိုပါသလော။

ဖြေ ပထဝီ, အာပေါ, တေဇော, အဆင်း, အနုံ, စသည်တို့က မချိုနိုင်ပါ။ အချိုစသော ရသ-ဟူသော အရသာကချိုပါသည်။

မေး အရသာက ဘယ်လိုပါဝင်၍ ချိုပါသလဲ။

ဖြေ ထိုကိတ်မုန့်ဟူသော ရုပ်အစုအဝေးတွင် ပါဝင်ဆက်စပ်လျက်ရှိသော ကလာပ်ပေါင်း အနန္တမှာ အချိုစသော အရသာပေါင်း အနန္တပါဝင်ဆက်စပ်နေ၍ ရင်းအရသာသည် လျှာအကြည်ပေါ်မှာသာ ထင်အောင်ပေါ်လာ၍ ချိုသည်ဟု သိရပါသည်။ ရင်းအချိုစသော ရသာစုက ချိုသည်ကိုပင် ကိတ်မုန့်ကချိုသည်ဟု ဝေါဟာရအားဖြင့် တင်စားပြောဆိုခြင်းမျှ ဖြစ်ပေသည်။

မေး ယခု အမေး, အဖြေ ပြုလုပ်မေးခန်းတွင် ဓာတ်ရှစ်ပါးသဘော အလုံးစုံပါပြီလား။

ဖြေ အာပေါ, ဝါယောနှင့် သြဇာသဘောများ လိုပါသေးသည်။

မေး ဝါယောဓာတ်သဘောကို ဘယ်လိုသိရမည်နည်း။

ဖြေ ဝါယောသဘောက ထောက်ကန် လှုပ်ရှားတတ်သော သတ္တိသဘောဖြစ်၍ ရုပ်ကလာပ်ချင်း ဆက်စပ် နိုင်စေရန် တွန်းကန်ထောက်ပံ့ မှုတွင် ၎င်းလှုပ်ရှားသမျှမှာ ၎င်းဝါယော၏ သတ္တိဖြစ်သဖြင့် ၎င်းဝါယော လွန်ကဲသော လေတိုက်သောအခါ ကာယအကြည်မှာ သိမှုဖြစ်နိုင်၍ ၎င်း၏ သဘောသတ္တိကို သိလွယ်, မြင်လွယ်နိုင်ပေ၏။

မေး အာပေါဟူသော ဖွဲ့ကပ်မှုကို ဘယ်လိုသိနိုင်ပါမည်နည်း။

ဖြေ ဖွဲ့ကပ်ဟူသော အာပေါ၏သဘောသတ္တိကိုကြည့်၍ မမြင်နိုင်။ ကိုင်တွယ် စမ်းသပ်၍လည်း မတွေ့နိုင်။ ဓာတ်သဘောအားဖြင့်သာ ၎င်းအာပေါ ပထဝီ,တေဇော,ဝဏ္ဏ,ဂန္ဓစသည်တို့ကို မကွေ့မကွာ တပေါင်းတည်းဖြစ်အောင် ဖွဲ့ကပ်ထားခြင်းမျှ ဖြစ်ကြောင်းကို ဉာဏ်ဖြင့်သိရပေသည်။ ကပ်သည်ဆိုသည်မှာ သဘောတခုနှင့်တခုကို ခွဲခွါ၍မရနိုင်အောင် ဖွဲ့ကပ်ထားပေသည်။ စပ်သည်ဆိုသည်ကား ရုပ်ကလာပ်ချင်း တခုနှင့်တခု နီးကပ်ဆက်စပ်ခြင်းကို ဆိုလိုသည်၊ ထို့ကြောင့် ကပ်ခြင်း, စပ်ခြင်းတို့၏ အဓိပ္ပါယ်သဘောများကို ခွဲခြားမှ သိရာ၏။

ကပ်တာမှာ အာကာသခြားမှ မရှိနိုင်။ စပ်တာမှာသာ အာကာသခြားမှ ရှိနိုင်သည်ကို အထူးသတိမူရာ၏။ ထို့ကြောင့်

ကလာပ် တစည်းတွင် ဓာတ်သဘောများ ဖွဲ့ကပ် နေခြင်းမှာ အာကာသ အပိုင်းအခြားမရှိ။ ခွဲခွါ၍ မရစကောင်း။ ထိစပ်ခြင်းမှာ ရုပ်ကလာပ် တခုနှင့်တခု ဆက်စပ်နေ၍ အာကာသ ခြားနေ၏။ ဤအချက်များကို ဉာဏ်ဖြင့် အမြင်ပေါက်အောင် လေးနက်စွာ စဉ်းစားရာ၏။

မေး သြဇာ သဘောကို ဘယ်လိုသိမြင်မည်နည်း။

ဖြေ သြဇာ သဘောကိုလည်း အာပေါ သဘော ကဲ့သို့ပင် ကြည့်၍မမြင်နိုင်း စမ်းသပ်၍လည်းမရ။ မတွေ့နိုင်။ ရုပ်များကို တိုးပွါးစေသော သဘောကို အသိဉာဏ်ဖြင့်သာ စဉ်းစားသိမြင်နိုင်ပေသည်။

၇။ ဓာတ်ရှစ်ပါးကို အမြင်ပေါက်၍ အကျိုးရှိပုံ

ဓာတ်ရှစ်ပါး၏ သဘောလက္ခဏာစသည်တို့ကို ဉာဏ်အမြင်ပေါက်၍ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ဖြစ်သောအခါ ၎င်းကလာပ်တို့သည် အရည်, အတို, အလုံး, အဝိုင်း, အပြား, အတုံး, အခဲ, အမှုန့်, အရည်, အဖတ် စသည် မရှိကြောင်းနှင့် ပုံသဏ္ဌာန်အားဖြင့် ယူဆစရာ မရှိကြောင်းများကို အသိဉာဏ် တိုးပွါးသိမြင်နိုင်ရာ၏။ သတ္တလောက, ဩကာသလောကတွင် ရှိရှိသမျှ သက်ရှိ, သက်မဲ့ဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေး မှန်သမျှမှာ အကောင်အထည်အားဖြင့် တခုမျှမရှိ၊ ဝတ္ထုတစုအနေအားဖြင့်လည်း ယူဆစရာမရှိ။ အားလုံး ရုပ် (၂၈)ခုအပေါင်း၊ ဓာတ်ရှစ်ပါး အပေါင်းအစုချည်းဘဲဟူ၍ရင်း၊ ခေါ်ရသမျှမှာ ဘာတမျှမရှိ၊ ရုပ်(၂၈)ပါး ဓာတ်ရှစ်ပါး ပရမတ် သဘောတို့သာလျှင် ဆက်စပ်နေကြသည်ဟူ၍ရင်း၊ အမြင်ပေါက်ရခြင်း အကျိုးရှိ၏။

ထို့ပြင်လည်း ရူပ်ဟူသမျှမှာ ရူပ် (၂၈)ပါး၊ ဓာတ်ရှစ်ပါး ဟူ၍ရှင်း၊ အပေါင်းအစု ကလာပ်စည်းများ အပေါင်းအစုတွေ ချည်းဘဲဟု ဉာဏ်အမြင်ပေါက်ရသဖြင့် လောကဌ် မည်မျှသေး ငယ်သော ရူပ်အစုအဝေးဖြစ်စေကာမူ ၎င်းရူပ် (၂၈)ပါးတည်း ဟူသော ကလာပ်အပေါင်းအစုများ ချည်းဘဲဟု ဉာဏ်အမြင် ဖြစ်လာရပေသည်။ ရူပ်အစုအဝေးရှိသမျှမှာ အရောင်အလင်းမှ စ၍ လေဟုခေါ်ဆိုအပ်သော ရူပ်အစုအဝေးတို့သည် အလွန် သိမ်မွေ့လှပေ၏။ ၎င်းသိမ်မွေ့လှပေသော လေရူပ်ကလာပ်တစု မှာလည်း ဓာတ်ရှစ်ပါး အစုမျှသာတည်း။ ထိုထက် ကြမ်းတမ်း သော မီးဟုခေါ်ဆိုအပ်သော ရူပ်ကလာပ်အပေါင်း အစုများ မှာလည်း ဓာတ်ရှစ်ပါး အစုအဝေးချည်းသာတည်းဟု သိမြင် လာရ၏။ ထိုမီးတည်းဟူသော ရူပ်အစုထက် ကြမ်းတမ်းခြင်း လက္ခဏာများသော ရေဟုဆိုအပ်သော ရူပ်အစု အဝေးများ မှာလည်း ဓာတ်ရှစ်ပါး အစုချည်းဘဲဟု သိမြင်ရ၏။

ထိုထက် ကြမ်းတမ်းသော သဘောများ ပါဝင် ဆက်စပ် နေသော မြေဟုခေါ်ဆိုအပ်သော ရူပ်အစုအဝေးများမှာလည်း ဓာတ်ရှစ်ပါးအစု ကလာပ်စုံတွေ့ချည်းဘဲဟု ဉာဏ်အမြင်ပေါက် ရ၏။ ထိုဓာတ်ရှစ်ပါးအစု သဘောလက္ခဏာ အစုအဝေးများ ကိုလည်း အခိုက မျှားရှာသဘောသို့လိုက်၍ မြေဟူ၍ရှင်း, ရေ ဟူ၍ရှင်း, လေဟူ၍ရှင်း အမည် အသီးသီးဖြင့် မှည့်ခေါ်ထား ခြင်းမျှသာ ဖြစ်ပေသည်ဟု သိမြင်လာရာ၏။

ဥပမာအားဖြင့်ဆိုသော် ပြောရိုးပြောစဉ်အတိုင်း ရေထဲသို့ ဆင်း၍ ရေချိုးရာ အေးသောအတွေ့ တကိုယ်လုံးမှာ အနှံ့ အပြား ခံစားရပေ၏။ ဤကဲ့သို့ အအေးဓာတ်များဖြင့် ခံစား

ရသည်ကို ရေကအေးသည်ဟု ဝေါဟာရအားဖြင့် သုံးစွဲကြရ၏။ ပြောဆိုကြရ၏။ စင်စစ်မှာ ရေကမအေးတတ်၊ မအေးနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ရေဆိုသည်မှာ အမည် ပညတ်မျှသာ ဖြစ်ပေသည်။ မရှိသောတရားဖြစ်၍ မအေးနိုင်ပေ။ သိတတေ ဇောဟူသော အသင်္ချေအနန္တ ဆက်စပ်နေသော အေးသော သဘော တစုကသာ အေးနိုင်သည်ဟု သိမြင်ရ၏။ ထို့အတူ ရေထဲ တွင် ရေကူး၍ အသံမည်သဖြင့် ရေက မြည်သည်ဟုဆိုရာ ရေက တကယ်မမြည်နိုင်ပေ။ ရေကမြည်သည်ဟု ဆိုသည်မှာကား တင်စားပြောဆိုခြင်းမျှသာ ဖြစ်ပေသည်။

စင်စစ်မှာ ရေဟုဆိုအပ်သော ရူပ်ဒဗျုအဝေးမှာ ပါရှိကြသော ပထဝီဟူသော အမာသဘောချင်း ထိခိုက်မိ ရိုက်မိကြ၍ အသံဖြစ်ပေါ်ပြီးသော် မြည်ရကြောင်းကို ဉာဏ်အမြင်ပေါက်လာရ၏။ ဥပမာ ခလေးသူငယ်တွေ ငိုသူကငို, အော်သူကအော်သဖြင့် အသံဆူညံစွာ ဖြစ်ပေါ်နေသော ရှေအိမ်တဝှက်ကို လမ်းသွား, လမ်းလာသူတို့က သည်အိမ်ကအလွန်ဆူသည် အလွန်ညံ့သည် စသည်ဖြင့် ပြောဆိုကြသကဲ့သို့ပင်တည်း။ စင်စစ်မှာ အိမ်ကမဆူမညံနိုင်၊ ခလေးဟူသော ပညတ်ကလည်းမဆူညံနိုင်၊ အသံဇော့ကသာ ဆူညံစေသည်ကို ခလေးငိုသည်, ဆူညံသည်မှန်ရုံးရုံးနှင်းဆူညံသည်ကို အိမ်ကဆူညံ သည်ဟူ၍ရုံးရုံး တင်စားပြောဆိုကြခြင်းမျှ ဖြစ်ကြောင်းကို ထိုးထွင်း သိမြင်ရပြန်၏။ ထိုကဲ့သို့ပင် ကလာပ် အစုအဝေးများမှာလည်း အချင်းချင်းရိုက်မိ, ခတ်မိ သည်ရှိသော် အဟုန်အရှိန် ပြင်းထန်လျှင် ပြင်းထန်သည့် အလျောက် အသံအမျိုးမျိုး ဖြစ်ပေါ်ရ၏။

မိုးယိုးခြိမ်းသံ,မိုးကြိုးသံ, လျှပ်စစ်သံ စသည်တို့မှ လေဟုခေါ်ဆိုအပ်သော ရူပ်အစုအဝေးများတွင် ပါဝင်ကြသောပထဝီ

ဟူသော မာမူသဘောချင်း ရိုက်မိ,တိုက်ခိုက်မိ၍ အသံစသည်တို့ ဖြစ်ပေါ်ရခြင်းပေတဲ့ဟု ဥာဏ်အမြင် ပေါက်လာရပေသည်။ ဓာတ်ရှစ်ပါး သဘောလက္ခဏာ စသည်တို့ကို ထိုကဲ့သို့ စင်စင်ကြယ်ကြယ် သိမြင်လာရသည်အထိ အလွန်ပင် အကျိုးရှိလှပေသည်။

၉။ ဓာတ်ရှစ်ပါးဖြင့် "သမထဘာဝနာ" ဖြစ်ပုံ

အဌကလာပ်ရုပ် ကလာပ်တစည်းတွင် ပါဝင်သောဓာတ်ရှစ်ပါးသဘောမျှားမှ ဂူတာကို တွေးကြည့်ပါ၊ တည်ရာကို တွေးကြည့်ပါ၊ တွန်းတာကို တွေးကြည့်ပါ၊ ကပ်တာကိုလည်း တွေးကြည့်ပါ။ ထိုသို့တွေးနေသည်ကို "ဘာဝနာပွားသည်" ဟု မှတ်ယူရသည်။ ဂူတာကိုတွေးလျှင် ဂူတာကိုသိ၏။ မာတာကိုတွေးလျှင် မာတာကိုသိ၏။ တွန်းတာကိုတွေးလျှင် တွန်းတာကိုသိ၏။ ကပ်တာကိုတွေးလျှင် ကပ်တာကိုသိ၏။ အဆင်း,အနံ့ စသည်တို့ကို တခုစီတွေးနေပြန်လျှင် တွေးသောသဘောလက္ခဏာ အသီးသီးကိုသိ၏။ ဂူတာကိုတွေးသောစိတ်သည် ဂူတာ၌တည်၏။ မာတာကို တွေးသောစိတ်သည် မာတာ၌တည်၏။ တွန်းတာကို တွေးသောစိတ်သည် တွန်းတာ၌တည်၏။ ကပ်တာကိုတွေးသောစိတ်သည် ကပ်တာ၌တည်၏။ ထိုသို့စိတ်တည်မှုကို "သမာဓိ" ဟု မှတ်အပ်၏။

ဂုဏ်းသမာဓိဖြစ်ခိုက် လောဘ,ဒေါသ,မောဟ စသော ကိလေသာတို့ကို ပြိမ်းနှိမ်၏။ ထိုကိလေသာ နိဝရဏတို့ကို ပြိမ်းစေတတ်သောသမာဓိကို "သမထ" ဟု ခေါ်သည်။ တွေးသည်,စဉ်းစားနေသည်ကို "ဘာဝနာ ပွားနေသည်" သမထနှင့် ဘာဝနာတို့

ပေါင်းသော် သမထဘာ၀နာဟု ခေါ်၏။ ထိုဓာတ်လေးပါး စသည်တို့ကို တွေးတောနေမှုအတွက် သမထဘာ၀နာဖြစ်နေပေသတည်း။

၁၀။ ဓာတ်ရှစ်ပါးသည် "အနတ္တ"ဖြစ်ပုံ

ဓာတ်ရှစ်ပါးအစု ရုပ်ကလာပ်တို့ ပေါင်းစုဆက်စပ်နေသော ဤခန္ဓာအစုအ၀ေးများကို ကိုယ်ကောင်ဘဲဟု ထင်မှတ်ခဲ့ကြ၏။ ကိုယ်ဟုခေါ်ပါသော်လည်း ကိုယ်မရှိကြောင်းကို သိသာရန်မှာ ထိုရုပ်ကလာပ်တစည်းတွင် ပါ၀င်သော ခက်မာသော ပထ၀ီသဓာတုလက္ခဏာတခုကို စဉ်းစားရန်မှာ ၎င်းပထ၀ီတွေ့ ဆက်စပ်နေသည်ကို "ကိုယ်ကောင်" ဟု ခေါ်ကြ၏။

ကိုယ်ကောင်ရှိ မရှိသိနားလည်ရန် ၎င်းပထ၀ီသဘောတခုဌ ကိုယ်ကောင်ဆိုသည်မှာ၀ေးစ္ဓ၊ အထည်ဒြပ်,အမှုံ,အမှားကောင် ပြစရာရှိပါသလားဟု စဉ်းစားသော် ကိုယ်ကောင် ရှာမတွေ့နိုင်သည့်ပြင် အထည်, ဒြပ်,အမှုံ,အမှားမျှ မရှိကြောင်းကို သိမြင်ခြင်းတည်းဟူသော သမ္မာဒိဋ္ဌိဉာဏ် ပေါ်သောအခါ (သရီရအတ္တ) ကိုယ်ကောင်ဟူသော အထင်အမှတ် မဟုတ်မမှန် လွဲချော်သော အယူတည်းဟူသော အတ္တမဟုတ်ဟု ထိုးထွင်းသိမြင်ရခြင်းသည် "အနတ္တ" ကို သိသည်မည်၏။ အနတ္တကိုမြင်အောင်ပြနည်းတမျိုးပေတည်း။ ဤသို့ ပထ၀ီတခုမှာပင် ကိုယ်ဟု ရှာမတွေ့ဘဲ သရီရအတ္တမဟုတ်ဘဲ "အနတ္တ" ဟု ဖောက်ထွင်း၍ အ၀ိဇ္ဇာဉာဏ်ဖြင့် သိလာသောအခါ မိမိ၏ကိုယ်ဟု သမုတ်အပ်သော ရုပ်အစုအ၀ေးများတွင် ဆက်စပ်နေသမျှ ပထ၀ီသဘော အနန္တမှာ ဘယ်ပထ၀ီက ကိုယ်ကောင်ပါဘဲဟု ၀န်ခံစရာရှာ၍ တွေ့နိုင်ပါ

မည်လော။ ဘယ်ပဏ္ဍိမှ ကိုယ်ကောင်မဟုတ်လျှင် သူတပါးခန္ဓာ ဟူသော အစုအဝေးမှာ ရှိသမျှပထဝီဓာတ်တွေနှင့် သတ္တလောကတွင် ရှိသမျှခန္ဓာအစုအဝေး၌ ပါဝင်သောပထဝီဓာတ်တို့သည် အားလုံး "အနတ္တ" ချည်းသာ ဖြစ်ကြပေသည်ဟု ထိုးထွင်းသိမြင်လာနိုင်တော့၏။

ဤကိုယ်ခန္ဓာ အစုအဝေးကို လူသတ္တဝါဟူ၍ ခေါ်ကြ၏။ လူဟူသော သတ္တဝါရှိ,မရှိ စုံစမ်းရှာဖွေရန်မှာ အဌကလာပ်ခေါ် ရုပ်ကလာပ် တစည်းတွင် ပါဝင်သော ဓာတ်ရှစ်ပါးမှ ပထဝီသဘောတခုကို သဘ္ဘဝါလား၊ စဉ်းစားပါ။ သတ္တဝါမဟုတ်ဘဲ သဘောလက္ခဏာသက်သက်မျှ ဖြစ်ကြောင်းကို သိရှိရ၏။

ထိုပထဝီမှာ သတ္တ, အတ္တ ကင်းဆိတ်လျှင် အဘ္ဘမဟုတ်၍ "အနတ္တ, အနတ္တ"ဘဲဟု ထိုးထွင်းသိမြင်နိုင်၏။ ထိုပထဝီတခုမှာ အဘ္ဘမဟုတ်၍ အနတ္တဖြစ်မှန်းကို သိရှိရသော် မိမိဟူသော ခန္ဓာအစုအဝေးမှ ပထဝီအားလုံး ဆက်စပ်နေကြရာ ဘယ်ပထဝီကို "သတ္ထ,အတ္တ" ပြုလုပ်နိုင်မည်နည်း။ ဘယ်ပထဝီကို "သတ္တဝါဟု ခေါ်စရာ ရှာတွေ့နိုင်ပါမည်နည်း။ သတ္တဝါကင်းဆိတ်၍ "သတ္တ, အတ္တ"မဟုတ်သဖြင့် အားလုံးပဏ္ဍိတို့သည် "အနတ္တ"ချည်းပေတည်းဟု သိမြင်ရာ၏။

မိမိခန္ဓာမှာ ပထဝီအားလုံးကို ရှုမြင်နိုင်သကဲ့သို့ သူတပါးဟူ ဆိုအပ်သော ခန္ဓာအစုအဝေးမှစ၍ သတ္တလောကရှိ အားလုံး'သော ရုပ်ခန္ဓာမှ ပထဝီအပေါင်းတို့မှာလည်း "သတ္တ, အတ္တ" ကင်းဆိတ်၍ "အနတ္တ"ချည်း ဖြစ်ကြောင်းကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ရာ၏။ ဤကား "အနတ္တ"ကိုသိမြင် ပုံတမျိုးပေတည်း။ ဤခန္ဓာမှာ မေ့ကတည်းက ပါလာသော

ရှင်နေသော အသက်လိပ်ပြာ ရှိသည်ဟု ထင်ကြ၏။ အသက်လိပ်ပြာ တကယ်ရှိ,မရှိ ရှာဖွေစုံစမ်းရန်မှာ ထိုပထဝီ လက္ခဏာ တခုသည် "ဇီဝအတ္တ" ခေါ်သော အသက်လိပ်ပြာ ပါသလားဟု စဉ်းစားပါသော်....

ဇီဝအတ္တတည်းဟူသော အသက်မဟုတ်ကြောင်းကို သိမြင်ရ၍ အတ္တမဟုတ် "အနတ္တ,အနတ္တ" ဘဲဟု ထိုးထွင်းသိမြင်ရပြန်၏။ ထိုပထဝီမှာ ဇီဝအတ္တမဟုတ်လျှင် ခန္ဓာကိုယ်အစုအဝေး အားလုံးမှရှိသော ပထဝီများမှာ ဘယ်ပထဝီကိုမှ ဇီဝအတ္တဟု ယူဆစရာ ရှာမတွေ့ရဘဲ ဇီဝအတ္တ ကင်းဆိတ်နေသည်ကို သိရပြန်၍ အားလုံးသော ပထဝီခဝတ် အပေါင်းသည် 'အတ္တ" မဟုတ်ဘဲ၊ "အနတ္တ"ချည်းဟု သိရပြန်၏။ မိမိခန္ဓာ အစုအဝေးအားလုံးမှ ပထဝီခဝတ်အပေါင်းကို ကြည့်ရှုပြန်သော် ဇီဝအတ္တကင်းဆိတ်၍ အတ္တမဟုတ်၊ အနတ္တချည်းဘဲဟု သိမြင်ရပြန်၏။ ဤရှုနည်းသည်လည်း အနတ္တကို သိမြင်ပုံ တမျိုးပေတည်း။ ဤကဲ့သို့အတ္တ သုံးပါး မဟုတ်သည်ကို ဆင်ခြင်၍ "အနတ္တ"ကို သိမြင်ခြင်းသည်လည်း ပညာသိပင်ဖြစ်၏။ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ပင် ဖြစ်လေ၏။

ဤကဲ့သို့ သတ္တလောကရှိ ခန္ဓာအစုအဝေးများမှာ ရှိသမျှ အားလုံးသော ပထဝီခဝတ်ဟူသမျှသည် အနတ္တချည်းသာတည်းဟု သိမြင်လာသောအခါ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူ၍ ဘုရားဟောဒေသနာ အဆုံးအမနှင့် ကိုက်ညီစွာ ခပ်သိမ်းကုန်သော ဓမ္မသဘောတို့သည် "အတ္တ" မဟုတ် "အနတ္တ"ချည်းဘဲဟု သိရှိနားလည်လာရပေသည်။ ထိုပြင် "ဓမ္မာနိသတ္တ နိဇ္ဇီဝသဘာဝါ" ဟူသော အဋ္ဌကထာအရှင်မြတ်တို့၏ အဆုံးအမ ဩဝါဒတို့နှင့်

လည်း ကိုက်ညီစွာ သိမြင်လာရပေ၏။ အားလုံးသော ဓမ္မအ ပေါင်းတို့သည် သတ္တဝါလည်းမဟုတ်, ရှင်နေသော အသက်လိပ် ပြာလည်းမဟုတ် သဘောတရားများ ချည်းသာ ဟုတ်မှန်လှ သည်ဟူ၍ သိရှိနားလည်ပြီးလျှင် ဥာဏ်အမြင် ပေါက်လေ တော့၏။

၁၁။ ခေတ်ရှစ်ပါးကလာပ်စုများတွင် ဥာဏ်အမြင်ပေါက်ပုံ

ကိုခေတ်ရှစ်ပါး သဘောလက္ခဏာတို့တွင်ရင်း, ကလာပ်စု များတွင်ရင်း၊ ပညတ်သုံးပါးမဟုတ်၍ ပရမတ်များဖြစ်ကြောင်း ကို ဥာဏ်အမြင်ပေါက်သောအခါ၌ရင်း၊ အတ္တသုံးပါးကင်းဆိတ် ၍ အနတ္တတရားများချည်းဘဲဟု ထိုးထွင်းသိမြင် ဥာဏ်အမြင် ပေါက်သောအခါ၌ရင်း ၎င်းဓမ္မတရားသဘောတို့ကို မျက်စိဖြင့် မြင်သကဲ့သို့ သိမြင်ရခြင်းသည် "စက္ခုဥဒပါဒိ" ဖြစ်ပေ၏။ မြတ် စွာဘုရား ကိုယ်တော်မြတ်မှာ အတုမရှိဘဲ အားလုံးသော တရား သဘာဝတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် အမြင်ပေါက်၍ နေ တော်မူပေ၏။

တရားကို နာကြားအားထုတ်သော ယောဂိပုဂ္ဂိုလ်များမှာ အတုမရှိသော မြတ်စွာဘုရားကဲ့သို့ မမြင်နိုင်ကြသော်လည်း ၎င်းတရားသဘောတို့ကို စဉ်းစားတွေးတော၍ သိမြင်နေသော အခိုက်တွင် မျက်စိဖြင့်မြင်သကဲ့သို့ မြင်ရ၍ "စက္ခုဥဒပါဒိ" စက္ခု၊ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။ ဥာဏ် ဖြင့် ထိုးထွင်းသိမြင်ရသဖြင့် "ဉာဏံ-ဥဒပါဒိ" ဖြစ်ရ၏။ မိမိခန္ဓာ,

သူတပါးခန္ဓာ စသည်ဖြင့် အပြားအားဖြင့် သိမြင်ရ၍လည်း "ပညာဥဒပါဒိ" ဖြစ်ရ၏။

ထိုကဲ့သို့ သိမြင်ခြင်းသည် အဝိဇ္ဇာကို ထွင်းဖောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ရသဖြင့် "ဝိဇ္ဇာဥဒပါဒိ"ဖြစ်ရပြန်၏။ ၎င်းဓမ္မသဘောတို့ကို ရှုမြင်သည့်အခိုက် ထင်လင်းစွာ အသိဉာဏ်ရောက်ရပေသဖြင့် "အာလောကော ဥဒပါဒိ"ဖြစ်ရပေ၏။ ဤကဲ့သို့ ဉာဏ်ငါးချက်လည်း တရားသဘောမျှားကို တွေးတော၍ သိမြင်ခိုက်တွင် ဖြစ်ပေါ်လာပေသည်။

၁၂။ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ဖြစ်သောအခါ သီကျွာသုံးပါးဖြစ်ပုံ

ထိုတရားသဘာဝမျိုးကို ပညတ်မှု ပရမတ်သို့ရင်း အတွင်းမှ အနတ္တသို့ရင်း သိမြင်သောအခါ သမ္မာဒိဋ္ဌိဉာဏ်ဟုခေါ်၏။ ဝိဇ္ဇာဉာဏ်လည်းခေါ်၏။ ပညာဉာဏ်လည်းခေါ်၏။ ယထာဘူတဉာဏ်လည်းခေါ်၏။ ဓမ္မဋ္ဌိတိဉာဏ်လည်းခေါ်၏။ မြန်မာလိုမှာ မှန်တာကိုသိသည်။ မှန်တာကို အသိရောက်သည်ဟု ခေါ်၏။ ဤကဲ့သို့ မှန်တာကိုသိတိုင်း, သိတိုင်း မဂ္ဂင်ရှစ်ပါးသီကျွာသုံးပါးပါ အကျုံးဝင်၍ပါရ၏။ မှန်တာကိုသိသောအခါ မမှန်တာကို သိခဲ့သော မိစ္ဆာဒိဋ္ဌိကိလေသာကို သတ်သည်မည်၏၊ ထိုပယ်သတ်ခြင်းက (မ) အဓိပ္ပါယ်ရ၏။ မှန်တာကိုအသိရောက်ခြင်းက (ဂ) အဓိပ္ပါယ်ရ၏။ မ-နှင့် ဂ-ကိုပေါင်းသော် "မဂ္ဂ"ဖြစ်၏။ ထိုကဲ့သို့ မှန်တာကို အသိရောက်သောစိတ်သည် သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခိုက်တွင် မမှန်တာကိုသိခဲ့သော မိစ္ဆာဒိဋ္ဌိကိလေသာတို့သည် စိတ်အစဉ်မှာ မရောက်သဖြင့် မိစ္ဆာဒိဋ္ဌိတည်းဟူသော အညစ်

အကြေးစိတ်မနောက်၍ စိတ်ဖြူစင်နေရသဖြင့် "အရိယာ" အဓိပ္ပါယ်ရ၏။ အရိယာနှင့်မဂ္ဂကို ပေါင်းသော် (အရိယာမဂ္ဂ) လည်း ဖြစ်ရ၏။

ဤအချက်မှာ နောက်ပိုင်းက မဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်ပုံ ပြခန်းတွင် ဖော်ပြသကဲ့သို့ပင်တည်း။ သိက္ခာသုံးပါးဖြစ်ပုံမှာ သမ္မာဝါစာ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ။ ၎င်းမဂ္ဂင်သုံးပါးက "အဓိသီလ" ဖြစ်၏။ သမ္မာဝါယာမ, သမ္မာသတိနှင့် သမ္မာသမာဓိဟူသော မဂ္ဂင်သုံးပါးက "အဓိစိတ္တ" ဖြစ်၏။ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးက "အဓိပညာ" ဖြစ်၏။

ဤကဲ့သို့ အဓိသီလ, အဓိစိတ္တနှင့် အဓိပညာဟူ၍ သိက္ခာသုံးပါးဖြစ်ရပေ၏။ ထိုကဲ့သို့ သမ္မာဒိဋ္ဌိ ဥာဏ်ဖြစ်ခိုက်တွင် အဓိသီလ ဖြစ်သောအခါ သမ္မပ္ပဓာန်လေးပါးနှင့် ပြည့်စုံရပေ၏။ မည်ကဲ့သို့ ပြည့်စုံရပါသနည်းဟု ဆိုသော်....

(၁) ရှေးရှေးဘဝသံသရာက ကျူးလွန်ခဲ့မိသော ဒုစရိုက်အကုသိုလ်ကံကျွေးဟု ဆိုအပ်သော အကုသိုလ်တရားတို့ကို အကျိုးပေးခွင့်မရအောင် တားမြစ်ခြင်းကိစ္စ။

(၂) ဖြစ်ပေါ်မှု မရှိသော အကုသိုလ် တရားတို့ကိုလည်း နောက်တဖန် ဖြစ်ပေါ်မှုမရှိအောင် ပြုလုပ်ခြင်းကိစ္စ။

(၃) သံသရာအဆက်ဆက်က ဖြစ်ပေါ်မှု မရှိသေးသော ကုသိုလ်တရားတို့ကိုလည်း ဖြစ်ပေါ်အောင် ပြုလုပ်ခြင်းကိစ္စ။

(၄) သံသရာအဆက်ဆက်တွင် ပြုလုပ်ခဲ့ပြီးသော ကုသိုလ်တရားတို့ကို ပွါးများစေခြင်းတို့ကို ပြုလုပ်ခြင်းကိစ္စ။

ဤသို့အားဖြင့် ဤလေးပါးသော သမ္မပ္ပဓာန်ကိစ္စများကို ပြီးစေ၏။

သာသနာပတ္တင် ဆောက်တည် ကျင့်ကြံခဲ့သော သာမည သီလမျိုးနှင့် ဤဒုစရိုက် အကုသိုလ်ကံကျေး, ဝိနိပါတဘေး စသည့် အပါယ်သို့ကျရောက်စေတတ်သော ဘေးလေးပါးကို မတားမြစ်နိုင်ပေ။ အဓိသီလမှသာ တားမြစ်နိုင်ပေ၏။ ထိုဘေး လေးပါးကို တားမြစ်နိုင်သည်ဆိုသည်လည်း လောကီမဂ်ဉာဏ် သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခိုက်တွင် တားမြစ်နိုင်၏။ မသတ်နိုင်ပေ။လော ကုတ္တရာမဂ်ဉာဏ် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်သောအခါ ၎င်းဘေး လေးပါးကို ပယ်သတ်နိုင်ပေ၏။ ဒါနနှင့် ၎င်းဘေးလေး ပါးကို စိတ်ချ, လက်ချမတားနိုင်သည်ကို သတိမူရာ၏။

အမှတ်(၃)တွင် ဖော်ပြခဲ့သော သံသရာအဆက်ဆက်က ဖြစ် ပေါ်မှုမရှိသေးသော ကုသိုလ်တရားတို့ကိုလည်းဖြစ်ပေါ်အောင် ပြုလုပ်ခြင်းကိစ္စ ဆိုသည်မှာ ဘဝသံသရာက ဤတရားမျိုးကို ဤလိုအသိအမြင်ပေါက်အောင် ဘယ်သောအခါမှ မနှာမကြား ခဲ့ရဘူးပေ။ ယခုလို အသိအမြင်ပေါက်အောင် ကြုံကြိုက်ရသော ဓမ္မသဝနကုသိုလ်မှာ နိဗ္ဗာန်ကို လျင်မြန်စွာရောက်အောင် အ ကျိုးပေးမည့် ကုသိုလ်ဖြစ်ပေသဖြင့် ဒါန,သီလစသော သာမည ကုသိုလ်မျိုးထက် အဆများစွာ သာလွန်သော ကုသိုလ်တရားကို ရပေသည်။

အမှတ် (၄) တွင် သံသရာအဆက်ဆက်က ဖြစ်ခဲ့ပြီးသော ကုသိုလ်တရားတို့ကို ပွါးများစေခြင်းကို ပြုလုပ်ခြင်းကိစ္စဆိုသည် မှာ သံသရာ၌ ကျင်လည်ရခိုက် ဒါနမှု တခုခုကို ပြုလုပ်ရာ ဇော ခုနစ်ကြိမ်ရှိရ၏။ ထိုဇောခုနစ်ကြိမ်မှ ပဌမဇောဖြင့် အကျိုးပေး ခဲ့သော် ဒိဋ္ဌဓမ္မအကျိုးခံစားပြီးဖြစ်ခဲ့၏။ ၎င်းပဌမဇောအတွက် အကျိုးပေးခဲ့သော် အဟောသိကံ အလဟာသဖြစ်ခံရ၏။ ၎င်း

၁၃။ သမ္မာဒိဋ္ဌိဖြစ်လျှင် သီ ၊ဝိသုဒ္ဓိဖြစ်ခြင်း

သီလဝိသုဒ္ဓိ ဟူသော သီလ၏ စင်ကြယ်ခြင်း ဆိုသည်ကား ကာယကံ,ဝစီကံဟူသော ကိုယ်,နှုတ်နှစ်ပါးဖြင့် ကျူးလွန်သည်ကို "သီလဝိသုဒ္ဓိ သီလ၏စင်ကြယ်ခြင်း"ဟု ဆိုအပ်၏။ မလွန်ကျူးမှုဆိုသည်မှာ ပါဏာတိပါတစသော ဒုစရိုက်မှုတို့က ပယ်ရှားထားသည်ကို ဆိုသတည်း။ ပယ်ရှားထားသည် ဆိုသည်မှာ ထိုပါဏာတိပါတစသော ဒုစရိုက်မှုတို့ကို "မဖြစ်စေခြင်း"ကိုဆိုလိုသည်။ ထိုဒုစရိုက်မှုတို့ကို မဖြစ်စေသော အခိုက်အတန့်ကိုပင် "ပယ်ရှားမှု"ဟု ဆို၏။ ထိုသို့ပယ်ရှားထားသော အခိုက်အတန့်ကိုပင် "မလွန်ကျူးမှု"ဟု ဆို၏။ ထိုကဲ့သို့ မလွန်ကျူးသော အခိုက်အတန့်ကိုပင် "သီလ"ဟုဆို၏။ ထိုသီလနှင့်ပြည့်စုံသော အခိုက်အတန့်ကိုပင် "သီလဝိသုဒ္ဓိ"ဟု ဆိုသည်။ ထိုသီလဝိသုဒ္ဓိ၌တည်သော အခိုက်အတန့်ကိုပင် "သီလဝန္တပုဂ္ဂိုလ်" ဆိုသည်ဟု မှတ်ယူရာ၏။

၁၄။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြစ်နိုက် ဝိရတိသီလ သုံးပါးလည်း ပါဝင်ပုံ

သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခိုက်တွင် သမ္မာသင်္ကပ္ပလည်း ပါဝင်၍ သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝစသော မဂ္ဂင်ရှစ်ပါးသည် တပေါင်းတည်း ပါဝင်ကြောင်းကို နောက်ကလည်း ဖော်ပြခဲ့လေပြီ။ ရုပ်ခန်း, စာတ်ရှစ်ပါးအခန်းတွင် ပြဆိုရာ၌ လောကီ သမ္မာဒိဋ္ဌိမဂ်ဉာဏ်ပင် ဖြစ်ရကြောင်းလည်း ဝိရတီသုံးပါးသည် အာရုံမပြားဘဲ ဒုဿီလစေတနာနှင့်တကွ ကိလေသာ

တို့ကို ဖျက်ဆီး၍ တပေါင်းတည်းပါ၍ရပေသည်။ နဂိုမူလက သူခိုး ဓားပြ မုဆိုး တံငါဖြစ်စေကာမူ တရားနာသည့်အခိုက်တွင် သီလလုံ၍ သီလဝိသုဒ္ဓိဖြစ်ပြီးသော် သမ္မာဒိဋ္ဌိဥာဏ် လောကိမဂ် ဥာဏ် ဖြစ်ရပေ၏။

ထိုသမ္မာဒိဋ္ဌိဝိဇ္ဇာဥာဏ် ဖြစ်ရ၍ ဝိရတီသုံးပါးပါ တပေါင်းတည်းပါဝင်ပြီးသော် သီလဝိသုဒ္ဓိဖြစ်သည်။

ဥပမာကိုဆောင်ရသော် သာမာဝတီ မိဖုရားနှင့် မောင်းမ ပေါင်း ၅၀၀ ထံတွင် နေ့စဉ်ပန်းတော်ဆက်ရသော ပန်းဘုံးရှစ်သပြာအနက် နေ့စဉ်ပန်းဘုံးတဝက် လေးသပြာစီကို အမြဲခိုးယူနေ၊ ၊ ခုဇ္ဇုတ္တရာကျွန်မသည် ပန်းသည်၏အိမ်တွင် မြတ်စွာဘုရား၏ တရားတော်ကို အခန့်သင့်နာကြားရသဖြင့် သောတာပန်ဖြစ်ရလေသည်။ ထိုခုဇ္ဇုတ္တရာကျွန်မသည် တရားမနာရမီက သီလမရှိပါဘဲလျက် တရားနာရသောအခါ ၎င်းခုဇ္ဇုတ္တရာကျွန်မ၌ ဝိပဿနာ သမ္မာဒိဋ္ဌိလောကိမဂ်ဥာဏ် ဖြစ်သည်ကစ၍ လောကုတ္တရာမဂ် ဖြစ်သည်တိုင်အောင် အရိယအင္ဂါကမဂ်ဖြစ်၍ ဝိရတီသီလပါလေသည်သာတည်း။

ထိုပြင် သာဝတ္ထိပြည်၌ ဘုရားရှင် တရားဟောတော်မူရာ၌ ရှေးက "အထုပ်ဖြေ သူခိုး" ဟု ခေါ်အပ်သော ယခုကာလ "ခါးပိုက်နှိုက် 'ဟု ခေါ်ဆိုအပ်သော သူခိုး နှစ်ယောက်တို့တွင် တယောက်သောသူခိုးသည် ထိုတရားနာပရိသတ်ထဲ၌ ခိုးမှုနှိုက်မှုကို မပြုလုပ်ဘဲ တရားနာသောကြောင့် သောတာပန်တည်လေ၏။ တယောက်မှာကား ခါးပိုက်နှိုက်၍ ခိုးမှုကိုပြုသဖြင့် ပိုက်ဆံ "ငါးပဲ" ရလေ၏။ ထိုသောတာပန်တည်သောသူ၏ ခန္ဓာ၌ တရား

မနာမိ ရှေအာဘိုက သီလမရှိပါဘဲလျက် တရားနာ၍ ဝိပဿနာ မဂ် ဖြစ်တိုင်းဖြစ်တိုင်း၌ အရိယအဋ္ဌင်္ဂိက မဂ်ဖြစ်လျက် လောကုတ္တရာမဂ်တိုင်အောင် "သီလ" ဖြစ်ရှိလေသည်သာတည်း။

ထိုမှတပါး သန္တာန်တိ အမတ်ကြီးသည် ဘုရင် မင်းမြတ်ထံမှ ခုနစ်ရက် မင်းပြုခွင့်ကိုရ၍ သူမြတ်နိုးလှသော ကချေသည် မိန်းကလေးတယောက်ကို ကစေ၍ မှီးယစ်ပျော်မွေ့နေရာ ၎င်း ကချေမသည် ရုတ်တရက် သေဆုံးခြင်းကြောင့် ထိုသန္တာန်အမတ်ကြီးမှာ သောကမီးလောင်၍ ဘုရားထံတော်သို့ သွားရောက်ပြီးသော် တရားနာလေလျှင် ဟုတ်မှန်သော တရား၌ အသိဉာဏ် ဖြစ်လေ၏။ ထိုသို့ ဟုတ်မှန်သော တရားကို သိသော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ဟူသော လောကီ မဂ်ဉာဏ် ဖြစ်သည်ကစ၍ လောကုတ္တရာမဂ် ဖြစ်သည်တိုင်အောင် ရှေးက သီလ မပါရှိပါဘဲလျက် သမ္မာဒိဋ္ဌိပညာကြောင့်ပင် ဝိရတိသီလတို့ တပေါင်းတည်း ဖြစ်၍ပါပြီးလျှင် ရဟန္တာဖြစ်ရလေ၏။ ထိုသီလပါ ဖြစ်ပါရသည်ကို မြတ်စွာ ဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် မြင်တော်မူ၍ သုတ်သီလကွန် ပါဠိတော်၊ သောဏဒဏ္ဍသုတ်၌ "ပညာပရိဓေါဘံ သီလံ"ဟူသော စကားတော်ကိုရင်း၊ "ယတ္ထ ပညာ တတ္ထ သီလံ" ဟူသော စကားတော်ကိုရင်း၊ "ပညာ ဇေတော သီလံ"ဟူသော စကားတော်ကိုရင်း ဟောတော်မူလေ သည်။

မြန်မာပြန်ကား။ ။သီလံ၊ သီလကို။ ပညာပရိဓေါတံ၊ ဝိပဿနာပညာ, မဂ်ပညာသည် ဆေးကြော သုတ်သင် အပ်၏။ ယတ္ထ ယသ္မိं ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ပညာ၊ ဝိပဿနာပညာ, လောကုတ္တရာမဂ်ပညာသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ တသ္မိं ပုဂ္ဂလေ၊

ထိုဝိပဿနာပညာ, မဂ်ပညာရှိသော ပုဂ္ဂိုလ်၌။ သီလ၊ ကိုယ်နှုတ်နှစ်ပါး စင်ကြယ်သော သီလသည်။ အတ္ထိ၊ ရှိ၏။ ပညာဝတော၊ ဝိပဿနာပညာ, လောကုတ္တရာမဂ်ပညာ ရှိသောသူအား။ သီလ၊ ကိုယ်,နှုတ်နှစ်ပါး စင်ကြယ်သော သီလသည်။ အတ္ထိ၊ ရှိ၏။

ဤသို့ ဟောတော်မူအပ်သည်ကိုထောက်၍ သန္တတိအမတ်စသော သီလမရှိသောသူတို့၌ တရားနာသောအခါ ဝိပဿနာပညာဖြစ်သည်ကစ၍ လောကုတ္တရာ မဂ်တိုင်အောင် သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ, သီလသည် ဝိပဿနာပညာ, မဂ်ပညာတို့ကြောင့် တပြိုင်နက် ပါရှိသည်၏ အဖြစ်ကို ထင်ရှားစွာ သိသာလှပေသည်။ သန္တတိအမတ်ကြီးမှာ ဥဋ္ဌါဠိတည်။ ပုဂ္ဂိုလ်မျိုးဖြစ်၍ တရားနာ၍ ဂါထာ၏အဆုံး၌ ပဋိသမ္ภိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာဖြစ်ရလေသည်။ ခုဇ္ဇုတ္တရာ, ခါးပိုက်နှိုက်ဟူသော "အထုပ်ဖြေသူခိုး" စသည်တို့မှာ ရဟန္တာမဟုတ်၊ သောတာပန်တို့သာ ဖြစ်ကြပေသည်။

ထိုသူတို့လည်း ပညာဖြင့် သီလကို ဆေးကြော၍ တရားနာတိုင်း,နာတိုင်း ဝိပဿနာဉာဏ် အခိုက်တိုင်း၌ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပဖြစ်လျှင် သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ သီလတို့သည်လည်း ပါလေသည်သာတည်း။ခုဇ္ဇုတ္တရာမှာ "သေက္ခ ပဋိသမ္ภိဒါပတ္တ ဖြစ်သော်လည်း သောတာပန်သာတည်း။ ထို့ကြောင့် ဥဋ္ဌါဠိတည်။ ပုဂ္ဂိုလ် ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ, ရဟန္တာအထိ ဖြစ်သောသူဖြစ်စေ, ရဟန္တာမဖြစ်နိုင်သေးသော သူဖြစ်စေ ဝိဿနာဉာဏ် ဖြစ်သော အခိုက်အခါတိုင်း၌ သီလပါရှိမှုကိုသာ ရည်၍ ဘုရားဟောတော်မူလေသည် ဟု မှတ်ယူရာ၏။

၁၅။ ရုပ်အကြောင်းကိုဖော်ပြချက်

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တည်းဟူသော ပရမတ္ထတရား လေးပါး ရှိသည်အနက် ယခု ဖော်ပြ ခဲ့သော အချက်တို့မှာ ရုပ်ခန်းနှင့်သက်ဆိုင်သော ဓာတ်ရှစ်ပါးအကြောင်း, ရုပ်ကလာပ် အကြောင်း စသည်တို့ကို ဥာဏ်အမြင်ပေါက်အောင် အမျိုးမျိုး, အဖုံဖုံ ဖော်ပြခဲ့ပြီးလေပြီ။ ဓာတ်ရှစ်ပါးအကြောင်း, ကလာပ် အကြောင်းကို အမြင်ပေါက်သောအခါ ရုပ်အကြောင်းကို နားလည်ရန် လွယ်ကူပေပြီ။

ရှေးအခါ ဘုရား လက်ထက် တော်က ဥဿုဂိဠိတည်း။ ပဋ္ဌိုလ်, ဝိပဋ္ဌိတည်း။ ပဋ္ဌိုလ်မျိုးတွေ မျှားပြားလှ၍ တထွာ ပြလျှင် ဝါလံမြင်ဆိုတာကို ဒေသနာတော်ဆုံးလျှင်ပင် တမင်, တဖိုလ်ရရုံမျှ မဟုတ်သေး။ နှစ်မင်, နှစ်ဖိုလ်, သုံးမင်, သုံးဖိုလ်, လေးမင်, လေးဖိုလ် ရကြ၍ ရဟန္တာအထိ ဖြစ်ကြ ရသော သာဝကတွေ အများကြီး ပေါ်ထွန်းနိုင်ခဲ့ပေသည်။

ယခုအခါ သာသနာတော်ကလည်း မွန်းတည့်သော အခါ ဖြစ်သဖြင့် အထက်ပါ ပဋ္ဌိုလ်များမှာ အလွန် ရှားပါးပြီးလျှင် နေယျပုဂ္ဂိုလ် ပဒပရမပုဂ္ဂိုလ်တို့သာ ပေါများလှသော ခေတ် အခါဖြစ်ပေသဖြင့် တရားဟောရာ တရားပြရာတို့တွင် ပညတ် ပရမတ် အကြောင်းကစ၍ ဟောပြော ပြသ ရသောအခါသို့ ရောက်နေပြီဖြစ်သောကြောင့် သံသရာဝဋ္ဋဒုက္ခဘေးမှ လွတ်လို သော ရဟန်း ရှင် လူတို့သည် တရားသဘာဝများတွင် ဥာဏ်အ မြင်ပေါက်အောင် သည်းခံဖတ်ရှု နာကြား, နှလုံးသွင်းကြရန် သင့်လှပေသည်။ ရက်အနည်းငယ် လအနည်းငယ် နှစ်အနည်းငယ်

မျှဖြင့် မင်,ဖိုလ်ကိုရနိုင်သော နေယျပုဂ္ဂိုလ်မျိုးမဟုတ်၍ ပဒပရမ ပုဂ္ဂိုလ်မျိုးပင် ဖြစ်စေကာမူ ယခုဘဝတွင် စူဋ္ဌသောတာပန်ဖြစ်အောင် နာကြား, နှလုံးသွင်းမိပါလျှင် ဒုတိယဘဝ၌ အလိုရှိသော နတ်ဘုံတွင် အရိယာနတ်သား အရိယာနတ်သမီး ဖြစ်နိုင်ဘို့ ရှိကြကြောင်းကို အထူးသတိမူအပ်လှပေသည်။

ရုပ်ကလာပ် အစုအဝေးအပေါင်းကို ကောဌာသ ဟူ၍ရင်း၊ ကိုယ် အင်္ဂါ အစိတ် အပိုင်းဟု ခေါ်ဆိုအပ်သော ခြေ, လက်, ဦးခေါင်း စသည်ဖြင့်ရင်း၊ ကိုယ်ကာယဟူ၍ရင်း အသီးသီး ခေါ်ဆိုသုတ်ကြရလေသည်။ဂုဏ်းတို့တွင် ခေတ်ရှစ်ပါး အစု,ကလာပ်စုများနှင့် မကင်းနိုင်သည်သာလျှင်တည်း။ ထိုရုပ်ကလာပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းလေးပါး ကြောင့် ဖြစ်ပေါ်လျက်ရှိကြ၏။

ထိုအကြောင်းလေးပါးတွင် အာဟာရကြောင့် ဖြစ်ပေါ်သည် ဆိုရာ၌ စားမျိုသမျှ အာဟာရအားလုံး ရုပ်ကလာပ်ဖြစ်ရသည် မဟုတ်ပေ။ စားမျိုသမျှ အာဟာရမှ ငါးပုံ – တဘုံမှာ ကိုယ်ထဲမှာရှိသော ဝိုးတိုစားပျိုး၍ ကုန်ဆုံးရ၏။ ငါးပုံ – တပုံမှာ ပါစက ဟောဇောကြောင့် လောင်ကျွမ်းပျက်စီး ကုန်ခန်းရ၏။ ငါးပုံ တပုံမှာ မစင်ကျင်ကြီးအဖြစ်နှင့် ကုန်ခန်းပြီး၍ တခြား ငါးပုံတပုံမှာ ကျင်ငယ်အဖြစ်နှင့် ကုန်ခန်းရ၏။ ဤသို့ ငါးပုံ ပုံလျှင် လေးပုံမျှ ကုန်ခန်းပြီးဖြစ်၍ ကျန်ငါးပုံတပုံဖြစ်သောအာဟာရသာ ရုပ်ကလာပ်သစ်များ ဖြစ်ပေါ်ရသော အာဟာရ သြဇာဖြစ်ရ၏။ ထိုကလာပ်တို့ ပေါင်းစု ဆက်စပ် နေသည်ကို မမ်မ်နေရာနှင့် မိမိအမည်အမျိုးမျိုး ခြေ,လက်,ဦးခေါင်း စသည်တို့ ဖြင့် ခေါ်ဝေါ်ကြရသည်။

ဥပမာ-လက်မ ဟူသော ရုပ်အစုအဝေးမှ ကလာပ်စည်းများကို ထုတ်ယူ၍ ကလာပ်တွေ့ ကုန်သော် လက်မဟူ၍ မရှိ။ ထို့အတူ လက်သည်း, လက်လယ်, လက်ခုံ, လက်မောင်း စသည့် ကိုယ်ကာယဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေး အားလုံးမှာ ခေါ်ရုံသာ ခေါ်ကြရ၏။ ရုပ်ကလာပ်အစုအဝေးအပြင် ဘာမျှ မရှိပေ။ နောက်ခန်းက ပြခဲ့သည့်အတိုင်း အပ်ဖျား တထောက် အောက်မှပင် ကလာပ်ပေါင်း ကုဋေမြောက်မြားစွာ ပါဝင်ကြောင်းနှင့် လက်ဖျား တထောက်အောက်မှာဆိုလျှင် ကလာပ်ပေါင်း အသခေါ်မက ပါဝင်ကြောင်းများကို ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ထိုကလာပ်တို့ ပေါင်းစုဆက်စပ်နေသည်ကို ဝိုင်းဝိုင်းစပ်လျှင် အဝိုင်းဘာ၊ ရှည်ရှည်စပ်လျှင် အရှည်ဘာ၊ တုတ်တုစပ်လျှင် အတုဘာ၊ ပြားပြားစပ်လျှင် အပြားဘဲ၊ လုံးလုံးစပ်လျှင် အလုံးဘဲ စသည်ဖြင့် သဏ္ဌာန်ဟူသော ပုံဟန်အမျိုးမျိုးဟု ခေါ်ဆိုအပ်သော အဆင်းတွေ့ ဆက်စပ်နေပုံကိုလိုက်၍ အရှည်, အတို, အလုံး, အပြား, အတုံး, အခဲစသည်ဖြင့် ဝေါဟာရအားဖြင့် ခေါ်ဆိုကြရသည်ကို ဥာဏ်အမြင်ပေါက်အောင် ကြည့်ရှုရာသည်။ ရုပ်ဆိုသည်မှာ ဖောက်ပြန်၍ ရုပ်ဟုခေါ်ရ၏။

ထိုကလာပ်စုတို့သည် အအေး, အပူကိုလိုက်၍ ဖောက်ပြန်ရစမြဲ ဖြစ်ပေ၏။ ထိုရုပ်ကလာပ်တွင် ပါဝင်သော ဓာတ်ရှစ်ပါး သဘောလက္ခဏာတို့သည်လည်း မိမိသဘောကိုမိမိဆောင်သဖြင့် "ဓာတ်"ဟုပင် ခေါ်ရ၏။ ထိုရုပ်ကလာပ် အစုအဝေးတို့သည် အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ စသော သတ္တလောကရှိ ရုပ်အစုအဝေး ခန္ဓာတို့တွင် သက်ဆိုင်ရာ ဘုံအားလျော်စွာ ပေါင်းစု

ဆက်စပ်နေကြ၏။ ဤကမ္ဘာလောကကြီးတွင်ရှိသော သက်မဲ့ဟု ခေါ်ဆိုအပ်သော ရုပ်အစုအဝေးမှန်သမျှ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စိန်, ရွှေ, ပတ္တမြား စသည်တို့မှာလည်း ဓာတ်ရှစ်ပါး အစုအဝေးမျှသာတည်း။ သတ္တလောကတွင် ရုပ်အစုတို့မှာကမျိုးတည်းမဟုတ်ကြပေ။အချို့မှာ နှုးညှံ့လှ၏။ အချို့မှာ ကြမ်းတမ်းလှ၏။ ဥပမာ–လူ၏ရုပ်အစုတွင် ဗြဟ္မာကြီးတပါးက တက်၍ထိုင်လျှင် ၎င်းဗြဟ္မာကြီးသည် လူရုပ်ပေါ်တွင် ထိုင်၍မရဘဲ ၎င်း၏နှုးညှံ့သော ရုပ်အစုက လူ၏ကြမ်းတမ်းသော ရုပ်အစုတွင် ကလာပ် တစည်းနှင့်တစည်း ဆက်စပ်ရာ၌ လစ်လပ်ကွာခြားနေသော အကာသအပေါက်များထဲသို့ ၎င်းဗြဟ္မာ၏ ရုပ်များက ယိုစီးဝင်ရောက်၍ ၎င်းဗြဟ္မာမှာ ထိုင်၍မျှမဖြစ်နိုင်ဘဲရှိရှိမ့်မည်။ ထိုအတူ ၎င်းဗြဟ္မာသည် မြေပေါ်တွင် မတ်တတ်ရပ်လျှင်လည်း မြေထဲသို့ ၎င်း၏ရုပ်များက စူးဝင်သွားပေလိမ့်မည်။

ထိုကြောင့် လူ၏ကိုယ်ကာယ အစုအဝေးသည် တခုနှင့်တခု ဆက်စပ်နေသော်လည်း လူ၏မျက်စိက အမြင်အားသေး၍ အဝေးပြင်ဘဲ အသားပြင်ဘဲ ဆက်စပ်နေတာဘဲ တခုတည်း တစပ်တည်းဖြစ်၍ နေတာဘဲဟု ထင်ကြသော်လည်း လူ၏ကိုယ်ခန္ဓာသည် ကောင်းကင်သဖွယ် ဟင်းလင်းပွင့်နေသော အပေါက်များနှင့် ဆက်စပ်နေသည်ဟု သိမြင်ရာ၏။ ထိုအတူ သက်မဲ့ဟု ခေါ်ဆိုရသော သစ်သားတွင် သံကိုရိုက်သွင်းရာ ၎င်းသံသည် ရိုက်သွင်းသမျှ အားအရှိန်အတိုင်း စူးဝင်သွားရာ၏။ အဘယ်ကြောင့်ဆိုသော် သံ,သတ္တုရုပ်ကလာပ်များက သစ်သားတည်းဟူသော ရုပ်အစုအဝေးထက် မာသောသဘောများ ဖြစ်သဖြင့် တကြောင်း၊ သစ်သားဟူသော ရုပ်အစုအဝေးမှာ အာကာသ

အပေါက်တွေက ပိုမိုများပြားသဖြင့်တကြောင်း ထိုသံ,သတ္တု သည် လွယ်ကူစွာ ဝင်သွားနိုင်ပေသည်။ အမှန်မှာ သံဝင်ရန် နေရာက သစ်သားရုပ်အစုတို့မှာ ဘေးပတ်လည်သို့ စုဝေးရှောင်ရှား ရသည်ဟူလို။

ပေါ်လွင်သော ဥပမာတခုမှာ လူ၏ခန္ဓာအစိတ်အပိုင်းတွင် အရိုးကြီး၍ ၎င်းကြီးသောအရိုးပေါ်တွင် ရစ်ပတ်၍ ပတ်တီး ခေါ် အဝတ်များ ဂွမ်းများ ကြပ်များ စသည်တို့ဖြင့် စီးနှောင် ထားပြီးသော် ၎င်းကျိုးသောအရိုးသည် ဆက်သည်, မဆက် သည်, တည့်သည်, မတည့်သည်ကို အိပ်စ ရေးခေါ် X RAYS လျှပ်စစ်ဓာတ်မီး ရောင်ခြည်တွင် ခံ၍ကြည့်ရှုရ၏။ ထိုလျှပ်စစ် ဓာတ်မီးရောင်မှာ အလွန်အားကောင်းလှ၍ ၎င်းအလင်းရောင် ကလာပ်တို့သည် အပေါ်ဆုံးက ပတ်တီးခေါ် အဝတ်အထပ် ထပ်၊ ဒုတိယ သစ်သားပြား၊ တတိယ ဂွမ်းစသော မနာကျင်ရန် ခုထားသမျှ ဝတ္ထုအားလုံး၊ စတုတ္ထကျိုးသောနေရာ အသား ပေါ်ထွင် ထပ်၍စီးထားသမျှ အဝတ်ပတ်တီးနှင့်တကွ အသား ကိုပါ ဖောက်ထွင်း၍ ထိုအလင်းရောင်အားဖြင့် ကျိုးသော အ ရိုး၏ အနေအထားကို ဓာတ်ပုံရိုက်၍ ရနိုင်ပေသည်။ ထိုရောင် ခြည် အလင်းရောင်ကလာပ်များသည် မည်မျှနှုန်းညှံသိမ်မွေ့လှ၍ ထိုဝတ္ထုအမျိုးမျိုး၏ ရုပ်ကလာပ်များထဲသို့ ထွင်းဖောက်၍ သွား သည်ကို သိမြင်ရာသည်။

ရုပ်ကလာပ် အစုအဝေးတို့သည် ဤကဲ့သို့ ဖြစ်ပေါ်ဆက်စပ် ကြသည်ဟု ဥာဏ်အမြင်ပေါက်လျှင် ၎င်းရုပ်အစုတို့သည် အပူ, အအေး တည်းဟူသော ဥတုသို့လိုက်၍ ဖောက်ပြန်တတ်သော ကြောင့် "ရုပ်" ဟု ခေါ်ရသည်ကို၎င်း၊ ရုပ်ကလာပ်စည်း တခု

တွင်တမျိုးနှင့်တမျိုး မဘူ ခြားနားသော သဘောလက္ခဏာများ ပေါင်းစုဖွဲ့ကပ်နေသည်ကိုရင်း ဉာဏ်အမြင်ပေါက်လာရ၏။

ဤသို့ သိမြင်လျှင် ရူပ-ဖောက်ပြန်တတ်သော သဘောကို။ ပရိစ္ဆေဒ-ပိုင်းခြားမှု။ ဉာဏ-သိမြင်ခြင်း။ ရုပ်၏ သဘောလက္ခဏာများကို ပိုင်းခြားမှု သိမြင်ခြင်းတည်းဟူသော ရူပပရိစ္ဆေဒဉာဏ်ကို ပိုင်ပြီဟုဆိုရ၏။ စိတ်,စေတသိက်, ရုပ်တည်းဟူသော ပရမတ္ထတရား, သခ်ၢတတရားမှ ရုပ်ခန်းကို ဖော်ပြရာ ဤမျှဖြင့် အပြီးသတ်ရပေသည်။ ဒိဋ္ဌိဝိသုဒ္ဓိ အခန်းတွင် ရုပ်ခန်းအတွက် ဖော်ပြချက်ပြီးသဖြင့် တဝက်မျှ ပြီးဆုံးပေပြီ။ ရှေ့အခန်းတွင် စိတ်, စေတသိက် ဟူသော နာမ်ခန်းကို ဖော်ပြရပေမည်။

ရုပ်ခန်းတွင် ဤမျှအသိဉာဏ်ပေါက်ရန် အကျိုးရှိပုံများမှာ အထက်က ဖော်ပြခဲ့ရာ၌ သတ္တလောက, သြကာသလောကတွင် ခေါ်ဆိုသမုတ်သမျှမှာ သမ္မုတိသစ္စာဖြစ်၍ ရှိသောတရားများ မဟုတ်သည်ကိုလည်းကောင်း၊ ခေါ်ဆိုပညတ် သမုတ်အပ်သမျှ သက်ရှိ, သက်မဲ့ဟု ဆိုအပ်သော ရုပ်အစုအဝေး မှန်သမျှမှာ ဝတ္ထုရုပ်တခု အနေအားဖြင့် တခုမျှမရှိ။ အားလုံးဓာတ်ရှစ်ပါး အစုအဝေးများ ချည်းသာတည်းဟူ၍လည်းကောင်း။

ပုံသဏ္ဌာန်ဟု ထင်ခြင်း၊ ပုံသဏ္ဌာန်ရှိသည်ဟု ထင်ကြခြင်းသည် ဉာဏ်မမှီ၍ မှန်တာကို မသိ၍သာ ဖြစ်သည်။ အဝိဇ္ဇာမောဟကြောင့် ပုံသဏ္ဌာန်ဟု ထင်ခဲ့ပြီးလျှင် ပုံသဏ္ဌာန်ဟူ၍ ဘယ်ဟာမျှမရှိဘဲ အဆင်းတွေ ဆက်စပ်နေသည်ကို လိုက်၍ ပုံသဏ္ဌာန်ဘဲဟု အခေါ်အားဖြင့် အမှတ်ပြုကြသည်ဟု ထိုးထွင်းသိရ၍ ဉာဏ်အမြင် ပေါက်ရခြင်းသည်လည်းကောင်း။

သဏ္ဌာနပညတ် ပရမတ်ဘဲဟူ၍ရင်း၊ နာမပညတ် မဟုတ်၍ ပရမတ်ဘဲ ဟူ၍ရင်း။ မရှိဟူ၍မြင်ခြင်းနိုင်ဘဲ ပေါ်သည့်အခိုက်တွင် ထင်ရှားရှိသော တရားစုဖြစ်၍ မရှိဟူသော အဘာဝပညတ် မဟုတ်သဖြင့် ပရမတ်ဘဲကလားဟု သိမြင်ရခြင်းသည်ရင်း။ ထိုသို့ တိုက်ဆိုင်၍ ဖြစ်ပေါ်သည့်အခါ ထင်ရှားရှိသော တရားအစုကို ကိုယ်ဟူ၍ ရှာမတွေ့ရသဖြင့် သရီရအတ္တတည်းဟူသော ကိုယ် ဟူသော အတ္တမဟုတ်။ အတ္တကင်းဆိတ်၍ အနတ္တသဘောပါဘဲ ကလားဟု သိမြင်ရခြင်းသည်ရင်း။

သတ္တဝါ, အတ္တ, ကင်းဆိတ်၍ သတ္တဝါမဟုတ်ဘဲ သဘော တရားအစုချည်းသာတည်းဟု ထိုးထွင်း၍ သိမြင်ရခြင်းသည်ရင်း။ ရှင်နေသော အသက်လိပ်ပြာမရှိသဲ ဇီဝအတ္တ တည်းဟူသော အသက်လိပ်ပြာကင်းဆိတ်၍ ဇီဝအတ္တလည်းမဟုတ်ဘဲ အနတ္တပါ ဘဲကလားဟု ဉာဏ်အမြင်ပေါက်၍ သိခဲ့ရခြင်းသည်ရင်း။

ဤသို့ စသည်ဖြင့် ဤတရားစာကို စတင်ဖတ်ရှု သည်ကစ၍ ယခုရုပ်ပိုင်းအဆုံးအထိ အသိဉာဏ်ပေါက်ခဲ့တိုင်း, ပေါက်ခဲ့တိုင်း သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အကြိမ်ပေါင်းမြောက်မြားစွာ ဖြစ်ခဲ့ရသဖြင့် အရိယာမဂ္ဂ အကြိမ်တိုင်း ဖြစ်ခဲ့ရကြောင်း။ အဋ္ဌင်္ဂိက မဂ္ဂခေါ် မဂ္ဂင်ရှစ်ပါးနှင့်လည်း အခါတိုင်း, အခိုက်တိုင်း အကျုံးဝင်ခဲ့ရ ကြောင်း။

သမ္မာဒိဋ္ဌိဖြစ်တိုင်း လောကိမဂ်ဉာဏ်များ ဖြစ်ခဲ့ရကြောင်း။ သမ္မာဒိဋ္ဌိဖြစ်ခဲ့တိုင်း, ဖြစ်ခဲ့တိုင်း သိက္ခာသုံးပါးသည် ပါဝင်ခဲ့ရ ကြောင်း။

ထိုကဲ့သို့ မှန်တာကိုအသိရောက်ခဲ့တိုင်း ထိုတွေးတော စဉ်းစား ဆင်ခြင်ကြည့်ခဲ့သမျှသော ဓမ္မသဘောတို့ကို ထိုးထွင်းသိမြင်ရှိ အဝိဇ္ဇာကင်းပြတ်ခဲ့တိုင်း တဏှာ, ဥပါဒါန်တို့ ဖြစ်မှုမရှိသဖြင့် ကိ လေသဝဋ် မဖြစ်ရသောကြောင့် ကမ္မဝဋ်, ဝိပါကဝဋ်ပါ အကြိမ် ကြိမ် အခါခါ လွတ်ကင်းခဲ့ရကြောင်း။

၁။ ထိုတွေးတောရှုကြည့် ဆင်ခြင်သော တရား သဘော မျှားတွင် မှန်တာကို ဥာဏ်အမြင် ပေါက်ခဲ့ရသဖြင့် ဥာဏ်အမြင် ပေါက်တိုင်း,ပေါက်တိုင်း ဓမ္မသဘောကို မျက်စိဖြင့် မြင်သကဲ့သို့ မြင်ခဲ့ရခြင်း။

၂။ ၎င်းဓမ္မသဘောတို့ကို ဥာဏ်မှာအသိဥာဏ်ပေါ်ရခြင်း။

၃။ မိမိခန္ဓာ, သူတပါးခန္ဓာစသည်ဖြင့် သတ္တလောကရှိ ခန္ဓာ ရုပ်အစုအဝေးတို့ကို အပြားအားဖြင့် သိမြင်ခဲ့ရခြင်း။

၄။ အဝိဇ္ဇာကိုထွင်းဖောက်၍ အဝိဇ္ဇာကိုပယ်သတ်ပြီး ဝိဇ္ဇာ ဥာဏ်အလင်း ပေါက်ခဲ့ရခြင်း။

၅။ ထိုရုပ်ဓမ္မသဘောတို့ကို စဉ်းစဉ်းစားစား တွေးတော သောအခိုက်အတန့်တွင် ထင်လင်းစွာ သိခဲ့ရခြင်း။

တည်းဟူသော ဥာဏ်ငါးချက်လည်း မှန်တာကို သိတိုင်း, သိ ဟိုင်း အကြိမ်မြောက်မြားစွာ ဖြစ်ခဲ့ရခြင်း တည်းဟူသော အ ကြောင်းများကြောင့် ထိုကဲ့သို့ မှန်တာကို အသိဆိုက်၍ နေသော အခိုက်အတန့်အားလုံးတို့မှာ နောက်နောက်က အထင်အမြင် အယူအဆ မှားခဲ့လေသမျှ မိစ္ဆာဒိဋ္ဌိကိလေသာများကို ပယ်သတ် ဖြတ်ရှင်း၍ မိမိ၏ဥာဏ်တဲ့၌ တလင်းထဲလင်း၍ တရှင်းထဲရှင်းနေ ခဲ့ရခြင်းများဖြင့် အသိဥာဏ် အကျိုးထူးများကို ရခဲ့ပေပြီဟု သိရ၏။

မှတ်ချက်။ ။ရုပ်သဘောကို ဆင်ခြင်နှလုံးသွင်းရာ၌ နောက်ကပြုခဲ့သောအခန်းများတွင် ဓာတ်ရှစ်ပါး သဘောသတ္တိ အားလုံးကို တခုစီ,တခုစီ ပညတ်သုံးပါးမဟုတ်၍ ပရမတ်ကို သိရှိရပုံ။ အတ္တသုံးပါးမှ ကင်းဆိတ်သဖြင့် အနတ္တဖြစ်ပုံများကို တခုစီ ပထဝီ ဓာတ်တပါးကို ဖော်ပြသကဲ့သို့ အားလုံး စေ့အောင် ဖော်ပြရပါသော် ကျမ်းကျယ် လှမည် စိုးသဖြင့် ပထဝီဓာတ်သဘော တခုတည်းကိုသာ အကျယ်ဖော်ပြခဲ့ရပေသည်။

ဤစာကိုဖတ်၍ တရားကို နှလုံးသွင်းကြသောအခါ အခြားသော ဓာတ်သဘော များကိုလည်း တခြားစီ,တခုစီ ပထဝီမှာ ပြခဲ့သည့်အတိုင်း စေ့အောင်နှလုံးသွင်း ကြပါလေ။ ဓာတ်ရှစ်ပါး အားလုံး စေ့စုံအောင် နှလုံးသွင်းပြီးသော် ကလာပ် တစည်း အပေါ်မှာလည်း ပထဝီမှာ ဖော်ပြသကဲ့သို့ နှလုံးသွင်းကြပါ။ ရုပ်သဘောတို့ကို ဖော်ပြရာ၌ အဝိညာဏက ရုပ်အစု အဝေး, သပိညာဏက ရုပ်အစုအဝေးများကို ပေါင်း၍ အဋ္ဌကလာပ် ရုပ်ရှစ်ခုတဲ့ ကလာပ်ချည်းသာ ပြခဲ့သည်။ စင်စစ်မှာ သဝိညာဏက ရုပ်အစု၌ (၁၀) ခုတဲ့ ကလာပ်တွေသာ များပေသည်။ ဤ (၁၀) ခုတဲ့ ကလာပ်အကြောင်းများကို ဇရုနာမ်ခန်း ပြရာတွင် ဖော်ပြအုံ့။

၁၆။ စိတ်အကြောင်း

(က) စက္ခုဝိညာဏနှင့် ရူပါယတန

အာယတန ၁၂-ပါးရှိ၏။ အာယ-၏ အဓိပ္ပါယ်က စိတ်နှင့် တကွ, စေတသိက်များကို ခေါ်၏။ ထိုပြင် အာယ-၏ အဓိပ္ပါယ်

က ဖြစ်ပေါ်ကြောင်း, ခွဲ့ထွင်ကြောင်း, ဖြစ်ကြောင်းကို ဆိုလို သည်၊ ထိုကြောင့် အာယတန ဆိုသည်မှာ စိတ်နှင့်တကွ, စေတ သိက်များစွာ ဖြစ်ကြောင်းကို ဆိုလိုသည်။ (စက္ခာယတနနှင့် ရူပါယတနအကြောင်း) စက္ခာယတနကို "စက္ခုဓာတ်" လည်း ခေါ်၏။ "စက္ခုပသာဒ" လည်း ခေါ်၏။ မြန်မာလို မျက်စိ အကြည်သဘောကို ခေါ်၏။ ရူပါယတနဆိုသည်မှာ "ရူပဓာတ်" ဟု ခေါ်၏။ ရူပဓာတ် ဆိုသည်မှာ မဟာဘုတ်တို့ကို စွဲ၍ဖြစ် သော အရောင်အဆင်းသဘောကို ဆိုအပ်သည်။ ၎င်းအရောင် အဆင်းသဘောကို "ရူပဓာတ်" ဟုသာ ခေါ်သည်မဟုတ်။ "ရူပါ'ရုံ" ဟုလည်း ခေါ်၏။ "ဝဏ္ဏ" ဟုလည်း ခေါ်၏။ ၎င်း မျက်စိအကြည်နှင့် အဆင်းတို့ တိုက်ဆိုင်မိသောအခါ "မြင်သိ" ဟူသော စိတ် "စက္ခုဝိညာဏဓာတ်" ဟူသော မြင်သိဝိညာဏ် ဖြစ်ပေါ်လာ၏။

ဘုရားဟော စကားတော်အတိုင်းဆိုလျှင် "စက္ခုဉ္စ ပဋ္ဌစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" စက္ခုဟူသော မျက်စိအကြည်, အဆင်းတို့ကိုစွဲ၍ စက္ခုဝိညာဏ်ဟူသော "မြင်သိ" ဖြစ်ပေါ် သည်ဟု ဆိုသည်၊ ၎င်းအဓိပ္ပါယ်ကို ပေသနာတော် စကား တိုက်ရိုက်မဟုတ်သော်လည်း မြန်မာလို နားလည် လွယ်သော ပေါ်လွင်သောစကားနှင့် အဓိပ္ပါယ်ဆိုရသော် မျက်စိအကြည် ဟူသော အခံဓာတ်နှင့် အဆင်းဟူသော အတိုက်ဓာတ်တို့ ထိခိုက် တိုက်ဆိုင်မိသောအခါ မြင်သိဟူသော "ဝိညာဏ်စိတ် အပ္ပဋ္ဌ ဓာတ်" ဖြစ်ပေါ်သည်ဟု ဆိုလိုသည်။ မျက်စိအကြည်က "အခံ ဓာတ်" အဆင်းက "အတိုက်ဓာတ်" မြင်သိက "အပ္ပဋ္ဌဓာတ်" ဟု နားလည်လွယ်သော နည်းအားဖြင့် တမျိုးမှတ်ယူပါ။ အာယ

တန် ၁၂-ပါးမှ မျက်စိအကြည်နှင့် အဆင်းနှစ်ခုအကြောင်းကို အတိုကောက်ပြခြင်းပေတည်း။

(ခ) သောတာယတနနှင့် သဒ္ဒါယတန

သောတာယတနကို "သောတဓာတ်" ဟုလည်း ဆိုအပ်သည်။ "သောတပသာဒ" ဟုလည်း ခေါ်ဆိုအပ်၏။ မြန်မာဘာသာဖြင့် နားအကြည်သဘောဟု ဆိုအပ်သည်။ သဒ္ဒါယတန, သဒ္ဒဓာတ် ဆိုသည်မှာ ကြားခြင်းငှါ ရောက်စေ, ဖြစ်စေတတ်သော အသံသဘောကို ဆိုအပ်သည်။ သောတဝိညာဏဓာတ် ဆိုသည်မှာ သောတအကြည်တည်းဟူသော နားအကြည်ကိုမှီ၍ အသံကိုသိတတ်သော စိတ်သဘောကို ဆိုအပ်သည်။

ဒေသနာတော်စကားမှာ "သောတဉ္စ ပဋိစ္စ သဒ္ဒဉ္စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ" သောတဓာတ် နားအကြည်, အသံသဒ္ဒဓာတ်တို့ကိုစွဲ၍ သောတဝိညာဏ်တည်းဟူသော ကြားသိစိတ် ဖြစ်ပေါ်လာ၏။ အထက်ကအတိုင်း ပေါ်လွင်သောစကားဖြင့် ဆိုရသော် နားအကြည် အခံဓာတ်နှင့် အသံတည်းဟူသော အတိုက်ဓာတ် နှစ်ခုထိခိုက်တိုက်ဆိုင်မိ၍အပ္ပင့်ခာတ်တည်းဟူသော ကြားသိစိတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။ သောတာယတနနှင့် သဒ္ဒါယတန (နားနှင့်အသံ) အာယတန နှစ်မျိုးကို ဖော်ပြချက်အတိုကောက်ပေတည်း။

(ဂ) ဃာနာယတနနှင့် ဂန္ဓာယတန

ဃာနာယတနကို ဃာနဓာတ်ဟုလည်း ခေါ်အပ်၏။ မြန်မာလို နှာခေါင်းဌ အကြည်သဘောကို ဆိုအပ်သည်။ ဂန္ဓာယတနကို ဂန္ဓဓာတ်ဟုလည်း ခေါ်ဆိုအပ်သည်။ မြန်မာလို နှာအကြည်ဌ

ထိခိုက်ခြင်းသို့ရောက်သော အနုံ့သဘောဟု ဆိုအပ်သည်။ ဃာနဝိညာဏခေါတ်ဆိုသည်မှာ ဃာနအကြည်-ဃာနပသာဒဟု ဆိုအပ်သော နှာအကြည်ကိုမှီ၍ အနုံ့ကို သိတတ်သော စိတ်သဘောကိုဆိုအပ်သည်။

ဒေသနာတော်စကားမှာ "ဃာနဉ္စ ပဋ္ဌစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ" ဃာနတည်းဟူသော နှာအကြည်နှင့် ဂန္ဓခေါတ်ဟူခေါ်သောအနုံ့ကိုစွဲ၍ ဃာနဝိညာဏ်တည်းဟူသော နံသိစိတ်ဖြစ်ပေါ်သည်ဟု ဆိုသည်။ နားလည်လွယ်သော စကားဖြင့် ဆိုပြန်သော် နှာအကြည်ဟူသော အခံခေါတ်နှင့် အနုံ့ဟူသော အပေါ်ကိုခေါတ်ကို ကိုက်ဆိုင်သိမှတ်မိသဖြင့် ဃာနဝိညာဏ်ဟူသော နံသိစိတ် အာဃာတ်ခေါတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။ ဤသည်လျှင် ဃာနာယတနနှင့် ဂန္ဓာယတန ဟူသော (နှာနှင့် အနုံ့)တည်းဟူသော အာယတနနှစ်မျိုးကို ဖော်ပြချက် အတိုကောက်ပေတည်း။

(ဃ) ဇိဝှါယတနနှင့် ရသာယတန

ဇိဝှါယတနကို ဇိဝှါခေါတ်ဟုလည်း ခေါ်ဆိုအပ်သည်။ ဇိဝှါပသာဒဟုလည်း ခေါ်၏။ လျှာဌာအကြည်သဘောကို ခေါ်၏။ ရသခေါတ်ဟူသော ရသာယတနမှာ လျှာအကြည်နှင့် ထိခိုက်သော အချို,အချဉ်စသော အရသာသဘောကို ခေါ်ဆိုအပ်သည်။ ဇိဝှါဝိညာဏခေါတ်ဆိုသည်မှာ ဇိဝှါအကြည်ဟူသော လျှာအကြည်ကိုမှီ၍ အရသာကို ချိုသည်,ချဉ်သည် စသည်ဖြင့် သိတတ်သော စိတ်သဘောကို ဆိုအပ်သည်။

ဒေသနာတော် စကားမှာ "ဇိဝှဉ္စ ပဋ္ဌစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ" လျှာအကြည်နှင့် အရသာကိုစွဲ၍ အရသာကို

သိသော လျက်, သိဟူသော ဇီဝါဝိညာဏ် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ပေါ်လွင်သောစကားဖြင့် ဆိုပြန်သော် ဇီဝါပသာဒ ဟူသော လျှာအကြည် အခံခာတ်နှင့် ချို,ချဉ်စသော အရသာ အတိုက်ခာတ်တို့ တိုက်ဆိုင်ထိခိုက်၍ အပ္ပင်ခာတ်တည်းဟူသော ဇီဝါဝိညာဏ် လျှာ, သိ, စိတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။ ဤသည်လျှင် ဇီဝါယတနနှင့် ရသာယတန (လျှာအကြည်နှင့်,အရသာ) တည်းဟူသော အာယတန နှစ်မျိုးကို ဖော်ပြချက် အတိုကောက်ပေတည်း။

(၄) ကာယာယတနနှင့် ဖောဋ္ဌဗ္ဗာယတန

ကာယာယတန-ဟူသော ကာယပသာဒကို ကာယခာတ် ဟုလည်း ခေါ်ဆိုအပ်သည်။ တကိုယ်လုံး၌ တည်သော ကိုယ်အကြည်သဘောကို ဆိုသည်။ ဖောဋ္ဌဗ္ဗခာတ်ဟုလည်း ခေါ်ဆိုအပ်သည်။ ၎င်းကာယအကြည်နှင့် ထိခိုက်တတ်သော အတွေ့သဘောကို ဆိုအပ်သည်။ ကာယဝိညာဏခာတ် ဆိုသည်မှာ ကာယအကြည်တည်းဟူသော ကိုယ်အကြည်ကိုမှီ၍ ဖောဋ္ဌဗ္ဗ အတွေ့ကို သိတတ်သော စိတ်သဘောကို ဆိုအပ်သည်။ ၎င်းဖောဋ္ဌဗ္ဗ အတွေ့သဘောမှာ အတွေ့ သုံးမျိုးမှဖြစ်စေတတ်သည်။

ရင်းတို့ကား....

(၁) ပထဝီဖောဋ္ဌဗ္ဗဟုခေါ်သော မာသောသဘောနှင့်တွေ့မှု ထိခိုက်မှု။ ဥပမာ အပ်နှင့်ထိုး၍နာကျင်မှု, မာသော ဝတ္ထုတခုခုနှင့်ထိခိုက်၍ သိမှုဖြစ်ခြင်း စသည်တို့တည်း။

(၂) တေဇောဖောဋ္ဌဗ္ဗမှာ အအေးခာတ်နှင့်ဖြစ်စေ, အပူ

ဓာတ်နှင့်ဖြစ်စေ, ထိခိုက်မှုကြောင့် ထိ, သိဟူသော သိမှုဖြစ်ခြင်း။

(၃) ဝါယော ဖောဋ္ဌဗ္ဗဆိုသည်မှာ လေနှင့်ထိ၍ လေတိုက်၍ ထိမှုကြောင့် ထိ,သိဟူသော အသိမျိုးဖြစ်ပေါ်ခြင်းကို ဆိုသည်။

ဤကဲ့သို့ ဖောဋ္ဌဗ္ဗဟူသော အတ္ထသဘောသုံးမျိုးဖြင့် ကိုယ်အကြည်မှာ ကိုခိုက်ပြီးလျှင် ထိ,သိဟူသော သိမှုဖြစ်လာ၏။

ဒေသနာတော်စကားမှာ "ကာယဠ္ဠ ပဋိစ္စ ဖောဋ္ဌဗ္ဗစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ကာယအကြည်ဓာတ်နှင့် အတ္ထ ဖောဋ္ဌဗ္ဗဓာတ်နှစ်ပါးကိုစဲ့၍ ထိ,သိ ဟူသောစိတ် ကာယဝိညာဏ် ဖြစ်ပေါ်သည်ဟုဆိုသည်၊ နားလည်လွယ်သော စကားဖြင့်ဆိုသော် ကိုယ်အကြည်တည်းဟူသော အခံဓာတ်နှင့် ထိစရာဟူသော အတိုက်ဓာတ်တို့ တိုက်ဆိုင် ထိခိုက်မိသဖြင့် အပ္ပဋိဃာတ် (ထိ,သိ)ဟူသောစိတ် ကာယဝိညာဏ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။ ဤသည်လျှင် ကာယာယတနနှင့်ဖောဋ္ဌဗ္ဗာယတနတည်းဟူသော(ကိုယ်အကြည်နှင့် ထိစရာ)ဟု ဆိုအပ်သော အာယတနနှစ်မျိုးကို ဖော်ပြချက်အတိုကောက်ပေတည်း။

(၈) မနာယတနနှင့် ဓမ္မာယတန

မနာယတနဆိုသည်မှာမနောဓာတ်မနောဝိညာဏဓာတ်တို့ကို ဆိုအပ်သည်။ ပဋ္ဌဝိညာဏ်တို့၏ ရှေ့အဘို့,နောက်အဘို့၌ အဆင်း, အသံ,အနံ့, အရသာ, အတ္ထအထိတည်းဟူသော ငါးပါးသော အာရုံတို့ကို ဆင်ခြင်တတ် ခံယူတတ်သော မနောဓာတ် အသိသ

သဘောကို ဆိုအပ်သည်။ ဓမ္မဓာတ်ဆိုအပ်သည်မှာ ကျန်သောရုပ်မျှားနှင့် ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ နိဗ္ဗာန်သဘောတရား, ပညတ်တရားတို့ကို ဆိုအပ်သည်။ မနောဝိညာဏဓာတ်ဆိုအပ်သည်မှာ ထိုအာရုံခြောက်ပါးတို့ကို အာရုံပြု၍ သိတတ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ စိတ်အပေါင်းကို ဆိုအပ်သည်။ ဒေသနာတော်စကားမှာ "မနဉ္စ ပဋ္ဌိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" မနောခဝတ်စိတ်နှင့် ဓမ္မဓာတ်တည်းဟူသော သိစရာဓမ္မာရုံကိုစွဲ၍ တွေးသို,ကြံသို ဟူသောစိတ် မနောဝိညာဏဖြစ်ပေါ်သည်ဟုဆိုသည်။ ပေါ်လွင်သောစကားဖြင့်ဆိုပြန်သော် မနောဓာတ်ဟူသော အခံဓာတ်နှင့် သိစရာဟူသော အတိုက်ဓာတ်တို့ ပေါင်းဆုံထိခိုက်သဖြင့် တွေးသို, ကြံသို ဟူသောစိတ် မနောဝိညာဏ် ဖြစ်ပေါ်သည်ဟု ဆိုလိုသည်။ဤသည်လျှင် မနောဒ္ဓါရနှင့် ဓမ္မာယတနတည်းဟူသောစိတ်နှင့် တွေးစရာ အာယတနနှစ်မျိုးကို ဖော်ပြချက်အတိုကောက်ပေတည်း။

ဤသို့အားဖြင့်....

-(က) မှာ မျက်စိအကြည်နှင့် အဆင်းဟူသော အာယတနနှစ်မျိုး။

(ခ) မှာ နားအကြည်နှင့် အသံဟူသော အာယတနနှစ်မျိုး။

(ဂ) မှာ နှာခေါင်းအကြည်နှင့် အနံ့ဟူသော အာယတနနှစ်မျိုး။

(ဃ) မှာ လျှာအကြည်နှင့် အရသာတည်းဟူသော အာယတနနှစ်မျိုး။

(ဂ) မှာ ကိုယ်အကြည်နှင့် ထိစရာသုံးမျိုးဟူသော အာယတနနှစ်မျိုး။

(စ) မှာ ဘဝင်စိတ်နှင့် တွေ့စရာဓမ္မာရုံတည်းဟူသော အာယတနနှစ်မျိုး။

အားလုံးခြောက်မျိုးမှာ အာယတနနှစ်မျိုးစီပါဝင်၍ အာယတန တဆဲ့နှစ်ပါးဖြစ်ရ၏။ ဤပြဋ္ဌာန်းသည် အာယတန ၁၂-ပါးကို ဖော်ပြချက် အကျဉ်းပေတည်း။

စေတသိက်များကို ဖော်ပြသောအခန်းသို့ ရောက်သောအခါ ရင်းအာယတနများ၏ အဓိပ္ပါယ်သဘောကို ပိုမိုနားလည်သိမြင်ပေရာသည်။ ယခုပြဋ္ဌာန်းမှာ စိတ်စမ်းသက်သက် အတိုကောက်ကို ဖော်ပြချက်ပင် ရှိသေးသည်။

၁၇။ ဓာတ်တဆဲ့ရှစ်ပါးအကြောင်း

အထက်ပါ အခံဓာတ်, အတိုက်ဓာတ် အဖြစ်ဖြင့် ဖော်ပြခဲ့သော အာယတန ၁၂-ပါး အပ္ပဋိဓာတ်အဖြစ်နှင့် ပြခဲ့သော ဆိုင်ရာသိမှုဝိညာဏ် အသီးသီးတို့နှင့် တဲ့ဖက်ဖော်ပြသော် ဓာတ် ၁၈-ပါးဖြစ်ရ၏။ အာယတန ၁၂-ပါးကို သိမှုဝိညာဏ်ခြောက်မျိုးနှင့်ပေါင်းသော် ၁၈-ပါးဖြစ်ရသည်။ တနည်းဆိုသော် အခံဓာတ်(၆)ပါး အတိုက်ဓာတ်(၆)ပါး အပ္ပဋိဓာတ်(၆)ပါးတို့ကို ပေါင်းသော် ဓာတ်(၁၈)ပါးဖြစ်ရ၏။ ၎င်းတို့ကို သိရှိနားလည်မြင်လွယ်ကြစေရန် ဇယားကွက်ပြုလုပ်ဖော်ပြရလျှင် အောက်ပါအတိုင်းပေတည်း။

အာယတန ၁၂-ပါး		ဝေါတ် ၁၈-ပါး
အခံဝေါတ်	အတိုက်ဝေါတ်	အပွင့်ဝေါတ်
စက္ခုဝေါတ် စက္ခာယတန စက္ခုပသာဒ မျက်စိအကြည်	ရူပဝေါတ် ရူပါယတန ဝဏ္ဏ-ရူပါရုံ အရောင်အဆင်း	စက္ခုဝိညာဏဝေါတ် စက္ခုဝိညာဏ် မြင်,သိ,စိတ်,
သောတဝေါတ် သောတာယတန သောတပသာဒ နားအကြည်	သဒ္ဒဝေါတ် သဒ္ဒါယတန သဒ္ဒ-သဒ္ဒါရုံ အသံ	သောတဝိညာဏဝေါတ် သောတဝိညာဏ် ကြား,သိ,စိတ်,
ဃာနဝေါတ် ဃာနာယတန ဃာနပသာဒ နှာအကြည်	ဂန္ဓဝေါတ် ဂန္ဓာယတန ဂန္ဓ-ဂန္ဓာရုံ အနံ့	ဃာနဝိညာဏဝေါတ် ဃာနဝိညာဏ် နံ့,သိ,စိတ်,
ဇိဝှါဝေါတ် ဇိဝှါယတန ဇိဝှါပသာဒ လျှာအကြည်	ရသဝေါတ် ရသာယတန အရသာ အမျိုးမျိုး	ဇိဝှါဝိညာဏဝေါတ် ဇိဝှါဝိညာဏ် လျက်,သိ,စိတ်,
ကာယဝေါတ် ကာယာယတန ကာယပသာဒ ကိုယ်အကြည်	ဖောဋ္ဌဗ္ဗဝေါတ် ဖောဋ္ဌဗ္ဗာယတန ဖောဋ္ဌဗ္ဗ-ဖောဋ္ဌဗ္ဗာရုံ တွေ့ထိစရာသုံးမျိုး	ကာယဝိညာဏဝေါတ် ကာယဝိညာဏ် ထိ,သိ,စိတ်,
မနောဝေါတ် မနာယတန စိတ်	ဓမ္မဝေါတ် ဓမ္မာယတန ဓမ္မာရုံ တွေ့စရာအာရုံ ၆ ပါး	မနောဝိညာဏဝေါတ် မနောဝိညာဏ် တွေ့သိ,ကြံ,သိ,

၁၀။ အကြည်ဓာတ်များ

စက္ခုဓာတ်ဟုဆိုအပ်သော စက္ခုပသာဒ မျက်စိအကြည်မှာ ဆယ်ခုတဲ့ကလာပ်ဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ရူပ်မှန်သမျှမှာ မူလရင်းက ဓာတ်ရှစ်ပါးအစု ကလာပ်စုတို့ကို အရင်းခံရပေသည်။ ထိုဓာတ်ရှစ်ပါး၌ သိမှုဝိညာဏ်မှီ၍ ဖြစ်စရာအကြည် ဓာတ်နှင့်ပေါင်းသော် ၉-ခုရ၏။ ထိုအကြည်သဘောကို မပျက်အောင် စောင့်ထိန်းတတ်သော ဇီဝိတရူပ်ကို ရောပေါင်းသော် ၁၀-ခုဖြစ်ရ၏။ ထိုကြောင့် (၁၀) ခုတဲ့ကလာပ်ဟု ခေါ်၏။ ၎င်းမျက်စိမှာရရှိသော အကြည်ဓာတ်သည် ကံကြောင့် ဖြစ်ပေါ်ရရှိသော ရူပ်ဖြစ်၏။ ကံမကုန်သရွေ့ ၎င်းအကြည်ဓာတ်သည်လည်း ဆက်ကာ ဆက်ကာ ဖြစ်ပျက်နေရမြဲ ဖြစ်ပေသည်။ ၎င်းအကြည်သဘောကို မပျက်စေရန် ဇီဝိတရူပ်က စောင့်ရှောက်ရ၏။ အကြင်အခါ ဇီဝိတရူပ်ပျက်၍ မစောင့်ရှောက်နိုင်သော် မျက်စိအကြည်မှာ ပျက်၍ မြင်မှုမဖြစ်ပေါ်နိုင်တော့ပေ။

၎င်းဇီဝိတရူပ်မှာ အကြည်ကို စောင့်ရှောက်သကဲ့သို့ ၎င်းအကြည်နှင့်တဲ့ယှဉ်သော အတူဖြစ်ရသော ပထဝီစသော ရူပ်တို့ကိုလည်း ဥပါဒေါခဏမှ ဌီခဏတိုင်အောင်သာ စောင့်ရှောက်လျက်ပင်တည်း။ ၎င်းဇီဝိတက မစောင့်ရှောက်နိုင်ဟု မရှိ။ စင်စစ်မှာ ၎င်းအကြည်နှင့်တကွ (၁၀) ခုတဲ့ကလာပ်တို့သည် ကံကြောင့်ဖြစ်ပေသည်။ ၎င်းကံသည် မိမိနေရာနှင့် မိမိအကြောင်းခံ၍ အကျိုးဖြစ်သောပသာဒရူပ်၌ပါသော ဇီဝိတရူပ်သည် ကံ၏ကိုယ်စားလှယ်ပေတည်း။

နားအကြည်ဟုဆိုအပ်သော သောတပသာဒလည်း ထိုအတူ ဆယ်ခုတဲ့ကလာပ်ပေတည်း။ မူလက ရှစ်ခုတဲ့ကလာပ်၌ နားအကြည်နှင့် ဇီဝိတရုပ်နှစ်ခု ပေါင်းထည့်သော် ဆယ်ခုတဲ့ကလာပ် ဖြစ်၏။ထိုဆယ်ခုတဲ့ကလာပ် နားအကြည်မှာ သဒ္ဒရုပ်ခေါ်သော အသံနှင့် ထိခိုက်သောအခါ ကြား, သိဟူသောအသိဝိညာဏ်စိတ် ဖြစ်ပေါ်ရ၏။ အသံမှာ အဆင်းအရောင်ကဲ့သို့ ရှစ်ခုတဲ့ကလာပ် မဟုတ်ပေ။ မျက်စိအာရုံဖြစ်သော အရောင်အဆင်းမှာ ရှစ်ခုတဲ့ကလာပ်စုတွေ ဆက်စပ်ဖြစ်ပေါ်နေသော်လည်း အသံမှာ ကိုးခုတဲ့ နဝကကလာပ်စုတွေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လေဟူသော ရုပ်အစုအဝေးမှာ မူလရင်းက ရှစ်ခုတဲ့ကလာပ်ပင်ဖြစ်သော်လည်း ၎င်းလေအစုအဝေးမှာ သဒ္ဒရုပ်ဟုဆိုသော အသံကို ပေါင်းလျှင် ၉-ခုတဲ့ ကလာပ်တွေ ဖြစ်ပေါ်လာရ၏။ လောကဝတ် ပညာနည်းနှင့် ဖော်ပြရသော် အသံလေလှိုင်းတို့သည် နားအကြည်သို့ ရောက်ရှိထိခိုက်၍ ကြားသိဟူသော အသိဝိညာဏ်စိတ် ဖြစ်ပေါ်ရလေသည်။

နှာအကြည်ဟု ဆိုအပ်သော ဃာနပသာဒလည်း ထိုအတူ ဆယ်ခုတဲ့ကလာပ်စုပေတည်း။ မူရင်းက ရှစ်ခုတဲ့ကလာပ်စုမျှား၌ နှာအကြည်နှင့် ဇီဝိတရုပ်နှစ်ခုတို့ ပေါင်းထည့်သော် ဆယ်ခုတဲ့ကလာပ်ဖြစ်ရ၏။ ထိုဆယ်ခုတဲ့ကလာပ် နှာအကြည်မှာ ဂန္ဓတည်းဟူသော အနံ့နှင့် ထိခိုက် တိုက်ဆိုင်မိသောအခါ နံ့သိဟူသော အသိဝိညာဏ်စိတ် ဖြစ်ပေါ်ရ၏။

လျှာအကြည်ဟု ခေါ်အပ်သော ဇိဝှါပသာဒမှာလည်း ထိုအတူ ဆယ်ခုတဲ့ကလာပ်ပေတည်း။ မူလရင်းက ရှစ်ခုတဲ့ကလာပ်စုမျှား၌ လျှာအကြည်နှင့် ဇီဝိတရုပ်နှစ်ခုကို ပေါင်း

ထည့်သော် ဆယ်ခုတဲ့ကလာပ်ဖြစ်ရ၏။ ထိုဆယ်ခုတဲ့ ကလာပ်လျှာအကြည်, ရသာဓာတ်ဟူသော အချို,အချဉ်စသော အရသာနှင့် ထိခိုက်တိုက်ဆိုင်မိသောအခါ လျက်သိဟူသော အသိဝိညာဏ်စိတ် ဖြစ်ပေါ်ရ၏။

ကာယပသာဒဟူခေါ်သော ကာယအဲ့ကြည် ကိုယ်အကြည်မှာလည်း ဆယ်ခုတဲ့ ကလာပ်တွေချည်းသာတည်း။ ၎င်းကိုယ်အကြည်မှာ ဆံပင်, မွေးညှင်း,အမွေး, သွား, အရိုး, လက်သည်း, ခြေသည်းနှင့် အနာမျှတ်တို့ကို ချန်ထား၍ တကိုယ်လုံး ပြန့်နှံ့၍ တည်ရှိ၏။ ကာယတည်းဟူသော ကိုယ်မှာ ၎င်းအကြည်ဓာတ် မရှိသောအပိုင်းများကား ဆံပင်ဖျား, မွေးညှင်း, အမွေးဖျား, လက်သည်းဖျား, ခြေသည်းဖျား, သွားနှင့်အရိုးတို့မှာ သိမ္မစိတ် ဖြစ်ပေါ်စေရန် ၎င်းအကြည်ဓာတ်မရှိပေ။ ထိုကြောင့် ၎င်းတို့မှာ ဆယ်ခုတဲ့ကလာပ်စုများမဟုတ်၊ ရှစ်ခုတဲ့ကလာပ်စုချည်းသာတည်း။ ၎င်းကိုယ်အကြည်တွင် ဂွေထိစရာဟု ခေါ်သော ဖောဋ္ဌဗ္ဗသုံးမျိုးတွင် တမျိုးမျိုးနှင့် ထိခိုက်တိုက်ဆိုင်မိသောအခါ ထိသိတည်းဟူသော ကာယဝိညာဏ်စိတ်များ ဖြစ်ပေါ်ရ၏။ ထိသိဖြစ်စေရန် ဖောဋ္ဌဗ္ဗဟူသော အဂွေသုံးမျိုးမှာ အထက်ကပြခဲ့သည့်အတိုင်း ပထဝီဖောဋ္ဌဗ္ဗ, တေဇောဖောဋ္ဌဗ္ဗနှင့်, ဝါယောဖောဋ္ဌဗ္ဗပေတည်း။

မနောဓာတ်ဟု ဆိုအပ်သော စိတ်မှာလည်း အဆင်း,အသံ အနံ့ဟူသာ ထိစရာစသော အာရုံငါးပါးတို့၏ ရှေ့အဘို့၊ နောက်အဘို့၌ ၎င်းငါးပါးသော အာရုံတို့ကို ဆင်ခြင်တတ် ခံယူတတ်သော မနောဓာတ် ဆယ်ခုတဲ့ ကလာပ်စုများပေတည်း။ ဓမ္မဓာတ်,ဓမ္မာရုံဟုဆိုသည်မှာ ကျန်ရှိပ်များနှင့် စိတ်ဝေဒနာကွန္ဓာ

သည်ခန္ဓာ သခ်ၢါရကၡန္ဓာနိုဗ္ဗာန်, သဘောအပေါင်းကို ဆိုအပ်သည်။ မနောဝိညာဏခေါတ် တေးသိကြုံသိဟူသောသိမှုစိတ်သည် ထိုအာရုံခြောက်ပါးတို့ကို အာရုံပြု၍ သိတတ်သော ကုသိုလ်အကုသိုလ်အဗျာကတ စိတ်သဘောအပေါင်းကို ဆိုသည်။ ဓမ္မဓာတ်တွင် နိုဗ္ဗာန်မှာထင်ရှားအမြဲရှိသော ပရမတ်တရားဖြစ်သော်လည်း မြင်ခြင်း, ကြားခြင်း, နံခြင်းစသော အာရုံငါးပါးတည်းဟူသော ပဋ္ဌဝိညာဏ်ဖြင့် မတွေ့မမြင်နိုင်ပေ။ စိတ်ကူး,အကြံဉာဏ်ဖြင့်သာ ထိုးထွင်း သိမြင်နိုင်ပေသည်။

ဤကဲ့သို့ ပညတ်မှာလည်း နဂိုမူလကပင် ထင်ရှားရှိသော တရားမဟုတ်၍ မရှိသောတရား ခေါ်မှုသမုတ်မှု အမည်မှည့်မှုမျှသာဖြစ်သဖြင့် အာရုံငါးပါးတို့ကို မြင်ခြင်း, ကြားခြင်း, နံခြင်းစသည့် ပဋ္ဌဝိညာဏ်တို့ဖြင့် မတွေ့မြင်အပ် မတွေ့မြင်နိုင်ပေ။ စိတ်ကူးအကြံအားဖြင့်သာ ခေါ်မှုသက်သက်ပေါ်၊ ရှိသောတရားမဟုတ်ပေဘူးဟု သိရှိနားလည်ရပေသည်။

အထက်ပါ အကြည်ဓာတ်တို့သည် မဟာဘူတ်တို့ကိုစဲ့၍ ဖြစ်ပေါ်ရ၏။ မျက်စိအကြည်သည် မဟာဘူတ် ဓာတ်ကြီးလေးပါးကို စဲ့မှီ၍ပေါ်ရ၏။ ထိုဓာတ်ကြီးလေးပါး မဟာဘူတ်သည် အကြည်ဓာတ်မဟုတ်၊ အကြည်ဓာတ်သဘောသည်လည်း ၎င်းမဟာဘူတ်လေးပါးမဟုတ်။ ဥပမာသစ်သားတခုနှင့်တခုကို ပွတ်သော်ပြောင်ပြောင်လက်လက် အကြည်ရောင်ပေါ်လာ၏။ ထိုအကြည်သည် သစ်သားမဟုတ် သစ်သားသည်လည်း အကြည်မဟုတ် သစ်သားကို အကြောင်းပြု၍ ပေါ်လာရသော အကြည်ပေတည်း။

ထိုကြောင့် မဟာဘုတ်က အကြောင်းတရားဖြစ်၍ မျက်စိအကြည်က အကျိုးတရားဖြစ်၏။ စင်စစ်မှာ အကြောင်း, အကျိုးတရားချည်းသာတည်း။ ၎င်းအကြောင်း, အကျိုးသဘောတို့ကို ရှေဖော်ပြလတံ့သော "ပစ္စယပရိဂ္ဂဟဉာဏ်ခန်း"ကို ပြရာတွင် ပိုမိုနားလည် သိမြင်ရအောင် ပါလာပေမည်။ ထိုမဟာဘုတ်နှင့် အကြည်ဓာတ်များသာ အကြောင်းတရား, အကျိုးတရားမဟုတ်ကြသေး၊ အရောင်အဆင်းသည်လည်း မဟာဘုတ်ပေါ်တွင် စွဲ၍ဖြစ်ပေါ်ရသောကြောင့် မဟာဘုတ်က အကြောင်းဓမ္မ, အရောင်အဆင်းက အကျိုးဓမ္မဘဲ ဖြစ်ကြပေသည်။

၁၉။ ပဋိသမ္ဘိဒါဉာဏ်လေးပါး ဖြစ်ပေါ်ပုံ

ဤကဲ့သို့ မျက်စိအကြည်သည် မဟာဘုတ်လေးပါးပေါ်၌ မှီနေသဖြင့် မဟာဘုတ်လေးပါးက အကြောင်း, စက္ခုအကြည် မျက်စိအကြည်က အကျိုးဟုသိသောအခါ....။

၁။ မဟာဘုတ် လေးပါးသည် အကြောင်းဘဲဟု သိသော ဉာဏ်ကို "ဓမ္မပဋိသမ္ဘိဒါဉာဏ်" ဟုခေါ်၏။

၂။ မဟာဘုတ်လေးပါးရှိ၍ အကျိုးဖြစ်သော စက္ခုပသာဒ ခေါ်မျက်စိအကြည်ရှိသည်ဟု သိသောဉာဏ်ကို "အတ္ထပဋိသမ္ဘိဒါဉာဏ်" ဟု ခေါ်၏။

၃။ အကြောင်းတရားကို ဓမ္မဟု အဘယ်ကြောင့် ခေါ်ဆို အပ်သနည်းဆိုသော် အကျိုးကို ဖြစ်စေသောကြောင့် ဓမ္မဟုခေါ်ဆိုအပ်သည်ဟု ထုတ်ဖော်ပြောခြင်းငှါ သိသောဉာဏ်နှင့်, အကျိုးကို အဘယ်ကြောင့် အတ္ထဟု ခေါ်ဆိုအပ်သနည်းဆိုသော်

အကြောင်းကိုစွဲ၍ ဖြစ်သောကြောင့် အတ္ထဟု ခေါ်ဆိုအပ်သည်ဟု ထုတ်ဖော်ပြခြင်းခဲ့ သိသောဉာဏ်တို့ကို "နိရုတ္တိ ပဋိသမ္ภိဒါဉာဏ်"ဟု ခေါ်ဆိုအပ်လေသည်။

၄။ ဤကား အကြောင်းဟု သိသောဉာဏ်, ဤကားအကျိုးဟု သိသောဉာဏ်, ဤကား အကြောင်း, အကျိုးတို့ဟု ထုတ်၍ ပြောဆိုခြင်းငှါသိသော နိရုတ္တိ ပဋိသမ္ภိဒါဉာဏ်၊ ထိုဉာဏ်သုံးပါးတို့ကို ထပ်မံသိသောဉာဏ်ကို "ပဋိဘာန ပဋိသမ္ภိဒါဉာဏ်" ဟု ခေါ်ဆိုအပ်လေသည်။ ဤကဲ့သို့ လေးပါးပါ ခန္ဓာ၌ဖြစ်ပေါ်နေသည်ဟု မှတ်ယူရာ၏။

၂၀။ ၁-ပဋ္ဌာန်းဥာဏ်လည်း ပါဝင်ပုံ

၁။ မဟာဘုတ် လေးပါးသည် အဆင်းနှင့် အတူဖြစ်၍ ကျေးဇူးပြုသောကြောင့် "သဟဇာတပစ္စည်း" ဖြစ်၏။ သဟ၊ အတူ။ ဇာတ၊ ဖြစ်ပေါ်သည်။ ပြိုင်တူ ဖြစ်ပေါ်သည်ဟု ဆိုလိုသည်။

၂။ မဟာဘုတ်က မိုရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် "နိဿယပစ္စည်း"ဖြစ်၏။

၃။ ရှိခိုက်တွင် ကျေးဇူး ပြုသောကြောင့် "အတ္ထိပစ္စည်း" ဖြစ်၏။

၄။ မကင်းခိုက် ကျေးဇူးပြုသောကြောင့် "အဝိဂတပစ္စည်း" ဖြစ်၏။ ဤကဲ့သို့ အသိရောက်တိုင်း သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပေါ်ရုံမျှ မကသေးဘဲ ပဋ္ဌာန်းဥာဏ်လည်း ပါဝင်သင့်သမျှ ပါဝင်ကြောင်းကို သိမှတ်ရာ၏။

၂၁။ စက္ခုဝိညာဏ်ဟုခေါ်သော မြင်သိမြဲစံပုံ

ဝတ္ထုတစခုခုကိုကြည့်သောအခါ မြင်သိဟုဆိုသည်မှာ-အဘယ်ကြောင့် မြင်သနည်းဆိုသော် မျက်လုံးအိမ် မျက်နှာထဲ၌ တည်သော စက္ခုပသာဒဟူသော မျက်စိအကြည်ကြောင့် မြင်ရသည်။ ၎င်းမျက်စိအကြည် တခုတည်းနှင့်လည်း မြင်မှုမဖြစ်နိုင်၊ အခြားအကြောင်းများပါ ပေါင်းဆုံ တိုက်ဆိုင် ညီညွတ်မှ မြင်နိုင်သည်။ မြင်စရာ တခုခုရှိမှလည်း မြင်နိုင်သည်။ ၎င်းမြင်စရာဆိုသည်မှာ အဆင်းကို ဆိုသည်။ ၎င်းအဆင်းကို ရူပဓာတ်ဟူ၍ဝင်း၊ ရူပါရုံဟူ၍ဝင်း ဝဏ္ဏဟူ၍ဝင်း ခေါ်အပ်၏။ ၎င်းအဆင်းရှိသော်လည်း မှောင်မိုက်နေလျှင် မမြင်နိုင်ပေ။ အလင်းရောင်ရှိမှသာ မြင်နိုင်သည်။ အလင်းရောင်ရှိသည်ဆိုသော်လည်း မျက်စိအကြည်နှင့် မြင်စရာ အဆင်းစပ်ကြားတွင် အလင်းရောင် တဖြင့်တည်း အကွယ်အကာမရှိဘဲနေမှသာ မြင်နိုင်သည်။

၎င်းပြင် ရူပါရုံဟူသော အဆင်းကို ဆင်ခြင်တတ်သည့် "မနသိကာရ ခေါ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်လည်း ရှိရမည်။ မျက်စိအကြည်နှင့် အဆင်းလည်းတွေ့ဆုံရမည်။ဤကဲ့သို့အကြောင်းလေးပါးပြည့်စုံမှ စက္ခုဝိညာဏ်ဟုခေါ်သော မြင်, သိ-ဖြစ်နိုင်ပေသည်။ မဟာဘုတ်လေးပါးပေါ်တွင် ကံကြောင့် ဖြစ်ပေါ်နေသော စက္ခုပသာဒဟုခေါ်သော မျက်စိ အကြည်ဓာတ်သည် ဘယ်တော့မှ အမြဲတည်နေသည် မဟုတ်။ ရှေးကံရှိသ၍ တ ခဲ့ ဖဲ့ဖြစ်ပေါ် ပျက်စီး,ချုပ်ပျောက်နေ၏။။

ဤကဲ့သို့ ဖြစ်, ပျက် နေခြင်းသည် ဓမ္မနိယာမ ဓမ္မတာ အတိုင်းဘဲ ဖြစ်,ပျက်နေသည်ကို မြင်အောင် ရှုကြည့်ရာ၏။ ယခု

ဖော်ပြလာခဲ့သော အခန်းများသည် ဝိပဿနာခန်း သက်သက် မဟုတ်သေး။ သမထခန်းတွင်သာရှိ၍ ဥာတပရိညာ အခန်း မှာပင် ရှိသေးသဖြင့် အပျက်မရဏ တည်းဟူသော အနိစ္စ,ဒုက္ခ တို့ကို ဖော်ပြရသော အခန်းမဟုတ်ပေ။ ဖြစ်ပေါ်ခြင်းကိုသာ မူတည်၍ ပြရသေးသည်။ ရှေ့ဝိပဿနာပြသော အခန်းများသို့ ရောက်မှ အပျက်တရားများကို ပေါ်လွင်အောင် ပြသရပေမည်။

ရင်းမျက်စိအကြည်ဓာတ်သည် အရှည်,အတို,အလုံး,အဝိုင်း, အတုံး, အခဲ, အမှုံ,, အရည်, အဖတ် မဟုတ်သဖြင့် ပုံသဏ္ဌာန် မရှိ၍ သဏ္ဌာနပညတ် မဟုတ်ဘဲ ပရမတ်တရားသာ ဟုတ်ပေ သည်။ ပင်ကိုယ် နာမည်လည်း မပါမရှိ၍ ပညတ်လည်းမဟုတ် သဖြင့် ပရမတ်တရားသာဖြစ်၏။ ထိုပြင် ဖြစ်ပေါ်သည့်အခိုက်တွင် တည်ရှိနေသဖြင့် မရှိသောတရားလည်း မဟုတ်၍ အဘာဝ ပညတ် မဟုတ်သဖြင့် ပရမတ်တရားသာ ဖြစ်ပေသည်။ မိမိ သဘောကို မိမိဆောင်နေ၍ ဓာတ်ဟုလည်းခေါ်ရ၏။ သဘော လက္ခဏာတခု ဖြစ်၍ ဓမ္မဟုလည်း ခေါ်ဆိုရ၏။ ကိုယ်ကောင် မဟုတ် ကိုယ်ကောင်ဟု ခေါ်သော သရီရအတွေ့ ကင်းဆိတ်၍ အနုတ္တတရားသာ ဖြစ်၏။ သတ္တအတွေ့ တည်းဟူသော သတ္တဝါ ကင်းဆိတ်၍ အနုတ္တတရားသာ ဖြစ်၏။ ရှင်နေသော အသက် လိပ်ပြာ်ဟူသော ဇီဝအတွေ့ ကင်းဆိတ်၍ အနုတ္တတရားဟု ,ထိုး ထွင်း သိမြင်ရာ၏။

အထည်ဒြပ် သဏ္ဌာန်စသည်မရှိဘဲ မှတ်ကြောင်းလက္ခဏာ သတ္တိမျှသာ ဖြစ်၍ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးကြောင့် တဖြစ်တည်းဖြစ်, တပျက် တည်းပျက်၍ ဖြစ်ပေါ်,ပျက်စီးနေသော သဘောတရားဖြစ်ပေ

သည်။ ဤကဲ့သို့ အကြောင်းပြုပြင်၍ ဖြစ်,ပျက် နေသည်ကိုပင် ဝိပရိဏာမ ဖောက်ပြန်သည်ဟု ဆိုအပ်၏။ ဤလို ဖောက်ပြန်တတ်၍ ၎င်းစက္ခုအကြည် တည်းဟူသော မျက်စိအကြည်ကို ရုပ်ဓာတ်ဟုလည်း ခေါ်ဆိုအပ်လေသည်။ ၎င်းအကြည်မာတ်နှင့် တိုက်ဆိုင်နိုင်စရာ အဆင်းဓာတ်လည်း ထို့အတူဘဲ ပထဝီ, အာပေါ, တေဇော, ဝါယော တည်းဟူသော မဟာဘူတ်လေးပါးကိုမှီ၍ ပေါ်ရသဖြင့် ၎င်းဓာတ်ကြီးလေးပါးရှိမှသာ အဆင်းလည်း ရှိနိုင်၏။

အဆင်းချည်းသက်သက် မှီရာတည်ရာမရှိဘဲ မဖြစ်နိုင်ပေ။ ထိုကြောင့် ဓာတ်ကြီး လေးပါးက အကြောင်းတရား ဖြစ်၍ အဆင်းက အကျိုးတရား ဖြစ်ပေသည်။ ၎င်းအဆင်းလည်း ပြုပြင်ခြင်းမကင်းဘဲ ဖြစ်,ပျက်နေသော သဒ္ဓံတတရား ဖြစ်ပေ၏။ ဥပမာအားဖြင့် မီးခဲမီးစကို မှောင်ထဲတွင် ကိုင်၍ရမ်းပါလျှင် ရှည်ရှည် ဝိုင်းဝိုင်း မီးကွင်းဟု ထင်ရ၏။ မီးကွင်းတကယ်မဟုတ်ပေ။ မီးစကိုကိုင်၍ ရမ်းသော မီးစ-မီးခဲရောင် မီးအစဉ်သာ ဟုတ်ပေသည်။ ထိုအတူ အဆင်းဓာတ်သည်လည်း ဖြစ်,ပျက် ချုပ်နေသော အစဉ်သာ ဟုတ်ပေ၏။ အလုံး, အခဲ, အဝိုင်း, စသည်မဟုတ်ပေ။ ဤကဲ့သို့ ဖြစ်, ပျက် ဖောက်ပြန်နေ၍ ၎င်းအဆင်းတို့လည်း ရုပ်ဓာတ်ဟုပင် ခေါ်ရ၏။

မဟာဘူတ်ခေါ် ဓာတ်ကြီးလေးပါးကို မှီတွယ်နေရသဖြင့် ဥပါဒါရုပ်ဟုလည်း ခေါ်ရ၏။ ၎င်းအဆင်း ဓာတ်ကိုလည်း ထင်ရှားရှိသဖြင့် ပရမတ်တရားဘဲ ဖြစ်ကြောင်းကို အထက်က မျက်စိအကြည်ကို ရှုသကဲ့သို့ ပညတ်သုံးပါး မဟုတ်၍ ပရမတ်သဘောဘဲဟု မြင်အောင်ရှုကြည့်ရာ၏။ ကိုယ်ကောင် အထည်

ဒြပ်မဟုတ်။ သတ္တဝါမဟုတ်။ အသက်လိပ်ပြာ မဟုတ်သဖြင့် အနတ္တတရားဘဲဟုလည်း မြင်အောင်ရှုရာ၏။ မိမိသဘောကို မိမိ ဆောင်၍ ဓာတ်ဟုလည်းသိရာ၏။ ဖြစ်,ပျက်နေသော မြင်စရာသ ဘောသက်သက်ဖြစ်၍ ရုပ် ၂၇-ပါးအနက် အဆင်းဓာတ်တခုကို သာ မြင်နိုင်သဖြင့် မြင်မြင်သမျှ အားလုံးမှာ အဆင်းတွေချည်း ဘဲ၊ အဆင်းတွေ ဆက်စပ်နေတာဘဲဟု တွေးတောစဉ်းစားတိုင်း သိရှိရာ၏။

စက္ခုဝိညာဏ်ဟူသော မြင်သိဖြစ်ပုံမှာ မြင်သည်ဟုဆိုသည် မှာ မျက်စိအကြည်နှင့် အဆင်း တိုက်ဆိုင်တွေ့ကြုံသည့်အခါ မျက် စိအကြည်ပေါ်၍ စက္ခုဝိညာဏ်ဟုဆိုသော သိမှုမြင်သိစိတ်ဓာတ် တခု ဖြစ်ပေါ်လာ၏။ ၎င်းစိတ်ဓာတ်ဖြစ်ပေါ်သည်ကိုပင် မြင် သည်ဟု ဆို၏။ အဆင်းကို သိသည်ဟုဆို၏။ မြင်သိဘဲဖြစ်ပေါ်၏။ ဤအချက်မှာ ဘုရားဟောဒေသနာကို နောက်က စာပိုဒ် ၅၀-တွင် ဖော်ပြခဲ့၏။

အဓိပ္ပါယ်မှာ-မျက်စိအကြည်နှင့် အဆင်းကိုစွဲ၍ အကြောင်း ပြု၍ စက္ခုဝိညာဏ်ဟူသော မြင်သိ, ဖြစ်ပေါ်ရသည်ဟု ဆိုလို သည်။ မျက်စိအကြည်က တခြား,အဆင်းက တခြားစီ နေကြ သော်လည်း ၎င်းအကြည်နှင့် အဆင်းတို့ ရှေ့ရှုထင်ခြင်းသို့ ရောက်သည်ကိုပင် စက္ခုနှင့်ရူပါရုံ (မျက်စိအကြည်နှင့် အဆင်း) ထိခိုက်သည်။ တိုက်ဆိုင်တွေ့ဆုံသည်ဟု ဆိုအပ်ပေသည်။ ဤကဲ့သို့ ရှေးရှုထိခိုက် တွေ့ဆုံခြင်း, ထင်မြင်ခြင်းသို့ မရောက်ပါလျှင် စက္ခုဝိညာဏ်ဟု ခေါ်သော မြင်သိစိတ် မဖြစ်ပေါ်နိုင်ပေ။ ဥပမာ-တိမ်တိုက်အချင်းချင်း တိုက်မိလျှင် လျှပ်ပန်း လျှပ်နွယ် လျှပ်စစ်ရောင် ပေါ်သကဲ့သို့ မီးခပ်ကျောက်နှင့် သံ ခပ်လျှင်

မီးပွင့်လာသကဲ့သို့ မျက်စိအကြည်နှင့် အဆင်းတိုက်ဆိုင် ထိခိုက်မိလျှင် စက္ခုဝိညာဏ်တည်းဟူသော မြင်သိစိတ် ဖြစ်ပေါ်လာရ၏။ ပေါ်ပြီးလျှင် ချက်ခြင်းပျက်၏။

ဤကဲ့သို့ ဖြစ်ပေါ်ပြီးလျှင် ပျက်စီး ချုပ်ပျောက်ရခြင်းသည် ဓမ္မနိယာမ ဓမ္မတာသဘောအတိုင်းဘဲဖြစ်ရ၏။ မျက်စိအကြည်နှင့် အဆင်းခေတ်ကြောင့် မြင်သိဖြစ်ရသဖြင့် မျက်စိအကြည်နှင့်အဆင်းက အကြောင်းတရားဖြစ်၍ မြင်သိစိတ်က အကျိုးတရားဘဲ ဖြစ်ရ၏။ အကြောင်းတရား, အကျိုးတရားဘဲဟု သိရာ၏။ စက္ခုပသာဒခေါ်မျက်စိအကြည်မှာလည်း အဆင်းအာရုံမှတပါးတခြား အာရုံတို့ မထင်နိုင်ကြပေ။ အဆင်းသည်သာ ထင်နိုင်၏။ ထိုထင်နိုင်သော အဆင်းမှာလည်း ထင်ရှားပေါ်လာ ဖြစ်တည်သော ပရမတ်တရားသာ ဖြစ်၏။ ပညတ်တရားမဟုတ်။

ထိုကြောင့် ပညတ်ကို မမြင်နိုင်-မမြင်အပ်ပေ။ ငါ,သူတပါး ယောကျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာဟု ဝေါဟာရအားဖြင့် ခေါ်ကြသော ပညတ်များကို အကယ်စင်စစ် မမြင်နိုင်ကြပေ။ အဆင်းပရမတ်သက်သက်ကိုသာ မြင်နိုင်သဖြင့် မြင်နိုင်စရာဟူသမျှကို အဆင်းဟုသာမှတ်ယူရာ၏။ဤကဲ့သို့ မြင်စရာဟူသရွေ့ကို အဆင်းဟု မှတ်ယူမှုသာ မှန်တာ့ကို နှလုံးသွင်းခြင်း ဖြစ်ရပေသည်။ ယောကျား, မိန်းမစသည်ကို မြင်သည်ဟု ထင်ခြင်းသည် အဝိဇ္ဇာကြောင့် အထင်မှားခြင်းမျှသာ ဖြစ်၏။

စင်စစ်မြင်ရခြင်းမှာ အဆင်းပရမတ်တွေ့ ဆက်စပ်နေသည်ကိုသာ မြင်နိုင်ပေသည်။ ဝဏ္ဏဟုဆိုသော ရူပါရုံအဆင်းသည် စက္ခုဝိညာဏ်၏ ကျက်စားရာဖြစ်၏။ စက္ခုအကြည်က စက္ခု

ဝိညာဏ်၏ကည်ရာဖြစ်ပေ၏။ တည်ရာမှီရာဖြစ်သဖြင့် ၎င်းစက္ခု အကြည်ကို စက္ခုဝတ္ထုဟုလည်း ခေါ်ရ၏။ မြင်သိဟူသောစိတ် စက္ခုဝိညာဏ်မှာလည်း သဘော သက်သက်သာ ဖြစ်၏။ မြင်သိ ဟူသော စိတ်ဖြစ်ရတာဘဲ။ မြင်တတ်သော အကောင်သတ္တဝါ ဟူ၍တခြားမရှိ၊ မျက်စိအကြည်ကလည်း အကောင်သတ္တဝါ, အသက်လိပ်ပြာ စသည်မဟုတ်။ အဆင်းကလည်း အကောင် သတ္တဝါ, အသက်, လိပ်ပြာ စသည်မဟုတ်၊ စက္ခုဝိညာဏ် ဟူသော မြင်သိကလည်း အကောင်သတ္တဝါ, အသက်လိပ်ပြာ စသည်မဟုတ်။ ဖြစ်ပေါ်သောအခါ ထင်ရှားရှိကြသော ပရမတ် တရားတွေသာ ဖြစ်ကြ၏။ အနတ္တတရားတွေသာ ဖြစ်ကြ၏ဟု သိမြင်ရာ၏၊ ထိုမျက်စိအကြည်နှင့်အဆင်း ထိခိုက်တိုက်ဆိုင်ဆုံမိ ၍ မြင်သိဟူသောစိတ် ဖြစ်ပေါ်လာသည်ကိုပင် လောကဝေါ ဟာရအားဖြင့် ငါမြင်သည်, သူမြင်သည်, စသည်ဖြင့် ခေါ်ဝေါ် ပြောဆို သုံးစွဲကြရ၏။ စင်စစ်မှာ မြင်တတ်သော ငါ,သူ စသည် မပါရှိပေ။

ဤမျက်စိအကြည်, အဆင်းနှင့် စက္ခုဝိညာဏ် ဟူသော မြင်သိစိတ်တို့သည် ပေါ်လာသည့်အခိုက် ထင်ရှားရှိကြ၍ ပရ မတ်တရားများသာ ဖြစ်ပြီးလျှင် အကောင်သတ္တဝါ, အသက်, လိပ်ပြာ မဟုတ်ဘဲ အနတ္တတရား ဓာတ်အစု, သဘောအစုသာ ဟုတ်ပေသည်ဟု သိမြင်သောအသိသည် မှန်တာကို သိသော အသိဉာဏ်ဖြစ်၏။ ဤကဲ့သို့ အမှန်ကိုသိလျှင် သမ္မာဒိဋ္ဌိဖြင့် အသိဖြစ်၏။ ဝိဇ္ဇာသိဟု ခေါ်၏။ ပညာသိလည်း ခေါ်ရ၏။ ယထာဘူတဉာဏ်လည်း ခေါ်ရ၏။ ဓမ္မဋ္ဌိတိဉာဏ်လည်း ခေါ် ရ၏။ ဤကဲ့သို့ မှန်တာကိုသိလျှင် သက္ကာယဒိဋ္ဌိ ကင်းလေ

တော့၏။ ငါတကယ်မြင်သည်, သူတကယ်မြင်သည်ဟု မယူဆ တော့ပေ။

၂၂။ သမ္မာဒိဋ္ဌိဥာဏ်ဖြစ်ရခြင်း အကြောင်း လေးမျိုး

သမ္မာဒိဋ္ဌိဥာဏ် တကြိမ်ဖြစ်လျှင် အကြောင်းလေးပါးကိုမှီ၍ ဖြစ်ရ၏။ (၁) သမ္မာဒိဋ္ဌိဥာဏ်ဖြစ်သော ကိလေသာတို့ ဆိတ်ခြင်းကို မှီတွယ်၍ ဖြစ်သဖြင့် ဝိဝေက နိဿိဘဟုခေါ်၏။

(၂) ကိလေသာတို့မှ ကင်းခြင်းကို မှီတွယ်၍ ဖြစ်သော ကြောင့်, ဝိရာဂနိဿိဟဟုခေါ်၏။

(၃) ကိလေသာတို့ဖြစ်မှုမရှိခြင်းကိုမှီတွယ်၍ဖြစ်ခြင်းကြောင့် နိရောဓနိဿိတဟုခေါ်၏။

(၄) ထိုအာရုံတို့ကို ရှုသောအားဖြင့် ညွှတ်တိုင်း ညွှတ်တိုင်း ကိလေသာတို့ကို စွန့်ခြင်းကြောင့် ဝေါသဂ္ဂပရိဏာမဟု ခေါ်၏။

ဤကဲ့သို့ မှန်တာကိုသိ၍ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဥာဏ် တကြိမ်ဖြစ်ရလျှင် အကြောင်းတိုက်ဆိုင် ဆုံဆီးမိ၍ ဖြစ်ပေါ်သည့်အခိုက်တွင် ထင်ရှားရှိသောတရားကို ပညတ်တရားဘဲ၊ ပရမတ်တရား သာဟုတ်၏ဟုဋ္ဌင်း၊ အတ္တသုံးမျိုးလည်း ကင်းဆိတ်၍ အနတ္တ တရားသာတည်းဟုဋ္ဌင်း၊ အမှန်ကိုသာ သိရသဖြင့် ပညတ်ကို အရှိတရား, ရှိသောသရားဟု မှောက်မှားမှတ်ယူသော မိစ္ဆာဒိဋ္ဌိ ကိလေသာနှင့် ကိုယ်ကောင် သတ္တဝါကောင် အသက်လိပ်ပြာဟု ထင်ခဲ့သော အထင်မှားခဲ့သော မိစ္ဆာဒိဋ္ဌိ ကိလေသာတို့ကို စွန့် ခြင်း, မရှိခြင်း, ကင်းခြင်း, ဆိတ်ခြင်း, စသောအားဖြင့် မိစ္ဆာ

ဒိဋ္ဌိကိလေသာကို ပယ်ခွါမှုအကြောင်းလေးပါးပြည့်စုံမှ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်ရကြောင်းကို သိမှတ်ရာ၏။

၂၃။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်တကြိမ်ဖြစ်လျှင် ဝဋ္ဌသုံးပါးမှ ကင်းလွတ်ရပုံ

မျက်စိအကြည်နှင့် အဆင်း တိုက်ဆိုင်ဆုံမိ၍ စက္ခုဝိညာဏ် ဟူသော မြင်သိစိတ် ပေါ်သောအခါ မြင်တာသည် အဆင်းပရမတ်ဆက်စပ်နေသည်၊ ထင်ရှားရှိသောတရားကိုသာ မြင်တာဘဲ မရှိသောပညတ်ကို မမြင်နိုင်၊ ဝတ္ထုရုပ်တခုအနေအားဖြင့်လည်း နှလုံးမသွင်းမရှာဘဲ အဆင်းတွေ့ ဆက်စပ်နေသည်ကိုသာ မြင်ရသည်ဟု သိမြင်သောအခါ မှန်တာကို နှလုံးသွင်းရာ ကျပေ၏။ အသင့်အတင့် နှလုံးသွင်းရာသည်လည်းကျပေ၏။

ဥပမာအားဖြင့်ဆိုသော် နှင်းဆီပန်းဟုဆိုခေါ်သော ရုပ်အစု အဝေးကိုပြရာ၌ နှင်းဆီပန်းကိုမြင်ရသည်ဟု နှလုံးမသွင်းမှု၍ နီနီရဲရဲမြင်ရတာမှာ အဆင်းတွေ့ဆက်စပ်နေတာကိုမြင်ရတာဘဲ၊ ထိုကဲ့သို့ အဆင်းကိုသာမြင်သည်ကို နှင်းဆီပန်းကို မြင်သည်ဟု တင်စား၍ ဝေါဟာရအားဖြင့် ပြောရိုးအတိုင်း ခေါ်ရိုးအတိုင်း ခပြောကြခေါ်ကြတာဘဲ။ စင်စစ်မှာ အဆင်းပရမတ်မျိုးကိုသာ မြင်ရသည်။ အဆင်းတွေ့ ဆက်စပ်နေတာကိုသာ မြင်နိုင်တာဘဲ၊ ထိုအဆင်းမျိုးကိုသာ မြင်ရသည်ကို နှင်းဆီပန်းကိုမြင်သည်ဟု ဝတ္ထုရုပ်အနေအားဖြင့် ယူဆခဲ့ပါလျှင် အဝိဇ္ဇာသိသာဖြစ်ပေ၏။ မှန်သောတရားကို အလျှင်းမသိကြသော အနုဗုဒ္ဓလ ပုထုဇဉ်တို့ အသိမျိုး ခလေးသူငယ်နှင့် မိစ္ဆာဒိဋ္ဌိတို့၏ အသိအမြင်မျိုးမျှသာ

တည်း။ ပညာသိမဟုတ်၍ ဝိဇ္ဇာဉာဏ်နှင့်သိသောအသိမျိုးမဟုတ်ပေ။ ၎င်းနှင်းဆီပန်းဟူသော ရုပ်အစုကို နာမ်းကြည့်သောအခါ မွှေးသည် နံသည်ဟုသိရသည်မှာ နှင်းဆီပန်းဟုခေါ်သောပညတ်က မမွှေးတတ် မနံတတ်၊ အနံ့သဘောစုများကသာ မွှေးတတ်နံတတ်ကြောင်းကို သိမှသာ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အသိမျိုး ဖြစ်ရပေမည်။

မွှေးသည်ဆိုသည်မှာ အနံ့သဘောတွေ ဆက်စပ်နေသည်ကို နာမ်းမိ၊ ရှူမိ၍ မွှေးသည်ဟုသိရတာဘဲဟု အမှန်ကိုနှလုံးသွင်းမိမှ အသင့်အတင့် နှလုံးသွင်းရာသို့ ကျပေသည်။ ၎င်းပန်းဟူသော ရုပ်အစုကို ကိုင်မိ၍ ပျော့တော့တော့ကို တွေ့ထိပြန်လျှင်လည်း ကိုင်မိတာဟာ နှင်းဆီပန်းတည်းဟူသော နှင်းဆီပန်းဟုခေါ်သောပညတ်ကို မကိုင်မိနိုင်။ ၎င်းပန်းဟူသော ရုပ်အစုအဝေးမှ ပွင့်ချပ် ပွင့်ဖတ်ဟုခေါ်သော ပျော့တော့တော့သဘော ပထဝီစသော ဖောင်ဒွတ်ရုံများဆက်စပ်နေသည်ကိုသာ ကိုင်မိတာဘဲဟု မှန်တာကိုနှလုံးသွင်းတတ်မှ ယောနိသော မနသိကာရ အသင့်အတင့် နှလုံးသွင်းရာသို့ကျ၍ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ရပေသည်။

ဤကဲ့သို့ နှင်းဆီပန်းတည်းဟူသော သက်ဝတ္ထုဟု ခေါ်သော ရုပ်အစုများကို နှလုံးသွင်းတတ်သကဲ့သို့ သက်ရှိဝတ္ထုဟု ခေါ်ဆိုအပ်သော ယောကျ်းမိန်းမစသည်တို့ကိုမြင်သောအခါ ယောကျ်းကလှသည် မိန်းမကလှသည် အရုပ်ဆိုးသည်ဟု နှလုံးမသွင်းမိစေဘဲ မြင်မြင်သမျှမှာ အဆင်းတွေဘဲ၊ ရူပါရုံတွေဘဲ အာရုံဘဲဟု နှလုံးသွင်းတတ်ရမ်။ ဤကဲ့သို့ နှလုံးသွင်းတတ်လျှင် စက္ခုဣန္ဒြေကိုစောင့်ခြင်းဖြစ်မ်။

ဤလိုအမှန်ကို နှလုံးသွင်းတတ်လျှင် မောဟမဖြစ်နိုင်၊ မောဟမဖြစ်နိုင်၍ အဝိဇ္ဇာကင်းရ၏။ မှန်တာကိုသိ၍ အဝိဇ္ဇာကင်းသဖြင့် လိုချင်တပ်မက်ခြင်းဟူသော တဏှာစွဲလမ်းချက် တည်းဟူသော ဥပါဒါန်တို့လည်း ကင်းကြ၍ ကိလေသဝဋ္ဋဖြစ်မှုမရှိနိုင် ကိလေသဝဋ္ဋမရှိ။အဝိဇ္ဇာကင်း၍ သင်္ခါရမဖြစ်ရသောကြောင့် ကမ္မဝဋ္ဋလည်း ဖြစ်မှုမရှိနိုင်၊ ကမ္မဝဋ္ဋတည်းဟူသော သင်္ခါရသုံးမျိုး ဖြစ်ပေါ်မှုမရှိ၍ ဝိပါကဝဋ္ဋလည်း မဖြစ်ပေါ်နိုင်ပေ။

ဤသို့အားဖြင့် မှန်တာကိုသိ၍ သမ္မာဒိဋ္ဌိဝိဇ္ဇာဥာဏ် တကြိမ်ဖြစ်လျှင် ဝဋ္ဋသုံးပါးမှလည်း တကြိမ်လွတ်ရ၏ဟု မှတ်ယူရာ၏။

အကယ်၍ မှန်တာကိုနှလုံးမသွင်းတတ်ဘဲ ဝဏ္ဏုရုပ်ကလှတာဘဲ, အရုပ်ဆိုးတာဘဲ စသည်ဖြင့် မမှန်တာကိုနှလုံးသွင်းမိပါလျှင် မောဟဖြစ်လာ၏။ မောဟဖြစ်၍ လှသည်ထင်နေလျှင် ထိုဟာကို နှစ်သက်ခြင်းဖြစ်လာ၏။ နှစ်သက်ခြင်းကြောင့် လိုချင်တပ်မက်စွဲလမ်းခြင်းလည်း ဖြစ်ပေါ်လာ၏။ ဤကဲ့သို့ အမှန်ကိုမသိ၍ လိုချင်တပ်မက် စွဲလမ်းချက်များဖြစ်ပေါ်လာရ၏။ ဤကဲ့သို့အမှန်ကိုမသိ၍ လိုချင်တပ်မက် စွဲလမ်းလျှင် မသိတာကအဝိဇ္ဇာ လိုချင်တာက တဏှာ စွဲလမ်းတာက ဥပါဒါန်ဟူသော ကိလေသဝဋ္ဋဖြစ်၍ ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋများဖြစ်ပြီးသော် ဝဋ္ဋသုံးပါးမှ မထွက်နိုင်မလွတ်နိုင်ဖြစ်ရပေ၏။ မနှစ်သက်ဖွယ်တခုခုကို မြင်ပြန်လျှင်လည်း မြင်တာဟာ အဆင်းတွေဘဲဟု နှလုံးမသွင်းမိလျှင် လည်း ဒေါသမောဟတွေဖြစ်ရ၍ နှလုံးသွင်းမမှန်သဖြင့် အယောနိသော မနသိကာရဖြစ်ရပြန်၏။

၂၄။ အသိဝိညာဏ်များသည် စိတ်ဖြစ်ကြောင်း

စာပိုဒ် ၅၁-တွင်ဖော်ပြခဲ့သော စာတ် ၁၀-ပါးဇယားကွက်ကို ပြန်၍ကြည့်ရှုပါ။ မျက်စိအကြည်နှင့်အဆင်း တိုက်ဆိုင်ဆုံမိ၍ မြင်သိဟူသော အသိတရားစက္ခုဝိညာဏ် စိတ်ပေါ်ပုံကို ကြည့်ရှုသကဲ့သို့ သောတပသာဒဟူခေါ်သော နားအကြည်နှင့် သဒ္ဒရုပ်တည်းဟူသော အသံတိုက်ဆိုင်မိသဖြင့် သောတဝိညာဏ်ဟူသော ကြားသိစိတ်ဖြစ်ပေါ်ပုံကို ကြည့်ရှုရာ၏။

စက္ခုဝိညာဏ် မြင်သိစိတ်တွင် ဖော်ပြသကဲ့သို့ နားနှင့်အသံ တိုက်ဆိုင်မိ၍ ဖြစ်ပေါ်လာသော ထင်ရှားရှိလာသော တရားကြားသိစိတ်ကို ပညတ်သုံးပါးမဟုတ်၍ ပရမတ်တရားများဘဲဟု သိမြင်အောင် ကြည့်ရှုပါ။ ကိုယ်ကောင်သတ္တဝါ အသက်လိပ်ပြာတည်းဟူသော အတ္တသုံးပါးကင်းဆိတ်၍ အတ္တမဟုတ် အနတ္တတရားတွေ ဖြစ်ပေါ်နေတာဘဲဟု မြင်အောင်ကြည့်ရှုပါ။

စက္ခုဝိညာဏ်အခန်းတွင် အကျယ်အားဖြင့် အမျိုးမျိုး ဖော်ပြရသကဲ့သို့ တမျိုးစီစုံလင်အောင် ဖော်ပြရသော် ကျမ်းအလွန်ကျယ်မည်စိုးသဖြင့် နားနှင့် အသံကြောင့် ဖြစ်ပေါ်လာသော ကြားသိစိတ်၊ နှာနှင့် အနံ့ တိုက်ဆိုင်မိ၍ ဖြစ်ပေါ်လာသော နံသိစိတ်၊ လျှာအကြည်နှင့် အရသာတွေ့ထိ၍ ဖြစ်ပေါ်လာသော ဇီဝှါဝိညာဏ်ဟူသော လျက်သိစိတ်၊ ကိုယ်အကြည်နှင့် ထိစရာများတွေ့ထိသဖြင့် ဖြစ်ပေါ်လာသော ကာယဝိညာဏ်တည်းဟူသော ထိသိစိတ်နှင့် မနောစိတ်နှင့် ဓမ္မာရုံခေါ်သော အာရုံခြောက်ပါး တိုက်ဆိုင်မိကြ၍ တွေးသိကြံသိ စသည်တို့

အသီးသီးဖြစ်ပေါ်ကြပုံများကို စက္ခုညာဏ် အကြောင်းတွင် ဖော်ပြသကဲ့သို့ ဆင်တူရိုးမှား အကျယ်အားဖြင့် ဆင်ခြင်နှလုံးသွင်းရာ၏။

စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပေါ်စေရန် အကြောင်းလေးပါးညီညွတ်မှ မြင်မှုဖြစ်နိုင်သကဲ့သို့ ကြားသိ, နံသိ, လျက်သိ, ထိသိ, တွေ့သိ,ကြံသိစသည့် ဝိညာဏ်စိတ်တို့မှာလည်း ဆင်တူရိုးမှား အကြောင်းလေးပါးစီ ညီညွတ်မှ ဆိုင်ရာသိမှုအသီးသီးတို့ ဖြစ်ပေါ်နိုင်ကြကြောင်းကိုလည်း သတိမူရာသည်။

စက္ခု,သောတ,ဃာန, ဇိဝှါ, ကာယ, မန ၎င်းခြောက်ပါးတို့မှာ အသီးသီးရှိကြသော အကြည်ဓာတ်သဘောတို့သည် တခုနှင့်တခု မတူကြကြောင်း ၎င်းအခံဓာတ်ဟူသော အကြည်ဓာတ်တို့မှာ တမျိုးနှင့်တမျိုး မတူကြသကဲ့သို့ အတိုက်ဓာတ်ဟူသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ စသည့် အဆင်း,အသံ,အနံ,,အရသာ,ထိစရာ, တွေ့စရာ စသည်တို့သည်လည်း တမျိုးနှင့်တမျိုး မတူကြဘဲ ခြားနားကြ၍ မိမိသဘောကိုသာ မိမိဆောင်နေကြသော ဓာတ်အသီးသီးတွေဘဲဟု သိမှတ်ရာ၏။

အပ္ပဋိဓာတ် ဟူသော အသိညာဏ် စိတ်ဟူသော စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်စသော မြင်သိစိတ် ကြားသိစိတ် နံသိစိတ် လျက်သိစိတ် ထိသိစိတ် တွေ့သိစိတ် ကြံသိစိတ်စသည် သိမှုသဘော ဝိညာဏ်စိတ် အသီးသီးတို့မှာလည်း တခုနှင့်တခု တမျိုးနှင့်တမျိုး မတူကြဘဲ ခြားနား ကွဲပြားကြကြောင်းကိုလည်းသိမြင်အောင် ရှုကြည့်ရာ၏။

ဥပမာ။ ။မျက်စိနှင့် အသံကို မကြားနိုင် မမြင်နိုင်၊ ထို့အတူ နားနှင့် အဆင်းကိုလည်း မမြင်နိုင် မကြားနိုင် စသည်ဖြင့် သူ့သဘောသဘာဝတို့နှင့်သူ ဖြစ်ပေါ်နေပုံများကို ခြားခြားနားနား သိရှိနားလည်အောင် ကြည့်ရှုရာ၏။ ထိုကဲ့သို့ သိမှုဝိညာဏ်စိတ် အသီးသီးတို့သည် အကြောင်းတိုက်ဆိုင်ဆုံစည်းမှု ဖြစ်ပေါ်လာ ကြသော အသိစိတ်များ ဖြစ်ကြကြောင်းကို ပိုင်းခြား၍၊ ခြားနားစွာ သိမြင်လာသောအခါ စိတ်အမျိုးမျိုး ဖြစ်ပေါ်ပုံကို ပိုင်းခြား၍ သိသည်မည်၏။ ၎င်းအသိစိတ်တို့သည် အာရုံသို့ ညွှတ်ကြ ကိုင်းကြ၍ ၎င်းတို့သည် ညွှတ်တတ် ကိုင်းတတ်သော ကြောင့် ၎င်းအသိဉာဏ် စိတ်တို့ကို နာမ်ခေါတ်ဟု ခေါ်ရ၏။ နာမ်တရားဟုလည်း ခေါ်ရ၏။ ၎င်းနာမ်တရားတို့ကို ပိုင်းခြားသိမြင်ခြင်းကို နာမပရိစ္ဆေဒဉာဏ်ကို ရသည်ဟု ခေါ်၏။ အမ်ပွါယ်မှာ-နာမက နာမ်တရားကို ဆိုလိုသည်။ ပရိစ္ဆေဒက ပိုင်းခြားတာကို ဆိုလိုသည်။ ဉာဏက သိမြင်သည်ကို ဆိုလိုသည်။ ထိုကြောင့် ဤသိမှုစိတ် နာမ်တရားတို့ကို ဤကဲ့သို့ ပိုင်းခြားသိမြင်ခြင်းကို နာမပရိစ္ဆေဒဉာဏ်ကို ရသည်ဟုခေါ်၏။

စိတ်,စေတသိက်,ရုပ်တည်းဟူသော သဒ္ဓံတတရားကို ရုပ်ပိုင်းတွင် ပဌမ ဖော်ပြပြီးခဲ့ပြီ၊ ယခုစိတ်ပိုင်းကို ဖော်ပြပြီးခဲ့သဖြင့် စိတ်အကြောင်းများကို ဖော်ပြချက်လည်း ပြီးပေပြီ၊ ရှေ့အခန်းတွင် စေတသိက် တရားများနှင့် ခန္ဓာတရားများကို ဆက်လက်ရေးသားဖော်ပြရပေမည်။

၂၅။ စေတသိက်များ

စက္ခုဝိညာဏ် မြင်သိ ဟူသောစိတ်နှင့် စေတသိက်များ တွဲယှဉ်၍ပေါ်ပုံ၊ စက္ခုဝိညာဏ်ဟူသော မြင်သိစိတ် ဖြစ်ပေါ်ရ

ခြင်းသည် မြင်အောင် ပြုလုပ်ပေးသူ တစုံတယောက် ၊ သူ့စသည်ရှိ၍ မဟုတ်ပေ။ မျက်စိအကြည်နှင့် အဆင်း တိုက်ဆိုင်တွေ့ဆုံ၍ မြင်သိဟူသော အသိစိတ် အသိဉာဏ် ဖြစ်ပေါ်လာရသဖြင့် တွေ့ဆုံ၍သာ ဖြစ်ပေါ်လာရ၏။ မတွေ့ဆုံလျှင် မြင်သိ မဖြစ်နိုင်၊ ၎င်းတွေ့ဆုံသော သဘောကို ဖဿဟု ခေါ်၏။

ဖဿသည် စက္ခုဝိညာဏ် မြင်သိစိတ်နှင့်အတူ ဖြစ်ပေါ်၏။ ထိုတွေ့ဆုံမှုဖဿ အားနည်းနေလျှင် ကောင်းစွာ မမြင်နိုင်၊ ထိုကြောင့် အဆင်းတခုခုကို ကြည့်ရှုရာ ကောင်းကောင်း ထင်ထင်ရှားရှား မမြင်ရသေးလျှင် ၎င်းဖဿဟူသော တွေ့ဆုံမှု အားနည်းနေသေး၍ ထင်ရှားစွာ မမြင်ရဟုဆိုရ၏။ ထင်ထင်ရှားရှားမြင်လိုသော် ၎င်းမျက်စိအကြည်နှင့် အဆင်းကိုနီးသည် ထက်နီးကပ်အောင် ပြုလုပ်ရာ၏။ ထိုသို့ နီးကပ်အောင် ပြုလုပ်ခြင်းသည်လည်း ဖဿ ဟူသော တွေ့ဆုံမှုအား ပိုရှိရှိအောင် ပြုလုပ်ပေးသဖြင့် ဖဿအားကြီး၍ ပိုမိုထင်ရှားစွာ မြင်သိစိတ် ဖြစ်ပေါ်လာရခြင်းဖြစ်၏။

အရေးကြီးသည်က ဖဿတဲ့၊ ၎င်းဖဿ အားကြီးလျှင် မြင်မှုလည်း အားကြီးလာ၏။ ဥပမာ-ရုပ်ရှင်ကြည့်ရာတွင် ဝေးနေ၍ ကောင်းစွာမမြင်ခြင်းမှာ ဖဿအားနည်း၍ ဖဿအလိုင်းမကြီး၍ မြင်မှုကလည်း အားနည်းရ၏။ အနီးသို့ ကပ်သောအခါ ထင်ထင်ရှားရှား မြင်ရ၏။ ဖဿအလိုင်းကြီးလာ၍ သဲသဲကွဲကွဲ မြင်ရသည်ဟူလို။

စက္ခုသမ္ဖဿအလိုင်းကြီးလျှင် ဝိပဿနာ မရှုတတ်ကာ ဒုက္ခပေးတတ်ပုံအကြောင်းတခုမှာ ရှေးက သီဟိုဠ်ပြည်တွင် ရဟန်းပျိုမ ဦးပဉ္စင်းမ ၄-၅-ယောက် ဆုံးခံ ထွက်လာကြရာ ၎င်း

ကျောင်းတံခါးရှက်တွင် ထုထားသော ယောက်ျားပျိုအရွယ်က လူနှင့်အတော်ဘဲ တူပါသတဲ့၊ ထိုရဟန်းပျိုမကလေးက ဦးပဉ္စင်းမ ဘာမျှား စိုက်ကြည့်နေသလဟု သူ့ပခုံးကို ဆွဲလိုက်ရာ မြေပေါ်တွင် လဲကျသွားမှ သေနေမှန်းကို သိကြရတော့၏။

ထို့ပြင် ဥပမာ တခုကတော့ ၎င်းသီဟိုဠ်တွင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင် အမျိုးသမီး ကလေး တယောက်ရှိ၏။ ဟိုဘက်က ဘုံခုနစ်ဆင့်ရှိသော အခြား တိုက်တလုံးမှ အသံကောင်းသော အမျိုးသားတယောက်က သီချင်းဆို၍ စောင်းတီးရာ ၎င်းအမျိုးသမီးကလေးက ကောင်းစွာ နာကြားချင်လှ၍ တံခါးပေါက်သို့ ဆင်းရာ ပြူတင်းပေါက်ဖြစ်နေ၍ ချော်ကျသွားရာ ပွဲခြင်းပြီး သေဆုံးရ၏။ မည်သူသတ်သနည်း၊ ကြားမှုအားရှိလိုလှ၍ သောတသမ္ဘဝကြောင့် သေရ၏။

ထို့အဘူ အသံကြောင့် သတ္တဝါမှာ ဓာတ်ဖုံဓာတ်မဖြစ်ကြသည့်အတိုင်း အသံကြားရုံနှင့် ပဋ္ဌိသန္ဓေ ရနိုင်၏။ နှားလားဥသဘ၏ အသံကို ကြားရုံမျှနှင့် ကြားသော နှားမမှာ ပဋ္ဌိသန္ဓေရှိ၏။ ဤဟာ ဓမ္မတာဘဲ အခြားမည်သည့် သတ္တဝါမဆို ဤလိုပဋ္ဌိသန္ဓေ ရနိုင်ကြပေသည်။

တောမီး ဥပမာ– တောမီးလောင်ရာ မီးဝိုင်းမိသော လူတယောက်သည် တောမီး လောင်ရခြင်း၏ အကြောင်းကိုလည်းမြင်၏။ ၎င်းမီးဘေးမှလွတ်အောင် ရှောင်မပြေးနိုင်လျှင် မီးထဲတွင် ပျက်စီး ရမည်ကိုလည်း သိ၍ လွတ်ပေါက်ကို ရှာရ၏။ အကြင်အခါ လွတ်ပေါက်ကိုတွေ့၍ ထွက်သွားနိုင်သဖြင့် ၎င်းမီးဘေးမှ လွတ်ကင်းရ၏။ မီးလောင်ခြင်း၏ အကြောင်းကို

သိတာက သမုဒယ သစ္စာနှင့်တူ၏။ မပြေးနိုင်လျှင် မီးထဲမှာ ပျက်စီးရမှာက ဒုက္ခသစ္စာနှင့်တူ၏။ လွတ်ပေါက်ကိုမြင်တာက ဂေါဒြဝဘူဥာဏ်နှင့် တူ၏။ ထွက်ပြေးနေစဉ်က မဂ်နှင့်တူ၏။မီး လွတ်သွားခြင်းက ဖိုလ်နှင့်တူ၏။ သြော်-ထွက်ပြေးခဲ့ရသဖြင့် မီး ဘေးမှလွတ်ရပေပြီဟု ဆင်ခြင်မိခြင်းက ပစ္စဝေက္ခဏာဉာဏ်နှင့် တူ၏။ ဤသို့အားဖြင့် အကြောင်းဆီလျော်ရ၍ ဘုရားဒေသနာ မဟုတ်သော်လည်း ဖော်ပြရပေသည်။

စကားရှိုင်း

၁။ ဥာဏ် ၁၆ ပါးနှင့် ၀သုဒ္ဓိ ၇ ပါး

၁။ နာမရူပ၊ ပိုင်းခြားက၊ ပရိစ္ဆေဒဥာဏ်။
၂။ အကြောင်းပစ္စယ၊ သိမ်းဆည်းက။ ပစ္စယပရိဂ္ဂဟဥာဏ်။
၃။ သင်္ခါရတရား၊ သုံးပါးလက္ခဏာ၊ သုံးသပ်က၊သမ္မသနဥာဏ်။
၄။ ဖြစ်ပျက်ရှုကြ၊ သင်္ခါရ၊ ဥဒယဗ္ဗယဥာဏ်။
၅။ ဖြစ်ခြင်းမရှု၊ အပျက်စု၊ ရှုက ဘင်္ဂဥာဏ်။
၆။ ကြီးစွာဘေးဟု၊ ဥာဏ်ဖြင့်ရှု။ မှတ်ပြု ဘယဥာဏ်။
၇။ အပြစ်များပါတကား။ ရှုစဉ်းစား၊ မှတ်သား အာဒီနဝ ဥာဏ်။
၈။ အပြစ်မြင်တွေ့၊ မပျော်မွေ့၊ ငြီးငွေ့ နိဗ္ဗိဒါဥာဏ်။
၉။ မပျော်မွေ့ငြား၊ လွတ်ဘို့အား၊ ရှုစားမှုဥိတု ကမျတာ ဥာဏ်။
၁၀။ လွတ်လိုစိတ်သန်၊ အဖန်ဖန်၊ ရှုပြန် ပဋိသင်္ခါဥာဏ်။
၁၁။ ကြောက်နှစ်သက်မပြု၊ လက်လွတ်ရှု၊ သင်္ခါရုပေက္ခာဥာဏ်။
၁၂။ ရှေ့ဥာဏ်(၉)ပါး၊ နောက်မင်္ဂ၊ လျော်ငြား အနုလောမဥာဏ်။
၁၃။ သင်္ခါရကိုဖြတ်၊ နိဗ္ဗာန်မြတ်၊ ရှုလတ် ဂေါတြဘူဥာဏ်။
၁၄။ သင်္ခါရကိုလေသာဖြတ်၊နိဗ္ဗာန်မြတ်၊ ရှုလတ်မင်္ဂ,ဖိုလ်ဥာဏ်။
၁၅။ နိဗ္ဗာန်ရောက်မှ၊ အစ္စန္တ၊ မြတ်လှသုခမှန်။

၁။ ပထဝီ,အာပေါ၊အစရှိသော ရုပ်တရား (၂၈) ပါးအစုသည် ဖောက်ပြန်တတ်သောကြောင့် ရုပ်တရားမည်၏။ (၅၃)ပါး သော စိတ်စေတသိုက်တရားအစုသည် အာရုံ၌ညွှတ်တတ် သောကြောင့် နာမ်တရားမည်၏။ ဤပုံရှုမြင်သောဉာဏ် သည် နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

၂။ ကံ, စိတ်, ဥတု, အာဟာရ ဤလေးဝသော အကြောင်း တရားသည် ရုပ်၏အကြောင်းတရားမည်၏။ အာရုံ (၆) ပါး ဒွါရ (၆) ပါး ဝတ္ထု (၆) ပါး ဤတရား အပေါင်းသည် နာမ်၏ အကြောင်းတရားမည်၏။ ဤပုံ ရှုမြင်သောဉာဏ် သည် ပစ္စယပရိဂ္ဂဟဉာဏ် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

၃။ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ။ရုပ်နာမ် တရားသည် ဖြစ်ပြီးလျှင် ပျက်စီးရသောကြောင့် အနိစ္စတရားမည်၏။ ရုပ်နာမ်တရားသည် ဖြစ်ခြင်းပျက်ခြင်း နှိပ်စက်ခြင်းဖြင့် အလွန်အကဲ ဆင်းရဲသောကြောင့် ဒုက္ခတရားမည်၏။ ရုပ် နာမ်တရားသည် သတ္တဝါတို့၏ အလိုအကြိုက်သို့ မလိုက် သဖြင့် အစိုးမရသောကြောင့် အနတ္တတရားမည်၏။ ဤပုံ ရှုမြင်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

၄။ နာမရူပံ ဥပ္ပဇ္ဇတိ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။ ။ရုပ်နာမ်တရားသည် ဖြစ်ပြီးလျှင် ချုပ်ပျောက် ပျက်စီးရ၏။ ဤပုံရှုမြင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မဂ္ဂါမဂ္ဂဉာနဒဿနဝိသုဒ္ဓိ မည် ၏။(ဥဒယဗ္ဗယဉာဏ် အနုစားမျိုးကို ဤနေရာ၌ ယူရမည်။)

၅။ နာမရူပံ ဘိဇ္ဇတိ ဘိဇ္ဇတိ။ ။ရူပ်နာမ်တရားသည် ပျက်စီး၏ပျက်စီး၏။ ဤ၂ ရှုမြင်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

၆။ ဥပ္ပါဒံ ဘယံ-ပဝတ္တံ ဘယံ။ ။ဟဋ္ဌိသန္ဓေအခါ ပဝတ္တိအခါတို့၌ ရူပ်,နာမ်တရားတို့၏ ဖြစ်ပေါ် လာခြင်းသည် ကြောက်မက်ဘွယ်ကောင်း၏။ ဤပုံရှုမြင်သောဉာဏ်သည် ဘယဉာဏ်မည်၏။

၇။ အနုပ္ပါဒံ ခေမံ-အပဝတ္တံ ခေမံ။ ။ရူပ်နာမ်တရားတို့၏ဖြစ်ရာ ဖြစ်ကြောင်း မဟုတ်သော သန္တိလက္ခဏာ နိဗ္ဗာန်သည် ချမ်းသာလှ၏။ ဤပုံရှုမြင်သောဉာဏ်သည် သန္တိပဒဉာဏ်မည်၏။

၈။ ဥပ္ပါဒံ အာဒီနဝံ-ပဝတ္တံ အာဒီနဝံ။ ။ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ရူပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာခြင်းသည် ဇာတိဒုက္ခစသည်ဖြင့် အဖြစ်များလှ၏။ ဤ၂ရှုမြင်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

၉။ ဥပ္ပါဒံခေမံ အပဝတ္တံခေမံ။ ။ရူပ်နာမ်တရားတို့၏ ဖြစ်ရာဖြစ်ကြောင်း မဟုတ်သော သန္တိလက္ခဏာ နိဗ္ဗာန်သည် ချမ်းသာလှ၏။ ဤပုံရှုမြင်သော ဉာဏ်သည် သန္တိပဒဉာဏ်မည်၏။

၁၀။ ဥပ္ပါဒံ နိဗ္ဗိန္ဒံ- ပဝတ္တံ နိဗ္ဗိန္ဒံ။ ။ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ရူပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာခြင်းသည် အလွန်စက်ဆုပ်ဘွယ်ကောင်း၏။ဤသို့ဤပုံရှုမြင်သောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏။

၁၁။ ဥပ္ပါဒံ ခေမံ ပဝတ္တံ ခေမံ။ ။ရူပ်နာမ်တရားတို့၏ ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်းမဟုတ်သော သန္တိလက္ခဏာနိဗ္ဗာန်သည် ချမ်းသာလှ၏။ ဤပုံရှုမြင်သော ဥာဏ်သည် သန္တိပဒဥာဏ်မည်၏။

၁၂။ ဥပ္ပါဒါ မုစ္စတု မုစ္စိတ္ဝာ သန္တိပဒံ ဧတေ၊ ပဝတ္တိယာ မုစ္စတု၊ မုစ္စိတ္ဝာ သန္တိပဒံ ဧတေ။ ပဋိသန္ဓေအခါ ပဝတ္တိအခါ တို့၌ ဖြစ်သော ရူပ်နာမ် တရားအပေါင်းမှ အလျင် အမြန် ကင်းလွတ်ပါစေသတည်း။ အလျင်အမြန် ကင်းလွတ်ပြီး၍၊ ရူပ်နာမ်ခပ်သိမ်း ကင်းငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ အမြန်ရောက်ပါစေသတည်း။ ဤပုံရှုမြင်သောဥာဏ်သည် မုစ္စိတုကမျှတာဥာဏ်, သန္တိပဒဥာဏ်မည်၏။

၁၃။ နာမရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ ။ရူပ်နာမ်တရားသည် အမြဲမရှိသောကြောင့် အနိစ္စတရားမည်၏။ ရူပ်နာမ်တရားသည် အလွန်အကဲ ဆင်းရဲသောကြောင့် ဒုက္ခတရားမည်၏။ ရူပ်, နာမ်, တရားသည် အလိုသို့ မလိုက်သဖြင့် အစိုးမရသောကြောင့် အနတ္တတရားမည်၏။ ဤသို့တဖန် ထပ်မံ၍ အဖန်ဖန် ရှုမြင်သောဥာဏ်သည် ပဋိသင်္ခါဥာဏ်မည်၏။

၁၄။ နာမရူပံ အတ္တောနဝါ အတ္တနိယေန ဝါ သုညံ။ ။ရူပ်နာမ်တရားသည် ငါဟူသော, အတ္တ၊ ငါ၏ဥစ္စာဟူသော အတ္တနိယမှ ကင်းဆိတ်၏။ ဤသို့ရှုမြင်သော ဥာဏ်သည် သင်္ခါရရူပေက္ခာဥာဏ်မည်၏။

၁၅။ ရှေ့၌ဆိုအပ်ပြီးသော ဝိပဿနာဉာဏ်၊ နောက်၌ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်အား လျှော်စွာ ဖြစ်ပေါ်လာသော ဉာဏ်သည် အနုလောမဉာဏ်မည်၏။

ဥဒယဗ္ဗယဉာဏ်အရင့်မှစ၍ အနုလောမ ဉာဏ်အထိ (၉) ပါး သော ဉာဏ်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

၁၆။ လောကီအနှယ် သင်္ခါရအာရုံမှ ထမြောက်၍ သန္တိလက္ခဏာ နိဗ္ဗာန်သို့ အာရုံပြု၍ သက်ဝင်သောဉာဏ်သည် ဂေါတြဘူ ဉာဏ်မည်၏။ ။ထိုဉာဏ်သည် လောကီဉာဏ် လောကုတ္တရာဉာဏ်တို့၏ အကြားခံ့ဖြစ်သော ဉာဏ်မည်၏။

တေဘူမကသင်္ခါရအာရုံ၊ ကိလေသာတရားတို့မှ ထမြောက် အောင်မြင်သော ဉာဏ်သည် မဂ်ဉာဏ်မည်၏။ ထိုမဂ်ဉာဏ် သည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

၁၇။ မဂ်၏ပယောဂဖြိမ်းပြီး၍ မဂ်ပယ်ပြီးသော ကိလေသာကို တဖန် ထပ်မံ၍ ဖြိမ်းအေးစေတတ်သော မဂ်၏အကျိုး ဖြစ်သော ဉာဏ်သည် ဖိုလ်ဉာဏ်မည်၏။ ထိုဆိုအပ်ခဲ့ပြီး သော ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် သန္တိလက္ခဏာ နိဗ္ဗာန်တရားကို အာရုံပြုကြကုန်၏။ ထိုသို့ နိဗ္ဗာန်တရားကို အာရုံပြုနိုင်သည်ကိုပင် ဘုရား - ပစ္စေက ဗုဒ္ဓါ အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်သို့ရောက်၏ဟု ခေါ်ဆိုကြကုန်၏။

၁၈။ နာမရူပ ပရိစ္ဆေဒဉာဏ်,ပစ္စယ ပရိဂ္ဂဟဉာဏ်သည် ဉာ တပရိညာ၏ အရာဖြစ်၏။ သမ္မသနဉာဏ်မှစ၍ အနုလောမ

ဥာဏ်တိုင်အောင်သော ဥာဏ်သည် တီရဏပရိညာ၏ အရာ ဖြစ်၏။

မဂ်ဥာဏ် ဖိုလ်ဥာဏ်သည် ပဟာနပရိညာ၏ အရာဖြစ်၏။

အရိယာပုဂ္ဂိုလ်တို့၏ ရအပ်ပြီးသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို ဆင်ခြင်သောဥာဏ် ပယ်ပြီးသော ကိလေသာ မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်သောဥာဏ်၊ ဤဥာဏ်အပေါင်းသည် ပစ္စဝေက္ခဏာဥာဏ်မည်၏။

ပေါင်းဥာဏ(၁၆)ပါး၊ ဝိသုဒ္ဓိ(၇)ပါး၊ ပရိညာ(၃)ပါး တို့၏ အကျဉ်းချုပ် ဤတွင် လက်စအပြီးသတ်တည်း။

စူဠသောတာပန်ဖြစ်ခြင်း

ဤမိနာ ပ နဉာဏေန သမ္ပန္နောဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဤမိနာပနဉာဏေန၊ ရူပ်,နာမ်,ကိုပိုင်းခြားတတ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်။သမ္ပန္နောဂတော၊ပြည့်စုံသော။ဝိပဿကော၊ ဝိပဿနာရှုတတ်သော ယောဂီသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ လဒ္ဓသာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ သုဂတိဘုံ၌ မြဲသောဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ မုချမသွေဖြစ်ရလေ၏။

၂။ ရူပပရိစ္ဆေဒ(ရူပ်သဘော)

ပထဝီ ခြေ ခက်မာမှု နူးညံ့မှု။
အာပေါ ရေ ယိုစီးမှု ဖွဲ့စီးမှု
တေဇော မီး ပူမှု အေးမှု
ဝါယော လေ လှုပ်ရှားမှု ထောက်ကန်မှု။

(ပေါင်းမဟာဘုတ်လေးပါး)

စက္ခုပသာဒ ကြည်လင်စေမှု ရူပါရုံကိုမြင်စေခြင်း သဘောရှိ၏။
သောတပသာဒ ကြည်လင်စေမှု သဒ္ဒါရုံကို ကြားစေခြင်း သဘောရှိ၏။
ဃာနပသာဒ ကြည်လင်စေမှု ဂန္ဓာရုံကို နံစေခြင်းသဘောရှိ၏။
ဇိဝှါပသာဒ ကြည်လင်စေမှု ရသာရုံကို လျက်စေခြင်း သဘောရှိ၏။
ကာယပသာဒ ကြည်လင်စေမှု ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိစေခြင်း သဘောရှိ၏။

(ပေါင်း ပသာဒရုပ် ၅ါးပါး)

ရူပါရုံ အဆင်းဓာတ် စက္ခုပသာဒအား ထိခိုက်ခြင်း သဘောရှိ၏။
သဒ္ဒါရုံ အသံဓာတ် သောတပသာဒအား ထိခိုက်ခြင်းသဘောရှိ၏။
ဂန္ဓာရုံ အနံ့ဓာတ် ဃာနပ်သာဒအားထိခိုက်ခြင်း သဘောရှိ၏။

ရသာရုံ ချိုချဉ်ရသာဓာတ် ဇီဝဂါပသာဒအား ထိခိုက်ခြင်း သဘောရှိ၏။

ဖောဋ္ဌဗ္ဗာရုံ တွေ့ထိဓာတ် ကာယ ပသာဒအား ထိခိုက်ခြင်းသဘောရှိ၏။

(ပေါင်း ဂေါစရရူပ် ၇ ပါး)

ဣတ္ထိဘာဝ မိန်းမ အမဟူ၍ သိကြောင်း သဘော၊
ပုမ္ဘာဝ ယောကျ်ား အထီးဟူ၍သိကြောင်း သဘော၊
ဟဒယဝတ္ထု စိတ်တို့၏မှီရာ မနောဓာတ် မနော ဝိညာဏ ဓာတ်တို့၏ မှီရာသဘောရှိ၏။
ဇီဝိတ ရုပ်ကိုစောင့်ခြင်း မိမိနှင့်အတူတကွ ဖြစ်သောကမ္မ ဇရုပ်တို့ကို စောင့်ရှောက်ခြင်းသ ဘောရှိ၏။
အာဟာရ ရုပ်ကိုထောက်ပံ့ခြင်း ရုပ်တရားတို့ကိုတည်စေနိုင်ခြင်း၊ ထောက်ပံ့၍ ပေးခြင်း သဘော ရှိ၏။

အကြောင်းတို့သည် ပြီးစေအပ်သောကြောင့် ဤ တဆဲ့ရှစ်ပါးသောရုပ်သည် နိပ္ဖန္နရုပ်မည်၏။

အာကာသဓာတ် ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်း၊
ကာယဝိညတ် ကိုယ်အမူအရာကို လှုပ်ရှားစေ ခြင်းသဘောရှိ၏။
ဝစီဝိညတ် နှုတ်အမူ အရာကို လှုပ်ရှားစေ ခြင်းသဘောရှိ၏။

(ပေါင်းဝိညတ်ရုပ် နှစ်-ပါး)

လဟုတာ	နိုပ္ဖန္နရူပ်တို့၏ ပေါ့ပါး လျင်မြန်ခြင်းသဘောရှိ၏။
မုဒုတာ	နိုပ္ဖန္နရူပ်တို့၏ နူးညံ့ခြင်းသဘောရှိ၏။
ကာမညုတာ	နိုပ္ဖန္နရူပ်တို့၏ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသော အမှုတို့ကို ပြုပြင်ခြင်းငှါ စွမ်းနိုင်ခြင်း သဘောရှိ၏။

(ပေါင်း ဝိကာရရူပ် ၃-ပါး)

ဥပစယ	နိုပ္ဖန္နရူပ်တို့၏ အစစ္စာ ဖြစ်ခြင်းသဘောရှိ၏။
သန္တတိ	နိုပ္ဖန္နရူပ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်းသဘောရှိ၏။
ဇရတာ	နိုပ္ဖန္နရူပ်တို့၏ အိုမင်း ရင့်ရော်ခြင်းသဘောရှိ၏။
အနိစ္စတာ	နိုပ္ဖန္နရူပ်တို့၏ ချုပ်ပျောက်ပျက်စီးခြင်းသဘောရှိ၏။

အကြောင်းတရားတို့သည် မပြီးစေအပ်သေခဿကြောင့် ဤဆယ်ပါးသော ရူပ်တရားသည် အနိပ္ဖန္နရူပ်မည်၏။

နိုပ္ဖန္နရူပ် တဆဲ့ရှစ်ပါး အနိပ္ဖန္နရူပ် ဆယ်ပါး နှစ်ရပ်ပေါင်းရပ် နှစ်ဆဲ့ရှစ်ပါးသည် ဤတွင် လက်စ အပြီးသတ်သတည်း။

လက်ဝဲသံပေါက်

၁။ ရူပ်စဉ်ကိုပင်၊ယောကျ်ားထင်၊ အမြင်လွဲတတ်စ့။
၂။ ရူပ်စဉ်ကိုပင်၊ မိန်းမထင်၊ အမြင်လွဲတတ်စ့။
၃။ ရူပ်စဉ်ကိုပင်၊ လူနတ်ထင်၊ အမြင်လွဲတတ်စ့။
၄။ ရူပ်စဉ်ကိုပင်၊ သတ္တဝါထင်၊ အမြင်လွဲတတ်စ့။
၅။ အထင်မလွဲအောင်၊ရူပ်ကိုဆောင်၊ ထင်အောင်ရှုမှတ်ကြ။
၆။ ရူပပရိစ္ဆေဒ၊ ထင်မြင်က၊ ပျောက်ကြအလွဲသာ။

၄။ ရောင်ခြည်တော်နှင့် ပါရမီ

၁။ **မေး** ညိုသောရောင်ခြည်၊ အဘယ်မည်၊ ပါရမီဖြည့်၍ ထွက်သနည်း။

ဖြေ လောင်းတော်မျက်လုံး၊ ကြယ်ကန္ဓိ၊ စုရုံးဖြည့်ချက် ထွက်ပေါ်သည်။

၂။ **မေး** ဝါသောရောင်ခြည်၊ အဘယ်မည်၊ ပါရမီ ဖြည့်၍ ထွက်သနည်း။

ဖြေ မြေထုမက၊ ကိုယ်ကာယ၊ ဒါနပြုချက်ထွက်ပေါ်သည်။

၃။ **မေး** နီသောရောင်ခြည်၊ အဘယ်မည်၊ ပါရမီဖြည့်၍ထွက်သနည်း။

ဖြေ လေးစင်းသမုဒ္ဒရာ၊ ရေထက်သာ၊ သွေးပါလှူချက် ထွက်ပေါ်သည်။

၄။ **မေး** ဖြူသောရောင်ခြည်၊ အဘယ်မည်၊ ပါရမီဖြည့်၍ထွက်သနည်း။

ဖြေ မြင့်မိုရ်တောင်နှီး၊ ဥသျှောင်လုံး၊ စုရုံးဖြည့်ချက်ထွက်ပေါ်သည်။

၅။ **မေး** မဥ္ဇိဋ္ဌရောင်ခြည်၊ အဘယ်မည်၊ ပါရမီဖြည့်၍ ထွက်သနည်း။

ဖြေ ကြီးငယ်သောင်းပြောင်း၊ ဒါနပေါင်း၊ ဆုတောင်းဖြည့်ချက် ထွက်ပေါ်သည်။

၆။ **မေး** ပဘာသရရောင်ခြည်၊ အဘယ်မည်၊ ပါရမီဖြည့်၍ ထွက်သနည်း။

ဖြေ ဝိသေဒါန၊ သာမည၊ တကွဖြည့်ချက် ထွက်ပေါ်သည်။

၄။ ရောင်ခြည်တော်နှင့် ထွက်ရာဌာန

၁။ **မေး** ဘုရားဖြစ်သော်၊ ရှေကိုယ်တော်၊ ရောင်တော် ဘယ်ကတွက်သနည်း။

ဖြေ ဘုရားဖြစ်လျှင်၊ ရောင်တော်ရှင်၊ အစဉ်ကိုယ်ကထွက်သတည်း။

၂။ **မေး** ညိုသောရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ ဆံ-မုတ်ဆိတ်တော်၊ မွေးညှင်းတော်၊ မျက်တောင်တော်က ထွက်သတည်း။

၃။ **မေး** ဝါသောရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ အသားတော်များ၊ လွန်ထင်ရှား၊ ဘွားဘွားလက်လက် ထွက်သတည်း။

၄။ **မေး** နီသောရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ သွေးတော်သားတော်၊ ခြေဘဝါးတော်၊ လက်ဘဝါးတော်ကထွက်သတည်း။

၅။ **မေး** ဖြူသောရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ သွားတော်, စွယ်တော်, ညွှန်ရိုးတော်၊ ဥဏ္ဏလုံတော်ကထွက်သတည်း။

၆။ **မေး** မဉ္ဇိဋ္ဌရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ ရေတော်-ရေကြား၊ တွန့်ရာများ၊ လေးပါးရောင်စုံကထွက်သတည်း။

၇။ **မေး** ပဘာဿရရောင်ခြည်၊ အလီလီ၊ ဘယ်မည် ဘယ်ကထွက်သနည်း။

ဖြေ ငါးပါးရောင်ခြည်၊ ဘဝဂ်မှီ၊ တက်ချီ သက်ချီ ထွက်သတည်း။

၅။ နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ

နိဗ္ဗာန်သည် အသခ်ၢတဓာတ်တည်းဟူသော နိုရောဓ သစ္စာကိုခေါ်သည်။

သစ္စာသည် ဒုက္ခသစ္စာ, သမุဒယသစ္စာ, မဂ္ဂသစ္စာ နိရောဓ သစ္စာ, ဟူ၍ လေးပါးရှိ၏။ (၁) ဒုက္ခသစ္စာဆိုသည်မှာ ဒု, က စက်ဆုပ်ဘွယ်ဟု အဓိပ္ပါယ်ရ၏။ ခ,က အချည်းနှီး ဖြစ်သော တရားကို ခေါ်သည်။ သစ္စာက မှန်သည်ဟု အဓိပ္ပါယ်ရ၏။ အားလုံးအဓိပ္ပါယ်ကို ပေါင်း၍ဆိုသော် စက်ဆုပ်ဘွယ် အချည်း နှီးတရားဟု ဆိုလိုသည်၊ ထိုစက်ဆုပ်ဘွယ်ဟူသော အသုဘကို သုဘဟူသော နှစ်သက်ဘွယ် ချစ်ခင်ဘွယ် မြတ်နိုးဘွယ်ဟူ၍ အမှန်တရားကို မသိသေးသမျှကာလပတ်လုံး သံသရာတကြောတွင် အတောမသတ် ကျင်လည်မျောပါး နေရဦးမည်။ အမှန်ကို ထိုးထွင်းသိမြင်သည်နှင့် တပြိုင်နက်၊ မဂ်, ဖိုလ် ကိုရကြတော့တာဘဲ။ (ဒုက္ခသစ္စာပရိညေယျကိစ္စ)။

(၂) သမุဒယသစ္စာဆိုသည်မှာ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း တရားဖြစ်ပေသည်။ ထို့ကြောင့် အကြောင်း သမุဒယကြောင့် အကျိုးဒုက္ခအမျိုးမျိုး ခံကြရသည်ဟု ဆိုလိုပေသည်။ သမุဒယ သစ္စာဆိုသည်မှာ ပယ်အပ်သော တရားဖြစ်ပေသည်။ မပယ်နိုင် သမျှ ဘဝသံသရာတွင် အတောမသတ် မျောပါးနေရဦးမည်။ ပယ်အပ်သောတရား သမุဒယတဏှာကို ပယ်နိုင် သတ်နိုင်လျှင် မဂ်ဖိုလ်ကိုလွယ်ကူစွာရနိုင်ကြပေမည်။ (သမุဒယသစ္စာ ပဟာတဗ္ဗ ကိစ္စ)။

(၃) မဂ္ဂသစ္စာဆိုသည်မှာ မ-၏အဓိပ္ပါယ်က ကိလေသာကို ပယ်သည်ဟု ဆိုလိုသည်။ ဂ-၏ အဓိပ္ပါယ်မှာ အမှန်ကို ထိုး ထွင်းသိမြင်သည်ဟု ဆိုလိုသည်။ ၎င်းမနှင့် ဂ္ဂကိုပေါင်းသော် မဂ္ဂ ဖြစ်၏။ ဤသို့အားဖြင့် အမှန်ကို ထိုးထွင်း သိမြင်သည့်အခိုက်

အတန့်တွင် မဟုတ်မမှန် ထင်မှတ်စဲ့ယူခဲ့သော မိစ္ဆာဒိဋ္ဌိအယူများ ကို ပယ်သတ်ပေးသဖြင့် ၎င်းအခိုက်အတန့်တွင် ၎င်းကိလေသာ မိစ္ဆာအယူများကိုပယ်ထားသည်၊ မိမိ၏စိတ် အစဉ်တွင် မှားသော အယူအဆ အညစ်အကြေး ကင်းစင်သဖြင့် ဖြူစင်သောကြောင့် အရိယာဟု ခေါ်ရ၏။ အားလုံးပေါင်း၍ခေါ်သော် အရိယာ မဂ္ဂဟုခေါ်၏။ (မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စ)။

(၅) အသင်္ခတခေတ် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထင်ထင်လင်းလင်း ထိုးထွင်းသိမြင်လျှင် မဂ်ဖိုလ်ရလေတော့၏။ ဥပမာ-ပဌမအကြိမ် ထိုးထွင်းသိမြင်လျှင် သောတာပန်ဖြစ်၏။ ဒုတိယမြင်လျှင် သကဒါဂါမ်ဖြစ်၏။ တတိယ မြင်လျှင် အနာဂါမ်ဖြစ်၏။ စတုတ္ထ သိမြင်လျှင် ရဟန္တာ ဖြစ်၏။ ဤမဂ်,ဖိုလ် လေးတန်ကိုရလျှင် ပြီးဆုံးလေတော့၏။ (နိ ရောဓသစ္စာ သစ္စာကိစ္စ)။

ကိလေသာကုန်သဖြင့် ရဟန္တာဖြစ်ရ၏။ ဘာကြောင့် ကိလေ သာ ကုန်သနည်းဆိုသော် အသင်္ခတခေတ် တည်းဟူသော နိဗ္ဗာန် ကို မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်းသိ မြင်သဖြင့် ရဟန္တာဖြစ်ရ၏။ ထိုကြောင့် ကိလေသာ ကုန် ကြောင်းသည် နိဗ္ဗာန်ဖြစ်၏။ ကိလေသာကုန်ခြင်းက ခန္ဓာမှာ သင်္ခတမှာကုန်၍ ကုန်ခြင်းဖြစ်၏။ ကုန်ရာက အရဟတ္တဖိုလ်ဖြစ်၏။ ကိလေသာကုန်ကြောင်း၊ ကုန်ခြင်း၊ ကုန်ရာကို ကဲ့ပြားခြားနား စွာသိမှ မဂ်ဖိုလ်ကို ရနိုင်သည်။ ဂေါတြဘူဉာဏ်က ကိလေသာ ကို ပယ်လတံ့ဘဲရှိသေး၏။ မဂ်ကပယ်ဆဲ-ဖိုလ်မှ-ကုန်ရာဟု ခေါ် နိုင်၏။ အထူးသတိပြုရန်မှာ ကိလေသာ ကုန်ခြင်းသည် ခန္ဓာ မှာ ကုန်သဖြင့် သင်္ခတ တရားဖြစ်၏။ နိဗ္ဗာန်က အသင်္ခတ

တရားဖြစ်၍ သခ်ၤာနှင့် ရောနှောမ၍ မရနိုင်၊ တပေါင်းတည်း တစုတည်း တလုံးတည်း ဟုလည်း မယူနိုင်၊ အသခ်ၤာသည် အဓ္ဓတ္တ အတွင်းတရားဖြစ်၏။ နိဗ္ဗာန်က ဗဟိဒ္ဓ အပြင်တရား ဖြစ်သောကြောင့် ရော၍ မဖြစ်နိုင်ကြောင်းကို သတိပြုကြ ရာ၏။

ဥပမာ-နေရောင်ခြည်ကြောင့် ကြာဖူးမှအစေးများ တဖြည်း ဖြည်းပျယ်ပြီး စုဝ့်စုဝ့်ကားကား ပ၀ဲ့လာ၏။ ၎င်းအစေးတို့သည် ပျောက်ကွယ်သွားကြကုန်ပြီး ၎င်းပျောက်ကွယ်၍မရှိသောအစေး တို့သည် နေဘဲဟုဆိုလျှင် မည်သူက ဤစကားကို လက်ခံနိုင်ပါ မည်နည်း။

တနည်း-တိုင်းပြည်တခုတွင် သူပုန်ထ၍ ဘုရင်က ဖမ်းရာ ၁၅၀ဝ-သော သူပုန်ကိုမိ၍ သတ်စေ၏။ လူသတ်ယောကျ်ားက သတ်သဖြင့် ၎င်းတို့အားလုံး သေကြပျက်စီးရလေပြီ၊ ထိုသေ ပြီးသော သူပုန်ခိုးသားတို့သည် ဘုရင်ဘဲဟုဆိုလျှင် ဟုတ်နိုင်ပါ မည်လား။

ထို့အတူ-အိမ်ကိုမီးလောင်၍ မီးသတ်စက်လာရောက်ကာရေ နှင့် ပက်ဖျန်းသဖြင့် မီးငြိမ်းရ၏။ ငြိမ်းသော မီးတောက်မီးလျှံ တို့သည် ပျောက်ကွယ်ကြလေပြီ၊ ၎င်းပျောက်ကွယ်သော မီးလျှံ တို့သည် မီးသတ်စက်ဘဲဟုဆိုလျှင် မသင့်သကဲ့သို့ အသခ်ၤတခုတ် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် မျက် မှောက်ပြုရ၍ ရဟန္တာဖြစ်ရသည် ကိလေသာ ကုန်ရာဟုလည်း မဆိုနိုင်၊ ကုန်ခြင်းလည်းမဟုတ်၊ ကုန်ကြောင်းသာဟုတ်၏ဟု သိ မြင်ရာ၏။

မကြံ့မိဂေါ ပဿဒ္ဓေါပိ၊
တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊
ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

မိဂေါ၊ ကြောင်း ကျိုးမမြင် တောသမင်သည်။ မကြံ့၊အလျှံ တောက်ကြွား ကျောက်ပတ္တာမြားကို။ ပဿဒ္ဓေါပိ၊ သစ်ပင် မြက်ခင်း စားကျက်အတွင်း၌ လက်ငင်းထင်ထင် ပက်ပင်းမြင်ရပါလျက်။ တိဏံဝ၊ အကျိုးမထိုက် တမျိုးလုံးကြိုက်ကြသည့် သစ်မှိုက်မြက်ကိုသာလျှင်။ ခါဒံခါဒံဝ၊ မနှားမစဲ စားကာခဲလျက်။ ဂစ္ဆတိ၊ စိန်သော ကျောက်သော စိတ်မစောနိုင်ဘဲ မြိုင်တောရပ်မြေ သမင်မိုက်တွေ ခိုကပ်လေ၏။ ဧဝံ၊ ဤနည်းထားယူ အလားတူသာလျှင်။ ဒုပ္ပညောပိ၊ အသိပညာ မရှိပါ၍ သဒ္ဓါရှားပါး အမျိုးသမီး-အမျိုးသားတို့သည်လည်း။ လဒ္ဓကာလော၊ ဒုလ္လဘရောက် သစ္စာလေးပါးတည်း ဟူသော ဓမ္မကျောက်ကို ကောက်ဘို့ကာလ အခွင့်ကောင်းကြီး ကြုံကြိုက် ကြပါလျက်။ ကာမံ၊ အဘိုးမထိုက် တမျိုးလုံးကြိုက်ကြသည့် အမိုက်အာရုံ ကာမဂုဏ်ကို။ ဘုဉ္ဇံ ဘုဉ္ဇန္တော၊ မမှုန်းမာန်ကြွား သုံးခံစားလျက်။ ဂစ္ဆတိ၊ တရားမြတ်တွေ နှားမှာမကပ်နိုင်ဘဲ လေးရပ်ပါယ်မြေ ရှောင်လွဲကြလေ၏။

၉။ ကိုလေသာကို အဆင့်ဆင့်ပယ်ပုံ

မဂ်ဖိုလ်ကို ရသောအခါ အနုသယကိလေသာကို အဆင့်ဆင့်ပယ်သတ်ပုံမှာ သောတာပန်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုပယ်၏။

အယူမှားခြင်းနှင့် သို့လော သို့လော တွေးတောယုံမှားခြင်းကို ဆိုသည်။

သကဒါဂါမ်က ပယ်သတ်ပုံမှာ ကာမရာဂ ဟူသောအာရုံ ငါးပါး ကာမဂုဏ်တရားများတွင် ကြမ်းတမ်းသော အနုသယ ကိုသာပယ်၏။ သိမ်မွေ့သော အနုသယကို မပယ်နိုင်သေးပေ။ ဥပမာ-သောတာပန် ယောကျ်ားတယောက်သည် မိမိဝါသနာ အတိုင်း မယားအငယ်များ ယူထား၏။ သကဒါဂါမ် ဖြစ်လာ သောအခါ ကိုယ့်မယားနှင့်သာ တင်းတိမ်နိုင် လေတော့၏။ သောတာပန် မိန်းမ ခပ်ဆတ်ဆတ်က သူ့ကို တပါးသူက တ ခွန်းဆဲလျှင် တခွန်းပြန်၍ဆဲ၏။ သကဒါဂါမ် ဖြစ်သောအခါ တခွန်း နှစ်ခွန်းဆဲရုံနှင့် ပြန်၍မဆဲပေ၊ဆဲဖန်များလျှင် ရှက်သဖြင့် ပြန်၍ ဆဲပေဦးမည်၊ ဒေါသ တည်းဟူသော ပဋ္ဌိဃာနုသယမှ ကြမ်းတမ်းသည်ကိုသာပယ်ပြီး သိမ်မွေ့သော အနုသယဒေါသ က ကျန်နေသေး၏။

အနာဂါမ် ပုဂ္ဂိုလ်ဖြစ်သောအခါ ကာမရာဂ အနုသယကို လုံးလုံးပယ်၍ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ပယ်လေ တော့၏။ ပဋ္ဌိဃာနုသယဟူသော ဒေါသကိုလည်း ပယ်လေ ၏။ မည်သူက ဆဲသည်ဖြစ်စေ၊ ရိုက်နှက်သည်ဖြစ်စေ၊ စိတ်ဆိုး စရာဒေါသက အလျှင်းမရှိဖြစ်ရလေ၏။

ရဟန္တာဖြစ်သောအခါ အနုသယတည်းဟူသော ကိလေသာ ဟူသမျှ အကြွင်းမရှိ ပယ်သတ်လေတော့၏။ ရဟန္တာဖြစ်ရခြင်း အကြောင်းမှာ အသခ်ံတမာတ် နိဗ္ဗာန်သစ္စာ တည်းဟူသော နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် မျက်မှောက် ပြုသောအားဖြင့်

ထင်လင်းစွာ ထိုးထွင်းသိမြင်ရ၍ မဂ်အဆင့်ဆင့်ဖြစ်သော ခန္ဓာမှာ ရှိသမျှ မိစ္ဆာဒိဋ္ဌိကိလေသာဟူသမျှ အကြွင်းမရှိဘဲ ကင်းစင်ရလေတော့၏။

ဤသို့ ကင်းပြတ်ရခြင်းသည် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ရ၍ ၎င်း နိဗ္ဗာန်သည် ကိလေသာတို့ကုန်ကြောင်း ရာဂဒေါသ မောဟတို့၏ ကုန်ကြောင်းဖြစ်၍ ကုန်တာက ခန္ဓာမှာကုန်ရသဖြင့် သခ်ၢတနယ်တွင် ကုန်သောကြောင့် ခန္ဓာမှာကုန်သည်ကို ကိလေသာကုန်ခြင်းဟူ၍ ခေါ်ဆိုရသည်၊ ၎င်းကို ကိလေသနိဗ္ဗာန်ဟု ခေါ်၏။ တနည်း သဥပါဒိ သေသ နိဗ္ဗာန်ဟုလည်း ခေါ်၏။ အဓိပ္ပါယ်မှာ သ,ကထင်ရှားဟု အဓိပ္ပါယ်ရ၏။ ဥဒပါဒိ,ကခန္ဓာကိုဆိုသည်။ ပေါင်း၍ခေါ်သော် ကိလေသာကင်းစင်သော ခန္ဓာရုပ်နာမ်ဖြစ်စဉ်ဘဲဟု ဆိုလိုသည်။

နောက် ၎င်းရဟန္တာပုဂ္ဂိုလ်သည် ကိလေသာမရှိ ခန္ဓာဖြစ်စဉ်ဖြင့် လူ့ပြည်တွင် သီလရှိသရွေ့နေရပေမည်။ အကြင်အခါသီလကုန်၍ ရုပ်နာမ်ဆက်၍ မဖြစ်ဘဲ၊ ချုပ်ကွယ်သောအခါ ခန္ဓာအဖြစ် ငြိမ်းရလေတော့၏။ ဤလိုဖြစ်ရသည်ကို ခန္ဓနိဗ္ဗာန်ဟု ခေါ်၏။ တနည်း အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်၏။ ဗုဒ္ဓဘာသာတို့အလိုရှိအပ်သော အကျိုးနှစ်ပါးမှာ ပဌမ-ကိလေသာ အားလုံးကုန်ခမ်းစဉ်က ပဌမ-အကျိုးဖြစ်၏။ နောက်အဖြစ်ငြိမ်းရခြင်းက ဒုတိယအကျိုးဖြစ်ပေ၏။

ဤအချက်တွင် ဤတရားစာကို ဖတ်ရှုသော မိတ်ဆွေကိုသတိပေးပါရစေ။ သံသရာတွင် ကျင်လည်မျောပါးပုံ အကြောင်းများကို ဤအမေးအဖြေ ပဌမပိုင်းမှာ ဖတ်ရှုနားလည်ပြီး ဖြစ်ခဲ့သည့် အတိုင်း ဘုရားဟော ဒေသနာတော်အရ အကြောင်း ငါးပါး

ကြောင့် အကျိုးခန္ဓာငါးပါးတို့သည် ဘဝအဖြာဖြာ ကမ္ဘာအဆက်ဆက်တွင် သင်္ခေါ်သင်္ခါမက မရေမတွက်နိုင်သော ဘဝများတွင် ဘုံဘဝအမျိုးမျိုးတွင် အဖြစ်အမျိုးမျိုး ဖြစ်နေခဲ့ရခြင်းမှာ ဤအကြောင်းအကျိုးတရားကိုမသိ၊ မိုးသုံးပါး မိုးတဆဲ့တပါး အုံ့လောင်ခံလာခဲ့ရသည်။ ယခုဘဝတွင်လည်း ပဋ္ဌိသန္ဓေကစ၍ ယခုအချိန်အထိ ဇာတိဇရာမရဏမီးတို့ ဆက်လက် လောင်ကျွမ်းနေရပေမည်။

ဤအကြောင်းငါးပါးမှ လွတ်ကင်းလျှင် အကျိုးခန္ဓာရုပ်နာမ်ဖြစ်စဉ်များ ဖြစ်ပေါ်ဘို့ရာမရှိတော့ပေဘူး။ ဤအကြောင်း သမုဒယဟူသော အကြောင်းမကင်းသမျှရှေ့ ဒုက္ခဖြစ်မှုချည်းပေဘဲဟု ဟုတ်တိုင်းမှန်ရာကို ထိုးထွင်း၍ သိမြင်လာတော့၏။

ဤသို့သိမြင်လာလျှင် ဤဖြစ်စဉ်ကို မလိုချင်နိုင်တော့ပေဘူး။ အကြောင်းကြောင့် အကျိုးခန္ဓာတွေ ဖြစ်နေခဲ့ရသည်။ ဤလို မသိမြင်လျှင် ရှေ့အနာဂတ်တွင် အတောမသတ် မီးလောင်ခံရသော ခန္ဓာဖြစ်စဉ်များ ဖြစ်ပေါ်နေရမှာဘဲဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်နိုင်တော့၏။

ဤသို့သိမြင်လျှင် အကြောင်းအကျိုးကိုသိ၍ အသင်္ခတဓာတ်နိုဗ္ဗာန်သစ္စာ နိဗ္ဗာန်က ကိလေသာကုန်ကြောင်း တရားပေါ်၊ ခန္ဓာမှာ ကိလေသာဟူသမျှ အကြွင်းမရှိကုန်ခမ်းရခြင်း ကိလေသာကုန်ခြင်း ကိလေသာအားလုံးကုန်ရာက အရဟတ္တဖိုလ်ဘဲဟု သိလာလေတော့၏။

ထို့ကြောင့် ဗုဒ္ဓဘာသာတို့သည် ဤကိလေသာကုန်ကြောင်းကုန်ခြင်း ကုန်ရာတို့ကို ကွဲကွဲပြားပြားသိကြဘို့ အရေးကြီးလှပေ၏။ ဤအချက်သုံးချက်မှမသိလျှင် မဂ်ဖိုလ်ရဘို့ မလွယ်ပေ။

ထို့ကြောင့် သခ်ၿတနယ်ခန္ဓာမှာ ၁၅၀၀ ကိုလေသာကုန်တာက ကုန်ခြင်း၊ ထိုကိုလေသာများ ကုန်ရခြင်းက နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် ထိုးထွင်းသိမြင်၍ဖြစ်ပေသည်။ ကုန်ရာဆိုသည်မှာ အရဟတ္တဖိုလ်ကျမှ ကုန်ရ၍ ကုန်ရာဟု ယူဆရသည်။

ထိုကိုလေသာများ ကုန်ခြင်းကို ဥပမာဖြင့် ဖော်ပြရသော် ပဒုမ္မာ ကြာဖူးသည် နေရောင်ခြည်မရသမျှ မပွင့်နိုင်။ နေရောင်ခြည် အပူရှိန်ရသည်နှင့်တပြိုင်နက် အဖူးတွင်ဖဲ့ စည်းနေသောအစေးတို့ တဖြည်းဖြည်း လွင့်ပျောက်၍ စွင့်စွင့်ကားကား ပွင့်လာ၏။ ထိုပျောက်ကွယ်သွားသော အစေးများသည် နေဘဲဟုဆိုသော် မဟုတ်နိုင်ပေ။ ထို့အတူ ကမ္ဘာအဆက်ဆက်တွင် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ ကမ္ဘာ့ ကမ္ဘာများတွင် စိတ်စေတသိက်ရုပ်နှင့် နိဗ္ဗာန်ရှိရာ ၎င်းနိဗ္ဗာန်က အစဉ်ထာဝရ အမြဲတည်ရှိလျက်နေ၏။ ပုထုဇဉ်ဟူသမျှ ၎င်းနိဗ္ဗာန်ကို မသိမမြင်နိုင်ကြပေ။ ဘုရားပွင့်လာမှ ဘုရားကဟောမှ သိမြင်ကြရ၏။

တနည်းဥပမာမှာ တိုင်းပြည်တခုတွင် သူပုန်ထ၍ တပ်မတော်က ခုခံတိုက်ခိုက်ဖျက်ဆီး၍ သူပုန်ခိုးသား ၁၅၀၀-ကိုဘုရင်ကသတ်စေဟု အမိန့်ချသည့်အတိုင်း သတ်ပစ်၍ အားလုံးသေကြပြီး မြေတွင်မြှုပ်လိုက်၏။ ထိုမြေပေါ်တွင်မရှိသော သူပုန်တို့သည် ဘုရင်ဘဲဟုဆိုလျှင် မဟုတ်နိုင်ပေ။ ထို့အတူ ဘုရားကဟောမှ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသဖြင့် ရဟန္တာဖြစ်ရပေသည်။

တနည်းဥပမာဖြင့် ပြရန်မှာ အိမ်ကို မီးလောင်သောအခါ မီးသတ်စက် လာရောက်ရေနှင့်ဖျန်း၍ မီးငြိမ်းရ၏။ ထိုမီးအခိုးအရှိန်တို့ ပျောက်ပျက်သွား၏။ ၎င်း ပျောက်ကွယ်သွားသော

အခိုးမီးအရှိန်တို့သည် မီးသတ်စက်ဟု မခေါ်နိုင်သကဲ့သို့ ဘုရားကဟောပြမှ ကိလေသာဟူသမျှ အကြွင်းမရှိ ကုန်ရလေသည်။

ထို့ကြောင့် စာဖတ်သော မိတ်ဆွေများကို အားပေးတိုက်တွန်းပါရစေ။ လောကမှာ မည်သူမဆို ပါရမီပြည့်သောအချိန်မှာ မဂ်ဖိုလ်ကိုရကြတာချည်းဘဲ မိတ်ဆွေ၏ ပါရမီကိုမသိနိုင်ပါ။

အားမလျှော့ဘဲ အထက်ကဖော်ပြခဲ့သည့်အတိုင်း အချိန်ကျလျှင် မဂ်,ဖိုလ်ကို ရမှာမလွဲပါ။

အားကျဘွယ် အတ္ထုပ္ပတ္တိတခုမှာ ဘုရားလက်ထက်ကမကျန်းမမာသော ရဟန်းအိုတပါးသည် အားပြတ်ပြီး သစ်ပင်အောက်တွင် လဲနေသည်ကို လူတယောက်ကမြင်၍ သြော်-ဤရဟန်းအိုကြီးမှာ လဲနေရှာသည်၊ ငါ့ကျောပေါ်တွင် ပိုးပြီးခေါ်မှဘဲဟု ကျောပိုးခေါ်သွားရာ ၎င်းရဟန်းကြီးက ဤဒကာသည် ငါ့ဘူသားလည်းမဟုတ်ပါဘဲလျက် ကျောပေါ်တွင် ပိုး၍ခေါ်ရှာသည်၊ ၎င်းမှာလည်း ကုသိုလ်များ ရလေအောင် ငါ့မှာလည်း ကျေးဇူးများရလေအောင်ဟု တရားကို အားထုတ်ရာအာသဝေါကုန်ခမ်းပြီး ရဟန္တာဖြစ်ရလေ၏။

ထုံးတခုမှာ .... အရှင်သာရိပုတ္တရာမထေရ်ကြီးက သူ့တပည့်ခုနစ်နှစ်အရွယ် သာမဏေကလေးအား "ချစ်သားဆွမ်းစားလျှင်လျှာကို မလောင်စေနှင့်"ဟု အမိန့်ရှိ၍ ၎င်းသာမဏေ (ဘွဲ့ကတိဿ)မှာ ရဟန္တာဖြစ်ရပေသည်။ အလွန်အားကျဘွယ် နည်းယူဘွယ်ကောင်းလှ၏။

ထို့ကြောင့် မိတ်ဆွေများကိုလည်း အနည်းဆုံး တမဂ်, တဖိုလ်ရရန် အားထုတ်စေလိုပါသည်။ ကြိုးစားပါ စိတ်မပျက်ကြပါနှင့်။

မေး ဝိပဿနာဆိုတာ ဘာလဲ။

ဖြေ ဝိပဿနာဆိုသည်မှာ ဝိ-ကအထူးဟု အဓိပ္ပါယ်ရ၏။ ပဿနာ-က ရှုသည် ဆင်ခြင်သည် နှလုံးသွင်းသည်ဟု ဆိုလိုပါသည်။ အမှန်အဖြစ်အပျက်ကို သိမြင်ရန် အထူးတွေးတောနှလုံးသွင်း ဆင်ခြင်ခြင်းဟု ဆိုလိုပါသည်။

မေး မင်ဖိုလ်ကို ရနိုင်ရန် ဘုရားကအကြောင်း အင်္ဂါမည်မျှ ရှိသည်ဟု ဟောခဲ့ပါသနည်း။

ဖြေ အကြောင်းအင်္ဂါလေးပါးသာ ရှိသည်ဟု ဟောခဲ့ပါသည်။

မေး ထိုလေးပါးကို ဖော်ပြပါ။

ဖြေ ထိုလေးပါးမှာကား (၁) သပ္ပုရိသ သံသေဝ-ရုပ်တရား နာမ်တရား သစ္စာလေးပါး တရားကို ဥာဏ်အမြင်ပေါက်အောင် ဟောပြတတ်သော ဆရာထံ ဆီးကပ်ပါ (၂) ၎င်းဆရာ၏ သြဝါဒဟောပြချက်ကို နာကြားပါ (၃) ယောနိသော မနသိကာရ- စိတ်ကောင်းထားပါ။ (၄) စမ္မာနုစမ္မ ပဋိပတ္တိ-၎င်းကြားနာပြီး တရားကိုပြန်ပြီး အားထုတ်ပါဟု ဆိုလိုသည်။ ၎င်းလေးချက်မှာ ခက်တာတခုမျှမပါပေ။ တရားကို အားထုတ်ပါဆိုသည်မှာလည်း သမထ တရားများကို အားထုတ်ရသကဲ့သို့ သမာဓိရအောင် မိမိအိုးအိမ်မှ ခေတ္တခွါ၍ သစ်တပင်ရင်း ဆိပ်ငြိမ်ရာအရပ်တွင် တယောက်တည်း ထွက်သက် ဝင်သက် စသည်တို့ကို ရှုနေရသကဲ့သို့ မဟုတ်ဘဲ ထိုင်ရင်းမတ်တပ်ရပ်ရင်း လမ်းလျှောက်ရင်း လျှောင်းနေရင်း ဣရိယာပုထ်လေးပါးအနက် အခန့်သင့်ရာဖြင့် ၎င်းတရားများကို

တေးပါ ဆင်ခြင်ပါ နှလုံးသွင်းပါဟု ဆိုလိုသည်။ ကဲ-ခက်တာ မပါပေဘူး။ အားထုတ်ပါမိတ်ဆွေ။

မေး ဘယ်လိုအားထုတ်ရမှာလဲ။

ဖြေ ဖြစ်ပေါ်လာသော တရား၏သဘာဝလက္ခဏာ စသည်တို့ကို စုံစမ်းရခြင်းပါဘဲ။

မေး ဘယ်လိုစုံစမ်းရမှာလဲ။

ဖြေ ဥပမာ-ကုံ, စိတ်, ဥတု, အဟာရတည်းဟူသော အကြောင်းလေးပါးကြောင့် ရူပ်ကလာပ် အစည်းသည်ဖြစ်ပေါ်လာ၏။ ထိုရူပ်ကလာပ်ဖြစ်ပေါ်သော အခိုက်တွင် ထင်ရှားရှိပြီး ရင့်ရော်ပြီး ပျက်စီး ချုပ်ပျောက် နေပုံကို ရှုရပါသည်။

မေး ဤလိုရှုလျှင် ဘယ်လိုမြင်လာပါသလဲ။

ဖြေ ဤလိုရှုတော့ ဆင်ခြင်ပုံက ၎င်းကလာပ် တခုသည် ဖြစ်ပေါ်သောအခိုက်တွင် ဇာတိနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာရသည်။ ၎င်းကလာပ်သည် အကောင်သဏ္ဌာဝါ အသက်မဟုတ်သဖြင့် အနတ္တတရားပေတဲ့ ထိုသို့ဖြစ်ပေါ်သော အခိုက်အတန့်တွင် ဇရာ၏အနိုပ်အစက်ကိုခံရသည်။ ခံရပုံမှာ ၎င်းသည် ပျက်စီးမသွားမီ အားနည်းတာ ဟောင်းတာဟာ အိုတာဘဲ။ ထိုကဲ့သို့အနိုပ်အစက် ခံရသော တရားဖြစ်၍ မသက်သာ၍ သုခမဟုတ်ဘဲ ဒုက္ခဖြစ်ရ၏။

မေး နောက်ဘာဖြစ်သလဲ။

ဖြေ နောက်ပျက်စီး ချုပ်ပျောက်သွားရပါသည်။ ဇာတိဇရာ

မရဏာဘဲ၊ ဇာတိမီး, ဇရာမီး, မရဏမီးဘဲ။ မြန်မာလိုက ဖြစ်ပေါ် ရင့်ရော် ပျက်ဘဲ။

မေး ဘယ်တရားကို ဘယ်လိုရှုရမည်လဲ။

ဖြေ ရှုရပုံက ဥပမာ–ကောင္ဘသ အစုအဝေးမှ ;ဆံပင်၏ အဖြစ်အပျက်ကို ရှုပုံမှာ ၎င်းဆံပင်ဟု ခေါ်ဆိုသော အစုအဝေးမှာ တည်ရာအားဖြင့်၎င်း အဆင်းအားဖြင့်၎င်း အနံ့အားဖြင့်၎င်း နှစ်သက်ဘွယ် ချစ်ခင်ဘွယ်ဟုတ်လေသလား။ မဟုတ်လေသလားဟု စဉ်းစားသော် နှစ်သက်ချစ်ခင်ဘွယ်မဟုတ်၍ အသုဘရှုံ့စရာ စက်ဆုပ်စရာဟု သိမြင်ရ၏။ တရားမသိသေးသူကတော့ နှစ်သက်ချစ်ခင်ဘွယ် သုဘဘဲဟုထင်ရသည်။ ဒုက္ခသစ္စာ၏ အခိုပ္ပါယ် ဖော်ပြချက်အတိုင်း စက်ဆုပ်ရှုံ့ရှာဘွယ် အချည်းနှီး တရားအမှန်ဟု ထိုးထွင်းသိမြင်ရသကဲ့သို့ပါဘဲ။

မေး နောက်ဘယ်လိုဆင်ခြင်ရအုံးမည်လဲ။

ဖြေ ကောင္ဘသ အစုအဝေးမှ ဘာကိုမဆို နှလုံးသွင်းနိုင်ပါသည်၊

မေး သည့်ပြင်ဘာကို နှလုံးသွင်းရပါမည်လဲ။

ဖြေ နောက်နှလုံးသွင်း ဆင်ခြင်ရန်က ဥပမာ–မိန်းမဟူသော အစုအဝေးကိုမြင်လျှင် သြော်–ငါမြင်ရတာဟာ အဆင်းတော့ ဆက်စပ်စုဝေးနေတဲ့ အဆင်းစုပါဘဲကလား။ ကိုင်ကြည့်တော့ ပျော့တော့ဟော့ မာတာတာတွေ့ထိရတာက ပထဝီလို့ခေါ်တဲ့ အမာအပျော့ဘွဲ့ဘဲ၊ နမ်းကြည့်တော့ မွှေးသည်,နံသည်ဟုသိရတာက အနံ့စုဘွဲ့ဘဲ၊

လျှာနှင့် လျက်ကြည့်တော့ ငန်တန်တန်တွေ့ရတာက အရသာစုတွေဘဲ စသည်ဖြင့် ဓာတ်ရှစ်ပါး အစုအဝေးတွေ ချည်း ထပ်မံထိုးထွင်း သိမြင်ရပြန်၏။

မေး သည်ပြင် ဘာကိုရှုရမည်လဲ။

ဖြေ သည်ပြင် ရုပ်ကို ရှုနိုင်ပါသည်။

မေး ဘယ်လိုရှုရပါမည်လဲ။

ဖြေ ရုပ်ကလာပ်တစုတွင် ပါဝင်သော ပထဝီဟူခေါ်သော ခက်မာအပျော့၊ အာပေါဟူသော ဖွဲ့စည်းမှု ကပ်မှု၊ တေဇောဟူသော ပူမှု၊ ဝါယောဟူသော တွန်းကန်လှုပ်ရှားမှုစသည်တို့ကို ရှုနိုင်ပါသည်။

မေး ဤကဲ့သို့ရှုတော့ ဘယ်လိုမြင်ရမည်လဲ။

ဖြေ ဤကဲ့သို့ရှုလျှင် မာမှုပျော့မှုကလည်း သူ့သဘောကိုသူ ဆောင်ပြီး သူ့သတ္တိသဘောလက္ခဏာကို ထွန်းပြတာဘဲ၊ ထို့အတူ အာပေါ၊ တေဇော ဝါယော စသည်တို့ကိုလည်း ရှုရပါမည်။

မေး ၎င်းတို့ကို ရှုတော့ဘယ်လိုမြင်ရမှာလဲ။

ဖြေ မာမှု ပျော့မှုကလဲ ဖြစ်ပေါ်ရင့်ရော် ပျက်နေတာဘဲ၊ အာပေါ၊ ဝါယော၊ တေဇောစသည်တို့ကလဲ ထို့အတူဘဲဟု သိမြင်ရ၏။

မေး ကောင်းပါပြီ ဘယ်လိုဝိပဿနာနှင့် မြင်လာမည်လဲ။

ဖြေ သိမြင်လာပုံကတော့ "သြော် – မာမှု ပျော့မှုဟာလဲ နှစ်သက် ချစ်ခင်ဘွယ်မဟုတ်။ ဖွဲ့စည်းမှု, ကပ်မှု, ပူမှု, အေးမှု, တွန်းကန် လှုပ်ရှားမှု စသည်တို့ကလဲ နှစ်သက် ချစ်ခင်ဘွယ် မဟုတ်ဟု ထပ်မံထိုးထွင်း သိမြင်ရပြန်၏။

မေး နောက်ထပ် ဘယ်လို ဆက်လက်နှလုံးသွင်းရပါမည်လဲ။

ဖြေ နောက်ဆက်၍ တွေးစရာက ၎င်းသဘောသတ္တိလက္ခဏာ တို့သည် ဇာတိဇရာ မရဏမီးနှင့် တွေ့ပြီး ဖြစ်ပေါ်ရင့်ရော် ပျက်စီးယိုယွင်းရပြီး တပါးမက မျှားလှသော ထင်းရဲခြင်းတွေချည်း ပါဘဲကလားဟု ထပ်မံပြီးဟုတ်တိုင်းမှန်ရာကို ထိုးထွင်းသိမြင်လာရပြန်၏။

မေး သည့်ပြင်ကော။

ဖြေ သည့်ပြင် အဆင်း,အနံ့,အရသာ,သြဇာဟူသော ရူပ်ကို တိုးပွါစေသော သဘောသတ္တိစသည်တို့ကိုတွဲ၍ တွေ့တော စဉ်းစားလျှင် မှန်တာကိုသိသော သမ္မာဒိဋ္ဌိခေါ် ဝိဇ္ဇာဉာဏ်တွေ အမျှားကြီးဖြစ်လာရတာဘဲ။

မေး ဤလိုဖြစ်ပေါ် ရင့်ရော်,ပျက်ဟူသော ဝိပဿနာဉာဏ်ကို ဘာဉာဏ်ခေါ်ပါသလဲ။

ဖြေ ဤဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်ပါသည်။

မေး နောက်ဘာဉာဏ် ပေါ်ပါသလဲ။

ဖြေ နောက်ဥဒယဗ္ဗယာဉာဏ် ပေါ်ပါသည်။ ၎င်းဉာဏ်ဖြစ်ရပုံမှာ ဇာတိ ဇရာ မရဏ ဖြစ်နေသည်ကို ဇရာဟူသော အိုရခြင်းဒုက္ခကိုပင် မရှုနိုင်တော့ဘဲ၊ ဖြစ်လျှင်ပျက်တာဘဲ ဖြစ်ပျက်,ဖြစ်ပျက် ပေါ်လိုက် ပျက်လိုက်ပါဘဲကလား။ သန်းတနယ်တွင် သတ္တလောကတွင် သတ္တဝါဟူသမျှ ဖြစ်ပေါ်ပြီး ချက်ချင်း ပျက်စီးချုပ်ပျောက်နေကြတာချည်းဘဲ။ ဥပမာ-ညအခါ လျှပ်စစ်ရောင်ကဲ့သို့ ပေါ်ပြီး ထိုအခိုက်တွင် ပျောက်ကွယ်သွားရကာဘဲ စသည်ဖြင့် တရေး

ရေး မြင်နေသည်ကို ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်နေသည်ဟု ခေါ်ဆိုရ၏။

မေး နောက် ဘယ်လိုဉာဏ် ပေါ်ပြန်သလဲ။

ဖြေ နောက်ပေါ်တဲ့ဉာဏ်က ဘင်္ဂဉာဏ် ဖြစ်ပေါ်လာသည်။ ဘင်္ဂဉာဏ်ဆိုတာက အပျက်ကိုချည်းမြင်နေသော ဉာဏ်ကိုဆိုလိုသည်။ ၎င်းဉာဏ်ဖြစ်ပေါ်နေပုံက သတ္တလောကတွင်လည်း ဖြစ်ပေါ်သမျှ ဘယ်သတ္တဝါမဆို ပျက်စီးနေကြရတာဘဲ။ သြကာသလောကမှာလည်း တောတောင်သမုဒ္ဒရာမှစ၍ စိန်ရွှေပတ္တမြားအပြင် ဤကမ္ဘာကြီးပင် ဥတုအတိုင်း အချိန်ကျလျှင် ပျက်စီးပျောက်ကွယ်ရသည်ကို ကောင်းစွာ သိမြင်လာလေတော့၏။

မေး နောက်ဘာဖြစ်ပါသလဲ။

ဖြေ နောက်ဤကဲ့သို့ သိမြင်လျက်ရှိသော အပျက်တရားကို မြင်ပါများပြီး ၎င်းအပျက်တို့သည် ဘေးချည်းဘဲဟု မြင်သည့်ဘယဉာဏ် ဖြစ်လာသည်ဟု ဆိုအပ်၏။

မေး နောက်ဘာဉာဏ်ပေါ်ပါသလဲ။

ဖြေ နောက်ဘယဉာဏ်ဖြင့် ဘေးချည်းဘဲဟု သိမြင်လာသော အခါ အပြစ်ကိုမြင်သော အာဒီနဝဉာဏ် ဖြစ်ပေါ်လာရ၏။ ၎င်းဉာဏ်က (၃၁)ဘုံမှာ ဘယ်အဖြစ်မှ အပြစ်က မလွတ်နိုင် ချမ်းသာသည်ဟု အမှန်တရားကို မသိမြင်မီက ယူဆခဲ့သော လူမင်းအဖြစ် သူဌေးအဖြစ် နတ်မင်းကြီးအဖြစ် စသည်တို့ပင် ဖြစ်ရလင့်ကစား အပြစ်ချည်းပေဘဲ။ ထို့ကြောင့် မြတ်စွာဘုရားက သုဂတိဘုံဟု ခေါ်

သော ကာမ,ရူပ အရူပ်ဆိုတဲ့ လူနတ်ပြဟ္မာ ဖြစ်ပေါ်နေ ကြရာ စင်စစ်မှာ ၎င်းဘုံတို့မှာ တကယ်သုခအစစ်မရှိဘဲ၊ ကျင်ကြီးကျင်ငယ်ရေ သွေးပြည်ကဲ့သို့ စက်ဆုပ် ရွံ့ရှာ ဘွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇာတိမီး, ဇရာ မီး, မရဏမီးဟူသော မီးသုံးပါး လောင်ကျွမ်းလျက်နေ သည်ကို ပုထုဇဉ်တို့ မသိမမြင်ကြ၍ ထိုဘုံဘဝတို့တွင်ဖြစ် ပေါ်ကြရန် သက်ဆိုင်ရာ ကုသိုလ် သမထ(သမာဓိ)တို့ကို အားထုတ်ကြတာဘဲဟု ရှင်တော်ဘုရား ဟောကြား တော်မူခဲ့သည်မှာ မှန်လှပေစွဟု အပြစ်ကိုသာ တရေး ရေး မြင်နေတော့၏။

မေး နောက်ဘာဥာဏ်ပေါ်ပါသလဲ။

ဖြေ နောက်(၃၁)ဘုံတွင် ဖြစ်ပေါ်ရမည်ကို ကြောက်လှ၍ လွတ်မြောက်လိုသောဆန္ဒ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။ ဥပမာ-ဟိမဝန္တာတော မဟူလိန္ဒာအိုင်ကြီးတွင်ကျက်စား နေရသော ရှေဟာသ်ကိုဖမ်း၍ ဒုန်းစက္ကားရှာရှံ့ဘွဂ်ီတွင် ချထားနေစေလျှင် မပျော်ပိုက်နိုင်ပေ။ အလွန်လွတ်လို သောဆန္ဒဖြစ်ရပေမည်။ မြေပါးစပ်တွင် မိနေသောဖား၊ မြှုံးထဲတွင်မိနေသောငါး၊ ကြောင်ပါးစပ်တွင်မိနေသော ကြွက် ၎င်းဘေးဒုက္ခကိုတွေ့နေကြသော သတ္တဝါတို့သည် ၎င်းဘေးရန်မှ အသီးသီးလွတ်လိုသောဆန္ဒ ပြင်းစွာ ဖြစ် ပေါ်နေကြမှာဘဲ။ ဤဥပမာအတိုင်းလွတ်လိုဇောနှင့်၎င်း ဘေးဒုက္ခအပေါင်းမှ လွတ်ရာကို ရှာရတော့မည်။

မေး ဘယ်လိုရှာမည်လဲ။

ဖြေ အသခ်ိန်တခုတ် နိုရောခသစ္စာဟူသော နိုဗ္ဗာန်ကိုတွေ့မြင်အောင် ရှာရမည်။

မေး ဤသို့ရှာလျှင် ချက်ချင်းတွေ့ပါမည်လား။

ဖြေ ပါရမီပြည့်သောပုဂ္ဂိုလ်များမှာ လျင်မြန်စွာတွေ့မြင်ကြရ၏။ ပါရမီမပြည့်သေးသူတို့မှာ လျင်မြန်စွာမတွေ့မြင်နိုင်ပေ။

မေး တွေ့မြင်ရန် ဘယ်လိုအားထုတ်ရပါမည်လဲ။

ဖြေ တွေ့မြင်ရန် အားထုတ်ပုံမှာ အထက်က ဖော်ပြသည့် အတိုင်း ရူပ်တရား နာမ်တရား အာယတနတရား ခဝတ် (၁၈)ပါး ခန္ဓာငါးပါးတရားများကို သိမြင်သည်ထက် သိမြင်အောင် တွေးတောစဉ်းစား အားထုတ်ရပါမည်။ ဤလိုအားထုတ်ရာ (၃၁)ဘုံတွင် ဘယ်အဖြစ်ကိုမှ မလို ချင်ခြင်းမှာ ပိုမိုပြင်းထန်လာ၍ နိုဗ္ဗာန်ကို ထောက်ဆပြီး မှန်းမိအောင် ရှာဖွေရပေမည်။

မေး ယခုလိုရှာနေလျှင် တွေ့ရောလား။

ဖြေ ယခုလိုရှာပါများတော့ ရှာလိုက်ရင်း **မတွေ့**မမြင်သေး လျှင် အထက်ကကဲ့သို့ ခဝတ်(၁၈)ပါးကို ပြန်၍ရှု၊တဖန် ထောက်ဆပြီး မြင်အောင်ရှာ။ ရှာပါများလျှင် ထင်ထင် လင်းလင်း ထိုးထွင်း သိမြင်ရပေမည်၊ ဥပမာ မှောင် ထဲတွင် လမ်းလျှောက်နေသော လူတယောက်သည် လမ်းမှန်းသိ၍ ရမ်းဆ၍ လျှောက်နေရပါသော်လည်း လမ်းကို မမြင်ပေ။ အကြင်အခါ လျှပ်စစ်ရောင်က လက် လိုက်သောအခါ လမ်းကို ရူပ်ခနဲ မြင်လိုက်ရသကဲ့သို့

နိဗ္ဗာန်၏ အေးငြိမ်းသော သဘောလက္ခဏာကို ထိုးထွင်းပြီး သိမြင်လိုက်ရပေသည်။

မေး သစ္စာလေးပါးကို ပြည့်စုံအောင် သိမြင်မှ လောကုတ္တရာ မဂ်ဉာဏ်ရသည် ဆိုသည်ကို ရှင်းပြပါ။

ဖြေ သစ္စာလေးပါးသည် ယခု ဖော်ပြသည့်အတိုင်း နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ရာတွင် လေးပါးသစ္စာတို့သည် တပြိုင်တည်း အကျုံးဝင်၍ ပါလေတော့၏။

မေး ဘယ်လိုပါသလဲ။

ဖြေ သစ္စာလေးပါး တပြိုင်တည်း ပါပုံမှာ - မဂ်ဉာဏ် ဖြစ်ခိုက်တွင် (၁)ဒုက္ခသစ္စာကိုလည်း ပိုင်းခြားသိမြင်ခဲ့သည့်အတိုင်း ပိုင်းခြား၍ သိခြင်းကိစ္စ (၂) ပယ်ခဲ့သည့် တဏှာ သမုဒယကို ပယ်ပြီးပြီဟု သိခြင်းကိစ္စ (၃) မဂ်ဉာဏ်က ပွါးများခဲ့သည့်အတိုင်း ပွါးများခြင်းကိစ္စ (၄) နိရောဓ သစ္စာ ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ ထင်ထင်လင်းလင်း သိမြင်ခြင်းကိစ္စ ဤလေးကိစ္စများ တပြိုင်တည်း အကျုံးဝင်ရပါသည်။

မေး သည်ထက်ရှင်းအောင် ဖော်ပြပါ။

ဖြေ သည်ထက်ရှင်းလင်းစွာ သိမြင်အောင် ဥပမာနှင့်ဖော်ပြပါမည်၊ ဆီမီးထွန်းခြင်းနှင့် တူပါသည်၊ တူပုံမှာ မီးထွန်းလိုက်သောအခါ အလင်းရောင် ပေါ်လာသည်၊ အလင်းရောင်ပေါ်၍ အမှောင်ပျောက်ရသည်၊ ထိုအခါ ဆီကလည်း သူ့အလျောက် အနည်းငယ်ခမ်းရ၏။ မီးစာလည်း ကုန်တန်သရွေ့ ကုန်ရပေသည်။

မေး တနည်းဥပမာနှင့်ပြပါ။

ဖြေ တနည်းပြရပါလျှင် ဘုရား၏ ဒေသနာတော် မဟုတ်သော်လည်း ကျော်လွန်၍ပြရပါမည်။ တောမီးလောင်သည်နှင့် ကူပါသည်။ တောမီးလောင်ရာတွင် တောမီးအလယ်တွင် ကျရောက်နေသော လူတယောက်သည် မီးလောင်ခံရမည့် ဘေးဒုက္ခကို မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်းနှင့်တူပါသည်။ ၎င်းမီးသည် တောတိရစ္ဆာန်များ ပြေးလွှားရာတွင် ကျောက်ခဲများ တခုနှင့် တခု ရိုက်မိ၍ မီးပွင့်ပြီး သစ်ရွက်ခြောက်တို့မှ မီးပွါး၍ လောင်ရခြင်းသည် သမုဒယသစ္စာနှင့် တူပါသည်။ ၎င်းမီးသည် လောင်စာရှိသရွေ့ ကူးစက် ပြန့်ပွါး လောင်ကျွမ်းရမည်ကို မြင်ရခြင်းက မဂ္ဂသစ္စာကို ပွါးများရခြင်းနှင့် တူပါသည်။ ပြေးပေါက်ကိုရှာ၍ မီးလွတ်ရာသို့ ဘေးကင်းစွာ ရောက်သွားခြင်းနှင့် နိဗ္ဗာန သစ္စာကို မျက်မှောက်ပြုရခြင်းနှင့် တူပါသည်။

မေး ယခုလို လောကုတ္တရာမဂ် ဖြစ်ပေါ်သည့်အခါ ဥာဏ်စဉ်များပါလာ၍ကို ဖော်ပြပါ။

ဖြေ ၎င်းပေါ်ခိုက်တွင် ဇော ၇-ကြိမ် ဖြစ်ပေါ်ရပါသည်။ ဖြစ်ပေါ်ပုံမှာ ပဌမ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ မဂ်, ဖိုလ်ဟု ဖြစ်ပေါ်လာရာ တချို့ဥာဏ်ထက်သူမှာ ဖိုလ်ဇော ၂-ကြိမ်ဖြစ်ရသည်။ ဥာဏ်နှုံ့သူမှာ ပရိကံ မဖြစ်ဘဲ ဖိုလ်ဇော "၃" ကြိမ်ဖြစ်ရပေသည်၊ ထို့ကြောင့် ဇော ၇-ကြိမ် ဖြစ်ပေါ်ရသည်ကို သိပါ။

၁မး လောကုတ္တရာမဂ်က ဘယ်ဇောကျမ့ ပယ်ပါသလဲ။

၁ဖြ မဂ်ဇောက ပရိကံ ဥပစာမ့ာ မပေါ်သေး၊ ဂေါတြဘူမ့ာ တောင် ကိလေသာကို မပယ်သတ်နိုင်သေး၊ ကိလေသာကို ပယ်လတံ့ပင် ရှိသေးသည်။ မဂ်ဇောကျမ့ ကိလေသာကို ပယ်သတ်ဆဲသာဖြစ်၏။ ဖိုလ်ကျမ့ ကိလေသာကို ပယ်ပြီးဖြစ်၏။ ထို့ကြောင့် အထက်က ဖော်ပြခဲ့ရာမ့ာ ဖိုလ်ကို ကိလေသာတို့ ကုန်ရာဟုခေါ်ရကြောင်း ပြခဲ့ပါပြီ။

(ပြီးပါပြီ။ ဤအတိုင်း အားထုတ်၍ မဂ်ဖိုလ်ကို လျင်မြန်ဆောစွာရအောင် အားထုတ်စေလိုပါသည်၊ အားထုတ်သည့်အတိုင်း ဤတရားစာကို ကြည့်သူမိတ်ဆွေမ့ာ တမဂ်, တဖိုလ်ကို ရပါစေသတည်း။ ကျွန်တော်ကျမ်းပြုဆရာက လေးလေးနက်နက် ဆုတောင်းလိုက်ပါသည်။)

၇။ ဗောဒိပက္ခိယတရား

၁မး ဗောဓိပက္ခိယတရားဆိုတာ ဘယ်တရားပါလဲ။

၁ဖြ ဗောဓိပက္ခိယ တရားဆိုသည်မ့ာ ဗောဓိက နိဗ္ဗာန်ဟု အဓိပ္ပါယ်ရ၏။ ပက္ခိယက ၎င်းနိဗ္ဗာန်ကိုရရန် အကူအညီ အသင်းအပင်း အဆောက်အဦးဟု ဆိုလိုသည်။ အားလုံး အဓိပ္ပါယ်ကို ပေါင်းရ၍ခေါ်သော် နိဗ္ဗာန်ကိုရရန် အကူအညီ အဆောက်အဦးစသည်ဖြင့် ခေါ်ဆိုရပါသည်။

၁မး ၎င်းတရားမ့ာ အားလုံးဘယ်နှစ်ပါးရှိပါသလဲ။

၁ဖြ ၎င်းတရားမ့ာ အားလုံး(၃၇)ပါး ရှိပါသည်။

မေး ၎င်းတို့ကို ဖော်ပြပါ။

ဖြေ ၎င်းတို့မှာ (၁) သတိပဋ္ဌာန် ၄-ပါး (၂) သမ္မပ္ပဓာန် ၄-ပါး (၃) ဣဒ္ဓိပါဒ်လေးပါး (၄) ဣန္ဒြေ ၅-ပါး (၅) ဗိုလ်စားပါး (၆) ဗောဇ္ဈင် ၇-ပါး (၇) မဂ္ဂင်ရှစ်ပါး၊ အားလုံး ပေါင်းသော် ၄+၄+၄+၅-၅+၇+၈....၃၇ ပါး ဖြစ်ပါသည်။

မေး ၎င်းတို့ကို တပါးစီ အကျယ်ကို သိပါရစေ။

ဖြေ အကျယ်မှာ သတိပဋ္ဌာန်လေးပါးက ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ ဖြစ်ပါသည်။

မေး ၎င်းတို့၏ အကျယ်ကို ဖော်ပြပါ။

ဖြေ ကာယနုပဿနာ သတိပဋ္ဌာန်မှာ ခန္ဓာငါးပါးကို တွေးတောအားထုတ် နေခြင်းသည် ရူပ်ကိုစဉ်းစားနေသဖြင့် ကာယာနုပဿနာကို အားထုတ်သည် မည်ပါသည်။

မေး နောက်ဘာကို အားထုတ်ပါသလဲ။

ဖြေ နောက်ဝေဒနာ နုံပဿနာကို အားထုတ်ပါသည်။ ဝေဒနာကိုရှုသည့်အခိုက် ၎င်းဝေဒနာနုပဿနာကို အားထုတ်ရာကျပါသည်။

မေး နောက်ဘာလဲ။

ဖြေ နောက်စိတ္တာနုပဿနာကို အားထုတ်ရာ ဝိညာဉ်ဟူသော သိမှုမျှားကို တွေးတောနေစဉ် စိတ်ဖြစ်၍ စိတ္တာနုပဿနာ၌ အကျုံးဝင်ပါသည်။

မေး နောက်ဘာကို အားထုတ်ပါသလဲ။

ဖြေ နောက် ဓမ္မာနုပဿနာကို အားထုတ်ပါသည်။ အားထုတ်ပုံက သည်ကွန္ဒာဟူသောအမှတ်နှင့် သင်္ခါရကွန္ဒာဟူသော ဆုံတွေ့ပြုပြင်စေ့ဆော်မှု စသည်တို့ကို စဉ်းစားနေခိုက်တွင် ဓမ္မာနုပဿနာ ဖြစ်ရပါသည်။

မေး သမ္မပ္ပဓာန်လေးပါးကို အားထုတ်ပုံကို ဖော်ပြပါ။

ဖြေ (၁) ဘဝသံသရာတွင် ကျူးလွန်ခဲ့သမျှ အကုသိုလ်တရားများကို အကျိုးမပေးနိုင်အောင် တားခြင်းကိစ္စ၊ (၂) ဘဝသံသရာက မကျူးလွန်ဘူးသော ဒုစရိုက်ကို မကျူးလွန်ရန် တားခြင်းကိစ္စ(၃)ဘဝသံသရာကပြုလုပ်ခဲ့သမျှ ကုသိုလ်တရားများကို အကျိုးပေးရန် ပွါးများစေခြင်းကိစ္စ (၄) ဘဝသံသရာ ဘဝအဖြာဖြာ ကမ္ဘာအဆက်ဆက်တွင် အခေါ်သင်္ချာ မရေတွက်နိုင်သော ကမ္ဘာများဖြစ်ပေါ်ခဲ့ရစဉ်က ဤစာကိုဖတ်သော မိတ်ဆွေသည် ဤလိုအမှန်တရားကို မနာကြားခဲ့ရဘူးပေ။ ယခုဓမ္မဿဝနဟူသော ဟုတ်မှန်လှသော ယထာဘူတ တရားကို နာကြားရခြင်း အကျိုးပေးထူးကိုရခြင်းကိစ္စ၊ ဤလေးကိစ္စ တပါတည်းပြီးရပါသည်။

မေး ဣဒ္ဓိပါဒ် ၄-ပါး ပါပုံကို ဖြေပါ။

ဖြေ ပါပုံမှ (၁) ဆန္ဒိဒ္ဓိပါဒ် (၂) ဝီရိယိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ် ဟူ၍ လေးပါး တပါတည်းပြီးရပါသည်။

မေး ၎င်းတို့ကို နားလည်အောင် ရှင်းပြပါ။

ဖြေ ဆန္ဒဒ္ဓိပါဒ်ဆိုသည်မှာ ဘုံဘဝအမျိုးမျိုးဌ် ဖြစ်လေရာတွင် မီးသုံးပါး မီးတဆဲ့တပါး အလောင်ခံနေရ၍ ၎င်းအဖြစ်မျိုးမှ လွတ်လိုသောဆန္ဒအလိုကို ဆန္ဒဒ္ဓိပါဒ်ဟု ခေါ်သည်။

မေး နောက်ဘာပါလဲ။

ဖြေ ဝီရိယိဒ္ဓိပါဒ်ကို ပြပါမည်။ ဖြစ်ပုံမှာ ဤသို့ လွတ်လို၍ ကြိုးစားအားထုတ်ခြင်းဖြစ်ပါသည်။

မေး နောက်ဣဒ္ဓိပါဒ်ဖြစ်ပုံကို သိပါရစေ။

ဖြေ စိတ္တိဒ္ဓိပါဒ်ဖြစ်ပါသည်။ ဖြစ်ပုံမှာ ဤလွတ်လို၍ အားထုတ်ကြိုးစားလိုသော စိတ်ထက်သန်မှုကို ခေါ်ပါသည်။

မေး နောက်ဘယ်ဟာပါလဲ။

ဖြေ ဝီမံသိဒ္ဓိပါဒ် ဖြစ်ပါသည်။ ဖြစ်ရပုံမှာ အကြောင်းပြည့်စုံ ဖြစ်ပေါ်သော တရားစုတို့သည် အကောင်သတ္တဝါ အသက်မဟုတ်ဘဲ အကြောင်းတရား အကျိုးတရား ဖြစ်စဉ်ဟုသိခြင်းကို ခေါ်သည်။

မေး နောက်ဘယ်ဟာပါလဲ။

ဖြေ နောက်ဣန္ဒြေငါးပါးကို ပြရပါမည်။

မေး ဘယ်လိုပါလဲ။

ဖြေ သဒ္ဓိန္ဒြေဟုတ်မှန်လှသောတရားကို ယုံကြည်ခြင်း။

မေး နောက်ဘာပါလဲ။

ဖြေ ဝီရိယိန္ဒြေလွတ်မြောက်ရန် ကြိုးစားခြင်း။

မေး နောက်ဘာဣန္ဒြေပါလဲ။

ဖြေ နောက် သမာဓိန္ဒြေ၊ တွေးသော တရားတွင် စိတ်တည်ကြည်ခြင်းကို ဆိုပါသည်။

မေး နောက်ဘာပါလဲ။

ဖြေ ပညိန္ဒြေဖြစ်ပေါ်သောတရားကို ဟုတ်တိုင်းမှန်စွာ တွေးတော နှလုံးသွင်းခြင်းကို ဆိုလိုပါသည်။

မေး နောက်ဘာတရားပေါ်ပါသလဲ။

ဖြေ ဗိုလ်တရား ၇ါးပါးဖြစ်ပေါ်ပုံကို ပြရပါမည်။

မေး ဘာဗိုလ်ပါလဲ။

ဖြေ သဒ္ဓါဗိုလ်။

မေး နောက်ဘာပါလဲ။

ဖြေ ဝီရိယဗိုလ်။

မေး နောက်ဗိုလ်ကကော။

ဖြေ သတိဗိုလ်။

မေး နောက်ဗိုလ်ကို ဖော်ပြပါ။

ဖြေ နောက်ဗိုလ်မှာ သမာဓိဗိုလ်။

မေး နောက်ဗိုလ်ကကော။

ဖြေ ပညာဗိုလ်တို့ ဖြစ်ပါသည်။

မေး ၎င်းဗိုလ်များ၏အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ ဗိုလ်ဆိုသည်မှာ ဗလ-ခွန်အား စွမ်းရည် သတ္တိကိုခေါ်ပါသည်။ အဘိဓမ္မာတရားတော်တွင် ၎င်းကို ဗလ-ဗိုလ် ဟုခေါ်ပါသည်။

မေး အဘယ်ကြောင့်ပါလဲ။

ဖြေ ဗိုလ်ဆိုသည်မှာ စစ်တပ်တွင် စစ်ဗိုလ်ကဲ့သို့ တဖက်က

ဆန့်ကျင်ဘက် ရန်သူကို နှိမ်နင်းသတ်ဖြတ်နိုင်၍ ဗိုလ်ဟု ခေါ်ပါသည်။

မေး သဒ္ဓါဗိုလ်အကြောင်းကို သိပါရစေ။

ဖြေ သဒ္ဓါဗိုလ်ဟူသော ယုံကြည်ခြင်းသည် ဆန့်ကျင်ဘက်မယုံကြည်မှုကို တွန်းလှန်သတ်ဖြတ်ပေသည်။

မေး ဝီရိယဗိုလ်ကကော။

ဖြေ ၎င်းဗိုလ်ကတော့ လုံ့လရှိခြင်းကိုခေါ်သည်။ လုံ့လမဲ့ပျင်းရိခြင်းကို ပယ်ဖျက်ပေသည်။

မေး သတိဗိုလ်အကြောင်းကို သိပါရစေ။

ဖြေ သတိဗိုလ် အပွမာဒခေါ် မမေ့မလျော့ခြင်းဖြစ်၍ မေ့လျော့ခြင်းကို ပယ်သတ်ပါသည်။

မေး သမာဓိဗိုလ်ကကော။

ဖြေ သမာဓိဗိုလ်က စိတ်တည်ကြည်မှုဖြစ်၍ ပျံ့လွင့်ခြင်းကိုပယ်ဖျက်ပါသည်။

မေး နောက်ဗိုလ်ကို သိပါရစေ။

ဖြေ နောက်ဗိုလ်က ပညာဗိုလ် အယူမှန်ကို သိမြင်သောဉာဏ်ပေါ်ခြင်းဖြစ်၍ အသိမှားခြင်းကို ပယ်သတ်ပါသည်။

မေး သတိဗိုလ်အကြောင်း သိပါရစေ။

ဖြေ သတိဗိုလ်ဆိုသည်မှာ ပမာဒတရားဖြစ်၍ မေ့လျော့ခြင်းဟူသော ဆန့်ကျင်ဘက်တရားကို ပယ်သတ်ပါသည်။

မေး နောက်ဘယ်ဗိုလ်ပါလဲ။

ဖြေ နောက် သမာဓိဗိုလ်ကိုပြရပါမည်။

မေး သမာဓိဗိုလ်ကိုရှင်းပြပါ။

ခြ ၎င်းသမာဓိဗိုလ် ဆိုသည်မှာ ကေဂ္ဂတာ တည်းဟူသော စိတ်တည်မှုကို ခေါ်ပါသည်။ သဘာဝတခုခုတွင် စိတ်တည်နေသောအခါ စိတ်ပျံ့လွင့်နေလျှင် မတည်နိုင်ပါ။ ထို့ကြောင့် စိတ်ပျံ့လွင့်မှုကို ပယ်သတ်ပါသည်။

မေး နောက်ကော ဘာဗိုလ်ပါလဲ။

ဖြ နောက် ပညာဗိုလ် ဖြစ်ပါသည်။ ၎င်းပညာဗိုလ်သည် အမှန်တရားကို ထိုးထွင်းသိမြင်သဖြင့် အထင်မှားသော မောဟဟူသော အဝိဇ္ဇာကို ပယ်သတ်ပါသည်။

မေး နောက်ဗောဓိပက္ခိယ တရားများမှ ကျန်သောတရားကို သိပါရစေ။

ဖြ နောက် ဗောဇ္ဈင် ၇-ပါး ဖြစ်ပါသည်။ ၎င်းတို့မှာ (၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) သမာဓိသမ္ဗောဇ္ဈင်၊ (၅) ပီတိ သမ္ဗောဇ္ဈင်၊ (၆) ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့် (၇)ဥပေက္ခာသမ္ဗောဇ္ဈင် တို့ဖြစ်သည်။

မေး ၎င်းတို့၏ အဓိပ္ပါယ်တခုစီကို သိပါရစေ။

ဖြ သတိသမ္ဗောဇ္ဈင်ဆိုသည်မှာ အကြောင်းနှင့် တိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာတရား ရုပ်နာမ်တရားကို တွေးတောသော သတိကို ခေါ်ပါသည်။

မေး နောက်ဘာဗောဇ္ဈင်ပါလဲ။

ဖြ နောက်ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ပါသည်။ ၎င်းမှာ ဟုတ်မှန်သောတရားကို ထိုးထွင်း သိမြင် နေခြင်းကို ခေါ်ပါသည်။

မေး နောက်ကော ဘာပါလဲ။

ဖြေ (၃) ဝိရိယ သမ္မောဇ္ဈင် ဖြစ်ပါသည်။ ရင်းက ဘဝသံသရာတွင် ကျင်လည်ရခြင်း ဘေးဒုက္ခတို့မှ လွတ်မြောက်အောင် ကြိုးစားခြင်းကို ဆိုလိုပါသည်။

မေး နောက် ဗောဇ္ဈင်ကို သိပါရစေ။

ဖြေ (၄) သမာဓိ သမ္မောဇ္ဈင် ဖြစ်ပါသည်။ ရင်းတရားက အမှန်တရားသဘာဝတွင် စိတ်တည်နေခြင်းကို ခေါ်ပါသည်။

မေး နောက်ဘာဗောဇ္ဈင်ပါလဲ။

ဖြေ (၅) နောက် ပီတိ သမ္မောဇ္ဈင် ဖြစ်ပါသည်။ ရင်းက ဟုတ်မှန်သော တရားကို သိမြင်ရ၍ နှစ်သက်ခြင်းကို ခေါ်ပါသည်။

မေး နောက်ကော ဘာပေါ်ပါသေးသလဲ။

ဖြေ နောက် (၆) ပဿဒ္ဓိ သမ္မောဇ္ဈင် ခေါ်ပါသည်။ ရင်းမှာ အမှန်တရားကို သိမြင်၍ ဝမ်းမြောက်ခြင်းကို ဆိုလိုပါသည်။

မေး နောက်ဘာပေါ်ပါသလဲ။

ဖြေ နောက် (၇) ဥပေက္ခာ သမ္မောဇ္ဈင် ဖြစ်ပါသည်။ ဤသို့အားဖြင့် ဟုတ်မှန်သောတရား (ယထာဘူတ) ကို တခါသိမြင်သည်နှင့်တပြိုင်နက် အထက် ဗောဇ္ဈင် (၇) ပါးနှင့် တပါတည်းပြည့်စုံပါဝင်ရပါသည်။

(**အထူးမှတ်ချက်။** အမှတ် (၇)ဥပေက္ခာသမ္မောဇ္ဈင်ကို ပဌမအပိုင်းများတွင် ဖော်ပြခဲ့သည့်အတိုင်း တရားသဘော တခုခုပေါ်တွင် တွေးတော အားထုတ်ရာတွင် ဥပေက္ခာ မဖြစ်နိုင်ပေ၊

အခြားဗေဒင်ဆရာ အာလုံးတော့ ဖြစ်ပါ၏။ ထိုပြင် ဣဒ္ဓိပါဒ်လေးပါးဖြစ်တိုင်း ဖြစ်တိုင်းလည်း ဘုရားဟောတော်မူခဲ့သည့်အတိုင်း အသက်ကို ရှည်စေပါသည်။ အာယုကပ် ၁၀၀-တန်းမှာ ၎င်းကကျော်၍ ၁၂၅,၁၅၀, စသည်ဖြင့် ရှည်ပါသည်။)

ဥပေက္ခာ သမ္ဘောဇျင် ဖြစ်ရစဉ်က တရား အားထုတ်ရာ လောကုတ္တရာ မဂ်ဉာဏ်သို့ ရောက်ခါနီးတွင် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မတို့ကို ချစ်လည်းမချစ် မုန်းလည်းမမုန်းသဖြင့် ၎င်းတို့ကို လစ်လျူရှုသော ဉာဏ်ကို ဆိုလိုပေသည်။

မဂ္ဂင်ရှစ်ပါးအမေးအဖြေ

မေး နောက် ဗေဒါပကွဲ့ယတရားများ ကြွင်းကျန်သောတရားများကို သိပါရစေ။

ဖြေ ၎င်းတို့မှာကား- မဂ္ဂင်ရှစ်ပါးဖြစ်ပေသည်။ (၀) သမ္မာဒိဋ္ဌိမဂ္ဂင်၊ (၂)သမ္မာသင်္ကပ္ပမဂ္ဂင်၊ (၃)သမ္မာဝါစာမဂ္ဂင် (၄) သမ္မာကမ္မန္တမဂ္ဂင် (၅) သမ္မာအာဇီဝမဂ္ဂင် (၆)သမ္မာဝါယာမမဂ္ဂင်(၇)သမ္မာသတိမဂ္ဂင် (၈)သမ္မာသမာဓိမဂ္ဂင် ဟူ၍ရှစ်ပါးဖြစ်သည်။

မေး ၎င်းတို့သည် တခုပြီးမှတခု ပေါ်ပါသလား။

ဖြေ မဟုတ်ပါ။ မီးတောက်တော့ အမှောင် ပျောက်တာလို တပြိုင်တည်း ဖြစ်ကြပါသည်။

မေး ဖြစ်ပုံကို အကျယ်သိပါရစေ။

ဖြေ ဖြစ်ပုံမှာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ရခြင်းမှာ သမ္မာသင်္ကပ္ပ မဂ္ဂင်က ကူညီ၍ ဖြစ်ပေါ်ရပါသည်။ သမ္မာသင်္ကပ္ပမဂ္ဂင်က ကောင်းတာကို ကြံဆပါသည်။ မကောင်းတာကိုကြံခြင်းအာဘိဇ္ဈာ၊ သူတပါး၏ စည်းစိမ်ကိုရှေ့ရှုကြံခြင်း ဗျာပါဒ၊ သူတပါးကို သေစေလိုခြင်း စသောမကောင်းသောဝိတက် (မိစ္ဆာသင်္ကပ္ပ) မျှား ဝင်နေပါလျှင် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်မဖြစ်နိုင်ပါ။

မေး သမ္မာဝါစာမဂ္ဂင်ဖြစ်ပုံကိုဖော်ပြပါ။

ဖြေ ဤမဂ္ဂင်ဖြစ်ပုံမှာ သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်ခိုက်တွင် မနောကံဟူသော စိတ်က ဖြူစင်နေသဖြင့် ဝစီကံပါ လုံခြုံပြီး သမ္မာဝါစာ မဂ္ဂင်မကင်းဘဲ တပါတည်း ပါဝင်ရပါသည်။

မေး ဝစီကံ၏အကျယ်ကို သိပါရစေ။

ဖြေ ဝစီကံ ၄-ပါးရှိပါသည်။ (၁) မဟုတ်မမှန် (မုသား) ပြောဆိုခြင်း။ (၂) သူနှစ်ဦး စပ်ကြားတွင် အချစ်ပျက်အောင်ဂုံးချောခြင်း (ပိသုဏာဝါစာ) (၃) သူတပါး မခံချင်တာကို ပြောဆိုခြင်း၊ ဆဲရေးခြင်း (ဖရုသဝါစာ) (၄) အဓိပ္ပါယ်မရှိသောစကားဖျင်းမျှားကို ပြောဆိုခြင်း (သမ္ဖပ္ပလာပ) ဖြစ်ကြပါသည်။

မေး သမ္မာအာဇီဝကကော။

ဖြေ အထက်ပါ နှုတ်နှင့်ကိုယ် ကြူးလွန်ခြင်းမရှိလျှင် သမ္မာအာဇီဝ ဖြစ်ရပါသည်။

မေး ကျန်သောမဂ္ဂင်က ဘာပါလဲ။

ဖြေ သမ္မာဝါယာမမဂ္ဂင်။

မေး ၎င်းမဂ္ဂင်က ဘာကိုရှောင်ကြဉ်ပါသလဲ။

ဖြေ ၎င်းမဂ္ဂင်က ကောင်းသော လုံ့လဝီရိယ ဖြစ်နေသည်ကို လိုဆိုပါသည်။ ဝီရိယမရှိ၍ ပျင်းရိနေပါလျှင် သမ္မာဒိဋ္ဌိ ဉာဏ်မဖြစ်ပေါ်နိုင်ပါ၊ ၎င်းအားထုတ်ခြင်း ဝီရိယမရှိဘဲ၊ ဟုတ်မှန်ရာကို မသိမမြင်နိုင်ပါ။

မေး နောက်ဘယ်မဂ္ဂင်ပါလဲ။

ဖြေ နောက် သမ္မာသတိမဂ္ဂင်ဖြစ်ပါသည်။ ၎င်းမှာ ကောင်းသောသတိရှိခြင်းဖြစ်ပါသည်။ သတိမရှိဘဲ မေ့လျော့နေပါလျှင် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခွင့်မရနိုင်ပါ။

မေး နောက်ကော ဘာမဂ္ဂင်ပါလဲ။

ဖြေ နောက် သမ္မာသမာဓိမဂ္ဂင်ဖြစ်ပါသည်။ ၎င်းမဂ္ဂင်ကစိတ်တည်တာကို ဆိုလိုပါသည်။ စိတ်သာမတည်ဘဲ ပျံ့လွင့်နေပါလျှင် သမ္မာဒိဋ္ဌိမဖြစ်ပေါ်နိုင်ပါ။

သမထယာနိကနှင့် ဝိပဿနာအယာနိက

(မှတ်ချက်) တရားအားထုတ်ရာတွင် လမ်းစဉ်(၂)မျိုးရှိ၏။ (၁)သမထယာနိကလမ်းစဉ်နှင့် (၂)ဝိပဿနာ ယာနိကလမ်းစဉ်ဟူ၍ (၂)မျိုးရှိရာ ယခုဤအမေးအဖြေကျမ်းတွင် ဖော်ပြပုံမှာ ဝိပဿနာယာနိကလမ်းသာ ဖြစ်ပါသည်။ မဂ်,ဖိုလ်ရရန်မှာပထမပါဘဲ၊ ဝိပဿနာမဖြစ်နိုင်ဘူးဟု ဆိုသော်လည်း ယခုပြသော ဝိပဿနာယာနိကလမ်းမှာလည်း သမထပါပါသည်။

မေး ပါပုံကိုသိပါရစေ။

ဖြေ ပါပုံမှာကား စိတ်တည်ခြင်းကို သမထဟု ခေါ်သည်။ ဘယ်လိုတည်ပါသနည်းဆိုသော် ဥပမာ ဖဲကစားရာတွင် ဖဲပွင့်ပေါ်တွင် စိတ်တည်ရသည်။ ထိုသို့ ဖဲပွင့်ပေါ်တွင် စိတ်တည်ရခြင်းသည်လည်း သမာဓိပါ၏၊ သို့ရာတွင် ဖဲကစားရင်း တည်ရသော သမာဓိက လောဘဇော။ သူများ၏ငွေကို လိုချင်ခြင်းလောဘ နိဝရဏတရားဖြစ်၍ သမထ မဖြစ်နိုင်ပါ။

မေး နိဝရဏတရားဆိုတာ ဘာပါလဲ။

ဖြေ နိဝရဏ တရားဆိုသည်မှာ အကျဉ်းအားဖြင့် လောဘ, ဒေါသ, မောဟကို ဆိုလိုပါသည်။

ဤတရားကို တွေးတောရာတွင် စိတ်တည်ငြိမ်၍ သမာဓိသည် နိဝရဏတို့မှကင်း၍ သမ္မာသမာဓိ မဂ္ဂင်ဖြစ်ရပါသည်။ ဤလိုစိတ် မတည်ဘဲ မဂ္ဂင်မဖြစ်ပါက အမှန်ကို ထိုးထွင်းသိမြင်ခြင်းတည်း ဟူသော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဥာဏ်မဖြစ်ပေါ်နိုင်ပါ။

မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ ဖော်ပြချက် ပြီးပါပြီ။

သိက္ခာ ၃-ပါး ပါဝင်ပုံ

မေး သိက္ခာသုံးပါး ပါဝင်သည်ဆိုရာ ဘယ်လိုပါဝင်ပါသလဲ။

ဖြေ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာဟူ၍ သိက္ခာသုံးပါးရှိရာ သမ္မာဝါစာမဂ္ဂင် သမ္မာကမ္မန္တမဂ္ဂင်နှင့် သမ္မာအာဇီဝမဂ္ဂင် ဤသုံးပါးက သီလသိက္ခာ, သီလက္ခန္ဓဟု လည်းခေါ်,သီလမဂ္ဂင်ဟုလည်းခေါ်ပါသည်။ ဝိပဿနာ

တရားနှင့် သက်ဆိုင်၍ အခါသီလဟု ခေါ်ရပါသည်။ အခါသီလဆိုသည်မှာ ထူးသောသီလဟု ဆိုလိုပါသည်။

မေး နောက်သမာဓိမဂ္ဂင်ကို ဖော်ပြပါ။

ဖြေ သမာဓိမဂ္ဂင်မှာ သမ္မာဝါယာမမဂ္ဂင် သမ္မာသတိမဂ္ဂင်နှင့် သမ္မာသမာဓိ မဂ္ဂင်တို့ဖြစ်ပါသည်။ အဓိစိတ္တမဂ္ဂင်ဟုခေါ်ရပါသည်။ ဤသို့အားဖြင့် မဂ္ဂင်ရှစ်ပါးတွင် သီကျွှာသုံးပါးပါ တပါတည်းပါဝင်ပါသည်။

ဤတွင် တရားအားထုတ်ရာ၌ မဂ္ဂင်ရှစ်ပါးနှင့် သီကျွှာသုံးပါးပါဝင်ပုံပေတည်း။

မဂ္ဂင်ရှစ်ပါးဖြစ်ပုံ

မေး မဂ္ဂင်ရှစ်ပါးဖြစ်ပုံ ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ မဂ္ဂင်ရှစ်ပါးဖြစ်ပုံ နှစ်မျိုးနှစ်စားရှိပါသည်။

မေး နှစ်မျိုးရှိပုံကို ဖော်ပြပါ။

ဖြေ ရှိပုံမှာကား – တရားအစ ရုပ်ခန်း နာမ်ခန်းစသည်တို့ကို တွေးတောဆင်ခြင်အားထုတ်ရာ လောကုတ္တရာမဂ်ဉာဏ်သို့မရောက်မီ ဖြစ်ပေါ်သမျှ မဂ္ဂင်တို့သည် လောကီမဂ္ဂင်ချည်းသာ ဖြစ်ကြပါသည်။

မေး လောကုတ္တရာမဂ္ဂင်က ဘယ်တော့ဖြစ်ပေါ်ပါသလဲ။

ဖြေ လောကုတ္တရာမဂ္ဂင်က ဂေါတြဘူဉာဏ်ကစ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်တိုင်အောင် မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်တွင် ဖြစ်ပေါ်သမျှ မဂ္ဂင်ဉာဏ်အားလုံးတို့ကို လောကုတ္တရာမဂ္ဂင်ဟုခေါ်ပါသည်။

မှ ထားချက်။ ။ဤတွင် တရားအားထုတ်ပုံ ပြီးဆုံးပါပြီ။ စာကြည့်သော မိတ်ဆွေများမှာ ဤအတိုင်းနှလုံးသွင်းအားထုတ်၍ တမင်တဖိုလ်ကို လျင်မြန်ဆောစွာ ရပါစေဟု ကျွန်တော် ကျမ်းပြုဆရာက ဆုတောင်းလိုက်ပါသတည်း။

ဆရာခန့်

နိုဂုံး

ရှေတောင်မြို့ ကျေးဇူးတော်ရှင် ပျံလွန်တော် မူရှာသော ဦးတိကွိုန္ဒြိယ အရှင်သူမြတ်၏တပည့်....

ညောင်တုံးမြို့ ရှေဟသ်ာ တောရတိုက် မြန်မာနိုင်ငံတော် ရှေကျင်ဂိုဏ်းကြီး၏ ဦးစီး မဟာ နာယက အဂ္ဂမဟာ ပဏ္ဍိတ စံကျောင်းဆရာတော်ဘုရားကြီး၏ တပည့်....

ညောင်တုံးမြို့ သုဓမ္မာ ပရိယတ္တိ ပဌမပြန် စာမေးပွဲကြီး၏ မဟာနာယက (ယခု ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရ သိမ်ကုန်းဆရာတော်)တိုက်သစ်ဆရာတော်ဘုရားကြီး၏တပည့်....

ရန်ကုန်မြို့ ကျောင်းတော်ရာ ရှေကျင်တိုက် သုံးထပ်ကျောင်း ဆရာတော်ဘုရားကြီး၏တပည့်....

ညောင်တုံးမြို့ အစိုးရဟိုက်စကူးကျောင်း ဆရာကြီးဟောင်း အငြိမ်းစား ရိုက္ခာတော်ရ ဝိပဿနာ ဓမ္မကထိက ဆရာခန့် မည်သော ကျွန်ုပ်သည် ဆရာတော် ဦးတိကွိုန္ဒြိယ ဟောပြော ပြသ ဆုံးမတော်မူသော ဝိပဿနာနည်းများကို စုံပေါင်း၍ ၁၃၀၈-ခုနှစ်တွင် ရေးသားပြုစုပြီးစီးပါသတည်း။

ထိုစာမူကြမ်းကို စံကျောင်းဆရာတော် တိုက်သစ်ဆရာတော် သုံးထပ်ဆရာတော်များက ထည့်သင့်သည်ကိုထည့်၍ နုတ်သင့် သည်ကိုနုတ် သုတ်သင်ပြင်ဆင်တော်မူကြပါသည်။ ဤကောင်း မှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရ ပါစေ သတည်း။